DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

# နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

၃

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# မာတိကာ


၁။ "နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ" အပိုင်း (၁) တရားဒေသနာတော် ၁

၂။ "နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ" အပိုင်း (၂) တရားဒေသနာတော် ၄၅

၃။ "နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ" အပိုင်း (၃) တရားဒေသနာတော် ၉၅

၄။ "နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ" အပိုင်း (၄) တရားဒေသနာတော် ၁၄၀

၅။ "နိဗ္ဗာန်တံခါးဖွင့်နိုင်မှ အပါယ်တံခါးပိတ်မည်" တရားဒေသနာတော် ၁၉၃

# နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
## (အပိုင်း-၁)

မှတ်တမ်း။ ။ သာသနာတော်နှစ် ၂၅၅၁-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၆၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ည၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက် ညွှဲဦးယံ ဓမ္မသဘင် အခမ်းအနား၌ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၆)၊ အင်ကြင်းလမ်းနေ မြေးငယ်လေး မောင်နေပိုင်စွမ်းအတွက် အဘိုး ဦးခင်ရွှေ+ ဒေါ်မေလှိုင် မိသားစုတို့၏ အမတဒါန ဓမ္မဒါန အနေဖြင့် ဟောကြားအပ်သော "နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါ" အပိုင်း(၁) တရားဒေသနာတော်။

"နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါ" ဟု လျှောက်ထားသူဟာ သဟမ္ပတိဗြဟ္မာကြီး ဖြစ်တယ်။ ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၄၉)ရက်မြောက်နေ့မှာ မိမိကိုယ်တော်တိုင် သိတော်မူခဲ့တဲ့ တရားဓမ္မတွေကို စဉ်းစားဆင်ခြင်လိုက်တဲ့အခါ တရားဓမ္မတွေဟာ အလွန်ခက်ခဲနက်နဲပြီး တရားနာယူမယ့် သတ္တဝါတွေရဲ့ အခြေအနေကို လေ့လာတဲ့အခါ ကာမဂုဏ် (၅)ပါး အာရုံတရား၌ ပျော်ပါးစိတ်တွေက လွှမ်းမိုးပြီးတော့ နေတာ တွေ့ရတယ်။

ခက်ခဲနက်နဲသော တရားဓမ္မတွေနဲ့ ကာမဂုဏ်အာရုံကို နှစ်သက်နေကြတဲ့ သတ္တဝါတွေဟာ အံဝင်ခွင်ကျ မဖြစ်နိုင်တဲ့အတွက် မြတ်စွာဘုရားက "ငါသိတဲ့ တရားဓမ္မတွေကို သူတို့ကို ဟောလို့တော့ ဖြစ်မယ် မထင်ဘူး။ ဟောမယ်ဆိုရင်လည်း ငါပဲ

ပင်ပန်းရုံပဲ ရှိမယ်”လို့ တရားမဟောဖို့ စိတ်ဖြစ်သွားတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရား စိတ်ထဲမှာ ပေါ်လာတဲ့အတွေးကို ချက်ချင်းသိသွားတဲ့ သဟမ္ပတိဗြဟ္မာကြီးက မြတ်စွာဘုရားအား “တရားဟောတော်မူပါ၊ နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါ” ဟု လျှောက်ထားခြင်းဖြစ်တယ်။

ရှေးရှေးက ပွင့်တော်မူခဲ့ကြတဲ့ ဝိပဿီ အစရှိသော ဘုရားများလည်း တရားဓမ္မရဲ့ လေးနက်ခက်ခဲမှုကို စဉ်းစား ဆင်ခြင်လိုက်၊ သတ္တဝါတွေရဲ့ ကာမဂုဏ် အာရုံပေါ်မှာ ပျော်မွေ့ နေတဲ့ အနေအထားတွေကို ကြည့်လိုက်၊ အဲဒီလို ယှဉ်ကြည့်လိုက် တဲ့ အခါတိုင်းမှာ စိတ်ပျက်ဖွယ်ရာတွေချည်းပဲ တွေ့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တရားဓမ္မနှင့် တရားနာမည့် ပုဂ္ဂိုလ်တွေက အံဝင်ခွင်ကျ မဖြစ်လို့ဖြစ်တယ်။

သို့ပေမယ့် ဝိပဿီစတဲ့မြတ်စွာဘုရားတွေကို ဗြဟ္မာ တွေက လျှောက်ထားတဲ့အခါ တရားဟောဖို့သာ လျှောက်ထား ခဲ့တယ်။ ဂေါတမမြတ်စွာဘုရားအား သဟမ္ပတိ ဗြဟ္မာကြီးက လျှောက်ထား တဲ့အခါ “တရားဟောတော်မူပါ”ဟု လျှောက်ထား တဲ့အပြင် “နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ”ဟု ထည့်သွင်း လျှောက်ထား ခဲ့တာကို တွေ့ရတယ်။ အဲဒီလို ထည့်လျှောက်ရ တာကတော့ ထိုခေတ် ထိုကာလရဲ့ အခြေအနေ အရပ်ရပ်ကို ဆင်ခြင်သုံးသပ် မိလို့ ဖြစ်တယ်။

ဗုဒ္ဓမြတ်စွာဟာ အားလုံးသိကြတဲ့အတိုင်း မဂဓတိုင်းမှာ ပွင့်တော်မူခဲ့တယ်။ ကနေ့ခေတ် ဗုဒ္ဓဂယာလို့သိကြတဲ့ ဒေသရဲ့

တည်ရာ အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ်ဖြစ်ပြီး ရှေးဟောင်းအမည်ကတော့ မဂဓတိုင်း ဖြစ်တယ်၊ ထိုခေတ်အခါက အဲဒီ မဂဓတိုင်းမှာ ဘာသာတရားအမျိုးမျိုး ထွန်းကားနေခဲ့တဲ့ အခြေအနေကို ဗြဟ္မာ သဟမ္ပတိက ယခုလို ထည့်သွင်း လျှောက်ထားခဲ့တယ်။

"ပါတုရဟောသိ မဂဓေသု ပုဗ္ဗေ၊
ဓမ္မော အသုဒ္ဓေါ သမလေဟိ စိန္တိတော။
အပါပုရေတံ အမတဿ ဒွါရံ။
သုဏန္တု ဓမ္မံ ဝိမလေနာနုဗုဒ္ဓံ။"

ပုဗ္ဗေ၊ ရှင်တော်ဘုရားထင်ရှားမပွင့်မီ ရှေးယခင်ဆီက။ **မဂဓေသု၊** မဂဓတိုင်း အရပ်ဒေသတို့၌။ **သမလေဟိ၊** ကိလေသာအညစ်အကြေးရှိကြကုန်သော တိတ္ထိဆရာကြီးတို့သည်။ **စိန္တိတော၊** ကြံစည်တွေးတော၍ ဟောပြောအပ်သော။ **အသုဒ္ဓေါ၊** စင်ကြယ်မှုကို မပေးနိုင်သော။ **ဓမ္မော၊** မိစ္ဆာဝါဒတရားသည်။ **ပါတုရ ဟောသိ၊** ပေါ်ပေါက်၍နေခဲ့ပါပြီ။

သဟမ္ပတိ ဗြဟ္မာကြီးက ဒီစကားလေးကို ထည့်ပြီးတော့ လျှောက်တယ်၊ ရှေးရှေးပွင့်တော်မူခဲ့တဲ့ ဘုရားတွေကို လျှောက်ထားတဲ့အခါမှာ ဒီစကားလေး မပါဘူး။ ရှေးရှေး ဘုရားတွေ လျှောက်တဲ့အခါမှာ တရားဟောဖို့ပဲ ပါတယ်၊ ဂေါတမ မြတ်စွာဘုရားကို လျှောက်ထားတော့ ဒီစကားပါလာတယ်။

မဂဓတိုင်းမှာ ဘာသာတရား အမျိုးမျိုးထွန်းကားနေတဲ့ အချိန် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခဲ့တယ်။ လူ့သက်တမ်း တိုတဲ့အချိန်မှာ ပွင့်ရလို့ အယူဝါဒတစ်ခုဟောရန် ခက်ခဲခြင်း၊ ဘုရားမပွင့်မီကတည်းက အယူဝါဒအများတွေရှိနေခြင်းတို့ကြောင့် နိဗ္ဗာန်တံခါးကြီးဟာ ဖွင့်လို့မရလောက်အောင် ပိတ်ဆို့နေတဲ့ အနေအထားလေးမှာ ရှိပါတယ်။ အဲဒီ အခြေအနေကို ဗြဟ္မာကြီးက ထည့်လျှောက်ထားတယ်။

"အပါပုရေတံ အမတဿ ဒွါရံ။ ဘန္တေ၊ ရွှေဘုန်းတော် သခင် ရှင်တော်မြတ်ဘုရား။ ဧတံ အမတဿ ဒွါရံ၊ ဤအမြိုက် နိဗ္ဗာန်တံခါးကြီးကို။ အပါပုရ- ဝိဝရ၊ ဖွင့်တော်မူလိုက်ပါ။"

အဲဒီလို အယူဝါဒတွေ မထွန်းကားဘူးဆိုရင် တရားတော် ကိုပဲ မြတ်စွာဘုရားက ဟောလိုက်တာနဲ့ လူတိုင်းလူတိုင်း နားလည် နေမှာပေါ့။ အခုတော့ ဒီလိုမဟုတ်ဘဲ လူတွေရဲ့ ရင်ထဲ နှလုံးထဲမှာ မိစ္ဆာဝါဒတရားတွေက လွှမ်းမိုးပြီးတော့နေတယ်။

ဥပမာပြောရရင် အဆောက်အအုံဆောက်မယ့် နေရာ တစ်ခုမှာ ချုံနွယ်ပိတ်ပေါင်းတွေ ထူပြောနေမယ်ဆိုရင် ပထမဦးစွာ ထိုချုံနွယ်တွေကို အရင်ရှင်းပြီးမှ ဆောက်ရမယ်၊ မူလကတည်းက ရှင်းလင်းနေတဲ့နေရာ ဆိုရင်အဆောက်အအုံ ကောက်ပြီးတော့ ဆောက်လိုက်ရုံပဲ၊ ရှင်းစရာမလိုဘူး။ တခြားဗုဒ္ဓတွေ ပွင့်တော်မူ စဉ်မှာ ထိုကဲ့သို့ ရှင်းလင်းစရာမလိုဘဲနဲ့ တရားဓမ္မကို ဟောလို့ ရတယ်။ ဂေါတမမြတ်စွာဘုရားကျတော့ ဟောဒီ မိစ္ဆာဝါဒတွေ

ရှုပ်ထွေးနေလို့ ဒါတွေ ရှုပ်နေတာကို အရင် ရှင်းလင်းနိုင်မှ ဖြစ်မယ်။ မရှင်းနိုင်ရင် နိဗ္ဗာန်တံခါးကြီး ပိတ်နေမှာပဲ။

မြတ်စွာဘုရား မပွင့်ခင်ကတည်းက အဲဒီ မဂဓတိုင်းမှာ မိစ္ဆာဝါဒတွေ ပေါ်ပေါက်နေပါတယ်၊ အဲဒီ မိစ္ဆာဝါဒတရားတွေကို ဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေဟာ "သမလ" ကိုယ်တိုင်က ကိလေသာ အညစ်အကြေးတွေ မကင်းတဲ့ပုဂ္ဂိုလ်တွေ၊ တစ်ဦးနဲ့ တစ်ဦး ကွဲပြားခြားနားတဲ့ အယူဝါဒတွေ၊ အခုခေတ်လို ပြောကြရင် philosophy တွေပေ့ါ။ philosophy တွေ တစ်ဦးနဲ့တစ်ဦး ဆန့်ကျင်တဲ့ အတွေးအမြင်တွေနဲ့ လူ့လောကကြီးမှာ ဟောကြားဖြန့်ဖြူးပြီးတော့ နေကြတယ်။ သူတို့ရဲ့ အယူဝါဒတွေ တစ်ခုနဲ့ တစ်ခု မတူကြလို့ လူတွေရဲ့ စိတ်ထဲမှာလည်း အမှန်တရားက ဘာလဲဆိုတာ မသိနိုင်ကြဘူး။ ဒါကြောင့် သဟမ္ပတိဗြဟ္မာကြီးက မြတ်စွာဘုရားအား ခေတ်အခြေအနေကိုပါ ထည့်သွင်းပြီး လျှောက်တယ်။ နိဗ္ဗာန်တံခါးကြီးဟာ မိစ္ဆာဝါဒတွေနဲ့ ဆို့ပိတ်ထားလို့ နိဗ္ဗာန်သွားရန် လမ်းစတောင်ပျောက်ပြီး မည်သူမှ နိဗ္ဗာန်ကို ဝင်ရောက်နိုင်မှာ မဟုတ်ဘူး။

**"ဝိမလေန၊ အညစ်အကြေးကင်းတဲ့ ရှင်တော်မြတ်ဘုရားသည်။"** ခုနပုဂ္ဂိုလ်တွေက "သမလ" တဲ့၊ သူတို့ စိတ်တွေက မစင်ကြယ်ဘူး၊ မြတ်စွာဘုရားကျတော့ "ဝိမလ၊" ကိလေသာ အညစ်အကြေးတွေ စင်ကြယ်နေတယ်၊ အဲဒီတော့ ကိုယ်တိုင်က ညစ်နွမ်းနေတဲ့ ပုဂ္ဂိုလ်တွေက စင်ကြယ်အောင် ဘယ်လိုလုပ်မှ မဟောနိုင်ဘူး၊ ကိုယ်တိုင်က ညစ်ပေနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်

ဟာ သူများကို သန့်ရှင်းအောင် လုပ်မပေးနိုင်သလို၊ ကိုယ်တိုင်က သန့်ရှင်းနေတဲ့ ပုဂ္ဂိုလ်မှသာလျှင် သူများကို သန့်ရှင်းအောင် လုပ်ပေးနိုင်မှာ။

မိစ္ဆာအယူဝါဒ လွှမ်းမိုးပြီးတော့ နေကြတဲ့ တိတ္ထိဆရာကြီးတွေက "သမလ" သူတို့ကိုယ်တိုင်ကိုက စိတ်အစဉ်မှာ သန့်ရှင်းမှု မရှိဘူး။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာန်မာနတွေနဲ့၊ ကိလေသာ အညစ်အကြေးတွေနဲ့ ညစ်ထေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီတော့ သူတို့ဟောပြောတဲ့တရားဟာ မှန်ကန်တဲ့တရား မဖြစ်နိုင်ဘူး။

ဗုဒ္ဓမြတ်စွာကျတော့ "ဝိမလ"= ကိလေသာ အညစ်အကြေးတွေ ကင်းနေတယ်၊ စိတ်က အလွန်သန့်ရှင်းနေတယ်။ သန့်ရှင်းနေတဲ့ စိတ်အစဉ်မှာ ဉာဏ်အမြင်ကလည်း ကြည်လင်နေလို့ ဗုဒ္ဓမြတ်စွာဟောတဲ့ တရားကသာလျှင် လူတွေရဲ့ စိတ်အစဉ်ကို ရှုပ်ထွေးမှုတွေ၊ အညစ်အကြေးတွေကို ဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။

"သုဏန္တု ဓမ္မံ ဝိမလေနာနုဗုဒ္ဓံ။ ဝိမလေန၊ အညစ်အကြေးကင်းဝေးတော်မူတဲ့ မြတ်စွာဘုရားသည်။ **အနုဗုဒ္ဓံ**၊ လျော်စွာသိတော်မူအပ်တဲ့။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ **သုဏန္တု**၊ သတ္တဝါတွေ ကြားနာခွင့် ရကြပါစေဘုရား ဟူ၍။ **အဝေါစ**၊ ကောင်းစွာမသွေ လျှောက်ကြားခဲ့ပါပေသတည်း။"

(သာဓု. . . သာဓု. . . သာဓု)

## အညတိတ္ထိယ ၆–ဦး

သဟမ္ပတိဗြဟ္မာကြီးက အခုလို ဗုဒ္ဓမြတ်စွာကို တရားဟောပြောဖို့ လျှောက်ထားတဲ့အခါမှာ မဂဓတိုင်းမှာ မိစ္ဆာဝါဒတွေ ထွန်းကားနေပါတယ်တဲ့။ ဘယ်လိုဝါဒတွေ ထွန်းကားနေသလဲလို့ ပိဋကတ်စာပေမှာ လေ့လာပြီး ကြည့်လိုက်တော့ မြတ်စွာဘုရားနဲ့ ခေတ်ပြိုင်အတွေးအခေါ် ဘာသာတရား တည်ထောင်သူ ဆရာကြီး (၆)ဦး ရှိကြောင်း သိရတယ်။

ကျမ်းစာထဲမှာပါတဲ့ အစီအစဉ်နဲ့ ပြောမယ်ဆိုရင် ပထမပုဂ္ဂိုလ်က ပူရဏကဿပ လို့ခေါ်တယ်။ အဲဒီပုဂ္ဂိုလ်ကြီးက သက်ကြီးဝါကြီး၊ သူ့ရဲ့ဝါဒကိုကြိုက်လို့ သူ့ရဲ့နောက်ကိုလိုက်တဲ့ နောက်လိုက်တွေ များစွာရှိတယ်။ သမဏဂိုဏ်းဝင်တစ်ဦး ဖြစ်ပြီးတော့ အစေလက- အဝတ်မဝတ်တဲ့ တက္ကတွန်း အမျိုးအစား ဖြစ်တယ်။

ဒုတိယပုဂ္ဂိုလ်က မက္ခလိဂေါသာလ လို့ခေါ်တယ်။ သူက လည်းပဲ အယူဝါဒတစ်ခုကို ဦးဆောင်ပြီးဟောလာတာ အသက် အရွယ်ရလာပြီ။ နောက်လိုက်နောက်ပါတွေလည်း မြောက်များစွာ ရှိတယ်။ သူ့ကိုကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေလည်း များစွာရှိတယ်။ လူတွေက သူ့ကို ‘သာဓု’ လို့ခေါ်ကြတယ်။ လူများစွာက သူ့ကို ‘သာဓု’ သူတော်ကောင်းကြီးလို့ အသိမှတ်ပြုကြတယ်။ ခုခေတ်လို ဆိုရင် Saint ပေါ့။ အိန္ဒိယ စကားအရ ဆာဒူးကြီးပေါ့၊ ဆာဓု ဆိုတာ သူတော်ကောင်းကို ပြောတာ။ သာဓုလို့ ဗမာလူမျိုးတွေ အသံထွက်တယ်၊ International

pronunciation အသံထွက်အရ ဆိုရင် ဆာမု လို့ ထွက်တယ်၊ ဒါပေမဲ့ ခုခေတ် ရေးနေကြတာကတော့ ဒထွေးနဲ့ ဆာဒူးပေါ့၊ အမှန်ကတော့ "ဆာဒူး" ဆိုတာ သူတော်ကောင်းလို့ ပြောတာ။ အဲဒီတော့ သာဓုသမ္မတော=သူ့ကို သူတော် ကောင်းကြီးလို့ လူအများက အသိအမှတ်ပြုထားကြတယ်။

သူ့မှာ နောက်လိုက်နောက်ပါတွေ များစွာရှိတယ်။ ဘုရားမပွင့်ခင်ကတည်းက သူကကြိုတင်ပြီးတော့ မဂဓတိုင်းမှာ လှည့်လည်ပြီးတော့ သူရဲ့ အယူဝါဒတွေကို ဟောပြောနေတယ်။ တစ်ဦးနဲ့တစ်ဦးလည်း တူတာမဟုတ်ဘူး။ အဲဒီပုဂ္ဂိုလ်ဟာ သူကိုယ်သူ သဗ္ဗညုတဉာဏ်ရှင်၊ အားလုံးကိုသိတဲ့ဘုရားအဖြစ် ကြေညာထားတဲ့ ပုဂ္ဂိုလ်ပဲ။

တတိယပုဂ္ဂိုလ်ကတော့ အဇိတ ကေသကမ္ဗလ ဖြစ်တယ်။ အဇိတ ဆိုတာက ဘယ်သူမှ သူ့ကိုအနိုင်ယူလို့ မရတဲ့ပုဂ္ဂိုလ်၊ သူကပဲ နိုင်တယ်ပေါ့၊ ကေသကမ္ဗလ ဆိုတာက လူ့ဆံပင်အဝတ်၊ သူက သူများတွေနဲ့မတူဘူး၊ ခုန ပူရဏကဿပတို့၊ မက္ခလိ ဂေါသာလတို့ကတော့ အဝတ်မဝတ်ကြဘူး၊ ဒီ အဇိတဆရာကြီး ကတော့ သူက အဝတ်ဝတ်တယ်၊ အဝတ်ဝတ်ပေမယ့်ချည်ထည်နဲ့ ရက်ထားတဲ့အဝတ်ကို မဝတ်ဘဲ လူ့ဆံပင်နဲ့ ရက်ထားတဲ့ အဝတ် ကို ဝတ်ဆင်ထားတယ်။ လူ့ဆံကမ္ဗလာအဝတ်နဲ့၊ သူ့ရဲ့ဖက်ရှင်က တစ်မျိုး၊ ဒီကနေ့ခေတ်တောင် ဒါမျိုးရှိမယ် မထင်ဘူး၊ လူ့ဆံပင်နဲ့ ရက်ထားတဲ့ အဝတ်ကြီးဆိုတော့ ဆံပင်အနက်ရောင်ဆိုရင်တော့ ဒါ အနက်ရောင်အဝတ်ကြီး ဝတ်ဆင်ထားတာဖြစ်မယ်၊ ဆံပင်ဖြူ

နဲ့တော့ ရက်မယ်မထင်ပါဘူး။ ဆံပင်ဖြူနဲ့ လုပ်ခဲ့ရင်တော့ အဖြူရောင်ပေါ့။ ရွှေရောင်ဆံပင်နဲ့ ဆိုရင်တော့ သူ့အဝတ်က ရွှေရောင်အဝတ် ဖြစ်မှာပေါ့။

မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတာရှိတယ်။ လူဆံပင်နှင့် ရက်ထားတဲ့အဝတ်ဟာ ရာသီဥတု ပူရင်လည်း အရမ်းပူပြီး၊ အေးရင်လည်း အရမ်းအေးတယ်။ ဆိုလိုတာက အအေးဒဏ်ကိုလည်း မကာကွယ်နိုင်ဘူး၊ အပူဒဏ်ကိုလည်း မကာကွယ်ဘူးလို့ ပြောတာ။ ရာသီဥတုဒဏ် မခံနိုင်ဘူး။ ပြီးတော့ ဆံပင်ဆိုတာက လူ့ခန္ဓာကိုယ်နဲ့တွဲလျက် ရှိနေတာတောင် အမြဲတမ်း ဖြီးလိမ်း လျှော်ပြီး အမွှေးနံ့သာတွေဘာတွေမှ၊ မလုပ်ခဲ့ရင် အနံ့က ဆိုးသတဲ့၊ မကောင်းတဲ့ အနံ့ ထွက်တယ်။

မြတ်စွာဘုရားက အဲဒီ လူ့ဆံပင်နဲ့ ရက်လုပ်ထားတဲ့ အဝတ်ဟာ အဝတ်တွေထဲမှာတော့ အညံ့ဆုံးပဲတဲ့။ ဒါကြောင့်မို့ လည်း ဒီကနေ့ခေတ် မရှိတော့တာထင်ပါရဲ့၊ လူကြိုက်နည်းသွား ပြီနော်၊ သို့သော် အဇိတဆရာကြီးကတော့ အဲဒီလူဆံပင်နဲ့ ရက်လုပ်ထားတဲ့ အဝတ်အထည်ကြီးကို ဝတ်ဆင်ပြီး (ခုခေတ် လိုပြောရင်တော့) စတန့်တစ်မျိုး၊ ဖက်ရှင်တစ်မျိုးထွင်တာ ဖြစ်မယ် နော်၊ သူကလည်း အယူဝါဒတစ်ခု ဖြန့်ဖြူးပြီးနေတယ်၊ သူ့ဝါဒ ကြိုက်တဲ့လူတွေ အများကြီး၊ သူ့ဝါဒကြိုက်တဲ့ တပည့် သားမြေး တွေ အများကြီးနဲ့ သူကလည်း ထင်ပေါ်ကျော်ကြားတဲ့ ဆရာကြီး တစ်ဦးဖြစ်တယ်။

အဲဒီနောက် စတုတ္ထပုဂ္ဂိုလ်ကတော့ ပကုဓ ကစ္စာယနတဲ့။ ပကုဓ ဆိုတာကတော့ သူ့ရဲ့နာမည်ပဲ၊ ကစ္စာယနဆိုတာက သူတို့ရဲ့ အနွယ်က ရလာတဲ့ နာမည်ပေါ့။ ဂေါတမဗုဒ္ဓလို့ ဆိုတဲ့ နေရာမှာ အားလုံးသိကြတဲ့အတိုင်း ဗုဒ္ဓမြတ်စွာရဲ့ ငယ်နာမည်က သိဒ္ဓတ္ထ ပေါ့၊ သို့သော် အမျိုးရဲ့အနွယ်ကို ပြောမယ်ဆိုလို့ရှိရင် ဂေါတမအနွယ်ဖြစ်လို့ "ဂေါတမဗုဒ္ဓ"လို့ ခေါ်တာ၊ အနွယ်နဲ့ ခေါ်တာ Surname ပေါ့။ မျိုးရိုးရဲ့ နာမည်။ ဒီကနေ့ အိန္ဒိယမှာ လည်းပဲ ဂေါတမအနွယ်ဝင် ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ ဒါက အနွယ်တစ်ခုပေါ့၊ ဗုဒ္ဓမြတ်စွာကတော့ သကျလူမျိုးထဲက ဂေါတမ အနွယ်ပေါ့။

အေး. . . မြန်မာနိုင်ငံမှာဆိုရင်တော့ ဂေါတမ ထမင်း ဆိုင်ဆိုတာ ဘယ်သူမှ ဖွင့်ရဲမယ် မထင်ဘူး။ သို့သော် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရောက်ဖူးတဲ့သူတွေ တွေ့ပါလိမ့်မယ်၊ ဗုဒ္ဓဂယာမှာရှိတဲ့ မြန်မာကျောင်းနဲ့ မျက်နှာချင်းဆိုင် ထမင်းဆိုင်တစ်ခုက Gautam Restaurant တဲ့။ အဲဒါ ဂေါတမ ထမင်းဆိုင်ပဲ၊ သူတို့အသံထွက်နဲ့ ဂေါက်တမ် Gautam လို့ထွက်တယ်၊ ဂေါတမပဲ၊ သက္ကတ ဘာသာနဲ့ ဂေါက်တမ (Gautama) လို့ ရေးတယ်၊ ပါဠိဘာသာနဲ့ ကျတော့ (Gotama) ဂေါတမ၊ 'မ' ကို အသံမထွက်ဘဲနဲ့ ဒါကို "ဂေါက်တမ်"၊ ဒီလို အသံထွက်တယ်၊ အေး . . . အဲဒီလို အနွယ်နဲ့ခေါ်တဲ့ နာမည်ပေါ့။

အဲဒီလိုပဲ ကစ္စာယနဆိုတာ အနွယ်ပဲ။ အဲဒီ ပကုဓကစ္စာယန ဆိုတဲ့ ဆရာကြီးကလည်း သူ့ရဲ့အယူဝါဒ (philosophy) တွေကို

ဟောပြောပြီးတော့ ဖြန့်ဖြူးနေလေရဲ့၊ ကျန်တဲ့ပုဂ္ဂိုလ်တွေရဲ့ အယူဝါဒနဲ့မတူဘူး၊ သူကလည်း သူ့ကိုယ်သူ သဗ္ဗညုဘုရားအဖြစ် ဝန်ခံပြောကြားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်။

နောက် ပဥ္စမပုဂ္ဂိုလ်ကတော့ **နိဂဏ္ဌ နာဋပုတ္တ** ဖြစ်တယ်။ နိ-ဆိုတာက မရှိတာ၊ ဂဏ္ဌ ဆိုတာက အနှောင်အဖွဲ့၊ အထုံးအဖွဲ့။ နိဂဏ္ဌ= တို့မှာ ဘာနှောင်ကြိုးမှ မရှိဘူး၊ 'နှောင်ကြိုးမဲ့' လို့ သူ့ကိုယ်သူ ကြေညာတဲ့ ပုဂ္ဂိုလ်မျိုး၊ ကိလေသာဆိုတဲ့ အနှောင် အဖွဲ့ ကင်းတယ်၊ လောဘဆိုတာ တို့မှာ မရှိဘူးတဲ့။ အဲဒီ နာဋပုတ္တ ဆိုတဲ့ ဆရာကြီးကလည်းပဲ နိဂဏ္ဌဂိုဏ်းကြီးကို တည်ထောင် တယ်။ လောဘကို ချိုးနှိမ်တဲ့အနေနဲ့ သူတို့ပိုင်ဆိုင်တာ ဘာပစ္စည်း မှ မရှိဘူးဆိုပြီး ဝတ်လစ်စလစ်နေကြတာ၊ အဝတ်တောင်မရှိဘူး။ ဒီကနေ့တော့ သူတို့ကို 'ဂျိန်း'လို့ခေါ်တယ်။

အိန္ဒိယနိုင်ငံမှာ ဒီဘာသာ ကျန်နေသေးတယ်။ 'ဂျိန်း'ဆိုတဲ့ စကားလုံးက 'ဂျိန' ဆိုတဲ့စကားကလာတာ။ ပါဠိလိုကျတော့ 'ဇိန' ပေါ့၊ ဒီက ဗုဒ္ဓဘာသာတွေ သိကြတာကတော့ 'ဇိန' ဆိုတာ ဘုရား ပေါ့၊ ငါးမာရ်အောင်မြင် ဘုရားရှင်ပေါ့၊ အဲဒီက သူတို့ အသံထွက် နဲ့ဆိုရင်'ဂျိန'၊ 'ဂျိန' ကနေပြီး သူတို့ရဲ့ နောက်ပါတပည့်တွေကို ကျတော့ 'ဂျေန'၊ 'န' ကအသံဖျောက်လိုက်တော့ ဂျိန်းလို့ အသံဖြစ်သွားတယ်။

အိန္ဒိယနိုင်ငံမှာ ဂျိန်းဘုရားကျောင်းတွေ အများကြီးရှိတယ်၊ ဒီဘာသာက ယနေ့အထိအောင် အိန္ဒိယနိုင်ငံမှာ ရှိနေသေးတယ်၊ အဲဒီဆရာကြီးကလည်းပဲ သူ့ရဲ့ဘာသာဝါဒတွေကို မဂဓတိုင်း

တစ်ခွင်မှာ ဟောပြောပြီးတော့ တပည့်ပရိသတ်တွေနဲ့ နေတယ်။ သူကလည်းပဲ လူကြိုက်တော်တော်များတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ။

နောက် ဆဋ္ဌမပုဂ္ဂိုလ်ကတော့ သဉ္စယ ဗေလဋ္ဌပုတ္တ ဖြစ်တယ်။ သူ့နာမည်ကတော့ သဉ္စယ ပဲ၊ သူ့ရဲ့အဖေ၊ ဒါမှမဟုတ် ဆရာက ဗေလဋ္ဌ၊ ဒါ့ကြောင့်မို့လို့ ဗေလဋ္ဌရဲ့ သားတပည့်၊ သူကတော့ ပရိဗိုဇ်လို့ခေါ်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တယ်။ ပရိဗိုဇ် ဆိုတာက ပရိဗ္ဗာဇက ဆိုတဲ့ ပါဠိုကပြောင်းလာတာ၊ "ပရိသမန္တတော ဝဇတီတိပရိဗ္ဗာဇကော" လို့ဆိုတဲ့အတိုင်း တစ်နေရာတည်းမှာ မနေဘဲ နေရာအနှံ့လှည့်လည်နေပြီး အယူဝါဒ ရေးရာတွေကို ငြင်းခုံ ဟောပြောနေတဲ့သူတွေ ဖြစ်တယ်။

မြန်မာပြည်မှာ တစ်ခေတ်တုန်းက အရပ်ထဲမှာ အဘိဓမ္မာ စကားပြောပြီး ငြင်းခုံကြတာတွေ ပေါ်ခဲ့ဖူးတယ်၊ အလျှုမဏ္ဍပ်တွေ လိုက်ပြီးတော့ အဘိဓမ္မာစကားတွေ ပြောပြီး ငြင်းကြတယ်၊ ခုံကြတယ်။ ဒါကြောင့်မို့ "သောမနဿသဟဂုတ်၊ လက်ဖက်သုပ်၊ ကြက်သွန်သုပ် အကုန်တုတ်"လို့ အဆိုတောင် ရှိသေးတယ်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ဟာ ဗုဒ္ဓသာသနာ မတွေ့ခင်က အဲဒီ အယူဝါဒတွေကို လှည့်လည် ငြင်းခုံပြောကြားနေတဲ့ သဉ္စယ၏ တပည့်ဖြစ်ခဲ့ကြဖူးတယ်။ လူဝတ်ကြောင်ဘဝက ပွဲကြည့်ပြီး ပျော်ပါးရယ်မော နေခဲ့ကြတယ်။ တစ်နေ့မှာတော့ ပွဲကြည့်ရင်း စဉ်စားမိကြတယ်၊ တို့ လက်ခုပ်တီးလိုက်၊ ဆုပေးလိုက်နဲ့ ဒီလိုပျော်ပါး ရယ်မောပြီး အချိန်ကုန်နေလို့တော့ အကျိုးရှိမှာ မဟုတ်ဘူး။ ဒီလူတွေ အားလုံး

နောင်နှစ်(၁၀၀)အတွင်းမှာ အကုန်သေကြမှာပဲ။ တို့တစ်တွေ သေရဦးမယ်ဆိုတဲ့ အတွေးကလေးဝင်လာတော့ ဒီလိုနေလို့ မဖြစ်ဘူး၊ မသေတဲ့တရား ရှာရမယ် ဟုစဉ်းစားပြီး လူ့ဘောင်ကို စွန့်ခွာ၍ ထွက်လာခဲ့ကြရာ သဉ္စယဗေလဋ္ဌပုတ္တ ဆရာကြီးနှင့် အရင်ဆုံးတွေ့တာပေါ့။ သူ့တပည့်အဖြစ်ခံယူကာ သူ့ရဲ့ အယူဝါဒ တွေကို သင်ယူခဲ့ကြတယ်။ နောက်ပိုင်းမှ အရှင်အဿဇိနဲ့ တွေ့တဲ့အခါ သစ္စာလေးပါးတရား အတိုချုပ်ကို နာကြားခွင့်ရရာမှ နှစ်သက် သဘောကျပြီး ပရိဗိုဇ်ဘာသာမှ ဗုဒ္ဓဘာသာကို ကူးပြောင်းခဲ့ကြတယ်။

အဲဒီ သဉ္စယဗေလဋ္ဌပုတ္တ ဆိုတဲ့ ဆရာကြီးကလည်း သူ့အယူဝါဒတွေကို ဟောပြောပြီးတော့ မဂဓတိုင်းတစ်ခွင်မှာ နာမည်ကြီးနေတယ်။

တရားချစ်ခင် သူတော်စင် ပရိသတ်တို့ ဒိပုဂ္ဂိုလ်ကြီးတွေရဲ့ တရားကို နည်းနည်းလောက် နာကြည့်ကြရအောင်။ အဲဒီခေတ်က သူတို့ ဘာတရားတွေများ ဟောခဲ့ကြသလဲ -

**ပူရဏကဿပ ဝါဒ**

ပူရဏကဿပဆိုတဲ့ ဆရာကြီးက ဘာတွေဟောသလဲ၊ သူဟောတဲ့တရားတွေတော့ မြောက်များစွာ ရှိနိုင်တယ်၊ ဒါပေမဲ့ သူ့ရဲ့ Philosophy အကျဉ်းချုပ်ကို သာမညဖလသုတ်မှာ အဇာတသတ်မင်းကြီးက ဘုရားကို လျှောက်ထားတဲ့အတိုင်း ပိဋကတ်တော်မှာ မှတ်တမ်းတင်ထားတယ်။ နောက် အင်္ဂုတ္တရ

နိကာယ်မှာလည်း သူ့ရဲ့ ဝါဒတရားအချို့ကို မှတ်တမ်းတင်ထားတာရှိတယ်၊ များများစားစားတော့ မရှိပါဘူး။ သူ့ရဲ့ဝါဒက "အကိရိယဝါဒ"၊ ကံကို ငြင်းပယ်တဲ့ ဝါဒ ဖြစ်တယ်။

အခု ဗုဒ္ဓဘာသာဝင်သူတော်စင်တွေက ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာကို လက်ခံကြတယ်။ အေး-ကုသိုလ်ကံဆိုတာ ရှိတယ်။ အကုသိုလ်ကံဆိုတာ ရှိတယ်။ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံရဲ့ အကျိုးတရားဆိုတာလည်း ရှိတယ်လို့ ကံ၊ ကံ၏အကျိုးကို ယုံကြည်လက်ခံခြင်းလို့ဆိုတဲ့ "ကမ္မဿကတာသမ္မာဒိဋ္ဌိ" ရှိကြတယ်။

"ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။"

ဒီအစေ့စိုက်ရင် ဒီအပင် ပေါက်တယ်၊ အချိုစေ့ စိုက်ရင် အချိုပင် ပေါက်မယ်၊ အချိုသီး သီးမယ်။ အခါးစေ့ စိုက်ရင် အခါးပင် ပေါက်မယ်၊ အခါးသီး သီးမယ်ဆိုတဲ့သဘာဝအတိုင်း ကောင်းတာ လုပ်ရင် ကောင်းကျိုးရမယ်။ မကောင်းတာ လုပ်ရင် မကောင်း ကျိုးရမယ်ဆိုတဲ့ ကံ ကံ၏အကျိုးကို လက်ခံယုံကြည်တာ၊ မှန်ကန်တဲ့အမြင်အဖြစ် ကမ္မဿကတာသမ္မာဒိဋ္ဌိကို ဘုရားအဆူဆူ ဟောတော်မူခဲ့တယ်။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

"အကုသိုလ် ဆိုတာ မလုပ်ကြနဲ့၊ ကုသိုလ်မှန်သမျှ ပြည့်စုံအောင် လုပ်ကြ" ဆိုတာကို ဟောတယ်။ ဒါ ဘုရားတိုင်း ဟောတဲ့တရား ဖြစ်တယ်။

အဲဒါနဲ့ဆန့်ကျင်ပြီးတော့ ပူရဏကဿပက ဘာတွေ ဟောတုန်းဆိုရင် **"နတ္ထိ ပါပံ၊ နတ္ထိ ပါပဿ အာဂမော။ နတ္ထိ ပုညံ၊ နတ္ထိ ပုညဿ အာဂမော"** အကုသိုလ်ဆိုတာ လုပ်လို့ မရပါဘူးတဲ့။ အကုသိုလ်ဆိုတာ မရှိဘူး။ ကောင်းမှု ဆိုတာလည်း မရှိဘူး၊ မကောင်းမှု ဆိုတာလည်း မရှိဘူး။ ကောင်းမှု၊ မကောင်းမှု တို့ရဲ့ အကျိုးတရားလည်း မရှိဘူး။ ကောင်းမှု လုပ်ရင်လည်း သူ့ရဲ့ အကျိုးတရား ဆိုတာလည်း ရလာမှာ မဟုတ်ဘူးတဲ့။ ဒီလိုဆိုတော့ သူ့ဝါဒက လူမိုက်ကို အားပေးတဲ့ဝါဒ ဖြစ်နေတယ်။

သူက ဘယ်ထိအောင် ပြောထားတုန်းဆိုရင် "မင်းတတ်နိုင် လို့ရှိရင် သတ္တဝါတွေ အသက် သတ်ချင်သလောက်သတ်၊ သူများ ပစ္စည်းတွေ မတရား ယူချင်သလောက်ယူ၊ သူတစ်ပါး သားမယား ကို ပြစ်မှားချင်သလောက် ပြစ်မှား၊ အဲဒီလုပ်ရပ်တွေကြောင့် မင်း ဘာမှ အပြစ်မခံရဘူး"လို့ ပြောတယ်။

အပြစ် ခံရတယ်၊ အပြစ် ရှိတယ်ဆိုတာ လက်တွေ့မှာပဲ အားလုံး သိနေကြတာပဲ၊ လူ့လောက ဥပဒေတောင်မှပဲ လူ တစ်ယောက်ရဲ့ အသက်ကို သတ်မိတယ်ဆိုရင် ထိုပုဂ္ဂိုလ်ဟာ သေစားသေစေဆိုတဲ့ (capital punishment) ခံရတာပဲ မဟုတ်လား၊ လောကကြီးရဲ့ အပြစ်ဒဏ်နဲ့ပဲ ကြည့်ကြည့်၊ လူ့လောက ဥပဒေနဲ့ပဲကြည့်ကြည့် အပြစ်လုပ်မိရင် ဥပဒေအရ

ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံကြရတယ်။ သူက မခံရဘူး၊ အပြစ်ဆိုတာ မရှိဘူးဆိုတော့ လက်တွေ့နဲ့ ကိုက်ညီမှု ရှိပါ့မလား။ ဒါပေမဲ့ သူက အဲဒီအတိုင်းဟောတယ်။

"မိမိတို့ကြိုက်တဲ့ အကုသိုလ်တွေ လုပ်ချင်သလောက် လုပ်တဲ့၊ ကရောတော န ကရီယတိ ပါပံ = အကုသိုလ်ဆိုတာ လုပ်လို့မရပါဘူး၊ လုပ်လို့ကို မရဘူးတဲ့။ လူတွေက လုပ်လို့ရတယ် ထင်နေတာ၊ ဘာဖြစ်လို့ လုပ်လို့မရသလဲဆိုရင် နတ္ထိ ပါပံ = အကုသိုလ် ဆိုတာရှိမှ မရှိတာတဲ့။

လုပ် မဖြစ်ဘူးလို့ပြောတာကို အကိရိယ (non-action) လို့ခေါ်တယ်။ ကောင်းတာဆိုတာလည်း လုပ်လို့မရဘူး၊ မကောင်းတာဆိုတာလည်း လုပ်လို့မရဘူး။

ငါးပါးသီလနှင့်ပတ်သက်ပြီး အကုသိုလ်မှန်သမျှ လုပ်ချင်သလောက် လုပ်၊ ထိုအကုသိုလ်ဆိုတာ မရှိဘူး၊ အကုသိုလ်ရဲ့ အကျိုးတရားလည်း ဖြစ်မလာဘူးလို့ ဟောထားတယ်။ လက်တွေ့နဲ့မကိုက်ညီတဲ့ တရားကိုဟောတော့ လူမိုက်တွေကတော့ သဘောကျတာပေါ့။ တကယ်တမ်း လက်တွေ့မှာ ကြည့်ရင် မှန်သလားဆိုတော့ မမှန်ဘူး။ ကိုယ်က သူတစ်ပါးအသက်ကို သတ်ရင် ကိုယ့်ပြန် အသတ်ခံရတယ်။ သူတစ်ပါးပစ္စည်း ခိုးရင် သူတစ်ပါး သားမယားပြစ်မှားရင် အပြစ်ပေးခံရမယ်။ လိမ်ပြောရင် လူတကာက မယုံကြည်ကြဘဲ၊ တန်ပြန်အပြုခံရတဲ့ reaction ဆိုတာ လာတာပါပဲ။ အဲဒီလို လက်တွေ့ သဘာဝနဲ့ မကိုက်ညီတဲ့ တရားတွေကို သူက ဟောတယ်။

သူပြောပုံက "တတ်နိုင်လို့ လူသတ် လက်နက်စက်ကြီး တီထွင်ပြီး ကမ္ဘာမြေပြင်ပေါ်မှာရှိတဲ့ လူသားအားလုံးကို သတ်ပြီး အရိုးပုံ အသားပုံ ပုံထားရင်တောင်မှ မင်းမှာ ပါဏာတိပါတ အကုသိုလ်ကံ မဖြစ်ပါဘူး"တဲ့။

အဲဒီလိုခံယူထားကြတော့ သူ့ရဲ့ ဝါဒက ဘယ်လောက် ကြောက်စရာကောင်းလဲ။ နိဗ္ဗာန်ကို မပြောပါနဲ့၊ ကောင်းရာ သုဂတိဘုံတောင် ရောက်ဖို့မလွယ်ဘူး။ အဲဒါတင်မကဘူး၊ သူပြောတဲ့အတိုင်းလုပ်ရင် ကမ္ဘာကြီးလည်း မငြိမ်းချမ်းနိုင်ပါဘူး။

အရပ်ထဲမှာ သူတစ်ပါးအသက်ကို သတ်သူ၊ သူတစ်ပါး ပစ္စည်းခိုးသူတွေ၊ သူတစ်ပါး သားမယား စော်ကားတဲ့ပုဂ္ဂိုလ်တွေ၊ လိမ်ပြောတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီလိုပုဂ္ဂိုလ်တွေ ရှိနေရင် အဲဒီအရပ်ဟာ ငြိမ်းအေးတဲ့အရပ် မဖြစ်နိုင်ဘူး။ ငြိမ်းချမ်းရေး ပျက်စီးနေတယ် ဆိုတာ လက်တွေ့ပဲ၊ လူတိုင်း လူတိုင်းဟာ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အသက် နှမြောကြတာချည်းပဲ။

မြတ်စွာဘုရား ဟောထားတာက ကိုယ်ချင်းစာ (အတ္တူပနာယိက) တရား ထားရမယ်။ လူတွေဟာ အသက် ရှင်ချင် ကြတယ်။ ပျော်ရွှင်မှုကို လိုလားကြတယ်။ ကျန်တဲ့ လူတွေလည်း ဒီလိုပဲ အသက်ရှင်ချင်ကြတာချည်းပဲ။ ကိုယ့် အသက်တော့ ရှင်ချင်ပြီး၊ သူတစ်ပါးအသက်ကို သတ်ချင်ရင်တော့ ဘယ်လိုမှ သဘာဝမကျနိုင်ဘူး။

ဒါ့ကြောင့်မို့ ပါဏာတိပါတကံ ဆိုတာမတရားတဲ့အမှုပဲ၊ သူတစ်ပါးကို ရပ်တည်ခွင့် ပေးရမယ်။ မိမိကအသက်ရှင် ရပ်တည်

ချင်သလို သူတစ်ပါးကိုလည်း အသက်ရှင် ရပ်တည်ခွင့် ပေးမှ တရားမျှတတော့မှာပေါ့။ ကိုယ်ကတော့ နေချင်တယ်၊ သူများကိုတော့ သေစေဆိုတော့ ဟုတ်ပါ့မလား။ အဲဒီကတည်းက သူ့တရားဟာ "သမ" မျှတတဲ့တရားဖြစ်ကို မဖြစ်ဘူး။

လူတိုင်းက ကိုယ့်ပစ္စည်းကို ခိုးမှာ စိုးရိမ်ကြတာပဲ၊ လုံခြုံမှု ရှိချင်ကြတယ်။ သူ့ဝါဒက သူတစ်ပါးပစ္စည်းခိုးလည်း ဘာမှ မဖြစ်ဘူးလို့ ဟောထားလို့ လူမိုက်မြှောက်ပေးရာ မရောက်ပေဘူးလား။ လူတွေမှာ ကိုယ့်ပစ္စည်း အခိုးခံရတယ်ဆိုရင် ပျော်သလား၊ စိတ်ဆင်းရဲသလား၊ လူတွေ စိတ်ဆင်းရဲစေတဲ့ တရားဆိုတာ ကောင်းတဲ့တရား ဘယ်ဖြစ်မလဲ၊ လက်တွေ့နဲ့ ကြည့်ရင် သူ့တရားက ဟုတ်မှ မဟုတ်တာ။ ကမ္ဘာကြီးငြိမ်းချမ်းမှု၊ လူသားတွေ ငြိမ်းချမ်းမှု၊ လူတော် လူကောင်းများ ဖြစ်ထွန်းမှုဆိုတဲ့ အခြေအနေကောင်းတွေကို တစ်ခုမှ ဖန်တီးမပေးဘဲနဲ့ ဆိုးသွမ်းပြီးတော့ အင်မတန်မှ ကြောက်စရာကောင်းတဲ့ ကမ္ဘာကြီး တစ်ခု ဖန်တီးနေတာ ဖြစ်နေတယ်။

သူကပြောသေးတယ်။ "ကုသိုလ်ကောင်းမှု ရှိတယ်ထင်ပြီး မလုပ်နဲ့တဲ့။ လုပ်ရင်လည်း ကုသိုလ်ဆိုတာ လုံးဝ မရှိဘူးတဲ့။ "နတ္ထိ ပုညံ၊ နတ္ထိ ပုညဿ အာဂမော"= "ပုညံ-ကုသိုလ်ကောင်းမှုဆိုတာ၊ နတ္ထိ-လုံးဝမရှိဘူး"၊ လူတွေကရှိတယ် ထင်နေကြတာတဲ့။ "ပုညဿ အာဂ မော"= ကုသိုလ်ကောင်းမှုရဲ့ အကျိုးတရားဆိုတာလည်း မရှိဘူးတဲ့။ မင်းတတ်နိုင်လို့ရှိရင် သီလ ဆောက်တည်မယ်၊ ဒါနကောင်းမှုတွေ လုပ်မယ်၊ ကိုယ့်စိတ်လေးကို

စောင့်စည်းမယ်၊ မှန်ကန်တဲ့ စကားတွေပြောမယ် ဘာမှ ဖြစ်လာမှာ မဟုတ်ဘူးတဲ့။

အခု ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဆိုရင် ဒါနကောင်းမှု လုပ်ကြတယ်၊ သီလဆောက်တည်ကြတယ်၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများမှုဆိုတဲ့ ကိုယ့်စိတ်ကလေးကို ထိန်းသိမ်းစောင့်ရှောက် ကြတယ်၊ မှန်ကန်တဲ့စကား ပြောကြတယ် ဆိုတော့ ဒါတွေဟာ ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်တယ်လို့ မြတ်စွာဘုရားက ဟောထားတာ၊ သူကတော့ အဲဒါတွေလုပ်သည့်အတွက်ကြောင့် ဘာ ကုသိုလ်မှ မရပါဘူးလို့ ပြောတယ်။

လက်တွေ့နဲ့ ကိုက်ညီလား စဉ်းစားကြည့်ရအောင်၊ ဒါန ကောင်းမှုလုပ်တဲ့အခါ ပေးလှူလိုက်တဲ့ ပုဂ္ဂိုလ်ကလည်း ကြည်နူး တယ်၊ ရတဲ့ပုဂ္ဂိုလ်ကလည်း ပျော်တယ်၊ ဥပမာ-ကိုယ့်အိမ် ဧည့်သည်လာလို့ ကော်ဖီလေးတစ်ခွက် တိုက်လိုက်တယ်ဆိုရင် လာတဲ့သူကလည်း သောက်ရလို့ ကျေနပ်တယ်၊ တိုက်ရတဲ့ သူကလည်း ငါ့ဝတ္တရားကျေတယ်ဆိုပြီးတော့ ဝမ်းသာတယ်၊ ဒါနကောင်းမှု ပြုလုပ်ခြင်းဖြင့် ပေးသူကလည်း ဝမ်းသာ၊ ရသူက လည်း ဝမ်းသာ။ ပေးလှူတဲ့ ပုဂ္ဂိုလ်၊ ရရှိတဲ့ပုဂ္ဂိုလ် (၂)ဦးလုံး အကျိုးရှိပြီး စိတ်ချမ်းသာမှု၊ ဝမ်းသာမှုတွေ ရရှိကြပြီး စိတ်ဓာတ် တွေ နူးညံ့လာကြတယ်။

**"အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။"** ဒါနဆိုတာ ပေးကမ်းခြင်း၊ "ပေးကမ်းခြင်းသည် အောင်မြင်ရာ၏" လို့တောင် အဆိုရှိသေးတယ်၊ ဘယ်ကိစ္စမဆို ပေးလိုက်-ကမ်းလိုက်ရင်

မအောင်မြင်ပေဘူးလား။ ဒါဟာ ဒါနအကျိုးပဲ၊ ဒီထက် ထင်ရှားတဲ့ အကျိုးပေး ဘယ်ရှိမလဲ၊ နောက်ဘဝထားဦး၊ အခုလက်တွေ့ ပေးလိုက်- ကမ်းလိုက်ရင် အောင်မြင်သွားတာပဲ၊ ဒါကို ဒါန အကျိုးမရှိဘူးလို့ဟောရင် ဘယ်မှန်ပါ့မတုန်း၊ တကယ့်လက်တွေ့ နဲ့ အလွန်ဝေးနေတယ်။ နောက်ဘဝမှ ချမ်းသာတယ်၊ မချမ်းသာ ဘူးဆိုတာ နောက်မှလာမယ့်အကျိုးကို ထားဦး၊ အခု လက်တွေ့ ပေးလှူသူ၊ အလှူခံရသူ နှစ်ဦးနှစ်ဝ စိတ်ချမ်းသာပြီး မေတ္တာ ပေါင်းကူးမိသွားတယ်။ ဒါဟာ အကျိုးပဲ။

မြတ်စွာဘုရားက "သီဟ သုတ္တန်"မှာ ဒါနရဲ့ အကျိုးကို ပစ္စုပ္ပန်မှာရနိုင်တဲ့အကျိုး၊ တမလွန်မှာ ရနိုင်တဲ့ အကျိုးဆိုပြီး ခွဲဟောထားတာ ရှိတယ်။ ဒါနရဲ့ ပစ္စုပ္ပန်မှာရနိုင်တဲ့အကျိုးတွေက လူချစ်လူခင် ပေါများမယ်။ မှန်တာပေါ့၊ လှူတဲ့သူဟာ လူချစ် လူခင် များတာပေါ့၊ "ဩော် လှူဖော်တန်းဖော်ရတယ်၊ ပေးဖော် ကမ်းဖော် ရတယ်" ဆိုပြီး သူဆီကရတဲ့ ပုဂ္ဂိုလ်က သူ့ကို ခင်နေကြ တာပေါ့။ စားရမဲ့ သောက်ရမဲ့ ဖြစ်နေတဲ့ ခွေးလေးတွေ တိရစ္ဆာန် လေးတွေ အစာပေးကျွေးထားရင် မြင်တာနဲ့ အမြီးနန့်မှာပဲ၊ ကျေနပ်နေတာလေ၊ လူလည်းအတူတူပါပဲ၊ ကိုယ်က ကျွေးမွေး စောင့်ရှောက်နေတယ်ဆိုရင် ကိုယ့်ကို ခင်နေတာပဲ၊ ဒါတွေက တကယ့်လက်တွေ့ပဲ။

ကဲ သီလဆောက်တည်လိုက်တယ်၊ သူများအသက် မသတ်ပါဘူး၊ သူတစ်ပါးဥစ္စာ မခိုးပါဘူးလို့၊ ကိုယ့်ရဲ့လက်နဲ့ ကိုယ့်ကြောင့် ဘယ်သူမှ အသက် မဆုံးရှုံးရဘူး၊ ကိုယ်က ဘယ်သူ့

ကိုမှ အန္တရာယ်မပြုသည့် အတွက်ကြောင့် ကိုယ်အတွက်နဲ့ အသက်သေရတဲ့ ပုဂ္ဂိုလ်မရှိဘူးဆိုတော့ ကိုယ့်ကိုလည်း အန္တရာယ် ပြုမယ့်သူမရှိဘူး၊ ဒါဟာ အကျိုးပဲ၊ တိရစ္ဆာန်ကလေးတွေတောင်မှ ကိုယ့်အန္တရာယ်မပြုဘူးဆိုရင် ခင်တယ်၊ ကိုယ့်ကို အန္တရာယ်ပြုမယ့် သူဆိုရင် ခွေးကလေးတွေကအစ မျက်စောင်းထိုးကြည့်တာ၊ သိတယ်၊ အန္တရာယ်မပြုဘူးဆိုရင် ချစ်ခင်မှုကိုပြတယ်။ ဒါဟာ သီလဆောက်တည်တဲ့ အကျိုးတရားတွေပဲ။

လိမ်မပြောဘူးဆိုရင် "ဟာ ဒီလူဟာ ဘယ်တော့မှ လိမ်ပြောလေ့မရှိဘူး"ဆိုပြီး သူ့စကားကို အားလုံးက အလေးအနက် ထားကြတယ်။ လိမ်တဲ့သူဆိုရင် နောင်ဘဝရောက်မှ ငရဲကျမှာ မဟုတ်ဘူး။ ဒီဘဝတွင်ပင် "ဒီလူက လူလိမ်ကြီးပဲ" ဆိုပြီး သူ့စကားကို ဘယ်သူမှ လက်မခံဘူး၊ အပေါင်းအသင်း မလုပ်ဘူး၊ ယုံကြည်မှုမရှိဘူး။ အဲဒါတွေဟာ ရရှိလာတဲ့ အကျိုးတရားတွေပဲ။

သီလ ဆောက်တည်ခြင်းဖြင့် ရရှိမည့် အကျိုးတရားတွေကို အဝေးကြီးမှာ ကြည့်စရာမလိုဘူး။ ပစ္စုပ္ပန်မှာ ရနိုင်တဲ့ အကျိုးတွေ တင် အများကြီးရှိတယ်၊ တမလွန်မှာ ရနိုင်တဲ့အကျိုးလည်းရှိတယ်။

ဒါ့အပြင် အခြားသီလတွေမှာလည်း အကျိုးတွေရှိနေတာပဲ။ မူးယစ်ဆေးဝါး သေရည်သေရက် မသောက်မစားဘူးလို့ဆိုရင် အတွေးအခေါ်တွေ မှန်ကန်မယ်၊ အများကကိုယ့်ကို လေးစား တယ်၊ မူးယစ် သောက်စားတဲ့ သူတွေဆိုရင် "သူက အရက်သမား၊ သိပ်အပေါင်းအသင်းမလုပ်ကြနဲ့" ဆိုပြီး လူအများက အလေး မထားတာ၊ အဖက်မလုပ်[illegible]အယွင်း

၁၅၂၈၇ [illegible]သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

ယွင်းတွေလည်း ပြောဆို လုပ်ကိုင်လာမယ်။ အဲ့ဒါဟာ အပြစ်တွေပဲ။ နောင်ဘဝ ငရဲကျတာ၊ မကျတာ အသာထား၊ ဒီဘဝတင်ပဲ မကောင်းတဲ့ အကျိုးရနေတယ်။ ငါးပါးသီလဆိုတာ လူ့လောကကြီးကို လက်တွေ့အကျိုးပြုနေတဲ့ တရားတွေပဲ။

အဲဒါတွေကို ပူရဏကဿပက ဘာအကျိုးမှ မရှိဘူးလို့ ပြောခြင်းဟာ လက်တွေ့အကျိုးကို ငြင်းပယ်နေခြင်းဖြစ်တယ်။ ဒါ့ကြောင့် သူ့ရဲ့ "အကိရိယဝါဒ"ဟာ ဒီကနေ့ခေတ်မှာ ကြိုက်တဲ့ သူ ရှိကောင်းရှိနိုင်ပေမယ့် အိန္ဒိယနိုင်ငံမှာတော့ သူ့ဒဿန ပျောက်ကွယ်သွားပါပြီ။

သို့သော်သူ့ရဲ့ အဆုံးအမဩဝါဒတွေက လူမိုက်တွေထဲမှာတော့ ရှိနေမှာပေ့ါ။ ဘုရားအဆူဆူက ဟောတော်မူတဲ့ ကုသိုလ်၊ အကုသိုလ်နှင့် ၎င်းတို့ရဲ့ အကျိုးတရား ရှိတယ်ဆိုတာကို ဆန့်ကျင်ပြီး အကိရိယဝါဒကြီးကို ဖြန့်ဖြူးခဲ့တာ ပူရဏကဿပ ဖြစ်ပါတယ်။ အဲဒီဝါဒက ကံကိုငြင်းပယ်တော့ ကံရဲ့အကျိုးကို ငြင်းပယ်ရာလည်းရောက်တယ်။ သူ့ဝါဒက လောကကို အကျိုးမပြုတဲ့ ဝါဒ၊ ပျက်စီးစေတဲ့ဝါဒ ဖြစ်တယ်လို့ လက်တွေ့မှာ ပြောလို့ရတယ်။

**မက္ခလိဂေါသာလ ဝါဒ**

မက္ခလိဂေါသာလကလည်း ဟောပြန်တယ်။ ဘာတွေ ဟောလဲဆိုတော့ အကြောင်းတရားကို ငြင်းပယ်တဲ့ ဝါဒကို ဟောတယ်။

"နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ၊
အဟေတူ အပစ္စယာ သတ္တာ သံကိလိဿန္တိ၊
နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ ဝိသုဒ္ဓိယာ၊
အဟေတူ အပစ္စယာ သတ္တာ ဝိသုဇ္ဈန္တိ။"

သူက သတ္တဝါတွေ ညစ်နွမ်းပြီး ဒုက္ခရောက်ကြတာ ဘာအကြောင်းမှ မရှိဘူး၊ သတ္တဝါတွေ စင်ကြယ်၊ ချမ်းသာကြတာလည်း ဘာအကြောင်းတရားမှ မရှိဘူး။ သူတို့ဘာသာဖြစ်ချင်လို့ဖြစ်တာလို့ အကြောင်းကို ငြင်းပယ်တဲ့ ဝါဒကိုဟောတယ်၊

ဒီလို ဟောတော့ နိဗ္ဗာန်ရဖို့ ဘယ်သူမှ ကြိုးစားကြမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူက ဘာမှ လုပ်လို့မရဘူးလို့ပြောတဲ့သူကိုး။ သူက အကြောင်းတရားကိုမရှိဘူးလို့ ဟောတယ်။ လောကမှာ အကြောင်းတရားရှိတယ်ဆိုတာ အလွန်ထင်ရှားတယ်။ ဥပမာ-သရက်စေ့ကနေ သရက်ပင်လေး ပေါက်လာတာအကြောင်းရှိတာပဲ၊ သရက်စေ့ကို ဒီအတိုင်းထားရင် အပင်မပေါက်နိုင်။ မြေနဲ့ရေပေါင်းမှ အပင်ပေါက်နိုင်တယ်။ ဒီလိုအပင်ပေါက်လာဖို့ မြေနဲ့ရေဟာ အကြောင်းတရားတွေပဲ။ လောကမှာ အကြောင်းတရားနှင့် အကျိုးတရား အမြဲတမ်းရှိတယ်။

ဆိုပါစို့၊ လူမှာ မျက်စိလည်း ရှိတယ်၊ မြင်စရာ အဆင်းအာရုံတွေလည်း ရှိတယ်။ အဆင်းအာရုံနဲ့ မြင်တဲ့မျက်စိ၊ ဆုံမိတဲ့အခါ မြင်သိစိတ်ကလေး ပေါ်လာမယ်။ အဲ့ဒီမှာမျက်စိကလည်းအကြောင်းတစ်ခု၊ မြင်စရာ အာရုံကလေးလည်း အကြောင်း

တစ်ခု၊ မြင်သိစိတ်ကလေးမှာ အကြောင်းတရား နှစ်ခုရှိနေတယ်။ အခု အလင်းရောင်ရနေတာ ဘာ့ကြောင့်လဲဆိုရင် လျှပ်စစ်မီး ဖွင့်လိုက်လို့၊ ဒါလည်းအကြောင်းတရားပဲ။ လျှပ်စစ်တွေ ပြတ်တောက်သွားတာနဲ့ မှောင်သွားတာ၊ မီးမလင်းတာလည်း အကြောင်းတရားရှိတာဘဲ။ ဒါ့ကြောင့် အလင်းဟာ အကြောင်းရှိတယ်၊ အကြောင်းမရှိဘဲ မရနိုင်ဘူး။ အဲ့ဒါကို ထိုပုဂ္ဂိုလ်က လောကမှာ အကြောင်းတရားနှင့် အကျိုးတရားဆိုတာ ငြင်းပယ်ပြီးတော့ ဘာတွေ ဟောသလဲဆိုရင်-

"နတ္ထိ အတ္တကာရေ"၊ကိုယ့်ဟာကိုယ် လုပ်လို့ရတာ မရှိဘူး၊ ဒါကတော့ တကယ့်လက်တွေ့ကို ငြင်းပယ်လိုက်တာပဲ။ ကိုယ့်ကိုယ်ကိုဘာမှလုပ်လို့ မရဘူးဆိုတော့၊ အတ္တကာရ မရှိဘူးဆိုတော့ လူတွေဟာ ကိုယ်သွားချင်တဲ့နေရာ ထသွားရင် မရောက်နိုင်ဘူးလား၊ ရောက်တာပဲ၊ အဲဒါ ကိုယ်လုပ်တာပဲ မဟုတ်လား။ ကိုယ်လုပ်လို့ရတာ ဘာလို့မရှိရမှာလဲ၊ ရှိတာပေါ့။

"နတ္ထိ ပရကာရေ"= သူတစ်ပါးလုပ်ပေးလို့လည်း မရဘူးတဲ့၊ လောကမှာ သူတစ်ပါးလုပ်ပေးလို့ ကြီးပွားတိုးတက်သွားတာတွေ၊ မိဘတွေက သားသမီးတွေကို ပြုစုထောက်ပံ့ပေးလို့ ကြီးပွားတိုးတက်တာတွေ ရှိတယ်၊ ဒါကို သူကငြင်းပယ်ပြီး နတ္ထိ ပရကာရေ= သူတစ်ပါး လုပ်လို့လည်း မရဘူးလို့ ဟောတယ်။

"နတ္ထိ ပုရိသထာမော၊ နတ္ထိ ဝီရိယံ"။ ဝီရိယရဲ့ အကျိုး မခံစားရဘူးတဲ့။ လူတွေရဲ့ လုံ့လဝီရိယကို အသိအမှတ်မပြုဘူး။ လက်တွေ့နဲ့ လုံးဝ မကိုက်ညီဘူး။ လက်တွေ့မှာ ထမင်းစား

ချင်ရင် ကိုယ့်ဘာသာဆိုင်သွားပြီး ဝယ်စား၊ ရတယ်။ သို့မဟုတ် ကိုယ့်ဘာသာ ချက်စားရင် တကယ်စားရမယ်၊ ဒါ ဝီရိယရဲ့ အကျိုးပဲ။ ထမင်းက သူ့ဘာသာ ပါးစပ်ထဲ ဝင်မလာဘူး။ ဒါ ကိုယ့်ရဲ့ လုံ့လအားထုတ်မှုလေးတွေ ရှိလို့ပါ။

ကျောင်းသူ ကျောင်းသားတွေဆိုရင် စာကျက်မှ စာရမယ်။ စာရမှ စာမေးပွဲ အောင်မယ်၊ စာမေးပွဲ အောင်တယ်ဆိုတာ လုံ့လ၊ ဝီရိယရဲ့ အကျိုးတရားတွေပဲ။ မက္ခလိဂေါသာလရဲ့ဝါဒကတော့ လုံ့လဝီရိယရဲ့ အကျိုးကိုလုံးဝအသိအမှတ်မပြုပါဘူးတဲ့။

သတ္တဝါအားလုံးမှာ ကံကြမ္မာက ပုံသေ သတ်မှတ်ထား ပြီးသား ဖြစ်တယ်တဲ့၊ ဒါက သူ့ရဲ့ **နိယတိဝါဒ** ဖြစ်တယ်။ လူဖြစ်ရမယ် ဆိုရင်လည်း လူဖြစ်တယ်၊ ခွေးဖြစ်ရမယ်ဆိုလည်း ခွေးဖြစ်တယ်တဲ့။ ဘာအပြောင်းအလဲမှ လုပ်ချင်လို့မရဘူးတဲ့။ လူ့စွမ်းအားလုံးဝမရှိဘူးတဲ့။ သတိစွမ်းအား၊ ဉာဏ်စွမ်းအားတွေ ဘာတစ်ခုမှ မရှိဘူးတဲ့။ လူ့စွမ်းအား လုံးဝမရှိဘူးတဲ့။ သတိ စွမ်းအား၊ ဉာဏစွမ်းအားတွေ ဘာတစ်ခုမှ မရှိဘူးတဲ့။

လက်တွေ့မှာ လူ့စွမ်းအားတွေ အများကြီးရှိတာပဲ၊ **"ယောကျ်ားတံခွန်၊ လူ့ရည်ချွန်က၊ မိုးစွန်တမွတ်၊ ကြယ်ကို ဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်း"** ဆိုတာကို သူက ငြင်းပယ်လိုက်တာ။ လုံ့လ ဝီရိယ ဆိုတာတွေရဲ့ စွမ်းအားတွေကို သူက တစ်ခုမှ အသိအမှတ်မပြုဘူး။ အဲဒီတော့ ဒီဝါဒက တိုးတက်မှုကို ဟန့်တား ပယ်ဖျက်တဲ့ ဝါဒဖြစ်နေတယ်။ ပုံသေ သတ်မှတ်ထားတော့ လူ့လောက လူသားတွေဟာ စီးပွားရေးတို့

ဓမ္မရေးတို့ တိုးတက်စရာ အကြောင်းမရှိဘူး၊ ဘာမှမလုပ်ဘူး ဆိုရင် ဒီလောကကြီးဟာ ပျက်စီးခြင်းမက ပျက်စီးသွားနိုင်တာ ပေါ့။ ဒါဟာလဲပဲ နိဗ္ဗာန်တံခါးကြီးကို ဆို့ပိတ်ထားတဲ့ အယူဝါဒ ဆိုးကြီး တစ်ခုပဲ ဖြစ်နေတယ်။

သူကဘယ်လောက်ထိအောင် ပြောသလဲဆိုရင် လူတွေ ဟာ "နိယတိ" ပုံသေသတ်မှတ်ထားတဲ့အတိုင်း၊ "သင်္ဂတိ"= ပေါင်းဆုံလာတဲ့အခါမှာ၊ "ဘာဝ" = ထင်ရှားပေါ်လာတာ။ ဘာမှ လုပ်လို့မရဘူးတဲ့။ "ဒေါဏမိတေ သုခ ဒုက္ခေ"= လောကမှာ ချမ်းသာ၊ ဆင်းရဲဆိုတာ အကန့်အသတ်ရှိတယ်။ လူတိုင်းမှာ ချမ်းသာ၊ ဆင်းရဲဆိုတာ အကန့်အသတ်ရှိတယ်။ လူတိုင်းမှာ သံသရာ ဆိုတာလည်း အကန့်အသတ်ရှိပြီးသားတဲ့။

"နတ္ထိ ဟာယန ဝဍ္ဎနေ"=အတိုးအဆုတ် လုပ်လို့မရဘူး၊ "နတ္ထိ ဥက္ကံသာဝကံသေ"= အနိမ့်အမြင့် လုပ်လို့မရ။ ပုံသေကားချပ် အတိုင်းပဲ ရှိရမယ်။ ပညာရှိပဲ ဖြစ်ဖြစ်၊ လူမိုက်ပဲဖြစ်ဖြစ် မဟာကပ် ရှစ်သန်းလေးသောင်း အရေအတွက်ရှိတဲ့ အလွန်ရှည်ကြာတဲ့ အပိုင်းအခြားကြီးတစ်ခု ပြည့်တဲ့အခါ လူမိုက်ရော ပညာရှိပါ အားလုံးဟာ ဘဝကို အဆုံးသတ်ကြရမှာပဲတဲ့။

ဒီအပိုင်းအခြား မပြည့်ခင် ပညာရှိကလည်း ငါပညာရှိ ဆိုပြီး သံသရာကို တိုအောင်လုပ်လို့ မရဘူးတဲ့။ လူမိုက်ကလည်း ငါလူမိုက်ပဲကွာ၊ သံသရာကို အပိုင်းအခြားကျော်ပြီးတော့ နေချင်တယ်ဆိုပြီး သံသရာကို ရှည်အောင်လုပ်လို့မရဘူးတဲ့။ အရှည်အတိုကိုတစ်ခါတည်း အတိအကျဖြတ်ပြီးသားလို့ သူက

ဟောတယ်။ ဥပမာ လေးပေးထားသေးတယ်၊ အပ်ချည်လုံးလေး တစ်လုံးကို အမြင့်ကနေ ကြိုးစလေးကနေကိုင်ပြီး ချကြည့်လိုက်ရင် ကြိုးရှိသမျှတော့အပ်ချည်လုံးလေးဟာ လိမ့်ဆင်းနေမှာပဲ။ ကြိုးကုန်ရင် ရပ်သွားမယ်၊ ဆိုလိုတာက အတိုင်းအတာ အကန့်အသတ်တစ်ခု ကုန်သွားတာနဲ့ ပြီးသွားမယ်လို့ ဒီလိုပြောတာ၊ ဒါ **"နိယတိဝါဒ"** လို့ခေါ်တယ်။

အဲဒီ နိယတိဝါဒကြီးကလည်း လောကမှာ ဘာမှ အလုပ်မဖြစ်ဘဲနဲ့ လူတကာရဲ့ စိတ်ထဲမှာ ရှုပ်ထွေးရုံ ရှုပ်ထွေး စေပြီး အလကားသက်သက် ကန့်လန့်ကြီးဖြစ်နေလို့ သူ့ရဲ့ဝါဒ ဟာ အကြောင်းတရားကို ငြင်းပယ်တဲ့အတွက် အလွန်ဆိုးရွား တဲ့ဝါဒ ဖြစ်တယ်လို့ မြတ်စွာဘုရားက ဟောထားပါတယ်။ အဲ့ဒီတော့ သူ့ဝါဒကလည်း ဘာမှလုပ်စရာမလိုဘူး ဆိုတော့ လောကကြီး တိုးတက်ဖို့ရန် မဖြစ်နိုင်တဲ့ဝါဒ ဖြစ်နေတယ်။ သို့သော် ထိုခေတ် ထိုအခါကာလမှာ သူ့ဝါဒ၊ သူ့ philosophy ကို လူတော်တော် များများက ကြိုက်ကြတယ်။

မြတ်စွာဘုရားကတော့ အရိုးကြေကြေ၊ အရေခန်းခန်း၊ ငါ့ခန္ဓာကိုယ်မှာရှိတဲ့ အသားအသွေးတွေ ခြောက်လို့ အရိုးအရေပဲ ကျန်ပါစေ၊ တရားထူး တရားမြတ် မရမချင်း၊ မရပ်တန့်ဘူးဆိုတဲ့ လုံ့လဝီရိယ ရှိရမယ်လို့ ဟောတယ်၊ ဘုရားရှင်ကိုယ်တော်တိုင် လည်း (၆)နှစ် လုံးလုံး ပင်ပင်ပန်းပန်း ဒုက္ကရစရိယာ ကျင့်ပြီးမှ ဘုရားဖြစ်ခဲ့တာကို ကြည့်လျှင်၊ ဝီရိယမထုတ်လျှင် ဘာမှ မရနိုင် ဘူးဆိုတာ ထင်ရှားပါတယ်။ ဘာမဆို ဝီရိယထုတ်ပြီးမှ

ရကြတာပဲ။ ထိုပုဂ္ဂိုလ်ရဲ့ဝါဒက ဝီရိယကို အသိအမှတ် မပြုဘူး ဆိုတဲ့ဝါဒဖြစ်လို့ အလွန်အန္တရာယ်များတဲ့ ဝါဒကြီး တစ်ခုပါ။ အဲ့ဒီဝါဒတွေဟာ မြတ်စွာဘုရား မပွင့်ခင်ကတည်းက ဟောခဲ့တဲ့ ဝါဒတွေ ဖြစ်တယ်။

**အဇိတ ကေသကမ္ဗလ ဝါဒ**

အဇိတ ကေသကမ္ဗလရဲ့ ဝါဒက အကျိုးကို ငြင်းပယ်တဲ့ "နတ္ထိကဝါဒ" ဖြစ်တယ်။ ကံကို ငြင်းပယ်တယ်ဆိုရင် ကံ၏အကျိုး ကိုလည်း ငြင်းပယ်ရာရောက်တယ်။ ခုနတုန်းက ပူရဏ ကဿပက ကံကိုငြင်းပယ်တယ်၊ မက္ခလိဂေါသာလက အကြောင်းတရားကို ငြင်းပယ်တယ်။ ဒါပေမဲ့ အဇိတ ကေသကမ္ဗလကတော့ အကျိုး တရားတွေကို ငြင်းပယ်တဲ့ဝါဒ ဖြစ်တယ်။

ဘယ်လိုငြင်းပယ်လဲဆိုတော့-"နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ"၊ ဒိန္နဆိုတာ လှူတာ တန်းတာ၊ ဒီ ဒါနရဲ့ အကျိုးဆိုတာ မရှိဘူးတဲ့။ ဒါနမလုပ်နဲ့၊ လုပ်လဲ ဘာအကျိုးမှ မရဘူးလို့ ပြောတယ်။ "ယိဋ္ဌ" ဆိုတာ အကြီးအကျယ် ပူဇော်ပသမှုပြုတာ၊ အဲဒါအတွက်လည်း ဘာအကျိုးမှ မရဘူးတဲ့။"ဟုတ" ဆိုတာ လက်ဆောင် ပဏ္ဏာပေးတာ၊ အဲဒါလည်း ဘာမှ အကျိုးမရှိဘူးတဲ့၊ အကျိုးတရားတွေကို ငြင်းပယ်တာ၊ လက်တွေ့နဲ့တော့ မကိုက်ညီ ဘူး။ ခုနအရာတွေမှာ အကျိုးတရားတွေ ရှိတယ်။ ဒါတင် မကသေးဘူး။

"နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"= ကောင်းတာလုပ်မှု ကုသိုလ်၊ မကောင်းတာလုပ်မှု အကုသိုလ် ဆိုတာတွေရဲ့ အကျိုးဆိုတာ မရှိဘူးလို့ ငြင်းပယ်တယ်။ "နတ္ထိ အယံ လောကော"=တမလွန်ဘဝမှာ ရှိနေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီလောကဆိုတာ မရှိဘူး၊ "နတ္ထိ ပရော လောကော"= ဒီလောက မှာ ရှိနေတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း တမလွန် လောကဆိုတာ မရှိဘူးတဲ့။

"နတ္ထိ မာတာ"= လောကကြီးမှာ အမေဆိုတာ မရှိဘူး၊ အမေကို အသိအမှတ် မပြုဘူး။ အမေကို လုပ်ကျွေးပြုစုလို့လည်း အကျိုးမရှိဘူး၊ စော်ကားလို့လည်း အပြစ်မရှိဘူး၊ "နတ္ထိ ပိတာ"= အဖေဆိုတာ မရှိဘူး၊ အဖေကို အသိအမှတ် မပြုဘူး။ လုပ်ကျွေး လို့လည်း ဘာမှအကျိုးမရှိဘူး၊ စော်ကားလို့လည်း အပြစ်မရှိဘူး လို့ ဟောတယ်၊ သားအဖချင်း အပြန်အလှန် ပြုသင့်တဲ့ တာဝန် ဝတ္တရားတွေ ပျက်စီးအောင် လုပ်တဲ့ ဝါဒ၊ မေတ္တာပျက်အောင် ရန်တိုက်ပေးတဲ့ ဝါဒ ဖြစ်နေတယ်။

"နတ္ထိ သတ္တာ ဩပပါတိကာ"= သေပြီးနောက် ပြန်ဖြစ်တာ တစ်ယောက်မှ မရှိဘူးတဲ့၊ ဒ့ါအပြင် လောကကြီးရဲ့အကြောင်းကို ကောင်းမွန်စွာသိပြီး ဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် လူ့လောကမှာ တစ်ယောက်မှမရှိပါဘူးတဲ့၊ အဲဒီလို အချက် (၁၀)ချက်ကို ငြင်းပယ်တယ်။ ဒါ နတ္ထိကဝါဒ လို့ခေါ်တယ်။

အခု ပြောခဲ့ပြီးတဲ့ ပုဂ္ဂိုလ်(၃)ဦးရဲ့ ဝါဒတွေကို လေ့လာ ကြည့်ရင် ပူရဏ ကဿပရဲ့ဝါဒရယ်၊ မက္ခလိ ဂေါသာလရဲ့

ဝါဒရယ်၊ အဇိတကေသကမ္ဗလရဲ့ ဝါဒတွေရယ် ဒီဝါဒတွေကို လက်ခံယုံကြည်သူတွေ အတွက်တော့ နိဗ္ဗာန်မဂ်ဖိုလ် ရောက်နိုင်ဖို့ မပြောနဲ့ ကောင်းရာသုဂတိဘုံကိုတောင် မရောက်နိုင်ဘူး။

ကဲ ကြည့် ပူရဏကဿပကလည်း သတ်ချင်သလောက် သတ်၊ ဘာမှမဖြစ်ဘူး၊ အကုသိုလ်ဆိုတာ မရှိဘူးလို့ပြောတာ။ ကုသိုလ်လုပ်လည်း ဘာမှ အကျိုးမရှိဘူး၊ လူတွေဟာ ကုသိုလ် လည်း မလုပ်ဘူး၊ အကုသိုလ်လည်း မလုပ်ဘူးဆိုတော့ ပျက်စီး သွားတာ၊ လုပ်ချင်ရာတွေ လုပ်ပြီး၊ အကုသိုလ်တွေလုပ်ပြီး သေရင် ဘယ်သွားမှာလဲဆိုတော့ အပါယ်ကိုချည်း သွားကြမှာပေ့ါ။ ဒါကြောင့် သူတို့ဝါဒကြီးက အပါယ်တံခါးဖွင့်ထားတဲ့ ဝါဒကြီးပဲ၊ အဲဒီဝါဒတွေကို လက်ခံယုံကြည်တဲ့ ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်မဂ်ဖိုလ် ကို မျက်မှောက်ပြုဖို့ နေနေသာသာ ကောင်းရာသုဂတိဖြစ်တဲ့ နတ်ပြည်၊ လူ့ပြည်တောင် မရနိုင်ပါဘူး။ အဲဒီလောက်ထိအောင် အခြေအနေဆိုးစေတဲ့ ဝါဒကြီးပေ့ါ။

မက္ခလိဂေါသာလရဲ့ ဝါဒက အကြောင်းကိုပယ်တဲ့ ဝါဒ။ အဇိတရဲ့ ဝါဒက အကျိုးကို ငြင်းပယ်တဲ့ဝါဒတွေဖြစ်လို့ အဲဒီ ဝါဒတွေကို လက်ခံယုံကြည်သူတွေ အတွက်တော့ နိဗ္ဗာန် ရောက်နိုင်ဖို့မပြောနဲ့၊ ကောင်းရာသုဂတိဘုံကိုတောင် မရောက်နိုင် ဘဲ၊ လောကမှာ ကောင်းကျိုးမရှိစေတဲ့ အခြေအနေဆိုးရွားစေတဲ့ ဝါဒ၊ အပါယ်တံခါးဖွင့်တဲ့ ဝါဒတွေသာ ဖြစ်နေတယ်။

အဇိတ ကေသကမ္ဗလက ဘာပြောသေးလဲဆိုရင် "လူရဲ့ ခန္ဓာကိုယ်မှာ မဟာဘူတ ဆိုတဲ့ ဓာတ်ကြီးလေးပါးရှိတယ်။

လူတစ်ယောက် သေသွားရင် အဲဒီ ဓာတ်ကြီးလေးပါးထဲက ရေဓာတ်က ရေနဲ့ပေါင်းတယ်၊ မြေဓာတ်က မြေနဲ့ပေါင်းတယ်၊ လေဓာတ်က လေနဲ့ပေါင်းတယ်၊ တေဇောဓာတ်ကလည်း အပြင် မီးဓာတ်နဲ့ ပေါင်းသွားတယ်။" ခုခေတ်ပြောရင် သေရင်မြေကြီး ဆိုတာမျိုးပေါ့။ "လူသေလို့ရှိရင် သူ့ခန္ဓာကိုယ်မှာရှိတဲ့ ဓာတ်တွေက အပြင်က ဓာတ်တွေနဲ့ ပေါင်းသွားတယ်တဲ့၊ အသိစိတ်ဓာတ်က ကောင်းကင်ကို လွင့်ပျံသွားတယ် လို့ပြောတယ်။ လူဟာ သေပြီ ဆိုလို့ရှိရင် လူ့ရဲ့ဂုဏ်သိက္ခာက သင်္ချိုင်းအထိပဲ ရှိတယ်၊ သင်္ချိုင်း ဟိုဘက် မရောက်ဘူးတဲ့။" ဆိုလိုတာက နောင်ဘ၀ မရှိဘူးလို့ ပြောချင်တာ၊

နောက်ပြီးတော့ **"ဒတ္တုပညတ္တံ ယဒိဒံ ဒါနံ"**= သူက ဒါနကိုလည်း ပုတ်ခတ်သေးတယ်၊ ဒါနကောင်းမှုပြုတယ် ဆိုတာ လည်း လူမိုက်တွေ ထွင်ထားတာပါ။ မိုက်တဲ့သူတွေ လူအ, လူညံ့တွေပဲ ဒါနကောင်းမှုလုပ် ကြတာပါလို့ပြောတယ်။ သူဆိုလို တာက အ,တဲ့,န,တဲ့ သူတွေက လှူပြီး လိမ္မာပါးနပ်တဲ့ သူတွေက ယူကြတာလို့ ပြောချင်တာ။

**"ဘသ္မန္တာ အာဟုတိယော"**= အဲ့ဒီတုန်းက အိန္ဒိယနိုင်ငံမှာ သူတို့ ယဇ်ပူဇော်တယ်ဆိုတဲ့ စနစ်ရှိတယ်။ အဲဒီ ယစ်ပူဇော်တဲ့ ကုသိုလ်ကောင်းမှုတွေ အားလုံးဟာ၊ သူတို့က မီးပူဇော်တာနဲ့ အားလုံးဟာ မီးထဲထည့်တော့ ဘာဖြစ်တုန်းဆိုတော့ ပြာပဲ ဖြစ်သွားကြတယ်လို့ သူကပြောတာ။ ဒါကြောင့် ဘာလုပ်လုပ် အလကားပဲပေါ့၊ ပြာပဲ ဖြစ်သွားတာ။

ဒါတင်မကဘူး၊ သူကပြောသေးတယ်၊ ဒါန ကောင်းမှု ရှိတယ်လို့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးရှိတယ်လို့ ပြောတဲ့သူတွေ၊ အတ္ထိကဝါဒသမားတွေဟာ လူလိမ်လူညာ တွေပဲလို့ စွပ်စွဲပြောဆို လိုက်တယ်။ ဘယ်သူပဲ ဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် သေပြီးသွားတာနဲ့ အားလုံးဟာ လုံးဝပြတ်သွားပြီး ဘယ်တော့မှ ပြန်ဖြစ်မလာတော့ ဘူးတဲ့။ ဒါ ဥစ္ဆေဒဝါဒပဲ။ အဲဒီ လူ့ဆံပင် ကမ္ဗလာကြီးကို ဝတ်ရုံ ထားတဲ့ အဇိတကေသ ကမ္ဗလ ဆရာကြီးရဲ့ "နတ္ထိကဝါဒ"ကလည်း အလွန်ကြောက်စရာ ကောင်းတယ်။ လူ့လောက ကြီးပွားဖို့ မဖြစ် နိုင်ဘူး၊ လူမိုက်တွေကို အားပေးတဲ့ အယူဝါဒကြီး တစ်ခု ဖြစ်နေ တယ်။

မြတ်စွာဘုရား မပွင့်ခင်ကတည်းက မဂဓတိုင်းမှာ ဒီဝါဒ တွေ ဖြန့်ဖြူးနေတော့ ဒီဝါဒတွေပဲ ခေတ်စားနေတယ်၊ ဒီမိစ္ဆာဝါဒ တွေကို မြတ်စွာဘုရား ဘယ်လိုရှင်းလင်းမလဲ။ ဒီဝါဒတွေကို ရှင်းလင်း ချိုးဖျက်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။

ပကုဓ ကစ္စာယနက ဘာဟောသလဲဆိုရင် "ကာယကြီး (body) (၇)မျိုး ရှိတယ်။ အဲ့ဒီကာယကြီး (၇)မျိုးကတော့ မြေ၊ ရေ၊ လေ၊ မီး၊ သုခ၊ ဒုက္ခ နဲ့ ဇီဝလို့ဆိုတဲ့ အသက် တို့ဖြစ်တယ်။ အဲဒီ ကာယကြီး (၇)ခုဟာ ဘယ်တော့မှ မပြောင်းလဲဘူး၊ ထာဝရ တည်နေတဲ့အရာ၊ ခိုင်မြဲနေတဲ့ အရာ၊ တစ်ခုနဲ့တစ်ခု ပျက်စီး အောင် လုပ်လို့မရ၊ ဘယ်တော့မှ မပျက်စီးတဲ့ အရာတွေဖြစ် တယ်။ ပြောင်းချင်လို့ မရဘူး။ အဲဒီကာယကြီး (၇)ခုက ဘာကိုမှ လည်း မထုတ်လုပ်ဘူးတဲ့။ လူ့ရဲ့သင်္ချာန်ဟာ ဒါနဲ့ ဖွဲ့စည်း

ထားတာ ဖြစ်တယ်။" ပြီးတော့ သူကဟောတယ်၊ လူတစ်ဦးက တစ်ဦးကို ဓားနဲ့ထိုးလျှင် အဲဒီကာယကြီး (၇)ခုအကြား ဓားဝင်သွားတာ၊ ဘယ်သူကို ဘယ်သူကမှ သတ်တာ မဟုတ်ဘူးတဲ့။ မည်သူမှ အပြစ်မရှိဘူး ပြောလို့ လူမိုက်အားပေးတဲ့ဝါဒ ဖြစ်တယ်။

## နိဂဏ္ဌာ နာဋပုတ္တဝါဒ

နောက် ဆရာကြီးတစ်ဦးက **နိဂဏ္ဌဝါဒ**၊ ဂျိန်းဝါဒကို စွဲကိုင်သူဖြစ်တယ်။ ဒီဝါဒက မိစ္ဆာဝါဒတွေထဲမှာတော့ ကောင်းတဲ့ ဝါဒလို့ ပြောလို့ရတယ်။ ဒါကြောင့်မို့ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာကြီးက **"တေသ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ"** လို့ ပြောတာ ဖြစ်တယ်။ သို့သော် သူ့ရဲ့ ဝါဒတွေထဲမှာ မြတ်ဗုဒ္ဓရဲ့အဆုံးအမနဲ့ ကိုက်ညီတာတွေပါပေမယ့် မိစ္ဆာဝါဒ ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ထာဝရမြဲတဲ့ အရာအဖြစ် **"အတ္တ"** ကို အခြေခံပြီးတော့ ဟောထားလို့ ဖြစ်တယ်။

သူကတော့ **"စာတုယာမသံဝရ"**= လေးဖက်လေးတန်က အကုသိုလ်ကို တိုက်ဖျက် ဟန့်တားရေး ဆိုတဲ့ အယူဝါဒကို ဟောတာ။ သူ့နည်းက ဘယ်လိုတုန်းဆိုလို့ရှိရင် လူတွေမှာ ကံဟောင်းတွေ ရှိကြတယ်။ အဲ့ဒီ ကံဟောင်းတွေကို တပ-အကျင့်တရား ကျင့်ပြီး ပြေပျောက်အောင် လုပ်ကြရမယ်။ ဒါကြောင့်မို့ သူက အတ္တကိလမထာနုယောဂ ဆိုတဲ့ အကျင့်တွေကို ကျင့်တာ၊ ဂျိန်းဘုန်းကြီးတွေက အပင်ပန်းခံပြီး ကျင့်ရတယ်၊

ဒါတွေဟာ အတိတ်ဘဝကပါလာတဲ့ ကံဟောင်းတွေ ကုန်အောင် လို့ တပ-အကျင့်နဲ့ ကံဟောင်းတွေကုန်အောင် လုပ်ရတယ်။

ပစ္စုပ္ပန်ကံအသစ်ကိုလည်းရှောင်ရမယ်တဲ့၊ ပစ္စုပ္ပန်ကံကို စောင့်စည်းခြင်းဖြင့် ပစ္စုပ္ပန်ကံကို မလုပ်ရဘူး။ ခံစားမှုကုန်အောင်၊ ကံကုန်အောင်ကျင့်ပြီး နောက်ဆုံးမှာ လုံးဝဖြူစင်တဲ့ အတ္တသာ ကျန်ရှိပြီး moksha လို့ခေါ်တဲ့ လွတ်မြောက်မှုကိုရကြတယ်။

အကုသိုလ်ကို မလုပ်ရဘူးလို့ ပြောတယ်။ သူ့ ဝါဒက အစွန်းရောက်သွားလိုက်တာ ဘယ်လောက်ထိအောင်လဲဆိုရင် "အဟိံသာ"လို့ဆိုတဲ့ တရားကိုကျင့်သုံးခြင်းနဲ့ ပတ်သက်တယ်။ သူ့ရဲ့အယူဝါဒမှာ မြူမှုန်ကလေးကစပြီး ဇီဝအသက် ရှိတယ်လို့ သတ်မှတ်တယ်။ အခု Biology နဲ့ ခပ်ဆင်ဆင်ပေါ့၊ သစ်ပင် ကလေးမှာလည်း၊ အသက်ရှိတယ်လို့ သတ်မှတ်တယ်။ သစ်ပင် ခုတ်ရင် သူများအသက် သတ်တာပဲ၊ ပါဏာတိပါတကံ ထိုက်တယ် တဲ့။ ရေအစိမ်း၊ ကျိုချက်တားတဲ့ရေ မဟုတ်တဲ့ Fresh Water ရေအစိမ်းထဲမှာရော ဇီဝ ရှိတယ်ဆိုပြီး ရေကို အစိမ်းသုံးခွင့် မရှိဘူး။ ရေတင်မကဘူး မီးထဲမှာပါ ဇီဝရှိတယ်လို့ ယူဆကြတယ်။

ဒါကြောင့်မို့ ဂျိန်းဘုန်းကြီးတွေက မြူမှုန်လေးတွေမှာ ဇီဝရှိသည့်အတွက်ကြောင့် မိမိက အသက်ရှူလိုက်မယ်ဆိုရင် ထိုမြူမှုန်လေးက နှာခေါင်းထဲက ဝင်ပြီးတော့ လူရဲ့ကိုယ်ငွေ့နဲ့ ပျက်စီးသွားနိုင်တယ်၊ အဲဒါဆိုရင် သီလကျိုးတယ်၊ ဒါကြောင့်မို့လို့ နှာခေါင်းမှာ အဝတ်စီးထားကြတယ်။ ကျန်းမာရေးလိုက်စားလို့ မဟုတ်ဘဲ၊ မြူမှုန်လေးတွေကိုသနားလို့ဖြစ်တယ်။ လမ်းလျှောက်

ရင်လည်း ပိုးမွှားလေးတွေကို တက်နင်းရင် သေမှာစိုးလို့ဆိုပြီး၊ တံမျက်စည်းလေးတွေ ယူသွားကြတယ်။

မီးဖိုရင်လည်း ကိုယ်ကြောင့်မို့လို့ အခြား ထင်းတို့လို ဇီဝတွေ ပျက်စီးလို့ မီးမွေးတဲ့သူမှာ အပြစ်ရှိတယ်။ မီးငြိမ်းလိုက်ရင်လည်း မီးမှာအသက်ရှိလို့ သတ်ရာရောက်သောကြောင့် သူ့မှာ အပြစ်ရှိပြန်တယ်။ ရေသောက်ရင်လည်း အပြစ်ရှိတယ်လို့ ယူဆကြတယ်။ အလွန်အကျွံ ကျင့်သုံးတဲ့၊ အစွန်းရောက်တဲ့ **အဟိံသာဝါဒ** ဖြစ်တယ်။

အိန္ဒိယနိုင်ငံမှာတော့ ဂျိန်းဝါဒကို ကုန်သည် ပွဲစား၊ သူဌေးတွေပဲ ကိုးကွယ်ကြတယ်။ တောင်သူလယ်သမားတွေကတော့ ကိုးကွယ်လို့ မဖြစ်ကြဘူး။ ဘာကြောင့်လဲဆိုတော့ ထွန်ယက်စိုက်ပျိုးဖို့မြေကို ပေါက်တူးနဲ့ပေါက်ရင်တောင်မှ ပိုးမွှားတွေသေစေလို့၊ မြေကြီးကိုဖျက်ဆီးလို့ ပါဏာတိပါတကံထိုက်တယ်လို့ ယူဆကြတယ်။ နိဂဏ္ဌဝါဒအရ ပါဏာတိပါတကံက လွတ်ဖို့ အလွန်ခက်ခဲတယ်။ ဒါကြောင့် အစွန်းရောက်ဝါဒဖြစ်တယ်။

မြတ်ဗုဒ္ဓရဲ့တရားတော်က အစွန်းရောက်ဝါဒကို လက်မခံဘူး။ မြတ်ဗုဒ္ဓက သတ္တဝါတွေကို သေစေလိုတဲ့ စိတ်ဆန္ဒနဲ့လုပ်မှ ပါဏာတိပါတကံ ထိုက်ပါတယ်။ နောက်ဆုံးမှာ ရှောင်လို့မရတာ အများကြီး ရှိတယ်။ ဒါကြောင့်မို့ ဗုဒ္ဓရဲ့ ကံတရားက သူတို့နဲ့ မတူဘူး။ ဗုဒ္ဓရဲ့ကံတရားက Intenational Action လို့ ခေါ်တယ်။ ဥပမာအားဖြင့် သေစေလိုတဲ့ စိတ်စေတနာနဲ့လုပ်မှ

ပါဏာတိပါတကံ ထိုက်တယ်၊ သူ့ဘာသာသူ မတော်တဆ သေသွားတာ ကိုယ်လည်းမသိလိုက်ဘူး၊ သေမှုပဲဖြစ်တယ်။ ပါဏာတိပါတကံ မထိုက်ဘူး။

ကဲ . . . ပါဏာတိပါတကံ ထိုက်မယ်ဆိုလို့ရှိရင် လမ်းလျှောက်ရင်း မမြင်နိုင်တဲ့ ပုရွက်ဆိတ် ပိုးမွှားလေးတွေကို မတော်တဆနင်းမိတိုင်း ပါဏာတိပါတကံတွေ အများကြီးပဲ၊ အဲ့ဒါကို ရဟန္တာတောင်မှ ရှောင်လို့မရနိုင်ဘူး။

ခြင်လာကိုက်လို့ သတ်တာကတော့ ဒါ အသေအချာ လုပ်တာ၊ လမ်းလျှောက်လို့ မတော်တဆ နင်းမိတာ intention မပါဘူး။ လောက ဥပဒေကလည်း ထို့အတူပဲ။ လူသတ်မှု ကျူးလွန်တဲ့အခါမှာ လူသေမှုနဲ့ လူသတ်မှုက တခြားစီပဲ။ မတော်တဆ သေသွားတာက တစ်မျိုး၊ တမင်တကာ သတ်တာ က တစ်မျိုး၊ ပိုပြီးတော့ အပြစ်ကြီးတယ်၊ အဲဒီတော့ ဗုဒ္ဓရဲ့ ကံက Intentionl Action ပဲ၊ စေတနာနဲ့ လှုံ့ဆော်ပြီးလုပ်မှ ကမ္မပထ မြောက်မယ်လို့ဟောတယ်။ အဲဒီလိုမှမဟုတ်ရင် ဘယ်သူ ပါဏာတိပါတကံလွတ်မလဲ၊ နိဂဏ္ဌနာဋပုတ္တရဲ့ဝါဒ အရဆိုရင် ဘယ်သူမှ မလွတ်ဘူး၊ ဒါကြောင့် အစွန်းရောက်တယ် ပြောတာ။

မြတ်ဗုဒ္ဓက အစွန်းရောက်တဲ့ဝါဒတွေကို ဖယ်ရှားပြီး၊ မဇ္ဈိမပဋိပဒါဆိုတာ အလယ်လမ်းက သွားမှ နိဗ္ဗာန်ရောက်မယ်လို့ ဟောတယ်။ နိဂဏ္ဌနာဋပုတ္တရဲ့ ဂျိန်းသာသနာကြီးက အိန္ဒိယမှာ ယနေ့ထိ ရှိနေတုန်းပါပဲ။ ဗုဒ္ဓဘာသာက ကွယ်သွားပေမယ့်

ဂျိန်းဘာသာကို ကုန်သည်၊ ပွဲစား၊ ပိုက်ဆံရှိတဲ့သူတွေက ကိုးကွယ်လို့ ဂျိန်းသာသနာကြီးက ယနေ့ထိ ရှင်သန်နေတုန်းပဲ။

**သဥ္စယဝါဒ**

နောက်တစ်ဦးကတော့ သဥ္စယ ဗေလဋ္ဌပုတ္တ ပုဂ္ဂိုလ်ကြီး ဖြစ်တယ်။ ဒီဆရာကြီးရဲ့ ဝါဒကို "အမရာ ဝိက္ခေပ"လို့ ခေါ်တယ်။အရှင်သာရိပုတ္တရာတို့ရဲ့ ဆရာကြီး ဖြစ်ခဲ့တယ်။ သူ့ရဲ့ ဝါဒက တောင်မရောက် မြောက်မရောက် ဝါဒ၊ အယူဝါဒ တစ်ခုကို တိတိ ကျကျ မပြောဘူး။ ပြောလိုက်ရင် သူမှားသွားမှာ ကြောက်တယ်။ မှားသွားရင် အပြစ်ဖြစ်မှာစိုးလို့တဲ့။

တမလွန်ဘဝ ရှိသလားလို့ တစ်ယောက်ယောက်က မေးလာရင် သူက တမလွန်ဘဝရှိတယ် လို့လည်း မပြောလိုဘူး၊ မရှိဘူးလို့လည်း မဟုတ်ဘူး၊ မရှိဘူး ဆိုတာလည်း လက်မခံ၊ ရှိတယ်လို့လည်းလက်မခံလို့၊ မရေမရာ ဝါဒလို့ သတ်မှတ်လို့ ရတယ်။ ဖမ်းလို့မရအောင် ရှောင်တိမ်းတဲ့ဝါဒ ဖြစ်တယ်။ အဇာတသတ်မင်းကြီးကတော့ တိတ္ထိဆရာကြီးတွေ ထဲမှာတော့ သဥ္စယ ဗေလဋ္ဌပုတ္တဟာ အမိုက်မဲဆုံးပဲ၊ မရေရာတဲ့ ဝါဒကို ဟောသူလို့ မှတ်ချက်ချတယ်။

မြတ်စွာဘုရား မပွင့်ခင်ကတည်းက မဂဓတိုင်းမှာ ထင်ရှားတဲ့ ဘာသာဝါဒကြီးတွေဟာ ခေတ်စားနေတာကို သဟမ္ပတိဗြဟ္မာကြီးက ဘုရားကို ထည့်လျှောက်တယ်။

"ဘန္တေ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ပုဗ္ဗေ၊ ရှင်တော်ဘုရား ပွင့်တော်မမူခင် ကတည်းကပင်။ **မဂဓေသု၊** မဂဓတိုင်း အရပ်ဒေသတို့၌။ **သမလေဟိ၊** ကိလေသာ အညစ်အကြေးတွေရှိတဲ့ ဂိုဏ်းဆရာကြီး(၆)ဦးတို့သည်။ **စိန္တိတော၊** ကြံစည် တွေးတော၍ ဟောပြောအပ်တဲ့။ **အသုဒ္ဓေါ၊** စင်ကြယ်မှုကို မပေးစွမ်းနိုင်တဲ့။ **ဓမ္မော၊** မိစ္ဆာဝါဒ တရားသည်။ ပါတုရဟောသိ၊ ထင်ရှားပေါ်ပေါက်၍ နေပါပြီ"။

အဲ့ဒီ မိစ္ဆာဝါဒတရားတွေ ထွန်းကားနေသည့်အတွက်ကြောင့် ရှင်တော်ဘုရားဟောကြားတော်မူမည့် နိဗ္ဗာန်တံခါးကြီးက ပိတ်မြဲ ပိတ်ပြီးတော့နေပါတယ်။

"ဘန္တေ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ **ဧတံအမတဿဒွါရံ၊** အမြတ်နိဗ္ဗာန် တံခါးကြီးကို။ **အပါပုရ ဝိဝရ၊** ဖွင့်တော်မူလိုက်ပါ။ ဝိမလေန၊ ကိလေသာ အညစ်အကြေးတွေ ကင်းဝေးတော်မူတဲ့ မြတ်စွာဘုရားသည်။ **အနုဗုဒ္ဓံ၊** လျော်စွာ သိတော် မူအပ်တဲ့။ **ဓမ္မံ၊** သစ္စာ(၄)ပါး မြတ် တရားကို။ **သုဏန္တု၊** သတ္တဝါတွေ နာခွင့်ရကြပါစေ ဘုရားရယ်လို့။ **အဝေါစ၊** ကောင်းစွာမသွေ လျှောက်ကြားခဲ့ပါပေသတည်း"။

(သာဓု . . . သာဓု . . . သာဓု)

အဲဒီလို မဂဓတိုင်းမှာ မိစ္ဆာဝါဒတွေ ထွန်းကားနေလို့ပဲ ပြောရမလားမသိဘူး။ မြတ်စွာဘုရားက first sermon လို့ခေါ်တဲ့ ပထမဆုံး ဒေသနာတော်ဟောရန် ကာသိတိုင်း၊ ဗာရာဏသီပြည်၊ ဣသိပတနတော မိဂဒါယကိုကြွတော်မူသည်။

အဲဒီအချိန်မှာ တရားနာမယ့် ပုဂ္ဂိုလ်တွေကလည်း မဂဓတိုင်းမှာ မရှိသေးဘူး။ ဒါကြောင့်မို့ သဟမ္ပတိဗြဟ္မာကြီးက လျှောက်ထား လိုက်တဲ့အခါ တရားဟောဖို့ မဂဓတိုင်းကနေ ကာသိတိုင်း၊ ဗာရာဏသီပြည်ကို ကြွသွားတာ။

အဲဒီ ဗာရာဏသီမြို့ အနားမှာရှိတဲ့ **ဣသိပတန**တော လို့ ခေါ်တယ်။ မြန်မာတွေကတော့ **မိဂဒါဝုန်** လို့ခေါ်တယ်။ တကယ်တော့ အခေါ်လွဲနေတယ်၊ **ဣသိပတန**က နာမည်ရင်း၊ မိဂဒါယကိုကြည့်ပြီး **မိဂဒါဝုန်**လို့ သုံးလိုက်တာ၊ **မိဂဒါယ**တွေက သုတ္တန်ထဲမှာ အများကြီး ရှိတယ်။ ဘေးမဲ့တော sanctuary လို့ ပြောလို့ရတယ်။ "**ဣသိပတန**"လို့ခေါ်တဲ့ ဘေးမဲ့တော။

"**မိဂ**"ဆိုတာ ခြေလေးချောင်းရှိ သတ္တဝါတွေအားလုံး၊ တောရိုင်း သားငှက်တိရစ္ဆာန်တွေ အားလုံးကို ကိုယ်စားပြုတဲ့ စကားလုံး၊ သမင်တစ်မျိုးတည်း မဟုတ်ဘူး။ အဲဒီတော့ မိဂဒါယ ကို အင်္ဂလိပ်လို Deer Park လို့ အနောက်တိုင်းက လူတွေက ဘာသာပြန်တာလည်း သိပ်မမှန်ဘူး။ '**မိဂဒါယ**' ဆိုတာ သားငှက် တိရစ္ဆာန်တွေကို မဖမ်းရဘူး၊ မသတ်ရဘူးလို့ ဘေးမဲ့ပေးထားတဲ့ တောလို့ အဓိပ္ပာယ်ရတယ်။ တောရဲ့နာမည်က **ဣသိပတန** ဖြစ်တယ်။

ဒီလိုအလားတူ စကားလုံး သုတ္တန်တစ်ခုမှာရှိ သေးတယ်။ "**ခေမေ မိဂဒါယေ**"ဆိုတာ ခေမ ဆိုတဲ့တော ကြီးကလည်းပဲ အခုလိုပဲ သားကောင်တွေကို ဘေးမဲ့ပေးထားတဲ့တော၊ "**ဘေသကဠာဝနေ မိဂဒါယေ**"- ဘေသကဠာဆိုတဲ့ တောကြီး ကလည်း

သားကောင်တွေအတွက် ဘေးမဲ့ပေးထားတယ်။ မြန်မာနိုင်ငံမှာလည်း ဘေးမဲ့တောဆိုပြီး သတ်မှတ်ထားတာ ရှိတယ်၊ စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ သားငှက်တွေကို မဖမ်းရဘူး၊ ဘေးမဲ့ပေးထားတယ်၊ အဲဒါတွေ အကုန်လုံး မိဂဒါယတွေချည်း ပဲပေါ့။

အရင်တုန်းက ဗုဒ္ဓဂယာ ဥရုဝေလတောမှာ ပဉ္စဝဂ္ဂီ (၅)ဦးဟာ ဘုရားအလောင်းတော် တောထွက်လာကတည်းက မြတ်ဘုရား၏အနီးအပါးမှာ ပြုစုစောင့်ရှောက်နေကြတယ်။ နောက်ဆုံး မြတ်စွာဘုရားက သူ့ရဲ့ meditation technique ကို ပြောင်းလိုက်တယ်။ ပထမဆုံးကတော့ ပင်ပင်ပန်းပန်း တပအကျင့်တွေကျင့်တာ မအောင်မြင်သည့်အတွက်ကြောင့် ဒီလမ်းကြောင်းဟာ မဟုတ်သေးဘူးလို့ဆိုပြီး နည်းပြောင်းလိုက်တဲ့အတွက် ပဉ္စဝဂ္ဂီ (၅)ဦး စိတ်ပျက်ပြီး ထွက်သွားကြတယ်။

ပထမ ပင်ပင်ပန်းပန်းကျင့်တာ အတ္တကိလမထာနုယောဂအကျင့်က အစွန်းရောက်တဲ့လမ်းဖြစ်တယ်။ အဲ့ဒီတုန်းက ပင်ပန်းစွာ ကျင့်တာက ခေတ်စားနေပြီး ဂုဏ်ယူနေကြတယ်။ မြတ်စွာဘုရား Technique ပြောင်းပြီး မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်တဲ့အခါမှ ပြောင်းပြီးကျင့်တဲ့လမ်းစဉ်က လမ်းမှန်ဖြစ်လို့ အောင်မြင်သွားတယ်။ မြတ်စွာဘုရားက စပြီးတော့ ဒီလမ်းစဉ်ကို ချတာ **"မဇ္ဈိမပဋိပဒါ"** လို့ခေါ်တယ်။

ပဉ္စဝဂ္ဂီ (၅)ဦးဟာ ဥရုဝေလတော၊ ဘုရားအလောင်းအနီးအပါးမှာ မနေကြတော့ဘဲ ကာသိတိုင်း ဗာရာဏသီပြည်က 'ဣသိပတန' လို့ခေါ်တဲ့ ဘေးမဲ့တောကိုထွက်သွားခဲ့ကြတယ်။

သူတို့ထွက်သွားပြီး မကြာခင်မှာဘဲ ဘုရားအလောင်းတော်ဟာ တရားထူး၊ တရားမြတ်ရတယ်။ တရားရပြီး ဗောဓိပင်အနီးမှာ သီတင်းသုံးနေတော်မူရာ (၄၉)ရက်အကြာမှာ တရားဓမ္မရဲ့ ခက်ခဲနက်နဲမှုနှင့် တရားနာယူမည့်သူတို့ရဲ့ အရည်အသွေးကို နှိုင်းယှဉ်ကြည့်တော့ အံဝင်ခွင်ကျဖြစ်ပါ့မလား လို့စဉ်းစားတယ်။ အဲ့ဒီအခါ သဟမ္ပတိဗြဟ္မာကြီး လျှောက်ထားလို့ မြတ်ဘုရားက တရားဟောဖို့ ကြည့်လိုက်တယ်။

မဂဓတိုင်းမှာ တရားနာရင် တရားထူး တရားမြတ်ရဖို့ အာဠာရ ကာလာမရသေ့နှင့် ဥဒက ရာမပုတ္တ ရသေ့(၂)ပါးကိုပဲ တွေ့တယ်။ သူတို့(၂)ဦးမှာ မြတ်ဘုရား တရားဟောမယ်ဆိုလျှင် လက်ခံနိုင်တဲ့နား၊ အသိဉာဏ်တွေရှိကြတယ်။ သို့သော် အာဠာရ ကာလာမ ရသေ့က သေသွားတာ (၇)ရက်ရှိပြီ၊ ဥဒကရာမပုတ္တက မနေ့ညက ဆုံးသွားရှာပြီ၊ အဲ့ဒါကြောင့် မြတ်ဘုရားက တရားဟောလို့ရနိုင်မည့် ပုဂ္ဂိုလ်များကို ထပ်ကြည့်လိုက်တဲ့အခါ ပဥ္စဝဂ္ဂီ (၅)ပါးကတော့ တရားထူးတရားမြတ် ရနိုင်တာကို မြင်လို့ မဂဓတိုင်းမှာ တရားမဟောဘဲ ဣသိပတနတောကို တရားဟောရန် ကြွသွားတယ်။

ဘုရားကြွလာတဲ့အခါ ပဥ္စဝဂ္ဂီ (၅)ဦးက ချက်ချင်းလက်မခံကြဘူး။ ရဟန်းဂေါတမ ဘုန်းကြီးအောင် လုပ်နေတာလို့ ထင်ကြတယ်။ သူတို့က ဘုရားကြွလာတာမြင်တော့ မြတ်ဘုရားကို ခရီးမကြိုကြနဲ့၊ သူ့လက်က သပိတ်သင်္ကန်းတွေ ဘာတွေ လှမ်းမယူကြ

နဲ့ ဝတ်ကြီးဝတ်ငယ် မပြုကြနဲ့လို့ ချိန်းချက်ထားကြတယ်။ သို့သော် အနီးနား ရောက်လာတော့ ခရီးဦးမကြိုဆိုဘဲ မနေနိုင်ကြဘူး။

မနေနိုင်တာကလည်းအကြောင်းရှိတယ်။ သူတို့က ကပိလ ဝတ်သား ပုဏ္ဏားတွေလေ။ မြတ်ဘုရားက ကပိလဝတ်သား မင်းသားဆိုတော့ မနေဝံ့တော့ဘူး။ သူတို့ ချိန်းချက်ထားတဲ့ ကတိတွေဖျက်ပြီး ဘုရားကိုခရီးဦးကြိုဆိုပြီး နေရာထိုင်ခင်း ပေးတယ်။ မြတ်စွာဘုရားက တရားထူး၊ တရားမြတ် ရပြီလို့ ပြောတော့ သူတို့ လက်မခံကြဘူး။ မဖြစ်နိုင်ဘူးလို့ ငြင်းကြတယ်။ နောက်ဆုံး မြတ်စွာဘုရားက ရှင်းပြတော့မှ လက်ခံသွားကြလို့ ဓမ္မစကြာတရားကို ဟောတာနော်။

မြတ်စွာဘုရားသည် ပထမဦးဆုံးအနေဖြင့် မဂဓတိုင်းမှာ ထွန်းကားခဲ့တဲ့ အတ္တကိလမထ ဆိုတဲ့ အကျင့်ဒိုးတွေနဲ့ မိစ္ဆာဝါဒ တရားတို့ကို ဖယ်ရှားတဲ့အနေနှင့် 'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ' ဆိုတဲ့ ဟောဒီလမ်း (၂)လမ်းကို မလိုက်ကြနဲ့။ ဤ(၂)လမ်းဟာ နိဗ္ဗာန်စခန်း မရောက်နိုင်ဘူး။ ကာမဂုဏ်အာရုံတွေကို နှစ်သက်ပျော်ပါး ခံစားတဲ့လမ်းကိုလည်း မလိုက်နဲ့၊ နိဗ္ဗာန်သို့ မရောက်နိုင်ဘူး။ ဘုရားလောင်းကိုယ်တော် တိုင် (၆)နှစ်လုံးလုံး အပင်ပန်းခံပြီး ကျင့်လာခဲ့တဲ့ အတ္တ ကိလမထာနုယောဂ ဆိုတဲ့ တပအကျင့်လမ်းကလည်း နိဗ္ဗာန် မရောက်နိုင်ဘူး။ အဲဒီလမ်းကိုလည်း မလိုက်နဲ့ဆိုပြီး မြတ်ဘုရားက မဇ္ဈိမပဋိပဒါဆိုတဲ့လမ်းကို ဟောပါတယ်။

မိစ္ဆာဝါဒတွေဟာ မဂဓတိုင်းမှာ ထွန်းကားနေတဲ့အတွက် ဒီအယူဝါဒဆိုးတွေ ထွန်းကားနေတဲ့ ဒေသမှာ ဗုဒ္ဓမြတ်စွာက ရှေးဦးစွာ တရားမဟော မဟောဘဲနဲ့ ဗာရာဏသီပြည်ဘက်ကို ခရီးထွက်ပြီး ဟောတယ်လို့ အဓိပ္ပါယ်တစ်မျိုး ပြောနိုင်ပါတယ်။ တခြားနေရာတွေမှာ ဟောပြီးတော့မှ နောက်ဆုံး မဂဓတိုင်းကို ပြန်ကြွလာပြီး တရားဟောတာ။

## ပြန်ကြားခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်က သဟမ္ပတိ ဗြဟ္မာကြီး ၏ တောင်းပန်မှုကို ဘယ်လို ပြန်ကြားသလဲဆိုရင် . . .

**"အပါရုတာ တေသံ အမတဿ ဒွါရာ၊**
**ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ" တဲ့။**

ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရား သူ့အပေါ်မှာထားကြ၊ မြတ်စွာဘုရားက သူ့အပေါ်မှာ ယုံကြည်ချက်ထားတဲ့၊ အမှန်တရားကို သိတော်မူလို့ အခုချိန်မှာ အမှန်တရားကို ဟောတော့မယ်တဲ့။ အဲဒီမှာတင်ပဲ နိဗ္ဗာန်တံခါးကြီးကို ဖွင့်တော်မူလိုက်ပြီ ဆိုတာကို ကြေညာတယ်။

**"ယေ သောတဝန္တော၊** အကြင်ပုဂ္ဂိုလ်တွေမှာ ထောင်နိုင်တဲ့ နားရှိကြပေတယ်၊ **တေသံ၊** ထိုထောင်တတ်တဲ့နားရှိတဲ့ ပုဂ္ဂိုလ်တွေအတွက်။ **အမတဿ ဒွါရာ၊** မြတ်နိဗ္ဗာန်တံခါးကြီးကို။

အပါရုတာ၊ ဖွင့်လိုက်ပါပြီ။ သဒ္ဓံ၊ ယုံကြည်မှု သဒ္ဓါတရားကို။ ပမုဉ္စန္တု၊ လွှတ်လိုက်ကြလေကုန်လော့ ဟူ၍။ ဘဂဝါ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ **အဝေါစ**၊ ကောင်းစွာမသွေ မိန့်ကြားတော်မူခဲ့ပါပေသတည်း"။

(သာဓု. . . သာဓု. . . သာဓု)

" နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ "အပိုင်း(၁) နိဂုံးချုပ်ပါပြီ။

# နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
## (အပိုင်း-၂)

မှတ်တမ်း။ ။ သာသနာတော်နှစ် ၂၅၅၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ကံမြင့်ကျောင်းတိုက် အတွင်းဝယ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ညဉ့်ဦးယံဓမ္မသဘင် အခမ်းအနား၌ ဓမ္မစေတီလမ်း၊ ယုဇနစီးပွားရေးတာဝါ၊ အခန်း အမှတ် ၂၅၊ အခန်း ၇၀၅(A)၊ ဦးကံထူး၊ ဒေါ်ခင်ခင်ဌေး၊ သား မောင်သူရိန်လင်း၊ မောင်မြတ်အေး၊ သမီး- မသူသူအောင် မိသားစုတို့၏ အမတဒါန ဓမ္မဒါန အနေဖြင့် ဟောကြားအပ်သော "နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ" အပိုင်း (၂) တရားဒေသနာတော်။

မဂဓတိုင်းတစ်ခွင်မှာ မိစ္ဆာဝါဒတွေ ထွန်းကားနေလို့ လောကသားတွေအတွက် နိဗ္ဗာန်တံခါးကြီး ပိတ်နေတယ်။ နိဗ္ဗာန်တံခါးကြီးဖွင့်ဖို့ ပြောဆိုနိုင်တဲ့သူ လူသားထဲက တစ်ယောက်မှ မရှိဘူး။ ဘာဖြစ်လို့တုန်းဆိုရင် ထိုခေတ် ထိုအခါက ဘုရားမပွင့်မီ ကြိုတင်ပြီးပေါ်နေတဲ့ အယူဝါဒတွေ အလွန်ထွန်းကားနေသည့် အတွက်ကြောင့် လူတွေဟာ ထိုဝါဒတည်းဟူသော ကန္တာရကြီး ထဲမှာ တွေဝေနေကြတယ်။ ဘယ်ဟာ မှန်သလဲ၊ ဘယ်ဟာ မှားသလဲဆိုတာ ဆုံးဖြတ်နိုင်ကြခြင်း မရှိကြဘူး။

သဟမ္ပတိဗြဟ္မာကြီးကတော့ သူကိုယ်တိုင် ဗြဟ္မာ မဖြစ်ခင်က ကဿပမြတ်စွာဘုရား၏တပည့် ဘုန်းတော်ကြီး တစ်ပါးပဲ။

သဟာကပတိ ခေါ်တယ်။ သမထကျင့်စဉ်တွေ ကြိုးစားအားထုတ်လို့ ဈာန်ရပြီး ပျံလွန်တော်မူတဲ့အခါကျတော့ ပထမဈာန် ပြဟ္မာဘုံမှာ မဟာပြဟ္မာအနေနဲ့ သွားဖြစ်တယ်။ ပြဟ္မာပြည်ရောက်တဲ့အခါ နာမည်လေးပြောင်းသွားတယ်။ သဟမ္ပတိလို့သိကြတယ်။ ကဿပမြတ်စွာဘုရားလက်ထက်က တရားဓမ္မကျင့်ကြံသည့် ပုဂ္ဂိုလ်ဖြစ်သည့်အတွက်ကြောင့် မိစ္ဆာဝါဒတွေဟာမမှန်ဘူးလို့ဆိုတာ သူကိုယ်တိုင် သိရှိနားလည်တယ်။ ဒီမိစ္ဆာဝါဒတွေကို မဖြေရှင်းဘဲနဲ့ နိဗ္ဗာန်တံခါး ဆိုတာ ပွင့်လာမှာမဟုတ်ဘူး။

နိဗ္ဗာန်တံခါးကို ဖွင့်ပေးပါလို့ သူကလျှောက်ထားတော့ မြတ်စွာဘုရားက သူ့ကိုပြန်ကြားတဲ့ စကားလေးက **"အပါရုတာ အမတဿ ဒွါရာ၊ ယေ သောတ ဝန္တော ပမုဉ္စန္တု သဒ္ဓံ"**။ သူ၏လျှောက်ထားချက်ကို လက်ခံလိုက်တယ်။ လက်ခံပြီးတော့ ငါဘုရား နိဗ္ဗာန်တံခါးကြီး ဖွင့်လိုက်ပါပြီတဲ့၊ သူ့ဘက်ကတော့ တံခါးဖွင့်ပေးနေပြီ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေဘက်က တာဝန်ယူရမယ်။ လူဆိုတာက အပြန်အလှန်ဆိုတာရှိကြတယ်။ တစ်ဦးတည်း လုပ်လို့မရ။

မြတ်စွာဘုရားဘက်ကတော့ နိဗ္ဗာန်တံခါးကြီး ဖွင့်ပေးလိုက်ပြီ။ ကျန်တဲ့ပုဂ္ဂိုလ်တွေဘက်က ဘာတုံ့ပြန်မလဲဆိုတာ **'ပမုဉ္စန္တု သဒ္ဓံ'**= ယေ၊ အကြင် လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့သည်။ သောတဝန္တော၊ ထောင်နိုင်စွမ်းရှိတဲ့ ပညာနားရှိကြကုန်၏။ နားမပါရင် မကြားရဘူး။ ပကတိနားက ပကတိအသံ ကြားနိုင်

တယ်။ တရားဓမ္မရဲ့ အနှစ်သာရကို သိနိုင်စွမ်းမရှိဘူး။ ဒီနေရာမှာ ခံယူစွမ်းရှိတဲ့၊ ကြားနိုင်စွမ်းရှိတဲ့ နားဆိုတာ ပညာကို ရည်ညွှန်းပြီး မိန့်တာပါ။ ပညာနားရှိမှ ပြောတာ နားလည်တယ်။ ပညာနားမရှိဘဲ ပကတိနားရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ပြောတာ နားလည်ချင်မှ နားလည်မယ်။

လူတွေက ရိုးရိုးစကားပြောတာတောင်မှ ဒီလူ နားကို မလည်ဘူး ပြောကြတယ်။ နားရှိတိုင်း နားလည်တယ်လို့ မအောက်မေ့နဲ့။ ဒီပုဂ္ဂိုလ် ပြောရခက်လိုက်တာ နားကို မလည်ဘူးလို့ ပြောကြတယ်။ ပကတိနားက ပကတိအသံလောက်ပဲ သိတယ်။ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုး စသည် ခွဲခြားသိတာ ပညာမှ သိတယ်။ ကြားပြီးသိနိုင်စွမ်းရှိတဲ့ ပညာကို ရည်ညွှန်းပြီးတော့ 'ယေ၊ အကြင်လူနတ်ဗြဟ္မာ သတ္တဝါ တို့သည်။ သောတဝန္တော၊ ကြားပြီးတော့ သိနိုင်စွမ်းရှိတဲ့ နားရှိကြကုန်၏။'

ဘုရားဟောတဲ့ တရားကို မနာဘဲနဲ့ မည်သူတစ်ဦးတစ်ယောက်မှ အသိဉာဏ်ထူး မရနိုင်ဘူး။ သူများဆီက တရားဓမ္မကို မကြားနာဘဲနဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ရနိုင်တာက သမ္မာသမ္ဗုဒ္ဓနဲ့ ပစ္စေကဗုဒ္ဓ (၂)ဆူပဲရှိတယ်။ သူများဆီက ကြားစရာမလိုဘူး။ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ဉာဏ်နဲ့ အရာတစ်ခုကို ထိုးထွင်းပြီး သိမြင်နိုင်စွမ်းရှိတယ်။ ဒါလည်းပဲ အတိတ်ဘဝက ဖြည့်ဆည်းခဲ့တဲ့ ပါရမီစွမ်းအားတွေကြောင့် အင်မတန်မှ ထူးခြားထက်မြက်တဲ့ ဉာဏ်ရည် ဉာဏ်သွေးတွေ ဒီပုဂ္ဂိုလ်တွေမှာ ရှိတယ်။ ရှိလို့သာ သူများဆီကနားထောင်ပြီး စဉ်းစားစရာမလိုဘူး၊

ကျန်တဲ့ပုဂ္ဂိုလ်တွေက ဒီလိုနားထောင်မှု မပြုရင် ဉာဏ်ရည် ဉာဏ်သွေး မဖြစ်နိုင်ဘူး။

မြတ်စွာဘုရားပြီးရင် ပညာအတော်ဆုံး ဧတဒဂ်ရတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးတောင်မှ တရားလေးတစ်ပုဒ် မနာရရင် သောတာပန်ဖြစ်ဖို့ မရှိဘူး၊ ဗုဒ္ဓဘာသာကို မကူးပြောင်းနိုင်ဘူး။ အရှင်အဿဇိ ဆီကနေပြီးတော့ ဂါထာလေးတစ်ပုဒ် နာလိုက်ရမှ လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်မှာ နှစ်ပါဒ နာလိုက်ရတာနဲ့ ပညာဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ချက်ခြင်းသဘောပေါက်ပြီး သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားတယ်။ မနာရရင် မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ နားဟာအင်မတန်မှ အရေးကြီးတယ်။

ပညာနား၊ ပညာမျက်စိ၊ ပညာမျက်စိက မြင်ရုံ မြင်တယ်။ ပညာနားကကြားနိုင်တယ်။ မြင်လည်းမြင်နိုင်စွမ်း ရှိရမယ်။ ကြားလည်း ကြားနိုင်စွမ်းရှိရမယ်။ ဆိုလိုတာက မြင်ပြီးတော့ ဆုံးဖြတ်နိုင်တဲ့ဉာဏ်မျိုး၊ ကြားပြီးတော့ ဆုံးဖြတ်နိုင်တဲ့ဉာဏ်မျိုး။ 'ယေ၊ အကြင် လူ နတ် ဗြဟ္မာ၊ သတ္တဝါတို့သည်။ သောတဝန္တော၊ ထောင်နိုင်စွမ်းရှိတဲ့ ပညာနား ရှိကြကုန်၏။ ပညာနား မရှိဘူးဆိုရင် အသံလေးက ကောင်းလိုက်တာ၊ အပြောက ကောင်းတယ်။ ဒီအဆင့်ပဲရှိမယ်။ ဘာမှ သိမှာမဟုတ်။ အတိမ် အနက် သိမှာမဟုတ်။ ပညာနားရှိမှ ဒီသဘာဝတရားဟာ ဒီလောက်ထိလေးနက်တယ်ဆိုတာ သဘောပေါက်မယ်။ အဲ့ဒီတော့ ပညာနားဆိုတာ သိပ်အရေးကြီးတယ်။ ပကတိနားက လူတိုင်းလိုလိုရှိကြတယ်။ ထောင်တတ်တဲ့ပညာနား ရှိဖို့လိုတယ်။

သတ္တဝါတွေမှာ ပညာနားရှိပေမယ့် သူ့မှာ ယုံကြည်ချက် မရှိဘူးဆိုရင် နားထောင်မှာ မဟုတ်ဘူး။ ဒါကြောင့်မြတ်စွာဘုရားက အရေးကြီးတဲ့အချက်ကို ဗြဟ္မာကြီးကို မှာလိုက်တယ်။ တုံ့ပြန်လိုက်တယ်။ အေး- နိဗ္ဗာန်တံခါးကြီးကို ငါဖွင့်မယ်။ သို့သော် ပညာနားရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာလုပ်ရမလဲဆိုရင် သဒ္ဓါလို့ဆိုတဲ့ ယုံကြည်ချက် ရှိရမယ်၊ ငါ့အပေါ်မှာ ယုံကြည်ချက် ထားကြရမယ်တဲ့။

ယုံကြည်ချက် မထားရင် နားကိုမထောင်ဘူး။ လူတစ်ယောက်အပေါ်မှာ မယုံကြည်ဘူးဆိုရင် သူပြောတာ နားထောင်မှာ မဟုတ်ဘူး။ ယုံကြည်ချက်ရှိဖို့ အင်မတန်မှ အရေးကြီးတယ်။ ယုံကြည်ချက်ရှိလာတဲ့အခါမှာ နားထောင်မယ်။ နားထောင်တဲ့အခါမှ အကြောင်းအကျိုး၊ အကောင်းအဆိုး သိမယ်။ ဒါကြောင့်မို့ မြတ်စွာဘုရား မှာတဲ့အဓိပ္ပာယ်က သိပ်ပြီး လေးနက်တယ်။

အေး - အသိပညာရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အသိပညာ ဘယ်လောက်ပဲရှိရှိ၊ ဘယ်လောက်ပဲ တင့်ကာတ်၊ သဒ္ဓါတရား မပါဘူးဆိုရင် ငါပြောတာ လက်ခံမှာမဟုတ်ဘူး။ ငါ့အပေါ်မှာ ယုံကြည်စိတ် ထားရမယ်။ လူ့လောက ကိစ္စတွေတောင်မှ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုဆိုတာ ရှိရတယ်။ ယုံကြည်မှု မရှိရင် ဘာမှ အလုပ်မဖြစ်ဘူး။ မြတ်စွာဘုရားကိုယ်တိုင်တောင်မှ ယုံကြည်မှုကိုထားကြလို့ ပြောတာ။

မြတ်စွာဘုရားအပေါ် ထူးခြားတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိတယ်ဆိုတာကို ယုံကြည်မှုရှိရမယ်။ ဒါကြောင့်မို့ စာပေကျမ်းဂန်တွေမှာ သဒ္ဓါလို့ဆိုတဲ့ ယုံကြည်မှုနဲ့ ပတ်သက်ပြီး ဖွင့်တိုင်းဖွင့်တိုင်း 'သဒ္ဒဟတိ တထာဂတဿ ဗောဓိံ' လို့ ဆိုတာဖြစ်တယ်။ မြတ်စွာဘုရား၏ ဉာဏ်တော်ကြီးကို လက်ခံယုံကြည်ဖို့ သိပ်အရေးကြီးတယ်။

ကြည့် - ပါရမီပြည့်နေတဲ့ ပဉ္စဝဂ္ဂီတွေတောင်မှပဲ မြတ်စွာဘုရားက "ငါ တရားထူး၊ တရားမြတ်ရလာပြီ" လို့ ပြောတဲ့အခါ လက်မခံကြဘူး၊ မယုံကြဘူး၊ မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။ တစ်ခါမက၊ နှစ်ခါမက၊ သုံးခါမက ငြင်းကြတယ်။ မြတ်စွာဘုရားက ငါပြောတာ နားထောင်ကြ။ ငါတရားထူး၊ တရားမြတ်ရလာပြီဆိုတာတောင် မဖြစ်နိုင်ပါဘူးတဲ့။ အခုလို လျှောက်သွားနေတာ၊ ဘယ်လိုလုပ် တရားထူးရမှာတုံး၊ (၆) နှစ်ပတ်လုံး ပင်ပင်ပန်းပန်း အစာပြတ် ရေငတ်ခံပြီး ကျင့်တာ တောင်မှ မရတာ၊ အခုလို အခြေအနေမျိုးနဲ့ ဘယ်ရမလဲ၊ မယုံဘူး၊ သူတို့က လုံးဝလက်မခံဘူး၊

နောက်ဆုံးကျတော့ ဘုရားက ရှင်းပြလိုက်တဲ့ စကားလေး တစ်ခုကြောင့် သူတို့ လက်ခံသွားတယ်။ စဉ်းစားကြည့်တဲ့၊ (၆) နှစ်ကာလ တရားအားထုတ်နေတုန်းက ငါ တရားထူး တရားမြတ် ရပြီ၊ ရတော့မယ်၊ စိတ်မပျက်ကြနဲ့လို့၊ ဘယ်နှခါ ပြောဖူးလဲ ဆိုတော့၊ သူတို့ပြန်စဉ်းစားပြီး၊ အေး ဟုတ်တယ်။ "ငါ တရားထူး တရားမြတ်ရပြီ"လို့ ဗုဒ္ဓဂေါတမက ငါတို့ကို တစ်ခါမှ မပြောဖူးဘူး။

အခု ဒီတစ်ခါ သူ တကယ်ရလို့ တကယ်ပြောတာ ဖြစ်မှာပဲဆိုပြီး စိတ်ဝင်စားလာကြတယ်။ ယုံကြည်မှုလေးပါလာတယ်။ အဲ့ဒီကျတော့မှ မြတ်စွာဘုရားက နားထောင်ကြဆိုပြီး ဓမ္မစကြာဒေသနာကို ဟောတော်မူတယ်။

**ဓမ္မစက္ကပဝတ္တနသုတ်**

ပထမဆုံးဓမ္မစကြာဒေသနာ အကျဉ်းချုပ်ကတော့ - လူ့လောက၊ လူ့ဘောင်ကို ခွာရှောင်လာတဲ့ ပုဂ္ဂိုလ်ကို **"ပဗ္ဗဇိတ"** လို့ခေါ်တယ်။ အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေတော့ဘဲနဲ့ တရားဓမ္မကိုသာ အားထုတ်တယ်။ လူ့လောက စီးပွားကို ပယ်ပြီး renounce လုပ်တာပေါ့။ အဲ့ဒီပုဂ္ဂိုလ်တွေပေါ့။ တောထွက်လာတဲ့ ပဗ္ဗဇိတ ပုဂ္ဂိုလ်တွေ မရှေးချယ်ရမယ့်လမ်းနဲ့၊ ရှေးချယ်ရမယ့် လမ်းကို ခွဲခြားပြတယ်။

နိဗ္ဗာန်တံခါးကြီး ဘယ်လိုပဲ ဖွင့်ထား ဖွင့်ထား၊ နိဗ္ဗာန်တံခါးကြီးဆီ သွားမယ့်လမ်းက အရေးမကြီးဘူးလား၊ နိဗ္ဗာန်တံခါးကြီးဆီ သွားမယ့်လမ်းကဖြောင့်တန်း နေဖို့လိုတယ်။ အဲ့ဒီတော့ မြတ်စွာဘုရားက လမ်းစဉ်ကို ချမှတ်ပြီးတော့ ပြောတယ်။ **"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** ပဗ္ဗဇိတလို့ခေါ်တဲ့ အိမ်ထောင်မှု၊ စီးပွားတွေပယ်ပြီးတော့ တရားဓမ္မ ရှာကြံမယ်ဆိုပြီး၊ ထွက်လာတဲ့ပုဂ္ဂိုလ်အနေနဲ့ ဒီလမ်း (၂)ခုကို မလိုက်မှားမိစေနဲ့တဲ့။

**ကာမချမ်းသာလမ်း**

ဘယ်လမ်းတွေလဲဆိုရင် "ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ" ကာမ ဆိုတာ လိုချင်စရာအာရုံတွေကို ခေါ်တယ်။ လိုချင်စရာ အာရုံတွေဆိုတာ နေ့စဉ်နဲ့အမျှ တွေ့နေတာ၊ စဉ်းစားကြည့်၊ မျက်စိနဲ့ကြည့်ပြီး မြင်ရလို့ လိုချင်စရာတွေ အများကြီးပဲ။ နားနဲ့ နားထောင်ပြီး လိုချင်စရာ တွေ၊ နှာခေါင်းနဲ့ နမ်းရှုပ်ပြီး လိုချင်စရာတွေ၊ ဒါတွေကို ကာမ လို့ခေါ်တယ်။ ကာမဆိုတာ လိုချင်စရာတွေ။

လိုချင်စရာတွေ တွေ့တဲ့အခါ လိုချင်တယ်ဆိုတာ ပေါ်လာတယ်။ တဏှာ ရာဂ ဖြစ်လာတယ်။ လိုချင်စရာတွေ လိုချင်လာတယ်။ လိုချင်စရာကောင်းတဲ့ အာရုံတွေကို လိုချင်လာတယ်။ အဲဒီ လိုချင်စရာကောင်းတဲ့ အာရုံတွေကို ရလိုက်တဲ့အခါ လူတွေမှာ ဘာဖြစ်တုန်းဆိုရင် ပျော်ရွှင်မှု၊ ချမ်းသာမှုတွေ ဖြစ်လာတယ်။

မျက်စိက ကိုယ်ကြည့်ချင်တဲ့ အဆင်းလေးကြည့်ပြီး ကျေနပ်နေ၊ ပီတိတွေဖြစ်၊ ဝမ်းသာ၊ နားက သာယာတဲ့ အသံလေး နားထောင်ရတဲ့အခါ ပီတိတွေဖြစ်၊ ကျေနပ်နေတယ်။ နှာခေါင်းကလည်း မွှေးကြိုင်တဲ့အနံ့လေး ရှူရှိုက်လိုက်ရရင် ကျေနပ်နေတယ်။ နောက်ထပ် ရှူချင်စိတ်ပေါက်၊ လျှာကလည်း ကိုယ်ကြိုက်တဲ့အရသာလေး စားလိုက်ရရင် နောက်ထပ် စားချင်စိတ်တွေ ပေါက်နေတယ်။ ကျေနပ်နေတယ်၊ ဝမ်းသာနေတယ်။ ခန္ဓာကလည်း နူးညံ့တဲ့ အထိအတွေ့ထိရင် နောက်ထပ်လည်း

ထိတွေ့ချင်တယ်။ ကျေနပ်တယ်။ အဲ့ဒါတွေကို ခံစားဖို့ကြိုးစားတာကို "ကာမသုခလ္လိကာနုယောဂ" လို့ ခေါ်တယ်။

မျက်စိကကြည့်တာကို နောက်ထပ်ကြည့်ဖို့ ကြိုးစားတယ်။ ဒီပျော်ရွှင်မှုလေး နောက်ထပ်ကြည့်ဖို့ ကြိုးစားတယ်။ မျက်စိက လှပတဲ့အဆင်းလေး မြင်တဲ့အခါမှာ နောက်ထပ်ဒါမျိုးလေးရဖို့ မရရင် ရှာကြံမယ်၊ ရရင်ပျော်တယ်။ ဒါမျိုးလေးကို အမြဲတမ်း ခံစားနေဖို့ စိတ်ထဲက ရည်မှန်းပြီး ကြိုးပမ်းတယ်။ အဲ့ဒါကို 'ကာမ သုခလ္လိကာနုယောဂ'၊ "အနုယောဂ" ဆိုတာ မပြတ်ကြိုးပမ်း နေတယ်။

ဒီနေ့ လူတွေ လူ့ဘဝသက်တမ်းမှာ ဘာရှာနေကြတုံး ဆိုရင် အဲ့ဒီပျော်ရွှင်မှုကို ရှာကြတယ်။ အနှစ်သာရကို ရှာမယ်ဆိုရင် ဘာတွေရှာနေကြလဲ၊ ပျော်ရွှင်မှုကို ရှာနေကြတယ်။ သူတို့သိတဲ့ ပျော်ရွှင်မှုဟာ၊ လူတွေသိတဲ့ ပျော်ရွှင်မှုက ဘာတွေတုံး၊ မျက်စိနဲ့မြင်ပြီး ပျော်ရွှင်မှု၊ နားက နားထောင်ပြီး ပျော်ရွှင်မှု၊ နှာခေါင်းက နမ်းပြီးရှူပြီးပျော်ရွှင်မှု၊ လျှာကအရသာခံပြီးတော့ ပျော်ရွှင်မှု၊ ခန္ဓာကိုယ်က ထိတွေ့ပြီးပျော်ရွှင်မှု၊ အဲ့ဒီပျော်ရွှင်မှု ချမ်းသာကလေးက စိတ်ကလေးငြိမ်းချမ်းပြီးတော့၊ စိတ်ထဲ ကျေနပ်ပြီးတော့ ငြိမ်းချမ်းနေတာ။ အဲ့ဒါလေးကို ရချင်လို့ ရှာနေတာ။

တချို့က ပြောသေးတယ်။ တပည့်တော်တို့က ဒီလို ချမ်းသာမှုမျိုးကို ရှာတာမဟုတ်ပါဘူး။ အလုပ်ရှာတယ်။ အလုပ်က ဘာအတွက်တုံး။ ပိုက်ဆံရဖို့၊ ပိုက်ဆံက ဘာလုပ်ဖို့တုံး ဆိုရင်

ဒီဘက်ရောက်သွားတယ်။ လူတိုင်းလူတိုင်းဟာ အလုပ်ရှာ တယ်။ အလုပ်က ငွေရဖို့ပဲ။ လူတွေ ရှာနေတာ ချမ်းသာ။ အဲ့ဒီ ပေါ်မှာ ရှာကြံနေပြီးတော့ နေကြမယ်ဆိုရင် "ကာမ သုခလ္လိကာ နုယောဂ"လို့ ခေါ်တယ်။

ဒီချမ်းသာလေးပေါ်မှာ မှိန်းပြီးနေလို့ရှိရင် အသိဉာဏ်တွေ မဖြစ်လာနိုင်တော့ဘူး။ နိဗ္ဗာန်ဘက်ကို ကျောပေးထားတာနဲ့ တူနေတယ်။ နိဗ္ဗာန်သွားဖို့ လမ်းကြောင်းပေါ်မှာ မတည့်ဘူး၊ သွေဖည်သွားပြီ။ ဒါ့ကြောင့် မြတ်စွာဘုရားက အဲ့ဒီလမ်းကို မလိုက်နဲ့နော်။ အဲ့ဒီလမ်းလိုက်ရင် နိဗ္ဗာန်တံခါးဆီ ရောက်မှာ မဟုတ်ဘူး။

လူ့လောကကြီး ကာမချမ်းသာတဲ့လမ်း ရှာတာနဲ့ ပတ်သက်ပြီး၊ မြတ်စွာဘုရားက ထောက်ပြထားတယ်။ ဘာဖြစ်လို့ မရှာနဲ့ ပြောရသလဲဆိုရင် - "ဟီနော"၊ အဆင့်အတန်း မမြင့်ပါဘူးတဲ့၊ ဒီလို ပျော်ရွှင်မှုတွေက လူတွေသာ ခံစားနိုင်တာ မဟုတ်ဘူး၊ တိရစ္ဆာန်တွေလည်း ခံစားတာပဲ။ အဲ့ဒီလိုဆိုတော့ အဆင့်အတန်း မမြင့်ပါဘူး။ တိရစ္ဆာန်တွေ အဆင့်ပဲ။ ဘာထူးလို့လဲ။ တိရစ္ဆာန်တွေလည်း မျက်စိနဲ့ကြည့်ပြီး ပျော်ရွှင်မှုရကြတယ်။ နားနဲ့ နားထောင်ပြီး ပျော်ရွှင်မှုတွေရကြတာပဲ။ နှာခေါင်းကလည်း သူတို့ကြိုက်တဲ့ အနံ့လေးတွေရရင်၊ ကြောင်လေးတွေဆိုရင် ငါးကြော်နံ့ရရင် ရှူးရှဲရှူးရှဲလုပ်နေတာပဲ။ ပျော်ရွှင်မှုဆိုတာ ဒီလူသားတွေသာ ရနိုင်တာမဟုတ်ဘူး။ တိရစ္ဆာန်လေးတွေတောင် ရနိုင်တာပဲ။ ဟီနော၊ မမြင့်မြတ်ဘူး။ အောက်တန်းကျ

တယ်။ အထက်တန်းမဟုတ်။ လူတွေသာမက တိရစ္ဆာန်တွေ တောင် ရတဲ့အနေအထားကို ရှာမနေနဲ့။

"ဂမ္မော"၊ ရပ်ထဲ ရွာထဲမှာ အိမ်ထောင်တွေနဲ့ နေတဲ့ ပုဂ္ဂိုလ်တွေ ရှာတဲ့ဟာတဲ့။ အခုလို တောထွက်ပြီး တရားကျင့်တဲ့ သူတွေ ဒါမျိုးမရှာနဲ့။ ဒါရှာရင် မှားလိမ့်မယ်။"ပေါထုဇ္ဇနိကော" =လူအများစုလုပ်တဲ့ အလုပ်ဆိုတာ ဘာမှထူးခြားတာ မဟုတ်ဘူး။ သာမန်ပုဂ္ဂိုလ် အဆင့်မမြင့်တဲ့ သာမန် သူလိုကိုယ်လို လူတွေ လုပ်တဲ့ လုပ်ငန်းပါတဲ့။ ဘာမှ ထူးလာမှာ မဟုတ်ပါဘူးတဲ့။ ဒီထဲမှာနေရင် ဒီပုပ်ထဲကဒီပဲ၊ အတိုင်းပဲလို့ ပြောတာ၊ ဘာမှ ထူးလာမှာမဟုတ်။

"အနရိယော"= တကယ့်ကို သူတော်စင်တွေဟာ ဒါတွေကို မရှာကြဘူး။ မျက်စိက ကြည့်ပြီး ပျော်ရွှင်မှု မရှာဘူး။ နားက နားထောင်ပြီး ပျော်ရွှင်မှုမရှာဘူး။ နှာခေါင်းက နမ်းရှုပ်ပြီး ပျော်ရွှင်မှု မရှာဘူး။ လျှာက လျက်ပြီး ပျော်ရွှင်မှု မရှာဘူး။ ခန္ဓာက ထိပြီး ပျော်ရွှင်မှု မရှာကြဘူး။ သူတို့ရှာတာ အသိဉာဏ်ထူး၊ မသေရာတရား၊ နိဗ္ဗာန်ကိုရှာကြတာ။

နိဗ္ဗာန်ကို မျက်စိနဲ့ ရှာလို့မရဘူး။ နားနဲ့ ရှာလို့မရဘူး။ နှာခေါင်းနဲ့ ရှာလို့မရဘူး။ မျက်စိနဲ့ရှာရင် မြင်စရာအာရုံပဲ တွေ့မယ်။ နားနဲ့ရှာရင် အသံပဲတွေ့မယ်။ နှာခေါင်းနဲ့ရှာရင် အနံ့ပဲ တွေ့မယ်။ လျှာနဲ့ရှာရင် အရသာပဲ တွေ့မယ်။ ခန္ဓာကိုယ်နဲ့ ရှာရင် လည်း ကြမ်းတမ်းနူးညံ့တာပဲ တွေ့မယ်။ ထူးခြားတဲ့အရာ မတွေ့နိုင်ဘူး။

ဒါပဲလားဆိုရင် မြတ်စွာဘုရားက အင်မတန်အရေးကြီးတဲ့ အချက်ကိုပြောတယ်။ "အနတ္ထသံဟိတော" = ကောင်းကျိုးချမ်းသာ တွေ ဖြစ်မလာဘူးနော်တဲ့။ ဒါလိုက်စားရင်၊ ဒီအကျင့်တွေ လိုက်နေ ရင် ကောင်းကျိုးချမ်းသာ ဘယ်လိုမှမရဘူး၊ မကောင်း ကျိုးတွေပဲ ရလာမယ်။ လူ့လောကမှာ ကာမဂုဏ်အာရုံတွေနဲ့ ယောက်ယက် ခတ်ပြီး နေကြတဲ့ပုဂ္ဂိုလ်တွေဟာ လောဘနဲ့ ဒေါသနဲ့၊ မောဟနဲ့ တိုက်ကြ ခိုက်ကြ ရန်ဖြစ်ကြ၊ ထိုးကြ၊ နှက်ကြနဲ့ လူ့လောကကြီးက ဒုက္ခရောက်နေကြတယ်။ ဒါတွေအတွက်နဲ့ ဒုက္ခရောက်နေကြ တယ်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ဖြစ်နေတယ်။ လူတွေ တစ်ဦးနဲ့ တစ်ဦး စစ်ဖြစ်နေတယ်။ ယှဉ်ပြိုင်နေကြတယ်။ ဘာတွေအတွက် တုန်းဆိုရင် ဒီကာမချမ်းသာအတွက်ပေါ့။ သေသေချာချာ စဉ်းစားကြည့်ရင် ဒီကာမဂုဏ်အာရုံတွေ ရဖို့အတွက် ယှဉ်ပြိုင် နေကြတာ။ ဒါတွေအတွက် မဟုတ်ပါဘူး၊ စီးပွားရေးအတွက် ယှဉ်ပြိုင်နေကြတာပါလို့ပြောရင် စီးပွားရေး တိုးတက်လာလည်း နောက်ဆုံးကဒါပဲ။ ဒီပျော်ရွှင်မှုအတွက် ယှဉ်ပြိုင်နေကြတာ။ သူကသာတယ်၊ ငါကသာတယ်။ လူ့လောကကြီးမှာ ပဋိပက္ခတွေ မှန်သမျှကို သူကချည်း ထုတ်လုပ်တာ။

"ကာမသုခလ္လိကာနုယောဂ"၊ ဒီအကျင့်ချည်း လိုက်နေရင် နောက်ဆုံးမှာ အနတ္ထသံဟိတော = အကျိုးမဲ့တွေနဲ့ပဲတွေ့မယ်။ ကောင်းကျိုးချမ်းသာ ဘယ်တော့မှရမှာ မဟုတ်ဘူးတဲ့။ ကြည့်လေ ကာမဂုဏ်အာရုံတွေ နောက်ကိုလိုက်လို့ ကာမဂုဏ်အာရုံတွေ ရတဲ့အခါ ပျော်တယ်။ မရရင် ဝမ်းနည်းကြေကွဲကြတယ်။ ဒီ(၂)

လမ်းပဲရှိတယ်။ ဒီလမ်းကြောကနေ မထွက်ရဘူး။ အဲ့ဒါတွေဟာ အနတ္တပဲ။

ဘယ်လောက် ချမ်းသာချမ်းသာ လူတွေဟာ သောကနဲ့ နေကြတယ်။ သူ့ကြောင့်ဖြစ်တဲ့ နှစ်သက်စရာ အာရုံတွေကို ရှာနေသမျှကာလပတ်လုံး ထိုပုဂ္ဂိုလ် စိတ်ချမ်းသာမှုကို ဘယ်တော့မှ မရနိုင်ဘူး။ ထာဝရ အငြိမ်းဓာတ်ကို မရနိုင်ဘူး။ ဘယ်အရာကို ကြည့်ကြည့်၊ ကမ္ဘာ့သမိုင်းမှာ ဘယ်ဟာပဲကြည့်ကြည့်၊ သာယာငြိမ်းချမ်းတဲ့ နောက်ဆုံးအဆင့်ရောက်သွားတာ ဘယ်မှာမှမရှိဘူး။ နောက်ဆုံး ဇာတ်သိမ်းခန်း မကောင်းတာတွေချည်းပဲ။ကာမသုခလ္လိကာနုယောဂကြောင့် အပါယ်ကျသွားတယ်။ ငရဲ ကျသွားတယ်။ အဆင့်အတန်း နိမ့်ကျသွား၊ ပြိတ္တာဖြစ်သွားတာတို့ နိမ့်ကျတဲ့ အပိုင်းတွေပဲ ရောက်ကုန်ကြတယ်။ ဒါကြောင့်မို့ အနတ္တသံဟိတော။ ဒီ ကာမသုခလ္လိကာနုယောဂလမ်း မလိုက်ကြနဲ့တဲ့။

**အတ္တကိလမထလမ်း**

နောက်ရှောင်ရမယ့်လမ်းက လက်ဝဲလမ်း၊ အစွန်းရောက် လက်ဝဲလမ်း ဖြစ်တယ်။ ချမ်းသာသုခတွေရဲ့ အပြစ်ကိုတော့ မြင်တယ်။ ချမ်းသာခံစားနေလို့ ဇိမ်ခံနေလို့ကတော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ ကြိုးပမ်းရမယ်၊ ခန္ဓာကိုယ်ကို ညှဉ်းပန်းရမယ်၊ ဒါမှအသိဉာဏ်တွေ ထွက်လာမယ်ဆိုပြီးတော့ အတွေးဝင်လာပြီး အစွန်းရောက်တဲ့ အကျင့်ကို ကျင့်တယ်။

အတ္တကိလမထာနုယောဂ = ကိုယ်ခန္ဓာကြီးကို ပင်ပန်းအောင် ညှဉ်းဆဲတယ်၊ အစာပြတ်၊ ရေငတ်နေတယ်၊ ခန္ဓာကိုယ်ပင်ပန်းအောင် ညှဉ်းပန်းနှိပ်စက် အားထုတ်တဲ့နည်းမှန်သမျှကို self-mortification လို့ခေါ်တယ်။ ဘုန်းကြီးတို့ တစ်ခါက ရွှေတိဂုံဘုရား ရောက်သွားတော့ ဘုရားပေါ်မှာ အမျိုးသမီးကြီးတစ်ယောက် ဘာအကျင့်ရယ်တော့ မသိဘူး၊ နေလုံးကြီးကို စိုက်ကြည့်နေတယ်။ ဘယ်လိုအကျိုးရှိလဲတော့ မသိဘူး။ သူ့မျက်လုံးကြီးကတော့ ရဲနေတယ်။ အတ္တကိလမထာနုယောဂ လို့ခေါ်တဲ့ 'တပ'အကျင့်တွေဟာ မျိုးစုံအောင်ရှိတယ်။

## ဂေါဝတ နဲ့ ကုက္ကုရဝတ

မြတ်စွာဘုရား လက်ထက်တော် အခါကာလကလည်း နွားလိုကျင့်တဲ့ပရိဗိုဇ်နဲ့ ခွေးလိုကျင့်တဲ့ပရိဗိုဇ်၊ နွားအကျင့်ကျင့်တဲ့လူနဲ့၊ ခွေးအကျင့်ကျင့်တဲ့ လူ (၂)ယောက် မိတ်ဆွေဖြစ်ကြတယ်။ အကျင့်ချင်းမတူပေမယ့် သူငယ်ချင်း အပေါင်းအသင်းဖြစ်နေကြတယ်။ သူတို့ ယုံကြည်ချက်က အလွန်ပြင်းထန်တယ်။ နွားလို၊ ခွေးလို ကျင့်လို့ရှိရင် ကိလေသာအာသဝေါတွေကုန်ပြီး သံသရာဝဋ်က လွတ်မယ်လို့ယုံကြည်တယ်။ သူ့ယုံကြည်ချက်နဲ့သူ လုပ်ကြတယ်။ တစ်ယောက်ကို ပုဏ္ဏလို့ခေါ်တယ်။ နောက်တစ်ယောက်ကိုတော့ သေနိယလို့ ခေါ်တယ်။ အဲဒီနှစ်ယောက်ဟာ မြတ်စွာဘုရားဆီ ရောက်လာကြတယ်။

သူတို့ပုံစံလည်း ကြည့်ဦးလေ။ နွားလို ကျင့်တဲ့လူက လည်း ဘုရားရှေ့ရောက်အောင် နွားလို လေးဖက်ထောက် လာတယ်။ ခွေးလို ကျင့်တဲ့လူကလည်း ခွေးပုံစံနဲ့ လာတယ်။ နွားအကျင့်တွေ အားလုံး လိုက်နာကျင့်သုံးတယ်။ ခွေးအကျင့် ကျင့်တဲ့ပုဂ္ဂိုလ်ကလည်း ခွေးစတိုင် အပြည့်ယူထားတယ်။ ခွေးလို ကျင့်သူကို ပါဠိလို ကုက္ကုရ ဝတိက၊ ခွေးအကျင့်ကို ကုက္ကုရဝတ canine practice လို့ခေါ်တယ်။ နွားလိုကျင့်တဲ့ သူကို ဂေါဝတိက၊ နွားအကျင့်ကို ဂေါဝတ bovine practice လို့ခေါ်တယ်။

အဲဒီ အကျင့်(၂)မျိုးကို ထူးထူးဆန်းဆန်း အံ့မခန်း ကျင့်ပြီးတော့ ဘုရားဆီ လာကြတယ်။ ဂေါတမဘုရားက နာမည်ကြီးတယ်ပေါ့။ မေးမယ်ပေါ့။ ဒီအကျင့်တွေနဲ့ ဘာရသလဲ မေးချင်တယ်။ ကိုယ့်အကျင့်ကို မမေးရဲဘူး။ ခွေးအကျင့် ကျင့်တဲ့လူက နွားအကျင့်ကျင့်တဲ့ လူရဲ့အကြောင်းမေးတယ်။ နွားလိုကျင့်ရင် ဘာဖြစ်တုံး၊ တစ်ဆင့် မေးပေးတယ်။ ဘုရားက ဟော့ မမေးနဲ့။ ဒီမေးခွန်း ငါမဖြေချင်ဘူးတဲ့။ မရဘူး၊ ဖြေပါ ဘုရားတဲ့၊ ထပ်မေး၊

ဘုရားက မမေးနဲ့၊ ပြောလို့မရဘူးဆိုရင် ဖြေရတာပေါ့တဲ့။ နွားလိုကျင့်ရင် အမြဲတမ်း နွားစိတ်မွေးနေတာဖြစ်သောကြောင့် သေရင်နွားဖြစ်မှာပဲ။ ဘာဖြစ်လို့တုံး၊ သူ့စိတ်က နွားစိတ် မွေးနေတာကို၊ လူစင်စစ်က နွားစိတ်မွေးရင် သေ နွားပဲဖြစ်စရာ ရှိတာပဲ။ အေး-ဒီလိုနွားအကျင့် ကျင့်လို့ သံသရာဝဋ်က လွတ်

တယ် လို့ယုံရင် မိစ္ဆာဒိဋ္ဌိပဲ။ မှားယွင်းတဲ့ အယူတစ်ခု ဖြစ်တယ်။ မှားတယ်ဆိုတာ ကိုယ်ထင်တိုင်း မဟုတ်တာ အမှား၊ အဲ့ဒီ မိစ္ဆာဒိဋ္ဌိကို လက်ခံထားမယ်ဆိုရင် သွားရာလမ်းက ငရဲနဲ့ တိရစ္ဆာန်ပဲ။

ဒီတော့ နွားလိုကျင့်တဲ့အကောင် ငိုသွားတာပေါ့။ ဘုရားက ကဲ-ငါဖြေလိုက်တာ ဟိုမှာငိုဒနေပြီ၊ မင်းမမေးနဲ့လို့ ပြောတာမရဘူး ပြောတော့ နွားလိုကျင့်တဲ့အကောင်က ငိုရင်းက ထပြီး အဲ့ဒါ ကြောင့်ငိုတာ မဟုတ်ပါဘူးတဲ့။ နှစ်ပေါင်းများစွာ ကျင့်လာတာ အခုလိုဖြစ်ရမယ်ဆိုရင် ဝမ်းနည်းစရာချည်းပဲပေါ့တဲ့။

ငတ်ငတ်ပြတ်ပြတ်နဲ့ ခွေးလိုကျင့်တဲ့ အကောင် အကြောင်းလည်း ဇွတ်မေးတယ်။ ဘုရားက မမေးပါနဲ့၊ ခွေးလို ကျင့်ရင် ခွေးစိတ်မွေးတာ ဖြစ်သောကြောင့် ခွေးပဲဖြစ်မှာပဲတဲ့။ ခွေးလိုကျင့်တဲ့အကျင့်ကြောင့် သံသရာဝဋ်ကလွတ်နိုင်တယ်။ ကိလေသာက စင်ကြယ်တယ်လို့ ယူဆရင် မိစ္ဆာဒိဋ္ဌိ မိစ္ဆာဝါဒပဲ။ အဲ့ဒီဝါဒရှိရင် ငရဲနဲ့ တိရစ္ဆာန် ဒီ (၂)ခုပဲရှိတယ်။

ခွေးလိုကျင့်တဲ့အကောင်လည်း ငိုပြန်ရောတဲ့။ ကြည့် ဟိုကောင်ငိုနေပြီ၊ မဟုတ်ပါဘူးဘုရား။ အဖြေကြောင့် မဟုတ်ပါ ဘူး။ သူလည်းနှစ်ပေါင်းများစွာ ကျင့်လာခဲ့ရတာ။ ဒီအကျင့်ကြီးက ဒီလိုအကျိုးမဲ့ဖြစ်တာ ဝမ်းနည်းလို့ ငိုတာပါတဲ့။ ပြီးတော့ သူတို့ (၂)ယောက်လုံး ခွေးအကျင့်၊ နွားအကျင့်တွေ စွန့်ပစ်ပြီး မြတ်စွာ ဘုရားဟောတဲ့ နိဗ္ဗာန်လမ်းကြောင်းပေါ် တက်ကာ ရဟန်းဘဝ ပြောင်းလိုက်ကြတယ်။

သူတို့ကျင့်တဲ့အကျင့်ဟာ တပခေါ်တဲ့ အတ္တကိလမထ အကျင့်ထဲမှာပါတယ်။ ခန္ဓာကိုယ် ပင်ပန်းအောင် ကျင့်တဲ့ အတ္တကိလမထ အကျင့်၊ ဒီနေရာမှာ အတ္တကိလမထ အကျင့် ဆိုတာ ပင်ပန်းရုံသက်သက်ပဲ။ ဘာမှအကျိုးမရှိဘူးဆိုတဲ့ အကျင့်မျိုးကိုသာ အတ္တကိလမထလို့ခေါ်တယ်။ အေး-ကမ္မဋ္ဌာန်း အားထုတ်တဲ့အခါမှာ မရမနေ အရိုးကျေကျေ၊ အရေခန်းခန်း၊ ဇွဲသန်သန်နဲ့ အားထုတ်တာမျိုးက အတ္တကိလမထ မဟုတ်ဘူး နော်။

လမ်းမှန်ပြီဆိုရင် ကြိုးစားဖို့လိုတယ်။ ခုနက ဘယ် လောက်ပဲ ကြိုးစားစား ဒီဘောင်က မကျော်နိုင်တဲ့ အကျင့်မျိုး၊ ခန္ဓာကိုယ် ပင်ပန်းရုံသက်သက်အပြင် ဘာအကျိုးမှ မရတဲ့ အကျင့်မျိုးကို အတ္တကိလမထ လို့ခေါ်တာ။ မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေကျင့်ရင် အရိုးကြေကြေ၊ အရေ ခန်းခန်း အပင်ပန်းခံပြီးတော့ ကျင့်တန် ကျင့်ရတယ်၊ အဲဒီလို ကျင့်တာမျိုးကို မဆိုလိုဘူး၊ တရားကျင့်တဲ့ နေရာမှာ သိပ်အပင် ပန်းခံပြီး မကျင့်နဲ့၊ အတ္တကိလမထ ဖြစ်မယ်လို့ မပြော ထိုက်ဘူး။ သို့သော် မြတ်စွာဘုရားဟောကြားတဲ့ တရားတော် ပေမယ့်လို့ မလိုအပ်ဘဲနဲ့တော့ ဒုက္ခမခံရဘူး။

ဥပမာ-အင်မတန်ကြီးမားတဲ့ ကျောက်တုံးကြီးတစ်ခုကို ရွှေ့ဖို့ လူ(၃)ယောက်လောက်နဲ့ ကြိုးစားရတယ်။ အင်မတန် ကြီးမားတဲ့၊ တောင်လောက်နီးနီးရှိတဲ့ ကျောက်တုံးကြီးဟာ လှုပ်တောင်လှုပ်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အဲ့ဒီလူတွေ ချွေးဒီးဒီး

ကျအောင် တွန်းနေတယ်။ သူတို့လုပ်တဲ့အလုပ်ဟာ အကျိုးရှိနိုင်ပါ့မလား။ ပင်ပန်းရုံသက်သက်ပဲ ဖြစ်မှာ။ အဲ့ဒါမျိုးကို အတ္တကိလမထလို့ ဆိုလိုတာ။

အကျိုးရှိမယ်ဆိုရင် အပင်ပန်းခံပြီးလုပ်ရမယ်။ ပုရိသထာမ=လူ့ရဲ့စွမ်းအားသတ္တိတွေနဲ့ မရမချင်းကြိုးစားအားထုတ်တယ်၊ အရိုးကြေကြေ၊ အရေခန်းခန်း ကြိုးပမ်းအားထုတ်မှုဆိုတာ ရှိရမယ်။ တရားကောင်း၊ တရားမှန် ဆိုလို့ရှိရင် အတ္တကိလမထလို့ ပြောလို့မရဘူး။ အတ္တကိလမထထဲမှာ မပါဝင်ဘူး။

အတ္တကိလမထကို မြတ်စွာဘုရားက ဘာကြောင့် မလုပ်နဲ့လို့ ဟောရသလဲဆိုရင် "ဒုက္ခော"=ဆင်းရဲရုံသက်သက်ပဲ၊ ခန္ဓာကိုယ်ကြီး ပင်ပန်းရုံ သက်သက်ပဲ၊ ဘာမှ အကျိုးထွက်လာမှာ မဟုတ်ဘူး။ ကျောက်တုံးကြီး တွန်းနေသလို ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ရွေ့မှ မရွေ့တာ။ အဲ့ဒီလိုချည်း တွန်းနေတာကို အလုပ်လို့ ခေါ်တာမဟုတ်။ တစ်လက်မမှ မရွေ့တာကို အလုပ်လို့ ပြောမရဘူး။ အဲ့ဒီတော့ ဒုက္ခသက်သက်ပဲ၊ အပင်ပန်းခံတာ သက်သက်ပဲ၊ မဖြစ်နိုင်တာ လုပ်နေတယ်။

"အနရိယော"=မြင့်မြတ်တဲ့ အလုပ်မဟုတ်ဘူး၊ တကယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီလို အလုပ်မျိုး မလုပ်ဘူး၊ ရှောင်တယ်။ **အနတ္ထသံဟိတော** = ကောင်းကျိုးချမ်းသာ ရမှာမဟုတ်ဘူး၊ မကောင်းတဲ့အကျိုးတွေပဲ ရမယ်။ ဒီအကျင့်ကို မကျင့်နဲ့တဲ့။ မြတ်စွာဘုရားက မလိုက်စားရမယ့် အကျင့်တွေကို သေသေ

ချာချာ ဂယနဏ ရှင်းပြတယ်။ အကြောင်းနဲ့အကျိုးနဲ့ ရှင်းပြတယ်။ ဘာကြောင့် မလိုက်စားနဲ့လို့ ပြောရသလဲဆိုတာ ရှင်းပြတယ်။ သာမန်ဟောတာ မဟုတ်ဘူး။

အဲ့ဒီလမ်း(၂)သွယ်ကို မရွေးချယ်ကြနဲ့။ ဒီလမ်း(၂)သွယ်ဟာနိဗ္ဗာန်လမ်းကြောင်းကြီးကသွေဖည်နေတယ်။ ဒီလမ်းကြောင်း(၂)ကြောင်းကြားက လမ်းကမှ မဇ္ဈိမပဋိပဒါ အလယ်လမ်း။ အဲ့ဒီလမ်း(၂)သွယ်ကြားက အလယ်လမ်းဆိုတော့ ခံစားသင့်တဲ့ချမ်းသာကို လက်မလွှတ်စေနဲ့၊ ခံစားတဲ့။ အဆင်းရဲ ခံသင့်ရင်ခံ။ ဒီ(၂)ခုကို ပြောတာ။ ဈာန်ချမ်းသာတွေရရင် အလွန်ချမ်းသာတယ်။ သမာဓိစွမ်းအားနဲ့ ဈာန်ရထားတဲ့ပုဂ္ဂိုလ်ဟာ အလွန်ချမ်းသာတယ်။ အဲ့ဒီချမ်းသာမျိုးကျတော့ အသိဉာဏ် ဖွံ့ဖြိုးမှုအတွက် အကျိုးဖြစ်တယ်။ မလိုအပ်ဘဲ ဒုက္ခမခံပါနဲ့။ လိုအပ်ရင်ဒုက္ခခံ၊ ချမ်းသာသုခမှန်သမျှကို စွန့်ပယ်ဖို့မလိုဘူး။ ကာမဂုဏ်အာရုံ ချမ်းသာမျိုးကိုတော့ ပယ်စွန့်ရမယ်။ ဓမ္မသုခကိုတော့ လက်ခံရမယ်။ ဒီလိုဆိုလိုတယ်။ အဲ့ဒီအဓိပ္ပာယ်ကို ပြောတာ။

အလယ်လမ်းကသွားလို့ ဆိုတာ ဟိုဘက်ချည်းပဲ သက်သက်မလိုက်နဲ့။ ဒီဘက်ချည်းလည်း သက်သက် မလိုက်နဲ့။ ကာမသုခသာ မခံစားရမှာ၊ ဈာနသုခကို ခံစားရမယ်၊ ဓမ္မသုခဆိုတဲ့ တရားချမ်းသာကို ခံစားရမယ်၊ နေက္ခမ္မသုခဆိုတဲ့ ကာမဂုဏ်အာရုံကထွက်လို့ ပျော်ရွှင်ချမ်းမြေ့မှုကိုရတယ်။ ဒီလိုချမ်းသာမှုမျိုးကို ခံစားသင့်တယ်။ ချမ်းသာမှန်သမျှ လုံးဝ မခံစားရဘူးလို့ ဟောတာ မဟုတ်ဘူး။

မေ့စကြာတရားတော်ဟာ အလွန်ကိုလေးနက်လို့ အမှန် အကန်နားလည်ဖို့လိုတယ်။ ချမ်းသာသုခကို အကုန် ပယ်ခိုင်းတာ မဟုတ်ဘူး။ မျက်စိကမြင်စရာ အာရုံလေး ကြည့်ပြီး၊ ချမ်းသာ နေတာ။ နားက အသံလေး နားထောင်ပြီး ချမ်းသာ ပျော်ရွှင် နေတာ။ နှာခေါင်းက မွှေးကြိုင်တဲ့ အနံ့လေး နမ်းရှုပ်ပြီး ချမ်းသာ နေတာ။ လျှာကအရသာခံပြီး ချမ်းသာနေတာ။ ခန္ဓာကိုယ်က အထိအတွေ့လေးပေါ်မှာသာယာပြီး ချမ်းသာခံစားနေတာ။ အဲ့ဒါမျိုးမလုပ်နဲ့လို့ ပြောတာ။အဲ့ဒါကိုတော့ရှောင်။

တရားမေ့ သိရလို့ ချမ်းမြေ့ပြီးနေတဲ့ ချမ်းသာသုခကို ခံစားပါတဲ့။ ရင်ထဲ၊ နှလုံးထဲမှာ ငြိမ်းချမ်းတဲ့ ချမ်းသာ။ နေက္ခမ္မ သုခ = ကာမဂုဏ်အာရုံတွေကို လွှတ်လိုက်လို့ လူဟာ ပေါ့ပါး သွားတာ၊ ဘာသောကမှ မရှိဘူး။ ငြိမ်းချမ်းလိုက်တာ ဆိုတဲ့ ချမ်းသာမျိုး။ လူတွေတစ်ခါတလေ ပူပင်သောကတွေ ဖြစ်နေတဲ့ အခါ တရားသွားနာလိုက်ရင် စိတ်ထဲမှာ ငြိမ်းသွားတယ်။ အဲ့ဒီ ချမ်းသာမျိုးဟာ ကာမသုခလ္လိကာနုယောဂ မဟုတ်လို့ အဲ့ဒီ ချမ်းသာကို ခံစားခွင့်ရှိတယ်။ မေ့နဲ့ပတ်သက်တဲ့ ချမ်းသာ ခံစားခွင့်ရှိတယ်။ အဲ့ဒီလိုငြိမ်းချမ်းတဲ့ နေက္ခမ္မသုခ လို့ဆိုတဲ့ ဒီလိုချမ်းသာ မှုမျိုးခံစားပါတဲ့။ လိုအပ်ရင် အပင်ပန်းခံပြီးလုပ်ပါ။ မရမနေကြိုးပမ်းပါ။ အဲဒီလမ်းကို မဇ္ဈိမပဋိပဒါလို့ခေါ်တယ်။

အကျိုးမဲ့ကိုဖြစ်စေတတ်တဲ့ ချမ်းသာမျိုးကို လက်ခံကျင့်သုံး တယ်။ အကျိုးမဲ့ကို ဖြစ်စေတတ်တဲ့၊ ဆင်းရဲကိုသာ ရစေနိုင်တဲ့ အပင်ပန်းခံမှုမျိုးကို လုပ်တယ်ဆိုတာသာ အစွန်းရောက်တဲ့

လမ်း(၂)သွယ်။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာဘုရားက အစွန်းရောက်တဲ့လမ်းကို ဖယ်ရှားရမယ်။ အပြစ်ကင်းတဲ့ ချမ်းသာသုခ ခံစားသင့်တာ ခံစား၊ ဆင်းရဲဒုက္ခ ခံသင့်ရင်ခံဆိုတဲ့ ဒီလမ်းကြောင်းသာ မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျတဲ့ လမ်းကြောင်းဖြစ်တယ်။ အစွန်းမရောက်ဘူး။

**မဇ္ဈိမပဋိပဒါဖွဲ့စည်းပုံ**

အလယ်အလတ်ကျတဲ့ လမ်းကြောင်းဆိုတာ ဘာလဲဆိုရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာ သမာဓိ၊ သမ္မာသတိ ဆိုတဲ့ မဂ္ဂင် ၈-ပါးပဲပေါ့။ မဂ္ဂ လို့ဆိုတာ ဒီ(၈)ခုနဲ့ ဖွဲ့စည်းထားတဲ့ (unity of eight) လမ်း၊ (၁)ခုတည်း မဟုတ်ဘူး၊ ၈-ခုအပေါင်း။ အဲ့ဒီ (၈)ခုမှာ လျှော့စရာလည်း မရှိဘူး။ တိုးစရာလည်း မရှိဘူး။ အင်္ဂါရပ်တွေ လုံလုံလောက်လောက် ရှိတယ်။

မဂ္ဂကို Path လို့ အင်္ဂလိပ်လို ပြန်ကြတယ်။ စာပေကျမ်းဂန်ထဲလာတဲ့ အဓိပ္ပာယ်က အဲ့ဒီထက်ပိုလေးနက်တယ်။ မဂ္ဂဆိုတာ စကားလုံး (၂)လုံးပေါင်းထားတာ။ "မ" ဆိုတာက ကိလေသာတွေကို ဖျက်ဆီးတယ်။ စိတ်ရဲ့အညစ်ကြေးတွေကို ဖယ်ရှားလိုက်တယ်။ လောဘကို ဖယ်တယ်၊ ဒေါသကို ဖယ်တယ်၊ မောဟကို ဖယ်တယ်၊ မာန်မာနတွေ၊ ဣဿာ,မစ္ဆရိယတွေ၊ ထိုင်းမှိုင်းမှုတွေ အကုန်ဖယ်တယ်။ အဲ့ဒီလို ဖယ်လိုက်တာကို ခေါ်တာ။ "ဂ္ဂ" ရဲ့အဓိပ္ပာယ်က နိဗ္ဗာန်ရောက်အောင်သွားခြင်း။ စာလုံး ၂-

လုံးပေါင်းလိုက်တော့ "မဂ္ဂ" ဆိုတာ ကိလေသာကို ဖယ်ရှားပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့လမ်းလို့ ပြောတာ။

"မဂ္ဂ" ဆိုတာ သာမန်အားဖြင့် လမ်းလို့ အဓိပ္ပာယ်ရတယ်။ အဲ့ဒီ(၈)ခုနဲ့ဖွဲ့စည်းထားတဲ့ မဂ္ဂ ဆိုတာကတော့ အဲ့ဒီထက် ပိုလေးနက်တယ်၊ အဓိပ္ပာယ်ရှိတယ်။ အလုပ် (၂)ခု ပြထားတယ်။ ကိလေသာကို ဖယ်ရှားခြင်းနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ကိလေသာ မဖယ်ဘဲ နိဗ္ဗာန် မရောက်ဘူးဆိုတာ မရှင်းဘူးလား။ (၁) ကိလေသာကို ဖယ်ကို ဖယ်ရမယ်။ ဒါမှ နိဗ္ဗာန်ရောက်နိုင် တယ်။

အဋ္ဌကထာမှာ နိဗ္ဗာန်တံခါးဆိုတာ အရိယမဂ်ကို ပြောတာ တဲ့။ အရိယမဂ်ဆိုတာ ဘာကိုပြောတုံးဆိုရင် အဲဒီ(၈)ခုနဲ့ ဖွဲ့စည်းထားတဲ့ ဒီတရားအစုကို ပြောတာ။ အဲဒီလမ်းကြောင်း အတိုင်း ကျင့်ရမယ်။ ဒါတွေက ဘာတွေတုန်းဆိုရင် လူတွေရဲ့ သန္တာန်မှာရှိနေတဲ့ quality တွေဘဲ။ လူတိုင်းလူတိုင်းမှာ ဒီ အရည်အချင်းတွေရဲ့ source တွေ ရှိတယ်။ source တွေ ကြီးပွားအောင် မလုပ်ဘူးဆိုရင် အစွမ်းမထက်လာဘူး။ ဓားလေး တစ်ချောင်းကို မသွေးရင် မထက်ဘူး၊ သွေးပေးမှ ထက်လာ တယ်။

ထို့အတူ လူတွေရဲ့ quality ဖြစ်တဲ့ သမ္မာဒိဋ္ဌိ မှန်မှန် ကန်ကန်နားလည်မှု၊ မှန်မှန်ကန်ကန် သိမြင်မှု၊ သမ္မာသင်္ကပ္ပ- အမှန်အကန် တွေးတောတတ်မှု၊ ဒီအရည်အချင်းတွေဟာ လူတွေရဲ့ သန္တာန်မှာရှိတယ်။ လူတွေမှာ စဉ်းစားတာ (၂)မျိုး

ရှိတယ်။ မြင်တာလည်း (၂)မျိုး ရှိတယ်။ မှန်မှန်ကန်ကန် စဉ်းစားတာ ရှိတယ်။ မှားမှားယွင်းယွင်း စဉ်းစားတာ ရှိတယ်။ မှန်မှန်ကန်ကန် မြင်တာ ရှိတယ်။ မှားမှားယွင်းယွင်း မြင်တာ ရှိတယ်။ အဲဒီထဲမှာ မှားမှားယွင်းယွင်း မြင်တာတို့၊ မှားမှား ယွင်းယွင်း စဉ်းစားတာတို့ကို ဖယ်ရှားပြီး မှန်မှန်ကန် ကန်စဉ်းစားဖို့ မှန်မှန်ကန်ကန် မြင်ဖို့ပဲ။

အဲ့ဒီလိုဖြစ်ဖို့ အထောက်အကူပြုဖို့ ဘာလိုအပ်သလဲဆိုရင် ကိုယ်ကျင့်တရား လိုအပ်တယ်။ ကိုယ်ကျင့်တရား ဆိုသည်မှာ သမ္မာဝါစာ=ပြောဆိုတဲ့အခါ မှန်မှန်ပြောဆိုမှုပဲ။ မှန်မှန်ကန်ကန် ပြောတယ်ဆိုတာ မလိမ်ဘူး၊ ကြမ်းကြမ်းတမ်းတမ်း မပြောဘူး၊ တစ်ဦးနဲ့တစ်ဦး ကုန်းတိုက်တာတွေ မလုပ်ဘူး၊ အကျိုးမဲ့စကား တွေ မပြောဘူး။ နှုတ်နဲ့ပတ်သက်ပြီး limit လုပ်ထားတယ်။ ထိန်းသိမ်းတယ်။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး limit လုပ်ထားတယ်။ လိမ်ညာနေတဲ့ လူတစ်ယောက်ဟာ မှန်မှန် ကန်ကန် မမြင်ဘူး။ မှန်မှန်ကန်ကန် မစဉ်းစားဘူး။ လိမ်တယ် ဆိုတာ သိရဲ့သားနဲ့ လိမ်တာ၊ ပြောင်းပြန်ပြောတယ်။ အမှန်ကို ဖုံးကွယ်ပြီး အမှားကို တင်ပြတာကို လိမ်တယ်လို့ ပြောတာ။ အမှန် က သူ့ရင်ထဲမှာ ရှိတယ်။ ဒါပေမဲ့ ဖုံးထားတယ်။ ထုတ်ပြောတော့ မဟုတ်တာ ပြောတယ်။ အဲ့ဒါကို လိမ်တယ်လို့ ခေါ်တာ။ သူ့ရင်ထဲမှာရှိတာက တစ်ခု၊ ပြောတာက တစ်ခု၊ ဒါကို မုသာဝါဒ လို့ ပြောတာ။

ပိသုဏဝါစာ၊ 'ပိ'-က ပိယ၊ တစ်ဦးနဲ့တစ်ဦး ခင်မင်မှု။ သု-က သုည၊ ဆိတ်သုဉ်းသွားအောင်။ 'ဏ'-က ကရဏ၊ လုပ်တယ်။ မြန်မာလို ကုန်းတိုက်တယ်လို့ ပြောတာ။ တည့်နေတဲ့ လူနှစ်ယောက် မတည့်အောင်လုပ်တယ်။ အထင်အမြင်တွေလွဲပြီး ကွဲသွားအောင် လုပ်တာကို ကုန်းတိုက်တာလို့ခေါ်တယ်။ ထိုသူတွေရဲ့စိတ်ထားဟာ မွန်မြတ်တဲ့စိတ်ထားလား၊ ယုတ်ညံ့တဲ့ စိတ်ထားလား။ (ယုတ်ညံ့တဲ့ စိတ်ထားပါဘုရား။) တစ်ဦးနဲ့တစ်ဦး အဆင်ပြေနေတာကို အဆင်မပြေအောင်လုပ်တဲ့ အဲဒီလိုပုဂ္ဂိုလ်ရဲ့ စိတ်ထားဟာ ဘယ်လိုလုပ်ပြီး မွန်မြတ်တဲ့စိတ်ထားဖြစ်မှာလဲ။ မဖြစ်နိုင်ဘူး။

ဖရုသဝါစာဆိုတာ ပြောတဲ့ပုဂ္ဂိုလ်ကလည်း ကြမ်းတမ်းတယ်။ နားထောင်တဲ့လူကိုလည်း ကြမ်းတမ်းစေတယ်။ နှုတ်ကြမ်းသည့်အတွက်ကြောင့် သူလည်းမေတ္တာပျက်၊ ကိုယ်လည်း မေတ္တာပျက်။ မေတ္တာပျက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသားဟာ ဘယ်တော့မှ မငြိမ်းချမ်းဘူးပေါ့။

သမ္ဖပ္ပလာပ=အကျိုးမရှိတဲ့ စကားတွေ လျှောက်ပြောတာကို သမ္ဖပ္ပလာပ။ တောင်စဉ်ရေမရ ပြောနေတယ်။ တရားမဲ့စကား၊ အချိန်အခါမဟုတ်တဲ့စကားတွေ ပြောရင် သမ္ဖပ္ပလာပ။ 'သံ' - ဆိုတာ လူတွေရဲ့ ကောင်းကျိုးချမ်းသာကို။ 'ဖ'-ဆိုတာက ဖျက်ဆီးပစ်တဲ့ စကားမျိုး၊ ပလာပ - ဆိုတာက ပြောတာ။ လူတွေကို လွဲမှားပြီး တစ်မျိုးတွေးစေတာမျိုးကို ခေါ်တယ်။ အဲဒီ

စကားမျိုးပြောတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသားထဲကကော ကောင်းနိုင်ပါ့မလား။ (မကောင်းနိုင်ပါဘုရား)။

**သမ္မာဝါစာ** ဆိုတာ အဲ့ဒါမျိုးတွေကို မပြောဘဲ ရှောင်ကြဉ်တာကို ခေါ်တယ်။ ပါးစပ်ကပြောရင် မှန်တာပဲ ပြောမယ်။ ရင်ထဲရှိတဲ့အတိုင်း မှန်တာပဲ ပြောရမယ်။ တကယ် အဖြစ်မှန်ကိုပဲ ပြောရမယ်။ **ဘူတဝါဒီ** = ဟုတ်တာပဲ ပြောတယ်။ နောက် **သမဂ္ဂကရဏီ ဝါစာ**၊ လူတွေ တစ်ယောက်နဲ့ တစ်ယောက် စေ့စပ်ပေးတာပဲ ပြောတယ်။ ကွဲသွားအောင် မပြောဘူး။ နှစ်ယောက် ခင်မင်နေတဲ့ကြားထဲက ကွဲသွားအောင်၊ မုန်းသွားအောင် ဘယ်တော့မှ မပြောဘူး။ စေ့စပ်ပေးတယ်။

စကားပြောရင် ချိုသာတဲ့စကားပဲ ပြောတယ်။ ကြင်နာတဲ့ စကားပဲ ပြောတယ်။ မိသားစုထဲမှာတောင်မှ ကြင်ကြင်နာနာ စကားပြောတာနဲ့ ရိုင်းရိုင်းစိုင်းစိုင်း ပြောတာ မတူဘူး။ တချို့ မိသားစုထဲမှာလည်း ရိုင်းရိုင်းစိုင်းစိုင်းကြီးတွေ ပြောနေကြတယ်။ ကြားရတဲ့လူကလည်း နားမချမ်းသာဘူး၊ တစ်ဖက်သား လူကလည်း စိတ်မပျော့ဘဲ ပိုပြီးရိုင်းသွားတယ်။ စိတ်ပိုကြမ်းသွားတယ်။ အဲ့ဒီလို စကားမျိုးမပြောဘဲ ယာသာဝါစာနေလာ၊ အပြစ်ကင်းတယ်။ **ကဏ္ဏသုခါ**= နားချမ်းသာတယ်။ ကြားရတဲ့ ပုဂ္ဂိုလ် နားချမ်းသာတယ်။ ချစ်ခင်မှု ဖြစ်စေတယ်။ စိတ်ထဲ နှလုံးထဲ စိုက်ထိသွားတယ်။ ဒါတွေဟာ သမ္မာဝါစာလို့ ခေါ်တယ်။ လူတွေရဲ့ အခြေခံဖြစ်တယ်။ မှန်ကန်တဲ့ စကား၊ အကျိုးရှိတဲ့ စကား၊ ဒါတွေပြောတယ်။ ပညာနဲ့ဆင်ခြင်ပြီး တကယ်အကျိုး

ရှိတဲ့ စကားကို ပြောတယ်။ အားလုံးပေါင်းလိုက်တဲ့ အခါကျတော့ ဝစီဒုစရိုက်(၄)ပါးကို ရှောင်ရှားပြီး၊ ဝစီသုစရိုက်(၄)ပါးကို ပြောကြမယ်။ အဲ့ဒါ သမ္မာဝါစာ။

သမ္မာကမ္မန္တ။ လူတွေဟာ ပြောပြီးရင် ပြောတဲ့အတိုင်း လုပ်သလား။ လူတွေဟာ ပြောပြီးရင် ပြောတဲ့အတိုင်းလုပ်တဲ့သူ ရာခိုင်နှုန်းပြည့် မဟုတ်ဘူးနော်။ ပါးစပ်ကပြောတယ်။ လုပ်တော့ တစ်မျိုးလုပ်တယ်။

ပေဿဆိုတဲ့ ဒကာတစ်ယောက် မြတ်စွာဘုရားဆီ လာတယ်။ သူက ဆင်တွေကို အတတ်သင်ပေးတဲ့ ဆရာ၊ သူက ဘာပြောသလဲဆိုရင် လူတွေနဲ့ တိရစ္ဆာန်တွေဟာ မတူဘူးတဲ့၊ မတူပုံ သူက ဘုရားကို ဘယ်လိုလျှောက်သလဲဆိုရင် "ဂုယှနဥ္စေတံ ဘန္တေ ယဒိဒံ မနုဿာ၊ ဥတ္တာနကဥ္စေတံ ဘန္တေ ယဒိဒံ ပသဝေါ"- လူတွေဟာ ဖုံးကွယ်တယ်၊ ကောက်ကျစ်တယ်။ တိရစ္ဆာန်တွေဟာ သိပ်ပြီးတော့ နှလုံးသားပေါ်လွင်တယ်ဘုရား။ လျှို့ဝှက်တာ မရှိဘူး။ ကောက်ကျစ်တဲ့စိတ် မရှိဘူး။

လူတွေက စိတ်ထဲရှိတာတစ်မျိုး၊ ပြောတော့ တစ်မျိုး၊ တိရစ္ဆာန်တွေက သူ့စိတ်ထဲမှာရှိတဲ့အတိုင်း အပြင်ဘက်မှာ ပေါ်လာတယ်။ တိရစ္ဆာန်က ရိုးဖြောင့်တယ်။ ဘယ်လောက်ဆိုးတဲ့ ဆင်ဖြစ်ဖြစ် နှစ်ပြန်၊ သုံးပြန်လောက် မောင်းကြည့်ရင်သိတယ်။ ဒီကောင်ရဲ့ညာဉ်တွေ အားလုံးပေါ်တယ်။ တပည့်တော်အိမ်မှာ ခိုင်းနေတဲ့ လူတွေကျတော့ သူတို့ရဲ့အကျင့်တွေ တစ်လနဲ့လည်း မပေါ်ဘူး၊ နှစ်လနဲ့လည်း မပေါ်ဘူးတဲ့။ လူရှေ့ကျတော့ ဟုတ်ကဲ့

ဟုတ်ကဲ့၊ ကွယ်ရာကျတော့ သူတို့လုပ်ချင်ရာ လုပ်တယ်။ သူပြော တာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၁၀)က လူတွေအကြောင်း ပြောတာ။ ဒီကနေ့ခေတ် လူတွေကို ပြောတာမဟုတ်ဘူး။ ဒီကနေ့ခေတ် လူတွေလည်း ဒီအတိုင်းပဲ ဘာမှမထူးဘူး။ မကောင်းတဲ့ အကျင့်ဟာ မကောင်းဘူး။ လူတွေရှိနေသမျှ ဒါတွေရှိနေဦးမှာပဲ။

**သမ္မာဝါစာ**=မှန်မှန်ကန်ကန် ပြောရမယ်။ **သမ္မာ ကမ္မန္တ**= မှန်မှန်ကန်ကန် လုပ်ရမယ်။ မှန်မှန်ကန်ကန် လုပ်တယ်ဆိုတာ ဘာလဲဆိုရင် သူများအသက်သတ်တာ မလုပ်ဘူး။ သူများပစ္စည်း ခိုးတာမလုပ်ဘူး။ သူများ သားမယား စော်ကားတာ မလုပ်ဘူး။ အဲ့ဒါ သမ္မာကမ္မန္တပဲ။ သူများ အသက်သတ်နေတဲ့လူဟာ စိတ် ငြိမ်းချမ်းမှု ဘယ်ရမလဲ။ သူများပစ္စည်းခိုးတဲ့သူလည်း စိတ် ငြိမ်းချမ်းမှု ဘယ်ရမလဲ။ သူများသားမယား စော်ကားတဲ့ သူလည်း စိတ်ငြိမ်းချမ်းမှုဘယ်ရမလဲ။ သူမရသလို သူ့ ပတ်ဝန်းကျင် လည်းဘယ်ရမလဲ။ ငြိမ်းချမ်းမှု မဖြစ်နိုင်ဘူး။ အဲ့ဒီလို ငြိမ်းချမ်းမှု ပျက်စီးစေတယ်။ အဲဒါကြောင့် သမ္မာကမ္မန္တဟာ အင်မတန် အရေးပါတယ်။ မဂ္ဂင်(၈)ပါးထဲမှာ အဲ့ဒီအကျင့်တွေဟာ အရေးပါတယ်။

သမ္မာအာဇီဝ ဆိုတာ ဘာလဲဆိုရင် လူတွေမှာ အသက် မွေးဝမ်းကျောင်းဆိုတာ ရှိကြတယ်။ ဘယ်နည်းနဲ့ အသက်မွေး ဝမ်းကျောင်းနေကြသလဲ။ အသက်မွေးဝမ်း ကျောင်းနည်း အမျိုးမျိုးရှိတယ်။ ကိုယ်တတ်တဲ့ပညာနဲ့ အမျိုးမျိုး အသက်မွေး

ကြတယ်။ ပညာတတ်တဲ့သူက ပညာနဲ့ အသက်မွေးတယ်၊ တောင်သူလုပ်တတ်တဲ့သူက တောင်သူအလုပ်နဲ့ အသက်မွေးတယ်၊ အရောင်းအဝယ် တတ်တဲ့သူက အရောင်းအဝယ်နဲ့ အသက်မွေးတယ်။ အဲဒီလို အသက်မွေးတဲ့အထဲမှာ မိစ္ဆာဝါစာလို့ဆိုတဲ့ ဝစီဒုစရိုက်၊ မိစ္ဆာကမ္မန္တဆိုတဲ့ ကာယဒုစရိုက်တွေနဲ့ အသက်မွေးရင် မိစ္ဆာအာဇီဝ လို့ခေါ်တယ်။

ကဲ. . . ဘယ်လို အသက်မွေးတာလဲဆိုရင် - မိစ္ဆာဝါစာနဲ့ အသက်မွေးပုံက ဆိုပါစို့ မုသာဝါဒနဲ့ ဘယ်လို အသက်မွေးသလဲ။ သူ့အတွက်သူ သက်သက်လိမ်ပြောတာ၊ ဒါ မိစ္ဆာအာဇီဝ မဖြစ်ဘူး။ မုသာဝါဒ ဝစီဒုစရိုက်ပဲ ဖြစ်တယ်။ ပိုက်ဆံပေးပြီး သူများက လိမ်ခိုင်းလို့ လိမ်တာကျတော့ မိစ္ဆာအာဇီဝဖြစ်တယ်။ တရားရုံးတွေမှာတက်ပြီး ငွေပေးလို့ လိမ်ပြီးထွက်ဆိုရင် မိစ္ဆာအာဇီဝ။ သူက အသက်မွေးမှုနဲ့ ဆိုင်သွားပြီလေ။ ဒီမုသာဝါဒကို အသက်မွေးမှုအနေနဲ့သုံးတဲ့ နည်းလမ်းတစ်ခုအနေနဲ့ အသုံးချတာဖြစ်လို့ အဲ့ဒါ မိစ္ဆာအာဇီဝ ဖြစ်တယ်။

အေး- ဒီကောင်နှစ်ယောက် သိပ်တွဲနေတယ်။ ဒီကောင်နှစ်ယောက် ကွဲအောင်ကုန်းတိုက်စမ်း၊ ငွေပေးပြီး ခိုင်းလို့ ကွဲအောင်လုပ်ရင် ပိသုဏဝါစာ မိစ္ဆာအာဇီဝ ဖြစ်တယ်။ ဝါသနာအရဖြစ်စေ၊ တခြားအကြောင်းနဲ့ဖြစ်စေ ကုန်းတိုက်ရင် ဝစီဒုစရိုက်ပဲ ဖြစ်မယ်။ မိစ္ဆာအာဇီဝ မဖြစ်ဘူး။ နောက်- ဖရုသဝါစာ၊ ငွေကြေးနေယူပြီး ငွေရအောင် သွားဆဲရင် မိစ္ဆာအာဇီဝ ဖြစ်တယ်။ သက်သက်စိတ်ဆိုးလို့ ဆဲရင် ဝစီဒုစရိုက်သာ ဖြစ်တယ်၊ သမ္ဖပ္ပလာပ

= ဒီလူတွေ နဝေတိမ်တောင်ဖြစ်အောင် မင်းသွားပြောစမ်း၊ မင်းလိုချင်တာ ပေးမယ်ဆိုလို့ သွားပြောရင် မိစ္ဆာအာဇီဝဖြစ်တယ်။ ဝါသနာပါလို့ မဟုတ်က ဟုတ်ကတွေ လျှောက်ပြောတာကတော့ သမ္ဖပ္ပလာပ သာ ဖြစ်တယ်။

ပါဏာတိပါတ ကြည့်၊ သူများအသက် သတ်တာ မုန်းလို့ သတ်တာ။ မကျေနပ်လို့ သတ်တာဆိုရင် ကာယဒုစရိုက်ပဲ ဖြစ်တယ်။ အဲ့လိုမဟုတ်ဘဲ ရော့ . . . ဒီလူကို သွားဖြောင် လိုက်စမ်း၊ နှုတ်ပိတ်လိုက်စမ်းဆိုပြီး ငွေပေးလို့ ငွေယူပြီး သွားသတ်ရင် မိစ္ဆာအာဇီဝဖြစ်တယ်။ ပါဏာတိပါတ က သူ့အသက် မွေးဝမ်းကျောင်း ဖြစ်သွားတယ်။ စားဝတ်နေရေးအတွက် ကြက်တွေ၊ ဝက်တွေ မွေးတယ်။ သတ်ပြီး အသား ရောင်းတယ်၊ ဒါကို အသက်မွေးဝမ်းကျောင်းလို့ ခေါ်တယ်။ အဲ့ဒီလို အသက် မွေးဝမ်းကျောင်းအတွက် သတ်တာတွေကျတော့ မိစ္ဆာအာဇီဝ ဖြစ်တယ်။

အဒိန္နာဒါနက မရှိလို့ သူ့ပစ္စည်းကို ခိုးတယ်၊ လိုချင်လို့ ခိုးတာ၊ အမြင်ကတ်လို့ ခိုးတယ်။ ဒါ ကာယဒုစရိုက် ဖြစ်တယ်။ ပိုက်ဆံပေးပြီး ခိုးခိုင်းလို့ ခိုးတာတွေလည်း ရှိသေးတယ်။ အဲ့ဒါမျိုး ကျတော့ သွားခိုးတဲ့သူမှာ မိစ္ဆာအာဇီဝဖြစ်တယ်။ ဒုစရိုက်ကို အာဇီဝနဲ့ ဆက်စပ်ပြီး ကြည့်ရတယ်။ ထို့အတူ ကာမေသုမိစ္ဆာ စာရကျတော့ လူကိုမုန်းတာနဲ့ ကဲ-ဒီမိသားစုကို သွားပြီး ဒုက္ခ ရောက်အောင် လုပ်စမ်း၊ စော်ကားစမ်း။ ပိုက်ဆံရလို့ ဟိုကောင်က စော်ကားတယ်။ အဲ့ဒါ မိစ္ဆာအာဇီဝ ဖြစ်တယ်။ သက်သက်

သူ့ဘာသာသူ စော်ကားတာကျတော့ ကာယဒုစရိုက်ပဲဖြစ်တယ်။ ဒါ လောကမှာ သိရမယ့်အချက်တွေ။

အဲ့ဒါတွေကို ရှောင်လိုက်တယ်ဆိုရင် လူ့ဘဝဟာ ဘယ်လောက် ငြိမ်းချမ်းသွားမလဲ။ မြတ်စွာဘုရားက နိဗ္ဗာန် ရောက်ဖို့ လမ်းကြောင်းကို အရင်ရှင်းပေးတယ်။ လမ်းတစ်ခု ဖွင့်မယ်ဆိုရင် ခလုတ်ကန်သင်းတွေရှင်းမှ လမ်းကြောင်း ဖြောင့်ဖြူးမယ်။

ဒါကြောင့် နိဗ္ဗာန်သွားဖို့က အင်မတန် အရေးကြီးတယ်။ ဒါတွေရှင်းလိုက်ရင် သီလဆိုတဲ့ အခြေခံပိုင်း ပြည့်စုံသွားပြီ။ အဲဒီအခြေခံရှိမှ မှန်မှန်ကန်ကန် ကြိုးပမ်းအားထုတ်မှုဆိုတဲ့ သမ္မာဝါယာမ ဖြစ်တယ်။ မှန်မှန်ကန်ကန် ကြိုးပမ်းအားထုတ်မှု ဆိုတဲ့ သမ္မာဝါယာမ ဖြစ်မှ သမ္မာသတိ ဆိုတဲ့ အမှတ်ရမှု ဖြစ်လာတယ်။ သမ္မာသမာဓိဆိုတဲ့ စိတ်တည်ငြိမ်မှု အခြေခံပိုင်းလေး ရလာတယ်။

ဆိုလိုတာက သီလမပြည့်ဝတဲ့ပုဂ္ဂိုလ်က သမာဓိ တည်ဆောက်ဖို့ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ သူ့စိတ်ထဲမှာ သိနေတာတစ်ခု၊ လုပ်နေတာတစ်ခု၊ စိတ်နှစ်ခွကြီး ဖြစ်နေတယ်၊ မငြိမ်ဘူး။ စိတ်နှစ်ခွကြီးနဲ့ သမာဓိ ဘယ်လိုမှ မရနိုင်ဘူး။ ဒါကြောင့် 'သီလ' က သမ္မာသမာဓိ ကို အထောက် အကူ ပြုတယ်။ အဲဒီလို အထောက်အကူပြုတဲ့ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သုံးခုကို သမာဓိအုပ်စုလို့ ခေါ်တယ်။

အဲ့ဒီ သမာဓိအုပ်စုကို အထောက်အကူပြုနေတာဟာ **သမ္မာဝါစာ၊ သမ္မာကမ္မန္တ ၊ သမ္မာအာဇီဝ** ဆိုတဲ့ သီလအုပ်စု ဖြစ်တယ်။ အဲဒီလို သီလအုပ်စုက အထောက်အကူပြုလိုက်တဲ့ အခါကျတော့ အတွေးမှန်လာမယ် သမ္မာသင်္ကပ္ပ။ အတွေးမှန်လာ တော့မှ အမြင်မှန်တယ်၊ နားလည်မှု မှန်ကန်လာတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိဆိုတာ ဖြစ်လာတယ်။ ဒါက မဂ္ဂင်(၈)ပါး အကျဉ်း အားဖြင့် မှတ်သားဖို့။ လက်တွေ့ကျင့်သုံးတဲ့ မဂ္ဂင်(၈)ပါး အခြေခံ မဂ္ဂင်ကနေစပြီးတော့ ပေါင်းလိုက်တဲ့အခါကျတော့ အဆင့်မြင့်တဲ့ မဂ္ဂင်(၈)ပါး ဖြစ်လာနိုင်တယ်။

အဲအခါကျတော့ တစ်လုံးတည်း၊ တစ်စုတည်း ဆောင်ရွက် သွားတယ်။ နိဗ္ဗာန်ကို အာရုံပြုတဲ့အခါကျတော့ မဂ္ဂ ဟာ တစ်လုံး တစ်စည်းတည်း unity ဖြစ်တယ်။ အခြေခံပိုင်းကျတော့ တစ်ခုနဲ့တစ်ခု unity မဟုတ်သေးဘူး။ တစ်ခုနဲ့တစ်ခု အထောက် အကူ ပြုသွားတယ်။ အပိုင်းလိုက်လေး အပိုင်းလိုက်လေး ဖြစ်ပေမယ့်လို့ ဒီအပိုင်းသုံးပိုင်းဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှု မရှိဘဲ တည်နေတာ မဟုတ်ဘူး။ ဆက်စပ်ပြီး တည်နေကြတယ်။ တစ်ခုဖြုတ်လိုက်လျှင် ကျန်တာပျက်သွားမယ်။ ဒီလိုဆိုလိုတယ်။ အဲဒီတော့ ပေါင်းလိုက်တဲ့အခါကျတော့ သီလပိုင်း၊ သမာဓိပိုင်း၊ ပညာပိုင်းလို့ သုံးပိုင်းရှိတယ်။ သီလပိုင်း ခိုင်လုံတဲ့အခါကျရင် သမာဓိပိုင်းရတယ်။ သမာဓိပိုင်းရရင် ပညာပိုင်းရတယ်။

ဒါဖြင့် မြတ်စွာဘုရားက ပညာပိုင်းကို ဘာဖြစ်လို့ ရှေ့က ထားသလဲ ဆိုလို့ရှိရင် ပညာက သီလပိုင်းမှာလည်း control

လုပ်ရမယ်။ သမာဓိပိုင်းမှာလည်း control လုပ်ရမယ်။ အတွေးမှန်နဲ့ အမြင်မှန်မှ မရှိဘူးဆိုရင် သီလလည်း ပြည့်စုံမှာ မဟုတ်ဘူး၊ ရှေ့ဆုံးထားပြီး ဟောလိုက်တာ၊ ကြည့်လေ။ သံသရာ လည်စေတဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့ အဝိဇ္ဇာကို ရှေ့တန်းတင်ပြီး ဟောထားတယ်၊ သံသရာလည်တာက အမှန်မသိလို့လည်တာ၊ သံသရာကထွက်ဖို့ကျတော့ အမှန်သိတဲ့ သမ္မာဒိဋ္ဌိကို ရှေ့တန်း တင် ဟောထားတယ်။ ဒီနှစ်ခုဟာ၊ မြတ်စွာဘုရားရဲ့ တရား ဒေသနာတော်ဟာ တကယ့်ကို reasonable ဖြစ်တာပဲ။ အမှတ်တမဲ့ ဟောတာ မဟုတ်ဘူး။

မြတ်စွာဘုရား တကယ်ဟောတဲ့တရား၊ တကယ့်ကို စနစ်တကျ ဟောထားတယ်။ အေး - မဂ္ဂင်(၈)ပါးဆိုတာ ဒီနိဗ္ဗာန်တံခါးပဲ။ နိဗ္ဗာန်ကိုသွားဖို့ လမ်းချည်းပဲ၊ နိဗ္ဗာန်တံခါးဆိုတာ သမ္မာဒိဋ္ဌိ စတဲ့ မဂ္ဂင် ၈-ပါး အစုအစည်း (unity of Path) ပဲ။ အဆင့်မြင့်သွားရင် အရိယမဂ္ဂလို့ ဟောတာဟာ နိဗ္ဗာန်တံခါးကြီး ပဲ။ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းကိုလည်း ဟောဒီ မဂ္ဂင် (၈)ပါးနဲ့ပဲ ဖွဲ့စည်းထားတယ်။

မဂ္ဂင်(၈)ပါးဟာ ဘယ်လောက်ထိအောင် အရေးပါသလဲ ဆိုရင် မြတ်စွာဘုရားကဟောတဲ့ ပထမဆုံးတရား ဓမ္မစကြာသုတ် မှာလည်း မဂ္ဂင်(၈)ပါးပဲ အဓိကဟောထားတယ်။ တခြား တခြား သုတ္တန် တွေမှာလည်းပဲ မဂ္ဂင်(၈)ပါးမပါတာ မရှိဘူး။ နောက်ဆုံး ပရိနိဗ္ဗာန်စံမယ့်၊ ညောင်စောင်းမှာ လျောင်းစက်နေတဲ့အချိန်၊ သုဘဒ္ဒပရိဗိုဇ်ကြီးက မေးတယ်။ အရှင်ဘုရားတဲ့ -ပူရဏကဿပ

တို့ မက္ခလိဂေါသာလတို့ သူတို့ကိုယ်သူတို့ ဘုရားလို့ ဝန်ခံတယ်။ တစ်ယောက်နဲ့ တစ်ယောက်လည်း ဝါဒချင်းမတူကြဘူး။ သူတို့ ပြောတဲ့အတိုင်း ဟုတ်ရဲ့လားလို့ မေးတော့ -

မြတ်စွာဘုရားက မင်း ဒါတွေမေးမနေနဲ့၊ အချိန်မရှိဘူး တဲ့။ ငါပြောမယ်။ မဂ္ဂင်(၈)ပါးမှ မရှိဘူးဆိုရင် ဘယ်တော့မှ အောင်မြင်တဲ့ သမဏဆိုတာ မဖြစ်နိုင်ဘူး။ ရဟန်းဆိုတာ မရှိဘူး။ အောင်မြင်တဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဆိုတဲ့ သမဏမျိုး မရနိုင်ဘူး။ မဂ္ဂင်(၈)ပါးက အဓိကပဲလို့ ဆိုလို တယ်။ မဂ္ဂင်(၈)ပါးမရှိတဲ့ သာသနာဟာ သာသနာအစစ် မဟုတ် ဘူး။ ဘယ်တော့မှ အောင်မြင်ပေါက်ရောက်မယ့် သာသနာမျိုး မဟုတ်ဘူး။ မဂ္ဂင်(၈)ပါး လမ်းစဉ်ချမှတ်ထားတဲ့ သာသနာ သည်သာလျှင် တကယ့် ထာဝရငြိမ်းချမ်းမှုကိုပေးနိုင်တယ်လို့ မြတ်စွာဘုရားက အတိအလင်း ထုတ်ဖော်ဟောထားတာ ရှိတယ်နော်။

အေး ဒါကြောင့်မို့ ဒီမဂ္ဂင်(၈)ပါးဟာ နိဗ္ဗာန်တံခါးကြီးပါပဲ။ အဲဒီနိဗ္ဗာန်တံခါးကြီးဖြစ်တဲ့ မဂ္ဂင် (၈)ပါးထဲမှာ မြတ်စွာဘုရားက အဓိကထားပြီးတော့ ဟောလိုက်တာ ဘာတုံးဆိုလို့ရှိရင် သမ္မာဒိဋ္ဌိ ကို Right View မှန်ကန်တဲ့ အမြင်၊ မှန်မှန်ကန်ကန် နားလည် သဘောပေါက်ခြင်း အသိပညာကို ပြောတာ။

စဉ်းစားကြည့်မယ် ဆိုလို့ရှိရင် ပြဿနာတစ်ခုကို ဖြေရှင်း တော့မယ်ဆိုရင် ထိုပြဿနာကို မှန်မှန်ကန်ကန် နားလည်မှု ဆိုတာ အရေးကြီးဆုံးပဲ။ ဘယ်အရာပဲဖြစ်ဖြစ် ပြဿနာတစ်ခု

ရှိလာပြီဆိုရင် (၁) ပြဿနာကို ပြဿနာလို့ မြင်ရမယ်။ ပြဿနာကို ပြဿနာမဟုတ်ပါဘူးလို့ မြင်နေရင် ဖြေရှင်းဖို့ ကြိုးစားမှာမဟုတ်ဘူး။ သစ္စာ(၄)ပါးနဲ့ ပြောမယ်ဆိုလို့ရှိရင် ဘဝကို ဒုက္ခလို့ မြင်ရမယ်။ ဒုက္ခလို့ မမြင်သေးသမျှ တွယ်တာနေဦးမှာပဲ။

အဲ့ဒီတော့ သမ္မာဒိဋ္ဌိဆိုတာ ပြဿနာကို ပြဿနာလို့ မြင်တယ်။ မြင်လာတဲ့အခါကျတော့ အကြောင်းတရားက ဘာလဲဆိုတာ ရှာရတယ်။ ဘာကြောင့် ဒီပြဿနာဖြစ်သလဲ ဆိုတာ ရှာရမယ်။ ပြဿနာ ပြေသွားတာကိုလည်း မြင်တယ်။ ပြဿနာ ပြေလည်သွားဖို့ နည်းလမ်း ( the way of solution) ဆိုတာကိုလည်း မြင်တယ်။ ပြဿနာနဲ့စပ်ပြီး ဒီအခြေခံ အကြောင်း တရား (၄)မျိုးကို မြင်တယ်။

သစ္စာ(၄)ပါးဆိုတာ ဒါကိုပြောတာ၊ ဒုက္ခဆိုတာ တွေ့ပြီးရင် ဒုက္ခရဲ့ အကြောင်းတရား ဘာလဲ ရှာရမယ်။ ဒုက္ခချုပ်ငြိမ်းသွားခြင်းရဲ့ အကြောင်းကိုလည်း သိရမယ်။ ဒုက္ခချုပ်ငြိမ်းခြင်းသို့ ရောက်စေတဲ့ အကြောင်းတရားကိုလည်း သိရမယ်။ ဒါကို "ဒုက္ခ၊ ဒုက္ခသမုဒယ၊ ဒုက္ခ နိရောဓ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ"လို့ ဟောတယ်။ မြတ်စွာဘုရားက ဘယ်နေရာဖြစ်ဖြစ် ဒီအတိုင်း သွားတယ်။ မြတ်စွာဘုရားက သံသရာကြီးထဲမှာ အင်မတန် ကြီးမားတဲ့ ဒီပြဿနာကြီးကို ဖြေရှင်းဖို့ရန်အတွက် ဒီ(၄)ချက်ပဲ။

လောကီကိစ္စတွေမှာလည်း တကယ်စဉ်းစားရင် ဒီ(၄)ချက်ပါပဲ။ ဥပမာ- ဆရာဝန်တွေ ဆေးကုမယ် ဆိုလို့ရှိရင် ရောဂါတွေ့သွားပြီတဲ့ ။ ဥပမာဆိုပါစို့ (၁)ဗိုက်ထဲက နာနေတယ် (problem)

(၂) ဒီဗိုက်နာတာ ဘာကြောင့်လဲ (the cause of problem) ပြဿနာရဲ့အကြောင်း မရှာဘူးလား။ အဲဒါတွေ့ပြီဆိုတော့မှ (၃) ဒီရောဂါဟာ ပျောက်နိုင်တယ်၊ မပျောက်နိုင်ဘူးဆိုတာ၊ (၄) ပျောက်မယ်ဆိုရင် ဘယ်နည်းနဲ့ပျောက်မှာလဲ (the way of treatment ) ကုသနည်းကို ရှာရမယ်။ ဒါ သစ္စာ(၄)ပါး စနစ်ပဲ။

ပြဿနာတစ်ခု ဖြစ်နေတယ်ဆိုရင် ထိုပြဿနာရဲ့ အကြောင်းတရား ရှိရမယ်။ ထိုပြဿနာ ငြိမ်းသွားတာ ရှိရမယ်။။ ထိုပြေငြိမ်းမှု နည်းလမ်းဆိုတာ ရှိရမယ်။ ဟောဒီ (၄)ခုကို သိရမယ်။ သစ္စာ(၄)ပါးကို သိတယ်၊ ဒါမျိုးကိုသိတာ။ ဒါမှ အမှန်အကန်။ မြတ်စွာဘုရားက သံသရာဝဋ်က လွတ်ဖို့ရန် အတွက်၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းဖို့ရာအတွက် ဟောဒီ (၄)ချက် သိတယ်။ သာမန်ကိစ္စတွေမှာလည်း ဟောဒီ (၄)ချက်နဲ့ သွားတာ ပဲ။ အကုန်လုံးပဲ။

အေး ဒါ့ကြောင့်မို့ သမ္မာဒိဋ္ဌိကို မြတ်စွာဘုရားက မှန်ကန်သောအမြင် Right Understanding ဆိုတာ ဘာပြောတာတုံးဆိုရင် ဒုက္ခကို သိတာ၊ နားလည်တာ။ ဒုက္ခရဲ့ အကြောင်းတရားကို သိတာ။ ဒုက္ခချုပ်ငြိမ်းမှုကို သိတာ။ ဒုက္ခ ချုပ်ငြိမ်းကြောင်း နည်းလမ်းကို သိတာ။ အဲဒီလို သိတာ မြင်တာကို အဆင့်မြင့်တဲ့ သမ္မာဒိဋ္ဌိလို့ မြတ်စွာဘုရားက ဟောတယ်။ အဲ့ဒီတော့ နိဗ္ဗာန်တံခါးကြီးဆီ သွားမယ့်ပုဂ္ဂိုလ်၊ နိဗ္ဗာန်ကိုသွားမယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလို မှန်မှန်ကန်ကန်

မြင်ဖို့ အရေးကြီးပါတယ်တဲ့။ အဲဒီလိုမှ မမြင်ဘူးဆိုလို့ရှိရင် နိဗ္ဗာန်ကိုသွားဖို့ မဖြစ်နိုင်ပါဘူးတဲ့။

နိဗ္ဗာန်တံခါးကြီးဆိုတာ- မဂ္ဂင် (၈)ပါး အဖွဲ့အစည်းကြီးကို ပြောတာ။ အဲဒီလမ်းကြောင်းအတိုင်း လျှောက်၊ နိဗ္ဗာန်ရောက်မှာ သေချာတယ်။ ဒီလမ်းကြောင်းက သွေဖည်လို့ကတော့ နိဗ္ဗာန် မရောက်နိုင်ဘူးတဲ့။

အေး ဒါ့ကြောင်မို့ သမ္မာဒိဋ္ဌိဆိုတာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ အခြေခံအားဖြင့် ဘာပြောရမှာတုံး ဆိုလို့ရှိရင် **ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိက သမ္မာဒိဋ္ဌိ(၂)မျိုးကို** အခြေခံအားဖြင့် မှတ်ထားရမယ်။ သမ္မာဒိဋ္ဌိ(၅)မျိုးဆိုတာလည်း ရှိပါတယ်။ ဘာလဲဆိုလို့ရှိရင် ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပေါင်း (၅)မျိုး ရှိတယ်။ ဒီနေရာမှာ လောကီအခြေခံအားဖြင့် သမ္မာဒိဋ္ဌိမှာ ကမ္မဿကတာသမ္မာဒိဋ္ဌိဟာ အခြေခံအကျဆုံးပဲ။ ကမ္မဿကတာသမ္မာဒိဋ္ဌိမှ မရှိရင် ဒီပုဂ္ဂိုလ်သည် နိဗ္ဗာန်မပြောနဲ့၊ နတ်ပြည်တောင် မရောက်နိုင်ဘူး။

ကြည့်၊ မနေ့က ဟောခဲ့တဲ့ မက္ခလိဂေါသာလတို့၊ ပူရဏကဿပတို့၊ အဇိတတို့ဟာ ဟောဒီ သမ္မာဒိဋ္ဌိကို လုံးဝ ငြင်းပယ်ထားတယ်။ ကံတရားကို လုံးဝငြင်းပယ်ထားတယ်။ ပူရဏကဿပက အကျိုးတရားကို ငြင်းပယ်လိုက်တယ်။ နောက်ပြီး မက္ခလိဂေါသာလက အကြောင်းတရားကို ငြင်းပယ်လိုက်တယ်။ အဇိတက (၂)မျိုးလုံးငြင်းပယ်လိုက်တယ်

ဆိုတော့ ဘုရားအဆူဆူက ကံဆိုတာရှိတယ် လက်ခံပြီး ဟောထားတာကို သူတို့က လုံးဝပယ်ဖျက်ပြီးတော့ ဟောတယ်။ လုံးဝကို ပြောင်းပြန်ဟောတယ်။ အဲဒါတကယ့်ကို အရေးကြီးတဲ့ မိစ္ဆာဒိဋ္ဌိပဲ။ အဲ့ဒါတွေကို လက်ခံထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘယ်တော့မှကောင်းရာသုဂတိကို မရောက်နိုင်ဘူး။ သူ့ရဲ့ သွားလာလမ်းက အောက်လမ်းတစ်ခုပဲရှိတယ်။ အပေါ်မတက် နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူရဲ့ လုပ်ရပ်ကြောင့်ပဲ၊ သူ့အမြင် အတိုင်း သူသွားရတယ်။

အဲဒီတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဆိုတာနဲ့ ပတ်သက် ပြီးတော့ မြတ်စွာဘုရားက ဘာဟောထားတုံး '**ကမ္မဿကာ ဘိက္ခဝေ သတ္တာ ကမ္မဒါယာဒါ**'= လူတိုင်းလူတိုင်းဟာ၊ သတ္တဝါမှန်သမျှဟာ ကိုယ်လုပ်တဲ့ ကံကို ပိုင်ဆိုင်မှုရှိကြတယ်။ ဒီမှာ စေတနာကို ကံလို့ခေါ်တယ်။ ထိုစေတနာသည် ကိုယ်ရဲ့ ရင်ထဲ၊ နှလုံးထဲမှာ ဖြစ်သွားလို့ ထိုရင်ထဲ၊ နှလုံးထဲမှာဖြစ်တဲ့ ပုဂ္ဂိုလ်နဲ့သာ သက်ဆိုင်တယ်။ ကျန်တဲ့ပုဂ္ဂိုလ်နဲ့ မဆိုင်ဘူး။ ကမ္မဿ ကတာသမ္မာဒိဋ္ဌိနဲ့စပ်ပြီး ကံအကြောင်းပြောရင် တော်တော် ကျယ်ကျယ်ပြန့်ပြန့် ပြောဖို့လိုသေးတယ်။

ကမ္မဿကတာသမ္မာဒိဋ္ဌိကို အဋ္ဌကထာ ဆရာကြီးတွေက အဓိပ္ပာယ်တစ်မျိုးနဲ့ ဖွင့်ထားတာရှိတယ်။ သူတို့ဖွင့်တဲ့ အဓိပ္ပါယ်ကဘာတုံးဆိုရင် '**ကမ္မံ သကံ ယေ သန္တိ ကမ္မဿကာ**'= ကုသိုလ်ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ၊ အကုသိုလ်ကံဟာ ကိုယ့်ကို အကျိုးမပြုသည့် အတွက်ကြောင့် ကိုယ့်ဟာမဟုတ်ဘူး။ ကိုယ်ပိုင်

မဟုတ်ဘူး။ ကုသိုလ်ကံသာလျှင် ကိုယ်ပိုင်ဆိုတဲ့အဓိပ္ပာယ်နဲ့ ဖွင့်တယ်။ သို့သော် မြတ်စွာဘုရား ဒီသုတ္တန်မှာ ဟောလိုတာက ကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကုသိုလ်ကံပဲဖြစ်ဖြစ် လုပ်တဲ့သူနဲ့သာ ဆိုင်တယ်။ တခြားသူနဲ့ မဆိုင်ဘူး။

ကမ္မဒါယာဒါ-သတ္တဝါတွေဟာ ကံကပေးတဲ့ အမွေကိုသာ ရယူကြရတယ်။ ဘုန်းကြီးတို့တစ်တွေ လူဖြစ်လာတာ ဘယ်သူက ပေးတုံး၊ ကံကပေးတာ၊ ကံနဲ့ ဆိုင်တယ်။ ကံက မင်းမျက်လုံး ကောင်းကောင်းဆိုရင် မျက်လုံးကောင်းကောင်း၊ မျက်စိမပါနဲ့ဆို မျက်စိမပါဘူး။ ဦးနှောက်မကောင်းစေနဲ့ဆို ဦးနှောက်မကောင်း ဘူး။ အရုပ်ဆိုးဆို အရုပ်ဆိုး။ ကံကပေးတဲ့ အမွေအတိုင်းကို ခံရတာ။ အဲ့ဒါပြောတာ။ ကံရဲ့အမွေကိုခံရတာ၊ ဘယ်သူ့အမွေမှ ခံရတာ မဟုတ်ဘူး။ မဟုတ်ပါဘူး။ တပည့်တော်တို့ အမေအဖေ အတိုင်း ဖြစ်ရတာပါဆိုရင် အမေအဖေက အသားမည်းပြီး သားသမီးက ဖြူတာရှိတယ်။ အမေအဖေက ဉာဏ်မကောင်း၊ သားသမီးက ဉာဏ်ကောင်းတာ ရှိတယ်။ အမေအဖေက တော် တယ်၊ သားသမီးက ဉာဏ်လေးတယ်ဆိုတာ ရှိတယ်။ မျိုးစုံပဲ၊ မတူဘူး။ ညီအစ်ကို မောင်နှမချင်းတောင်မှ မတူတာ။

သတ္တာ၊ သတ္တဝါတွေဟာ။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါပေကုန်၏။ ကမ္မဒါယာဒါ၊ ကံကပေးတဲ့ အမွေကိုသာ ခံကြရကုန်၏။ ကမ္မယောနီ၊ ကံသာလျှင် ဒီဘဝရောက်လာစေတတ်တဲ့ အကြောင်းရှိကြပါကုန်၏။

**ကမ္မဗန္ဓူ၊** ကံသာလျှင် ဆွေမျိုးရှိကြပါကုန်၏။ **ကမ္မပ္ပဋိသရဏာ၊** ကံသာလျှင် အားကိုးစရာ ရှိကြပါပေကုန်၏။

ဘုန်းကြီးတို့တစ်တွေ လူလောကထဲ လာတုန်းက တစ်ယောက်တည်း လာတာလား၊ နှစ်ယောက် လာတာလား။ (တစ်ယောက်တည်းလာတာပါဘုရား)။ အမြွာပူးတွေကျတော့ ဘယ်လိုပြောမလဲ။ (ရယ်ကြသည်)။ အမှန်တော့ သူတို့လည်း တစ်ယောက်နဲ့တစ်ယောက် သိတာမဟုတ်ပါဘူး။ လာတာ တော့လည်းတစ်လမ်းစီက လာခဲ့ကြတာပဲ။ မတော်တဆ ဇရပ်တစ်ခုပေါ်မှာ ဝင်တည်းမိတာ၊ ဆုံမိတာမျိုး ဖြစ်တာပါ။ လာတဲ့လမ်းကြောင်းခြင်းတော့ တူမှာမဟုတ်ပါဘူး။ လူတွေဟာ ကံကမွေးဖွား ပေးလိုက်တာ။ မွေးဖွားခြင်းရဲ့ အကြောင်းကလည်း ကံပဲ။

**"ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒါ ဘဝိဿန္တိ။ ကလျာဏံ" ဝါ၊** ကောင်းတဲ့ ကုသိုလ်ကံပဲ ဖြစ်စေ။ **ပါပကံဝါ၊** မကောင်းတဲ့ အကုသိုလ်ကံပဲ ဖြစ်စေ။ **ယံကမ္မံ၊** အကြင်ကံကို။ **ကရိဿန္တိ၊** ပြုလုပ်ကြပေကုန်၏။ **တဿ ကမ္မဿ ဒါယာဒါ ဘဝိဿန္တိ။** အဲဒီ ကောင်းတဲ့ကံ၊ မကောင်းတဲ့အကုသိုလ်ကံရဲ့ အမွေကို ခံရတဲ့ပုဂ္ဂိုလ် ဖြစ်ကြရလေကုန်၏။

ဒါက ကမ္မဝါဒကို ပြောတာ။ ကိုယ်လုပ်တဲ့ ကံကို ကိုယ်ခံရတယ်။ ပုံမှန်အားဖြင့် ဒီအတိုင်း မှတ်ထား။ သတ္တဝါ တွေဟာ

ကံပေးတဲ့အတိုင်း ဖြစ်ရတယ်ဆိုတဲ့ အမြင်ဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိပဲ။

ပူရဏကဿပကပြောတယ်၊ အကုသိုလ် ဆိုတာမရှိဘူး။ အကုသိုလ်ရဲ့ အကျိုးလည်း မရှိပါဘူး။ ကုသိုလ်ဆိုတာ မရှိဘူး။ ကုသိုလ်အကျိုးလည်းမရှိဘူး။ မြတ်စွာဘုရားဟောတာနဲ့ ဆန့်ကျင်ဘက် ဖြစ်မနေဘူးလား။ အနည်းဆုံး လူဖြစ်လာရင် ကံကို ယုံကြည်တဲ့သူ ဖြစ်ရမယ်။ ကံကို ယုံကြည်တဲ့ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာဝင်တွေသာ မဟုတ်ဘူး၊ တခြားလူတွေလည်း နတ်ပြည်ရောက်နိုင်တယ်။ ကံကို ယုံကြည်ပြီး ကုသိုလ်ကောင်းမှုပြုတာ၊ ဒါနပြုတာ ရင်ထဲနှလုံးထဲကတူမှ အကုန်တူတယ်ပြောတာ။

ယေဘုယျအားဖြင့်ပြောရင် ဗုဒ္ဓဘာသာဝင်မှ မဟုတ်ဘူး၊ အခြားဘာသာဝင်တွေလည်း ဒီအလုပ်မျိုး လုပ်ရင် အကောင်းဖြစ်မှာပဲ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ ဓမ္မနဲ့ဆိုင်တယ်။ ဒါကြောင့် သူ့သဘော သူဆောင်တဲ့ အရာတွေကို ဓမ္မ လို့ပြောတာ။ အဲဒီလို ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိလာပြီဆိုရင် ဒီပုဂ္ဂိုလ်တွေဟာ အခြေခံ သမ္မာဒိဋ္ဌိဉာဏ်တစ်ခု ရလာပြီလို့ ပြောရမယ်။ မဂ္ဂင်(၈)ပါးထဲမှာ ဒါ အဆင့်အနိမ့်ဆုံး သမ္မာဒိဋ္ဌိပဲ။ ဒါလေးမှမရှိရင် အဆင့်မြင့်တဲ့ သမ္မာဒိဋ္ဌိ မရနိုင်ဘူး။ အဆင့်နိမ့်တဲ့ သမ္မာဒိဋ္ဌိ အစပျိုးလာရုံနဲ့ နိဗ္ဗာန်ပို့သလားဆိုရင် မပို့နိုင်ဘူး။ အစလေး၊ အခြေခံလေးပဲ ရှိသေးတယ်။

နိဗ္ဗာန်ရောက်ဖို့ရာအတွက် သမ္မာဒိဋ္ဌိ တစ်ဆင့် ရှိသေးတယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိ (၂)မျိုး မှတ်ရမယ်။ ကမ္မဿကတာ

**သမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိကသမ္မာဒိဋ္ဌိ** (၂)မျိုးခွဲပြီး ဟောပါမယ်။ ဒါက အဋ္ဌကထာ တစ်စောင်ရဲ့ မိန့်ဆိုချက်၊ အေး-ကမ္မဿကတာသမ္မာဒိဋ္ဌိကို အကျဉ်းချုံးပြောရမယ်ဆိုလို့ရှိရင် လူ့လောကမှာ ဆူကြဲနိမ့်မြင့် ကွဲပြားခြားနားကြတယ်။ တချို့က အသက်တိုတယ်။ တချို့က အသက်ရှည်တယ်။ ဒီလို ဖြစ်နေတာ ဘာကြောင့်ဆိုရင် ကံကနေပြီး ခွဲပေးနေတာ။ မိသားစုထဲမှာပဲ တချို့ကအသက်ရှည်တယ်၊ တချို့က အသက်တိုတယ်၊ တချို့က ရောဂါများပြီး တချို့က ရောဂါနည်းတယ်၊ တချို့က လှတယ်၊ တချို့က အရုပ်ဆိုးတယ်။ တချို့က ချမ်းသာတယ်၊ တချို့က ဆင်းရဲတယ်၊ တချို့က ဩဇာရှိတယ်။ တချို့က မရှိဘူး၊ တချို့က ဂုဏ်သရေ မြင့်မားတယ်။ တချို့က မမြင့်မားဘူး။ တချို့က တော်တယ်။ တချို့က မတော်ဘူး။ မိသားစုထဲမှာပဲ ကြည့်လေ။ ဒါ ဘယ်သူက လုပ်သလဲ၊ ကံက လုပ်တယ်။ မြတ်စွာဘုရားက **စူဠကမ္မဝိဘင်္ဂသုတ်**မှာ ဟောထားတယ်။

ပြည့်ပြည့်စုံစုံ စူဠကမ္မဝိဘင်္ဂသုတ်ကို ဟောရင်တော့ (၁)ရက်၊(၂)ရက်လောက် ဟောရမယ်။ ဒါပေမဲ့ အားလုံးခြုံငုံပြီး ပြောရရင် သူများအသက် သတ်တဲ့ပုဂ္ဂိုလ်တွေ အသက်တိုတယ်။ ငရဲကျပြီးနောက် လူဖြစ်လာရင် အသက်တိုတယ်။ အသက်ရှည်တာကျတော့ ပါဏာတိပါတ ရှောင်ကြဉ်တဲ့ပုဂ္ဂိုလ်တွေပေါ့။ ရှောင်ကြဉ်သည့်အတွက်ကြောင့် ကောင်းရာသုဂတိ ရောက်တယ်။ လူဖြစ်ရင်လည်း အသက်ရှည်တယ်ပေါ့။ အဲဒီလို

စူဠကမ္မဝိဘင်္ဂသုတ်မှာ ဘုရားက ကံနှင့်ပတ်သက်ပြီး ဟောထားတယ်။

မဟာကမ္မဝိဘင်္ဂသုတ်မှာ ဒီထက် စဉ်းစားစရာတွေ ပိုပြီး ပါလာတယ်။ မဟာကမ္မဝိဘင်္ဂသုတ်နဲ့ ပတ်သတ်ပြီး ကမ္မသကတာသမ္မာဒိဋ္ဌိရဲ့ အခြေခံလေး ပြောရမယ်ဆိုရင်-

လူတစ်ယောက်ဟာ မကောင်းတာ လုပ်တယ်။ ဒုစရိုက် (၁၀)ပါးကိုလည်း အကျဉ်းမှတ်လိုက်နော်။ (၁) လူတစ်ယောက်ဟာ စိတ်နေစိတ်ထားကစပြီး မကောင်းဘူး။ မကောင်းတာချည်းဘဲ လုပ်တယ်။ သေတဲ့အခါ ငရဲကျသွားတယ်။ ဒါ တစ်ယောက်။ (၂) လူတစ်ယောက်ဟာ မကောင်းတာတွေ လုပ်တယ်၊ သေတဲ့အခါကျတော့ နတ်ပြည်ရောက်တယ်။ ဒါ တစ်ယောက်။ (၃) လူတစ်ယောက်ဟာ သုစရိုက်တွေပဲ လုပ်တယ်၊ သေတဲ့အခါ ကောင်းရာသုဂတိ ရောက်တယ်။ ဒါတစ်ယောက်။ (၄) လူတစ်ယောက်ဟာ အကျင့်ကောင်းတယ်၊ ကောင်းတာတွေ ချည်းပဲ လုပ်တယ်၊ သေတော့ ငရဲရောက်သွားတယ်။ ဒါ တစ်ယောက်။

အဲ့ဒီလေးမျိုးနဲ့ ပတ်သက်ပြီးတော့ တခြားဘာသာတွေက ဘယ်လိုတွေ့ရှိလဲ။ ဗုဒ္ဓမြတ်စွာမပွင့်ခင်က အကြားအမြင် ဆရာတွေထက် အဆင့်မြင့်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ရတဲ့ သမဏ ဗြာဟ္မဏတွေဟာ သူတို့မှာ မြင်နိုင်တဲ့ စွမ်းအားသတ္တိရှိပေမယ့် သူတို့ ဟောပြောချက်က မပြည့်စုံဘူး။ ကံနဲ့ပတ်သက်ပြီး ဒီ(၄) ချက်မှာ မျက်စိလည်သွားတယ်။

ပထမပုဂ္ဂိုလ်တစ်ယောက်ဟာ မကောင်းတာတွေချည်း လုပ်တယ်။ မကောင်းတာလုပ်လို့ ငရဲကျသွားတယ်။ မကောင်းတဲ့ ဘုံ ရောက်သွားတယ်။ အဲဒါကို သမာဓိစွမ်းအားရှင်က ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တဲ့အခါ ငရဲခံနေရတာ တွေ့ရလို့ theory တစ်ခုကို ထုတ်ဖော်လိုက်တယ်။ မကောင်းမှု အကုသိုလ်ဆိုတာ ရှိတယ်။ မကောင်းမှု အကုသိုလ်ရဲ့ အကျိုးလည်း ရှိတယ်။ ကြည့်လေတဲ့၊ မကောင်းတာလုပ်တဲ့သူ ငရဲကျသွားပြီ။ ဒါကြောင့် ဒီအချက်ကို ကြည့်ပြီး မကောင်းတာလုပ်တဲ့သူမှန်သမျှ ငရဲသွားမယ်လို့ conclusion ဆွဲတယ်။ ဒါကို မြတ်စွာဘုရားက လက်မခံဘူး၊ ဝေဖန်ပြတယ်။

ဒုတိယအမျိုးအစားကျတော့ မကောင်းတာတွေ လုပ်ပြီး နတ်ပြည်ရောက်နေသူ ဖြစ်တယ်။ ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တော့ နတ်ပြည်ရောက်နေတာ မြင်ရတယ်၊ ဟ- ဒီလူ မကောင်းတာတွေ လုပ်ပြီး သေတော့ နတ်ပြည်ရောက်နေပါလား။မကောင်းတာတွေ လုပ်ပြီး ဘာဖြစ်လို့ နတ်ပြည်ရောက်နေလဲဆိုတာ အကြောင်းရင်းကို သေချာမသိဘူး။ ဒါနဲ့ theory တစ်ခု ထုတ်လိုက်တယ်။ မကောင်းမှု အကုသိုလ်ဆိုတာ မရှိဘူး။ မကောင်းမှု အကုသိုလ်ရဲ့ အကျိုးတရားလည်းမရှိဘူး။ ဒီလောက်ဆိုးတဲ့ကောင်တောင် နတ်ပြည်ရောက်နေတာပဲ။ ဒီ theo.y ထုတ်ပြီးတော့ မကောင်းတာ လုပ်လည်း သူဖြစ်ချင်ရာ ဖြစ်မှာပဲဆိုတဲ့ conclution ကို ဆွဲလိုက်တယ်။

ထိုအတူပဲ၊ ကောင်းတာလုပ်ပြီး ကောင်းတဲ့ဘုံ ရောက်တဲ့ ပုဂ္ဂိုလ်ကို ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်လို့မြင်ရင် အေး ကုသိုလ် ကောင်းမှုဆိုတာရှိတယ်။ ကုသိုလ်အကျိုးတရား ဆိုတာလည်း ရှိတယ်ဆိုတဲ့ theory ကို ဆွဲလိုက်တယ်။ ကြည့်-ဒီလူတစ်ယောက် ကောင်းတာတွေလုပ်ပြီး ကောင်းတဲ့ဘုံရောက်နေပြီလို့ ပြောပြီး သူက ဘာ conclution ဆွဲလိုက်လဲဆိုရင် ကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ် ကောင်းတဲ့ဘုံပဲ ရောက်နိုင်တယ်တဲ့။

ဒီ conclution ဆွဲလိုက်တော့ စတုတ္ထပုဂ္ဂိုလ်နဲ့ လာငြိ နေပြန်ရော။ စတုတ္ထပုဂ္ဂိုလ်ဟာ ကောင်းမှုကုသိုလ် လုပ်ပါလျက် ငရဲကျနေသူ ဖြစ်တယ်။ အဲဒါသွားတွေ့တဲ့ အခါကျတော့ သူက ဘာပြန်ပြောသလဲဆိုရင် ကောင်းမှုကုသိုလ်ဆိုတာ မရှိဘူး။ ကောင်းမှုတွေလုပ်ပြီး ငရဲကျနေတာရှိတယ်လို့ ကောက်ချက် ချတယ်။။

မြတ်စွာဘုရားက အဲဒီအချက်တွေနဲ့ ပတ်သက်ပြီး ဝေဖန်တာကတော့- မကောင်းတဲ့ အကုသိုလ်ဆိုတာ ရှိတယ်။ မကောင်းတဲ့အကုသိုလ်ရဲ့ အကျိုးရှိတယ်ဆိုတာ ဟုတ်တယ်။ အဲ့ဒါကို ငါ သဘောတူတယ်တဲ့။ သို့သော် မကောင်းတာ လုပ်တဲ့သူမှန်သမျှ ငရဲကျတယ်ဆိုတဲ့ conclusion ကိုတော့ ငါလက်မခံဘူး။ ဘာဖြစ်လို့တုံးဆိုရင် ဒီလက်ရှိဘဝက ကံ တစ်ခုတည်းတင် ကြည့်ပြီး ဆုံးဖြတ်လို့မရဘူး။ အတိတ်က ကံတွေလည်း ရှိသေးတယ်။

ဒီဘဝမှာ သူကဆိုးပေမယ့် အတိတ်ကကောင်းခဲ့တယ်။ အဲဒီအတိတ်က ကောင်းလာတဲ့ကံက mature ဖြစ်ပြီး ဝင်ရောက်အကျိုးပေးလိုက်တာ။ ဒါမှမဟုတ် သေခါနီးမှာ စိတ်ပြောင်းသွားတာမျိုး ရှိတယ်။ ဆိုပါစို့။ သရဏာနိ ဆိုတဲ့ သာကီဝင်မင်းသားတစ်ယောက်ဟာ တစ်သက်လုံး အရက်တမြမြနဲ့ နေသွားတယ်။ သေခါနီးကျတော့ သူပြင်သွားတာ ဘယ်သူမှ မသိလိုက်ဘူး၊ သူ သေခါနီး သောတာပန် ဖြစ်သွားတယ်။

သူသေသွားတဲ့အခါ မြတ်စွာဘုရားက သရဏာနိကို သောတာပန်လို့ မိန့်တယ်။ ဒီတော့ ကြားတဲ့ လူအများစုက ဟာ- နေ့တိုင်း အရက်ကလေး တမြမြနဲ့နေတဲ့ သရဏာနိလို အကောင်တောင် သောတာပန် ဖြစ်တယ်ဆိုရင် ဘယ်ကောင်သောတာပန် မဖြစ်ဘဲ နေမှာတုံးလို့ ပြောကြတယ်။ သေခါနီး ပြောင်းလဲသွားတာ သူတို့မသိကြဘူးလေ။ အဲဒီတော့ ပုထုဇဉ်ဆိုတာ အပြောင်းအလဲ သိပ်မြန်တယ်။ တစ်ခုလေးနဲ့ သွားပြီး conclusion မဆွဲနဲ့တဲ့။ ကမ္မဝိဘင်္ဂဉာဏ်ဟာ မြတ်စွာဘုရား မှာသာ ရှိနိုင်တယ်။ အသေးစိတ် အကြောင်းအချက်အလက်ကို မြတ်စွာဘုရားက သိတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မသိနိုင်ဘူး။ ကြားထဲက လစ်လပ်နေတဲ့ အကြောင်းလေးကို မသိလိုက်တဲ့ အတွက်ကြောင့် လူတွေက မျက်စိလည်သွားတယ်။

ဒီကနေ့ခေတ်လည်း မျက်စိလယ်တဲ့လူတွေ ရှိတယ်။ ဟာ- ဒီကောင် ဆိုးတဲ့အကောင်၊ သေတော့ ကောင်းရာရောက်တယ်။

ဘာတွေပြောကြလဲဆိုရင် ဒီကောင် မကောင်းတာတွေ လုပ်တယ်။ ကြီးပွားနေတယ်။ ကောင်းတာလုပ်တဲ့ကောင်ကျတော့ ဆင်းရဲတယ် လို့ပြောကြတယ်။ တချို့က ကံ၊ ကံ၏ အကျိုး ကိုတောင် မယုံချင်တော့ဘူးလို့ ပြောကြတယ်။ မဟုတ်တာလုပ်တဲ့ အကောင် ကြီးပွားတယ်။ ဟုတ်တာလုပ်တဲ့အကောင် ဆင်းရဲ တယ်လို့ မျက်စိလည်သွားတယ်။ မကောင်းတာတွေလုပ်နေ ပေမယ့် အတိတ်ကကောင်းတာတွေ လုပ်ခဲ့လို့ ဒီဘဝမှာ ကောင်းကျိုးပေးတယ်။ အခု မကောင်းတာတွေက mature မဖြစ်သေးဘူး။

ဥယျာဉ်ကြီးထဲမှာ ဟို ၄၊၅၊၁၀ နှစ်က စိုက်ထားတဲ့ အပင်တွေက အသီးတွေ သီးနေတာ။ အခု ဒီကနေ့မှာ စိုက်တဲ့အပင်တွေက မသီးသေးဘူး။ အခုလုပ်တဲ့ ပစ္စုပ္ပန်ကံက mature မဖြစ်သေးဘူး။ အဲဒါ မြတ်စွာဘုရားရဲ့ ကမ္မဝါဒနဲ့ ပတ်သက်ပြီး ကမ္မဝိဘင်္ဂသုတ်ကို နားလည်အောင် ဖတ်ရတယ်။ မြတ်စွာဘုရားက ရှေးတုန်းက လုပ်လာတာလည်းဖြစ်မယ်။ နောက်ကျမှ လုပ်တာလည်းဖြစ်မယ် သို့မဟုတ် သေခါနီးမှာ အယူဝါဒပြောင်း၊ စိတ်ပြောင်းသွားတာလည်း ဖြစ်နိုင်တယ်။ ဒါ ကြောင့်မို့ ကောင်းတာလုပ်ပြီး မကောင်းတဲ့ဘဝ ရောက်သွားတာ ရှိတယ်။ မကောင်းတာလုပ်ပြီး ကောင်းတဲ့ဘဝ ရောက်သွားတာ လည်း ရှိတယ်။

ကြည့်လေ၊ မြတ်စွာဘုရား လက်ထက်တုန်းက ထောင်ထဲ မှာ ဘုရင့်အမိန့်နဲ့ သေဒဏ်ကျတဲ့သူတွေ နှစ်ပေါင်း (၅၀)ကြာ

သတ်ခဲ့တဲ့ တမ္ဗဒါဌိက လူသတ်သမားကြီးသေတော့ သုဂတိဘုံ ရောက်သွားတယ်။ ဘာဖြစ်လို့ ရောက်သွားတုံးဆိုရင် အရှင်သာရိပုတ္တရာနဲ့ တွေ့လိုက်တယ်။ အရှင်သာရိပုတ္တရာကိုမြင်တော့ သူက သဒ္ဓါတရားဖြစ်သွားတယ်။ သူစားမယ့် နို့ဃနာဆွမ်းကို လှူတော့ ရှင်သာရိပုတ္တရာက တရားဟောကြားတယ်။

သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်သလဲ။ ဒီလောက် လူတွေ သတ်လာတာ တရားနာလည်း မထူးတော့ပါဘူး။ ငါ့ဘဝက တစ်လမ်းသွားပဲလို့ တွေးပြီး စိတ်မငြိမ်ဘူး။ ဒီအခါ အရှင်သာရိပုတ္တရာက အကဲခတ်မိတယ်။ တရားဟောတာ ခဏ ရပ်နားပြီးမေးတယ်၊ ဒါယကာ ဘာတွေတွေးပြီး ပူပန်နေတာ လဲတဲ့၊ တပည့်တော်က လူတွေနှစ်ပေါင်းများစွာ သတ်လာတာ ဘုရား၊ တရားနာလည်း မထူးပါဘူးလို့ ဆိုတော့ ရှင်သာရိပုတ္တရာ က မေးလိုက်တယ်။ အဲဒီလူတွေ မင်းသတ်ချင်လို့ သတ်တာလား မေးလိုက်တယ်။ မဟုတ်ပါဘူး။ ဘုရင်ကခိုင်းလို့ပါတဲ့။ အေး သူများခိုင်းလို့ လုပ်ရတာ အပြစ်ရှိသလားလို့ မေးလိုက်တော့ သူ့စိတ်ထဲမှာ ပေါ့သွားပြီး ဟုတ်သားပဲ၊ သူများခိုင်းလို့လုပ်တာ အပြစ်မရှိဘူးလို့ မှတ်ယူသွားတယ်။

တကယ်တော့ သူများခိုင်းလို့ လုပ်လည်းအပြစ်ရှိ တယ်နော်။ ခိုင်းလို့ သတ်တာပဲ ဖြစ်ဖြစ်၊ ကိုယ့်သဘောနဲ့ကိုယ် သတ်တာပဲဖြစ်ဖြစ်၊ သတ်တာနဲ့ ပတ်သက်ပြီး အတူတူပဲ။ ဘုန်းကြီးတွေမှာ ခိုင်းတဲ့ကိုယ်တော်လည်း ပါရာဇိကကျတယ်။ သတ်တဲ့ကိုယ်တော်လည်း ပါရာဇိက ကျတယ်။ သူများခိုင်းလို့

လုပ်ရတာ အပြစ်ရှိသလားလို့ ရှင်သာရိပုတ္တရာက မေးလိုက်တော့ ဟုတ်သားပဲ သူများခိုင်းလို့ လုပ်ရတာပဲ ငါလုပ်ချင်လို့ လုပ်တာ မဟုတ်ဘူးလို့ တွေးမိပြီး ရင်ထဲမှာပေါ့သွားတယ်။ အဲဒီ အချိန်မှာ ရှင်သာရိပုတ္တရာက ဆက်ပြီးတရားဟောတယ်။

အဲဒီမှာ ရှင်သာရိပုတ္တရာက အပြစ်မရှိဘူးလို့ မပြောဘူးနော်။ ဒါပေမဲ့ ရှင်သာရိပုတ္တရာရဲ့ အမေးစကားကြောင့် သူ့ရင်ထဲမှာ အတွေးတစ်မျိုးဝင်လို့ စိတ်ကလေး ငြိမ်သွားတယ်၊ စိတ်ငြိမ်ငြိမ်နဲ့ တရားနာလိုက်တော့ တရားသဘော နားလည်ပြီး သစ္စာနုလောမိကသမ္မာဒိဋ္ဌိဆိုတဲ့ ဝိပဿနာဉာဏ်အဆင့်ထိ အောင် ရောက်သွားတယ်။ အဲဒီအချိန်မှာ သေသွားလို့ နတ်ပြည် ရောက်သွားတာ၊ ဒီလို့ဖြုံ့ဝှက်ချက်လေးတွေ သဘောပေါက်ဖို့လို တယ်ပေါ့။ မဟာကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက ဒီ လျှို့ဝှက်ချက်ကလေးတွေကို ဖော်ထုတ်ပြီးဟောထားတာ၊ ဒါ ကမ္မဿကတာသမ္မာဒိဋ္ဌိလို့ ခေါ်တယ်။

အဲဒီ အခြေခံ ကံတွေနဲ့ စပ်ပြီး တို့တစ်တွေဟာ ဘဝတစ်ခု မှာ ကုသိုလ်ကံလုပ်မိတာရှိတယ်။ အကုသိုလ်ကံလုပ်မိတာ ရှိတယ်။ မကောင်းတဲ့ကံတွေလုပ်မိပြီး ပူပန်နေလို့လည်း ဒီလို လုပ်မိတာဟာ ဖြေဖျောက်လို့ရမှာ မဟုတ်ဘူး။ အဲဒီတော့ လုပ်မိတဲ့ ကံတွေ နောက်ထပ်ငါမလုပ်ဘူး၊ ရှောင်ကြဉ်မယ်၊ ကောင်းတာတွေချည့် လုပ်မယ်ဆိုရင် လွတ်သွားနိုင်တယ်။ ကောင်းတာတွေ လုပ်ပြီး မကောင်းတဲ့ကံတွေကို isolated လုပ်ထား လိုက်တယ်။ ကင်ဆာရောဂါလိုပေါ့။ မပျံ့အောင်

လုပ်ထားလိုက်တယ်။ ကံတရားတွေ မပျံ့အောင် ဆို့ပိတ်ထားတယ်။ ကောင်းတာတွေ ဆက်လုပ်သွားတယ်။ ဒီလိုနည်းနဲ့ ဒီကံကို လွန်မြောက်နိုင်ပါတယ်တဲ့။

သခ်ဓမ္မသုတ်ဆိုတာ သံယုတ်ထဲမှာ ကံတရားနဲ့ ပတ်သက်ပြီး ဟောထားတာ ရှိတယ်။ ကံတရားနဲ့ပတ်သက်ပြီး မကောင်းတာကို မကောင်းဘူးလို့ မြင်ရမယ်၊ မြင်ပြီးရင် ရှောင်ကြဉ်ရမယ်။ ကောင်းတာတွေချည်း လုပ်မယ်ဆိုရင် အဲဒီမကောင်းတဲ့ ကံက လွတ်မြောက်သွားမယ့် တစ်ခုတည်းသော နည်းလမ်းပဲ။ နို့မို့ဆိုရင် လူပေါင်းများစွာ သတ်ထားတဲ့ အင်္ဂုလိမာလက ဘယ်လိုလုပ်ရဟန္တာ ဖြစ်မှာတုံး၊ ကံတွေ အားလုံးသာ အကျိုးပေးနေမယ် ဆိုလို့ရှိရင် မကောင်းတဲ့ကံက လွတ်မြောက်စရာမရှိဘူး။

ဘုန်းကြီး အမေရိကမှာ နေတုန်းက ကံက လွတ်မြောက်ကြောင်း ဟောတဲ့အခါ ဒကာကြီးတစ်ယောက်က ဘာပြောသလဲ ဆိုရင် အရှင်ဘုရားဟောတာက မကောင်းတဲ့လူတွေ မြောက်ပေးသလို ဖြစ်နေမယ်တဲ့။ ဘုန်းကြီးက ဒါ သဘာဝပြောတာပဲ ဒကာကြီး။ နို့မို့ဆို ဘုရားတရားတော်ဟာ ဘာတန်ဖိုးရှိတော့မှာလဲ။ မကောင်းမှုဆိုတာ ပုထုဇဉ်ဆိုတော့ လုပ်မိမှာပဲလေ၊ လုပ်မိပြီး လွတ်လမ်းမရှိတော့ဘူး, အဖြေမရှိဘူးဆို ဘယ်ဖြစ်မလဲ၊ အဖြေဆိုတာတော့ ရှိရမှာပေါ့ဗျာ။ အဲ့ဒါ မြတ်စွာဘုရားက သခ်ဓမ္မသုတ်မှာ အဲဒီလို ဟောထားတယ်။

အေး-ဒါကြောင့်မို့ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာ ဒိဋ္ဌိထဲမှာ အားလုံးပြည့်စုံရမဲ့ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါတယ်။ နောက်ရက်ကျမှ ဝိပဿနာသမ္မာဒိဋ္ဌိ ခေါ်တဲ့ သစ္စာနုလောမိက ဉာဏ်အကြောင်း ဘုန်းကြီးဆက်ဟောပါမယ်။ တရားချစ်ခင် ပရိသတ်တို့သည် မဂ္ဂင်(၈)ပါး အကျင့်တရား ဆိုတဲ့ နိဗ္ဗာန် တံခါးကြီးမှာ အခြေခံဖြစ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိကို ပြည့်စုံစေပြီး နိဗ္ဗာန်တံခါးဆီ ဦးတည်ပြီး ကိုယ်စီကိုယ်ငှ သွားရောက်နိုင်ကြပါစေကုန်သတည်း။

# နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါ
## (အပိုင်း-၃)

မှတ်တမ်း။ ။ သာသနာတော်နှစ် ၂၅၅၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၂)ရက်နေ့ည၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၊ ညဥ့်ဦးယံ ဓမ္မသဘင် အခမ်းအနားဝယ် စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် (၅)ဘီ၊ (၄)လွှာနေ ကွယ်လွန်သူ ဦးမောင်မောင်သိန်းကို ရည်စူး၍ ဇနီး ဒေါ်ထားကြည်၊ သားမောင်မောင်လတ်၊ သမီး မေသက်ထား၊ စုစုထား မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ" အပိုင်း (၃) တရားဒေသနာတော်။

မြတ်စွာဘုရားက ဓမ္မစကြာတရားတော် ဟောကြားသည့်အချိန်မှစ၍ နိဗ္ဗာန်တံခါးကြီးကို ဖွင့်ထားတာ ဒီကနေ့လည်း ဖွင့်ထားလျက်ရှိပါတယ်။ နိဗ္ဗာန်သွားချင်ရင် ဘယ်ပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ် ဒီလမ်းကသွားပြီး ဒီတံခါးပေါက်ကပဲ ဝင်ရပါမယ်။ နိဗ္ဗာန်ရောက်ဖို့ ဒီလမ်း၊ ဒီတံခါး ပေါက်ပဲရှိတယ်လို့ ပြောရမယ်။

မြတ်စွာဘုရားက မဟာသတိပဋ္ဌာန်သုတ်မှာဆိုရင် နိဗ္ဗာန်သွားရန် တစ်လမ်းပဲရှိတယ်လို့ အတိအလင်း ထုတ်ဖော်ဟောကြားထားတာ ရှိပါတယ်။ နိဗ္ဗာန်သွားရန် လမ်းကွဲ လမ်းမြွာတွေ မရှိဘူး၊ တစ်ဖြောင့်တည်း ဒီတစ်လမ်းပဲပေါ့။ သို့သော် နိဗ္ဗာန်တံခါးကြီး ဖွင့်ထားပြီး လမ်းကြောင်းကို ပြထားပါလျက် လူတိုင်း နိဗ္ဗာန်ရောက်ကြသလားလို့ မေးလျှင် မရောက်ကြဘူးနော်။

အဲဒါနဲ့ ပတ်သက်ပြီး ပုဏ္ဏားတစ်ယောက်က မြတ်စွာဘုရားကို မေးဖူးတယ်။ အရှင်ဘုရားက နိဗ္ဗာန်တံခါးကြီးလည်း ဖွင့်ထားတယ်၊ သွားတဲ့လမ်းကြောင်း လည်းပေးထားတယ်၊ ရောက်တဲ့သူ ရောက်တယ်၊ မရောက်တဲ့သူ မရောက်ဘူးဆိုတော့ အဲ့ဒါ ဘာဖြစ်လို့မရောက်တာလဲလို့ လျှောက်တယ်။ မြတ်စွာဘုရားက မင်းက ရာဇဂြိုဟ်ပြည်မှာနေတဲ့ ပုဂ္ဂိုလ်အနေနဲ့ ရာဇဂြိုဟ်မြို့ကို ဘယ်လိုသွားရမလဲလို့ လမ်းကြောင်းကို လူတစ်ဦးက မေးရင် မင်းပြောပြမှာပါ။ သွားလိုတဲ့ ရာဇဂြိုဟ်ပြည်လည်း ရှိနေတယ်။ လမ်းလည်းရှိနေတယ်။ လမ်းညွှန်ပြတဲ့ မင်းကိုယ်တိုင်လည်း ရှိနေပါလျက်နဲ့ ဘာကြောင့် ရာဇဂြိုဟ် ပြည်ကို ရောက်တဲ့သူက ရောက်ပြီး၊ မရောက်တဲ့သူက ဘာကြောင့် မရောက်တာလဲလို့ ပြန်မေးတယ်။

ဒီအခါ ပုဏ္ဏားက အရှင်ဘုရား၊ ဒါက တပည့်တော်အပြစ်မဟုတ်ဘူး။ သူမသွားလို့ မရောက်တာပေါ့ ဘုရား။ အေး- အဲဒီအတိုင်းပဲ နိဗ္ဗာန်တံခါးကြီးလည်း ဖွင့်ထားတယ်။ လမ်းကြောင်းကိုလည်း ပြထားတယ်။ ဘယ်လိုသွားရင် ရောက်တယ်ဆိုတဲ့ လမ်းညွှန်ပြပေးတဲ့ ငါဘုရားကိုယ်တိုင်လည်း ရှိနေပါလျက် သွားတဲ့သူပဲ ရောက်ပြီး၊ မသွားတဲ့သူက မရောက်နိုင်ဘူး။ အဲဒါ လမ်းညွှန်တဲ့သူရဲ့ အပြစ်မဟုတ်ဘူး။ မသွားတဲ့ သူနဲ့ဘဲ ဆိုင်တယ်။

မြတ်စွာဘုရားက နိဗ္ဗာန်တံခါးကြီး ဖွင့်လိုက်ပါပြီလို့ ကြေညာထားတယ်။ ဖွင့်လိုက်တဲ့အခါ ယုံကြည်မှုကိုတော့

ထားကြ။ ယုံကြည်မှု မထားရင် ဒီလမ်း၊ ဒီစခန်းကို ရောက်မှာ မဟုတ်ဘူး။ ဒါကြောင့် မြတ်စွာဘုရားက ယုံကြည်ကြဆိုပြီး၊ ဒီနေ့အထိ နိဗ္ဗာန်တံခါးကြီးကို ဖွင့်ထားတာ။ နိဗ္ဗာန်ကို အရောက် သွားချင်သူတွေဟာ အခြားလမ်းတွေ လျှောက်ရွေးနေစရာ မလိုဘူး။ ဒီလမ်းကပဲ လျှောက်ဖို့ မဂ္ဂင်(၈)ပါး၊ အကျင့်တရား ဆိုပြီး ဓမ္မစကြာမှာ မဇ္ဈိမပဋိပဒါတရား ဟောခဲ့တယ်။

ဒီနေ့ သမ္မာဒိဋ္ဌိ (၂) မျိုးကို ခွဲ့ဟောရအောင်။ မနေ့က အခြေခံ သမ္မာဒိဋ္ဌိကို အချိန်မရလို့ အကျဉ်းပဲ ဟောခဲ့ရတယ်။ နောက်တစ်နေ့မှာ သမ္မာဒိဋ္ဌိ (၂) မျိုးထဲမှ အခြေခံမရှိမဖြစ်တဲ့ သမ္မာဒိဋ္ဌိတစ်မျိုးနဲ့ နိဗ္ဗာန်စခန်းသွားချင်ရင် အဲ့ဒီ သမ္မာဒိဋ္ဌိနှင့်တင် မလုံလောက်သေးလို့ နောက်ထပ် သမ္မာဒိဋ္ဌိတစ်မျိုး ရှိရဦးမယ်။ အခြေခံ သမ္မာဒိဋ္ဌိမှ မရှိရင် နိဗ္ဗာန်တံခါးကြီးကို ကျောပေးနေ တာနဲ့ တူတယ်။ နိဗ္ဗာန်တံခါးကြီးကို ပြောင်းပြန်လျှောက်နေတဲ့ သူနဲ့ အတူတူပဲ။ နိဗ္ဗာန်တံခါးကို ပြောင်းပြန်လျှောက်နေရင် နိဗ္ဗာန်ကြီးနှင့် ဝေးသထက်ဝေးသွားမှာပဲ၊ နိဗ္ဗာန်တံခါးကြီးကို ဘယ်လိုမှ ချဉ်းကပ်နိုင်မှာ မဟုတ်ဘူး။

## သမ္မာဒိဋ္ဌိ

သမ္မာဒိဋ္ဌိ အကြောင်း သိချင်ရင် မိစ္ဆာဒိဋ္ဌိကို အရင်ကြည့် ရမယ်။ မိစ္ဆာဒိဋ္ဌိ ဆိုတာ မှားယွင်းသော အမြင်၊ မြင်ထားတဲ့ အတိုင်း ဘာတစ်ခုမှ မဖြစ်တဲ့အမြင်၊ တကယ်မဟုတ်တဲ့အမြင်ကို ခေါ်တာ။ အယာထာဝဒိဋ္ဌိလို့ ခေါ်တယ်။ အစစ်အမှန်မဟုတ်တဲ့

အမြင်၊ တလွဲမြင်နေတဲ့ အမြင်၊ မကောင်းကျိုးပေးတယ်။ မိစ္ဆာဒိဋ္ဌိ ဆိုတာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဆိုပြီး မနောဒုစရိုက်ထဲမှာ ပါတယ်။

## မိစ္ဆာဒိဋ္ဌိ ဆိုတာ ဘာလဲ

မိစ္ဆာဒိဋ္ဌိ ဆိုတာဘာလဲ ဆိုတော့ အဇိတကေသ ကမ္ဗလရဲ့ အယူဝါဒမျိုးကို မိစ္ဆာဒိဋ္ဌိ လို့ခေါ်တယ်။ ပူရဏ ကဿပက ကံကို ငြင်းတယ်။ ကံဆိုတာကို လက်မခံဘူး။ အဇိတကေသကမ္ဗလ က ကံရဲ့အကျိုးတရားကိုငြင်းတယ်။ မက္ခလိဂေါသာလက အကြောင်းတရားကို ငြင်းပယ်တယ်။ အကြောင်းတရားကို ငြင်းပယ်ရင် အကျိုးတရားကိုပါ ငြင်းပယ်ရာရောက်လို့ ကံနှင့် ကမ္မဝိပါက ၂-ခုစလုံးကို ငြင်းပယ်ခြင်းပင် ဖြစ်တယ်။ သိပ်အရေးကြီးတဲ့၊ အခြေခံကျတဲ့ ကံကို လက်မခံရင် သမ္မာဒိဋ္ဌိ လုံးဝ မဖြစ်ဘူး။ ကံရှိလျက်နဲ့ ကံမရှိဘူးလို့ငြင်းခြင်း၊ ကံရဲ့အကျိုးတရား ရှိလျက်သားနဲ့ အကျိုးတရား မရှိဘူးလို့ ငြင်းခြင်း၊ အကြောင်းတရားတွေရှိလျက်နဲ့ အကြောင်းတရားမရှိဘူးလို့ ငြင်းခြင်းဆိုတဲ့ ငြင်းပယ်တဲ့ အမြင်ဟာ မိစ္ဆာဒိဋ္ဌိပဲ။

ဒါကြောင့် မိစ္ဆာဒိဋ္ဌိနဲ့ ပတ်သက်ပြီး ရှင်းလင်းချက်ကို 'တတ္ထ ကတမာ မိစ္ဆာဒိဋ္ဌိ 'စသည်ဖြင့် ဝိဘင်း ပါဠိတော်မှာ ဖွင့်ဆိုထားတယ်။ လှူဒါန်းတာလည်း ဘာမှအကျိုးမရှိဘူး၊ အကြီးအကျယ် လှူဒါန်းမှုဟာလည်း အကျိုးမရှိဘူး၊ လက်ဆောင်ပဏ္ဏာ ပေးခြင်းဟာလည်း အကျိုးမရှိဘူး ဆိုပြီး ဒါန(၃) မျိုးကို

ငြင်းပယ်တယ်၊ လက်မခံဘူး။ လူဆိုတာ ကောင်းတာလည်း လုပ်တယ်။ မကောင်းတာလည်း လုပ်တယ်။ ကောင်းတာ၊ မကောင်းတာတွေ လုပ်လို့လည်း အကျိုးမရှိဘူးလို့ ငြင်းပယ်တယ်။ ဒီဘဝမှာနေတဲ့ သူတွေအတွက် ပရလောကလို့ခေါ်တဲ့ တမလွန်လောကမရှိဘူး။ တမလွန်မှာ နေတဲ့ပုဂ္ဂိုလ်တွေအတွက်လည်း ဒီလောက မရှိဘူးတဲ့။ ဆိုလိုတာက သူ့လောကနဲ့ သူပဲ။ မည်သူမျှ လောက (၂)ခုကို မသွားနိုင်ဘူးလို့ပြောတယ်။

ဘုရားအဆူဆူက ဟောတယ်။ မိဘတွေကို ပြုစုလုပ်ကျွေးရမယ်။ မိဘကိုပြုစုရင် ချမ်းသာသုခ ရတယ်၊ အကျိုးစီးပွားရနိုင်တဲ့ ကောင်းမှုကုသိုလ် ဖြစ်တယ်လို့ အကျိုးတရားကို မင်္ဂလာတရားတော်ထဲမှာ ဟောထားတယ်။ သူက မင်္ဂလာတရားကို ငြင်းပယ်တယ်။ မိဘမရှိဘူးလို့တော့ မပြောဘူး။ မိဘကို စော်ကားသဖြင့် ရရှိနိုင်သော အကျိုးတရား မရှိဘူး။ မိဘကိုပြုစုလို့ ကောင်းကျိုးလည်း မရဘူးလို့ပြောတယ်။ အဲဒီအမြင်ရှိတဲ့ မိသားစုကြီးဟာ ဘယ်မှာငြိမ်းချမ်းပါ့မလဲ။

လူ့လောကမှာ သူတော်ကောင်းတွေက ကောင်းတယ်လို့ သတ်မှတ်ထားတဲ့ အရာအားလုံးကို ငြင်းပယ်တယ်၊ ပြောင်းပြန်မြင်တာ မိစ္ဆာဒိဋ္ဌိပဲ။ သေပြီးနောက် ပြန်ဖြစ်တာ တစ်ယောက်မှ မရှိ။ သေရင် မြေကြီးပဲ။ သေပြီး မီးရှို့လိုက်လျှင် ဘာမှမရှိတော့ဘူးလို့ ဆိုတယ်။ ဒါတင်မကဘူး **"နတ္ထိ လောကေ သမဏဗြာဟ္မဏာ"** = အကျင့်ကောင်းကျင့်တဲ့ သမဏ ဗြာဟ္မဏတွေ၊ ဒီလောကနှင့် နောက်လောကအကြောင်းကို ကိုယ်တိုင်သိပြီး

ဟောနိုင်, ပြောနိုင်တဲ့ သူတော်စင်၊ သူတော်မြတ်တွေဆိုတာ မရှိဘူးတဲ့။

မိစ္ဆာဒိဋ္ဌိ အယူရှိနေတဲ့ ပုဂ္ဂိုလ်ဟာ သံသရာထဲမှာ နစ်မြုပ်နေမယ်။ ကောင်းရာ သုဂတိဘုံသို့ မရောက်နိုင်ဘူး။ နိဗ္ဗာန်ပြည်သွားရန် လမ်းကြောင်းပိတ်ဆို့နေလို့ နိဗ္ဗာန်ကိုမရောက်နိုင်ဘူး။ ဒိဋ္ဌိဗျသနတို့၊ ဒိဋ္ဌိဝိပတ္တိတို့ ဆိုတာဟာ အဲဒီ မိစ္ဆာအယူတွေကို ပြောတာပဲ။ အဲဒီအယူတွေဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိရဲ့ ဆန့်ကျင်ဘက်တွေပဲ။

ဘုရားအဆူဆူ ဟောတော်မူတာက ကံဆိုတာရှိတယ်။ ကံရဲ့အကျိုးတရားဆိုတာ ရှိတယ်။ ဒီလောက၊ နောက်လောကဆိုတာတွေလည်း ရှိတယ်။ အဖေအမေတို့ကို စော်ကားရင်လည်း အပြစ်ဖြစ်တယ်။ လုပ်ကျွေးလျှင်လည်း ကောင်းကျိုးရမယ်။ သေပြီးလျှင် သတ္တဝါပြန်ဖြစ်တယ်။ တမလွန်လောကနှင့် ဒီလောကကို ကိုယ်တိုင်လက်တွေ့သိပြီး ဟောပြောနိုင်တဲ့၊ အကျင့်ကောင်းတဲ့ သူတော်စင်တွေဆိုတာ ရှိတယ်တဲ့။ အဲဒီ ဘုရားက ရှိတယ်လို့ ဟောတဲ့တရားတွေကို သူက ပြောင်းပြန်မြင်တယ်။ သူက ဒီ ၁၀-ချက်ကို reject လုပ်ထားတယ်။

အဲဒီ မိစ္ဆာဒိဋ္ဌိ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သွားမယ့် လမ်းကြောင်းနဲ့ ပြောင်းပြန်ဖြစ်နေပြီး ကောင်းရာ သုဂတိဘုံတွေလည်း ပိတ်နေပြီး အပါယ်လမ်း ပွင့်နေတဲ့ ပုဂ္ဂိုလ်ပဲ။ အဲဒါက အင်မတန်မှ အရေးကြီးတဲ့ wrong view ပဲ။ အဲဒီ wrong view နဲ့ ဆန့်ကျင်ဘက်က သမ္မာဒိဋ္ဌိပဲ။ အခြေခံ သမ္မာဒိဋ္ဌိက

ကမ္မဿကတာ သမ္မာဒိဋ္ဌိပဲ။ မက္ခလိဂေါသာလတို့၊ ပူရဏကဿပတို့က မကောင်းမှုဆိုတာလည်း မရှိဘူး။ မကောင်းမှုလည်း ဘယ်တော့မှ မဖြစ်ဘူး။ ကုသိုလ်ဆိုတာလည်း မရှိဘူး။ ကုသိုလ်လည်း ဘယ်တော့မှမဖြစ်ဘူးလို့ ကံကို အပြည့်အဝ reject လုပ်ခဲ့ကြတယ်။

ကံကိုငြင်းပယ်တဲ့ဝါဒကို **အကိရိယဝါဒ၊ အကိရိယဒိဋ္ဌိ၊** အကျိုးကို ငြင်းပယ်တဲ့ဝါဒကို **နတ္ထိကဝါဒ၊ နတ္ထိက ဒိဋ္ဌိ။** အကြောင်းကို ငြင်းပယ်တဲ့ ဝါဒကို **အဟေတုကဝါဒ၊ အဟေတုကဒိဋ္ဌိ** လို့ခေါ်တယ်။ အဲဒီအယူအဆ အမြင် ၃-မျိုးဟာ လုံးဝ နတ်ပြည်တောင် မဖြစ်စေဘဲ သံသရာမှ လွတ်လမ်းမရှိတဲ့ပုဂ္ဂိုလ်တွေ၊ သစ်ငုတ်ကြီးလို သံသရာထဲမှာ ငုတ်တုတ်ကြီးဖြစ်နေပြီး အပါယ်တံခါး ပွင့်နေတဲ့ ပုဂ္ဂိုလ်မျိုးတွေပဲ။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ပြည့်စုံတဲ့သူ၊ ကံကိုလက်ခံတဲ့သူဆိုရင် လူဖြစ်ကျိုးနပ်တယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ အဲဒါနဲ့တင် ပြည့်စုံပြီလားဆိုရင် မပြည့်စုံသေးဘူး။ တစ်ပိုင်းသာ သမ္မာဒိဋ္ဌိ ဖြစ်ပြီး၊ ကျန်တစ်ပိုင်းက မိစ္ဆာဒိဋ္ဌိဖြစ်နေတယ်။ ဆိုပါစို့၊ ကံနှင့် ကံရဲ့အကျိုးကို ယုံကြည်ပြီး သဘာဝတရားတွေရဲ့ အစစ်အမှန်ကို မမြင်နိုင်သေးလျှင် အဲဒီပုဂ္ဂိုလ်ဟာ သံသရာမှာ ကောင်းရာသုဂတိ ရောက်နိုင်သော်လည်း သူ့အတွက် နိဗ္ဗာန်သွားရန် လမ်းကြောင်းပျောက်နေသေးတယ်။

ပထမနေ့က သမ္မာဒိဋ္ဌိနဲ့ပတ်သက်ပြီး၊ (၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ (၂)သစ္စာနုလောမိကသမ္မာဒိဋ္ဌိ အားဖြင့် ၂-မျိုးရှိတယ်လို့ ပြောခဲ့တယ်။ သစ္စာနုလောမိက သမ္မာဒိဋ္ဌိ ဉာဏ်က သဘာဝတရားတွေကို ပရမတ်ဆိုက်သည်အထိ မြင်တာမို့ နိဗ္ဗာန်တံခါးကြီးနား ကပ်နေပြီး နိဗ္ဗာန်ကို ဝင်လို့ရတဲ့ အနီးကပ်ဆုံး လမ်းကြောင်း ဖြစ်တယ်။ အဲဒါကိုတော့ မနက်ဖြန်မှ ဟောမယ်။

**ကမ္မဿကတာသမ္မာဒိဋ္ဌိ**

ဒီနေ့တော့ ကမ္မဿကတာသမ္မာဒိဋ္ဌိကို ဟောမယ်။ ဘာကြောင့်လဲဆိုတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိဟာ အင်မတန်မှ အရေးကြီးတယ်။ အခြားဘာသာဝါဒ အယူရှိတဲ့ပုဂ္ဂိုလ်တွေ သာသနာဘောင်ဝင်ပြီး ရဟန်းဝတ်ချင်ရင် ၄-လ သင်တန်းယူပြီးမှ ဝတ်ခွင့်ပေးတယ်။ **ကမ္မဝါဒီ** ⁼ ကံကိုလက်ခံလာမှ ဝတ်ခွင့်ပေးတယ်။ ကံကိုငြင်းပယ်နေသေးလျှင် ရဟန်းဝတ်ခွင့် မပေးဘူး။ ကမ္မဝါဒီဆိုရင်တော့ ချက်ချင်းပဲ ရဟန်းဝတ်ခွင့် ပေးတယ်။

ရှေးဟောင်း အိန္ဒိယနိုင်ငံမှာ တောထွက်ပြီး မီးပူဇော်တဲ့ ရသေ့တွေ ရှိတယ်၊ ဗြဟ္မာကြီးကို တမ်းတပြီး ထောပတ် လောင်းထည့် မန္တန်ရွတ်ကာ မီးပူဇော်တဲ့အလေ့အထ ရှိကြတယ်။ အဲဒီလူတွေက ကံကိုယုံကြည်လို့ သူတို့ကို ၄-လ သင်တန်း မပေးဘဲ သက်န်းဝတ်ခွင့် ပေးတယ်။ ဘုရားအဆူဆူက ကံကို

လက်ခံပြီး ကံဆိုတာ ရှိတယ်၊ ကံရဲ့အကျိုးတရားလည်း ရှိတယ်လို့ ဟောတယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိတဲ့သူဟာ သံသရာထဲမှာ ကောင်းရာဘုံမှ ကောင်းရာဘုံသို့ လည်ပြီး ချမ်းသာသုခတစ်ခုမှ ချမ်းသာသုခတစ်ခုသို့ ခံစား ရောက်နိုင်တယ်။ သို့သော် နိဗ္ဗာန် လမ်းကြောင်းပေါ် တော့ မတက်နိုင်ဘူး။ နိဗ္ဗာန်လမ်းကိုတက်ဖို့ အခြေအနေတော့ ပေးတယ်။ နိဗ္ဗာန်ဝင်ဖို့ကျတော့ သစ္စာနုလောမိက သမ္မာဒိဋ္ဌိဉာဏ် (သို့မဟုတ်) ဝိပဿနာ ဉာဏ်အမြင် ရှိဖို့လိုသေးတယ်။ ပရမတ်ဆိုက်တဲ့အမြင် ပြည့်စုံတဲ့ အမြင် ရှိဖို့လိုသေးတယ်။

ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ပတ်သက်ပြီးတော့ ကံဆိုတာ ဘာလဲလို့ မေးရင် 'စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ' လို့ သုတ္တန်ထဲမှာ မြတ်စွာဘုရားက ဟောထားတယ်။ ကံကို စေတနာလို့ ခေါ်တယ်။ စေတနာဆိုတာ လူရဲ့စိတ်ထဲမှာ ဖြစ်တဲ့၊ စိတ်ကိုစွဲမှီပြီးဖြစ်တဲ့ တွန်းအား၊ စေတနာမှာ လှုံ့ဆော်တဲ့ စွမ်းအားရှိတယ်။ လူ့အဖွဲ့အသင်းတွေထဲမှာ လှုံ့ဆော်ရေးမှူး ဆိုတာ ရှိသလို သဘာဝတရားတွေထဲမှာလည်း လှုံ့ဆော်တဲ့ သဘာဝတရားတွေရှိတယ်။ အဲ့ဒါကို စေတနာလို့ ခေါ်တယ်။

သဘာဝတရားတွေထဲမှာ လူရဲ့စိတ်ဆိုတာ တစ်ခုတည်း ဖြစ်တာမဟုတ်ဘူး။ စိတ်လို့ပြောလိုက်တာနဲ့ အနည်းဆုံး (၈)ခုနဲ့ ဖွဲ့စည်းထားတာ ဖြစ်တယ်။ unity of eight (8 in one) လို့ ခေါ်တယ်။ အာရုံကိုသိတဲ့ သဘောလေးက စိတ်၊ ထိုစိတ်ကို မှီပြီး အာရုံနှင့် ဆက်သွယ်ပေးတာက ဖဿ၊ အာရုံရဲ့ အရသာ

ကို သိတာ ခံစားတာက ဝေဒနာ၊ အာရုံကို မှတ်တမ်းတင်တာက သညာ၊ အားလုံးစုရုံးပြီး အလုပ်လုပ်ကြဖို့ လှုံ့ဆော်ပေးတာက စေတနာ၊ အာရုံတစ်ခုတည်းပေါ်မှာ စုစည်းပေးတာက ဧကဂ္ဂတာ၊ ဆိုင်ရာဆိုင်ရာ သက်တမ်းမှာ ခိုင်မြဲပြီးနောက်ထပ် ထပ်ဖြစ်အောင် လုပ်ပေးတာက ဇီဝိတိန္ဒြေ၊ နာမ်တရားရဲ့ အသက်၊ အာရုံရှိတဲ့အပေါ်မှာ စိတ်ကို အမြဲတမ်းဦးလှည့်ပေးနေတာက မနသိကာရ ဖြစ်တယ်။ အဲ့ဒီ သဘာဝတရား (၈)ခုကို နာမ်တရား (၈)ခု၊ unity of eight, mental molecule လို့ ခေါ်နိုင်တယ်။

စိတ်လို့ ပြောလိုက်တာနဲ့ အဲဒီသဘာဝ (၈)ခုနဲ့ ပေါင်းပြီး အလုပ်လုပ်နေတာ။ အဲဒီသဘာဝ (၈)ခုကို တစ်စုတည်းအဖြစ် ဖွဲ့စည်းထားတာ။ ဘယ်အရာပဲဖြစ်ဖြစ် တစ်ခုတည်းဆိုတာ မရှိဘူး။ ဘာမှလည်း မဖြစ်ဘူး။ ဥပမာ အခုတရားပွဲ လာကြတာကိုပဲ ကြည့်ပါ။ မျက်စိက ကြည့်ပေးရတယ်။ ခြေထောက်က လမ်းလျှောက်တယ်။ လက်ကလွှဲပေးလို့ ခန္ဓာကိုယ်ကြီးက ရှေ့ကိုအားယူပြီး ရောက်လာတာ။

နာရီလေးကိုပဲ ကြည့်ဦးမလား၊ အစိတ်အပိုင်း အားလုံးကို စုံစုံညီညီနဲ့ တပ်ဆင်ထားရင် တချက်ချက်နဲ့ အချိန်မှန်မှန် သွားနေပြီး သူ့အလုပ် သူလုပ်နေတယ်။ အဲဒါ unity ပဲ။ ဘက်ထရီ၊ သို့မဟုတ် လက်တံတစ်ခုခုကို ဖြုတ်ထားရင် မသွားတော့ဘူး။ အချိန်ကို မပြနိုင်တော့ဘူး။ လူ့စိတ်မှာလည်း

တစ်ခုတည်း မဟုတ်ဘူး။ တစ်ခုတည်း မဟုတ်ဘူးဆိုတာ ဝိပဿနာဉာဏ်နဲ့ကျတော့ ပိုပြီးသိလာမယ်။

အဲဒီ (၈)ခုထဲက စေတနာဆိုတဲ့ သဘာဝတရားကို မြတ်စွာဘုရားက ကံလို့ ခေါ်တယ်။ ဘာ့ကြောင့် စေတနာကို ကံလို့ခေါ်ရသလဲဆိုရင် အားလုံးကို စုပေးလို့ ကံလို့ ခေါ်ပါတယ်တဲ့။ စုလိုက်တဲ့အခါ energy တွေ ဖြစ်လာတယ်။ မစုလိုက်ရင် energy မရဘူးလေ။ စုလိုက်မှ energy အင်အားရပြီး၊ လှုပ်ရှားမှုဆိုတာဖြစ်ပြီး အလုပ်လုပ်နိုင်မယ်။ အားလုံး အရေးကြီးတာချည်းပဲ။

ကွန်ပျူတာတို့၊ စက်ရုပ်တို့ဆိုတာလည်း အစိတ်အပိုင်းလေးတွေ စုလိုက်မှ အလုပ်လုပ်လို့ရတာ။ computer မှာ လျှပ်စစ်မီးက အရေးကြီးသလို လျှပ်စစ်မီးရှိပေမယ့် ကြိုးလေးတစ်ကြိုးပြုတ်နေပြန်ရင်လည်း အလုပ်မဖြစ်ဘူး။ အားလုံးဟာ တန်းတူညီတူ အရေးကြီး တာဘဲ၊ equally important ပေါ့။ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့ရဲ့ function ခြင်းက မတူလို့ သူ့အလုပ်နဲ့သူ စုပေါင်းပြီး လုပ်ရတယ်။ အခုလည်းပဲ အာရုံလေး တစ်ခုနဲ့တွေ့ဖို့ရန် သဘာဝတရားတွေ စုပေါင်းအလုပ် လုပ်တာ ပဲ။

အဲဒီထဲက စေတနာက အားလုံးကို စုပေးလို့ energy ရစေတာမို့ စေတနာကို ကံ action လို့ ခေါ်တာ။ သူကနေ တွန်းအားပေးလို့ ကိုယ်, နှုတ်, စိတ်တို့ကို အသုံးပြုပြီး အကောင်အထည်ဖော် လုပ်ဆောင်တယ်။ ကိုယ်ကိုအသုံးပြုပြီး

အကောင်အထည်ဖော်တာကို ကာယကံ physical action လို့ ခေါ်တယ်။ နှုတ်ကိုအသုံးပြုပြီးလုပ်ရင် ဝစီကံ verbal action လို့ ခေါ်တယ်။ စိတ်သက်သက်ပဲ အလုပ်လုပ်ရင်တော့ မနောကံ mental action လို့ခေါ်တယ်။

အဲဒီမှာ ကာယကံ၊ ဝစီကံတွေမှာတော့ စေတနာက အဓိကတွန်းအား ဖြစ်တယ်။ မနောကံ ရောက်တဲ့အခါကျတော့ စေတနာ မဟုတ်ပြန်ဘူး။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ရှိတယ်။ အဘိဇ္ဈာဆိုတာ လောဘ၊ ဗျာပါဒ ဆိုတာ ဒေါသ၊ မိစ္ဆာဒိဋ္ဌိ ဆိုတာ ဒိဋ္ဌိစေတသိက်ကို ပြောတာ။ ဒီစေတသိက်တွေကလည်း ကံလိုစွမ်းအားတွေ ထက်နေလို့ သူတို့ကိုလည်း ကံလို့ခေါ်တယ်။ များသောအားဖြင့် ကံကို စေတနာလို့ခေါ်တာ သိကြတယ်။ မိစ္ဆာဒိဋ္ဌိမှာ အမြင်က ကံဖြစ်နေတယ်။ အကြောင်းညီညွတ်ရင် ဝိပါကဝဋ်ကို ထုတ်လုပ်တော့မှာပေါ့။ ဒါကြောင့် မိစ္ဆာဒိဋ္ဌိ (wrong view) က အင်မတန် ကြောက်စရာကောင်းတယ်။

အေး . . . ကံဆိုတာဘာလဲလို့ မေးရင် အဖြေကတော့ စေတနာကို ကံလို့ ခေါ်တယ်ပေါ့။ မနောကံ ဆိုရင်တော့ လောဘကို ကံလို့ခေါ်တယ်။ ဒေါသကို ကံလို့ခေါ်တယ်။ မိစ္ဆာဒိဋ္ဌိကို ကံလို့ခေါ်တယ်။ ကောင်းတဲ့ မနောကံကျတော့ အလောဘကို ကံလို့ခေါ်တယ်။ အဒေါသကို ကံလို့ခေါ်တယ်။ သမ္မာဒိဋ္ဌိ လို့ခေါ်တဲ့ အသိဉာဏ်ကို ကံလို့ ခေါ်တယ်။ ကံဆိုတာကို ဒီလိုသဘောပေါက်ထားရမယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ရှိအောင်ပေါ့။ အဲဒါ ကံဆိုတာ ရှိသလား၊ မရှိဘူး

လားလို့ သူတစ်ပါးကို သွားမမေးနဲ့။ ကိုယ့်ရဲ့သန္တာန်မှာ ဖြစ်သလား၊ မဖြစ်ဘူးလားဘဲ ကြည့်။ ဒီသဘာဝလေးတွေ ကိုယ့်သန္တာန်မှာ ရှိနေရင် ကံရှိလို့ပေါ့။ ကံရှိတာကို မရှိဘူးလို့ reject လုပ်ရင် မိစ္ဆာဒိဋ္ဌိပဲ။ ကံရှိတာကို မရှိဘူးဆိုရင် wrong view ပဲ၊ ရှိတဲ့အရာကို မရှိဘူးပြောရင် wrong view ပဲ။ အမှန်မြင်မှ သမ္မာဒိဋ္ဌိလို့ ဆိုနိုင်တယ်။

ကံဆိုတာ လူ့သန္တာန်မှာ ဘယ်လိုဖြစ်ပေါ်လာသလဲ။ ဖြစ်ပေါ်လာပြီးနောက် ဘဝသံသရာမှာ ဘယ်လိုအကျိုးတွေ ဖြစ်ပေါ်လာကြသလဲလို့ စဉ်းစားပြီးသိချင်ရင် စိတ်ဖြစ်စဉ်လေး ကို လေ့လာရမယ်၊ ဆိုပါစို့၊ မျက်စိက အမြင်အာရုံလေးကို ကြည့်တယ်။ mental process ဆိုတဲ့ စိတ်ဖြစ်စဉ်လေး တစ်ခုဟာ အမြင်အာရုံလေးနဲ့စပ်ပြီး ဖြစ်ပေါ်လာတယ်။

စိတ်ဖြစ်စဉ်လေးကို ပိုပြီးသဘောပေါက်အောင် ပြောရရင် တိုက်ခန်းမှာ တံခါးပိတ်ပြီးနေတဲ့အခါ ဧည့်သည်ရောက်လာပြီး တံခါးခေါက်တယ်။ တံခါးခေါက်သံကြားလို့ တံခါးဖွင့်တယ်။ တံခါးဖွင့်လိုက်တဲ့အခါ ဧည့်သည်ကို မြင်တယ်။ ဧည့်သည်ကို မြင်တဲ့အခါ မိတ်ဆွေဖြစ်နေလို့ လာပါလို့ ခေါ်တယ်။ ဘာကိစ္စ ရှိလဲလို့ မေးတယ်။ ကိစ္စသိရင် ဧည့်ခံတယ်။ ဧည့်ခံပြီးတဲ့အခါ ဧည့်သည်က နှုတ်ဆက်ပြီး ပြန်သွားတယ်။ တံခါးပိတ် လိုက်တယ်။ အဲဒါဟာ ဖြစ်စဉ်ပါပဲ။

စိတ်ဘယ်လိုဖြစ်တယ်ဆိုတာ သဘောပေါက်အောင် ပြောရရင် မျက်စိဖွင့်လိုက်လို့ အမြင်အာရုံလေးရှိလျှင် မြင်ရမယ်။

ဆိုပါစို့၊ ပန်းပွင့်ဆိုတဲ့ ရူပါရုံအဆင်းလေးနဲ့ မျက်စိဆိုတဲ့ စက္ခုပြသာဒရုပ်တို့ရဲ့ တိုက်ခိုက်မှုလေးတစ်ခု ဖြစ်တယ်။ နှိုင်းယှဉ်ပြီးပြောရရင် အဆင်းက မျက်စိကို လာတိုက်တာဟာ တံခါးခေါက်လိုက်တာနဲ့ တူတယ်။ စိတ်တံခါးကလေး ပွင့်သွားတာပေါ့။ တံခါးခေါက်သံကြားလို့ တံခါးဖွင့်တဲ့စိတ်ကို အဘိဓမ္မာမှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်လို့ ခေါ်တယ်။ attention လုပ်တာပေါ့။ ဘယ်သူပါလိမ့်၊ ဘာများပါလိမ့်လို့ သိချင်တဲ့စိတ်က အာရုံစိုက်တာ။ attention ဟာ သိပ်အရေးကြီးတယ်။ ခရီးသွားလို့ လေယာဉ်စီးတဲ့အခါ ကြားဖူးတယ်မို့လား။ May I have your attention please. ကျေးဇူးပြု၍ နားထောင်ပါဆိုတာ၊ အာရုံစိုက်ခိုင်းတာ။ attention ပေါ်လာတာ သတိထားတာဟာ အာရုံတစ်ခုကို လက်ခံနိုင်ဖို့ရန်ဖြစ်လာတဲ့ စိတ်ဖြစ်တယ်။ အဲ့ဒီ ပဉ္စဒွါရာဝဇ္ဇန်းစိတ်မှာ စေတနာလေးလည်းပါတယ်၊ ကံသဘောရှိတယ်။ စုပြီး အလုပ်လုပ်တယ်။ အဲဒီစိတ်ပေါ်လို့ တံခါးဖွင့်လိုက်တယ်။

တံခါးဖွင့်လိုက်လို့ မြင်တဲ့အခါ မြင်သိစိတ်ခေါ်တဲ့ စက္ခုဝိညာဏ်စိတ်လေး ပေါ်တယ်။ အဲဒီ မြင်သိစိတ်ထဲမှာလည်း စေတနာလေးပါတယ်၊ လာပါလို့ခေါ်တဲ့အခါ သမ္ပဋိစ္ဆန ခေါ် လက်ခံစိတ်လေး ဖြစ်တယ်လို့ခေါ်တယ်။ စိတ်က တစ်ခုစီ၊ တစ်ကန့်စီ ဖြစ်ပြီး ပျက်နေတယ်။ ဧည့်သည်ရောက်လာလို့ တံခါးဖွင့်တဲ့အချိန်မှာ တံခါးခေါက်သံပျောက်သွားပြီ။ တံခါးဖွင့်ပြီးတဲ့အခါ ပိတ်နေတာမရှိတော့ ဧည့်သည်ကိုပဲ မြင်ရတယ်။

မြင်ပြီး လာပါလို့ ခေါ်တဲ့အခါ သမ္ပဋိစ္ဆနစိတ် ဖြစ်တယ်။ အဲဒီအခါ မြင်သိစိတ်ကမရှိတော့ဘူး။ ဘာကိစ္စလာတာလဲလို့ စုံစမ်းတဲ့အခါ သန္တီရဏစိတ် ဖြစ်တယ်။ အလည်လာတဲ့ အကြောင်းသိအောင်စုံစမ်းတာက သန္တီရဏစိတ်။

ဘာကိစ္စလာတာလဲလို့ မေးလိုက်တဲ့အခါ အဖြေသိရလို့ ဆုံးဖြတ်ချက်ရတယ်။ ဒါက ဝေါဋ္ဌဗ္ဗနစိတ် ဖြစ်တာ။ ဆုံးဖြတ်ချက်ရလာတဲ့အခါ စကားစမြည် ပြောကြတာ၊ ကော်ဖီနဲ့ဧည့်ခံတာဟာ အာရုံရဲ့အရသာကို ခံစားတဲ့ ဇဝန (ဇော) စိတ်တွေဖြစ်တယ်။ ဇောဖြစ်ပြီး နှုတ်ဆက်တာဟာ တဒါရမ္မဏ ဆိုတဲ့ သဘာဝဖြစ်တာ။ ပြီးလို့တံခါးပြန်ပိတ်တာဟာ ဘဝင်စိတ်ဖြစ်တာ၊ အာရုံတစ်ခု ပြီးသွားပြီဆိုတဲ့ သဘောပဲ။

ဒီနေရာမှာ စေတနာဟာ တွန်းအားအနေနဲ့ ဝင်လာပြီး အရှိန်ကောင်းလာတယ်၊ ဇောရောက်တော့ ကံဖြစ်လာတာပါ။ တခြားအချိန်တွေမှာလည်း စေတနာဟာ ကံပါပဲ။ ပဋ္ဌာန်း ၂၄-ပစ္စည်းထဲမှာ ကမ္မပစ္စယော ဆိုတာ အားလုံးကြားဖူးကြမှာပါ။ စေတနာမှန်သမျှ ဆိုင်ရာဆိုင်ရာဖြစ်တဲ့တရားကို စုစည်းပေးလို့ ကမ္မပါပဲ။ ဟိုဘဝ၊ ဒီဘဝရောက်အောင် အကျိုးပေးတဲ့ ကံကတစ်မျိုး။ အတူတကွဖြစ်တဲ့ သဘာဝတရားတွေကို စုစည်းပေးတဲ့ ကံကို သဟဇာတကံ လို့ခေါ်တယ်။ born together ဖြစ်တာ။ **သဟ,** ဆိုတာ together **ဇာတ,** ဆိုတာက ဖြစ်တာ။ အတူတကွ ဖြစ်ပေါ်ဖြစ်ဖက်တွေကို စုစည်းပေးလို့ သဟဇာတကမ္မလို့ခေါ်တယ်။

ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ အလောဘ၊ အဒေါသ၊ အမောဟတို့နဲ့ ယှဉ်တွဲပြီး action လုပ်တဲ့ကံကျတော့ နာနာက္ခဏိကကမ္မ လို့ ခေါ်တယ်။ အခုခေတ် လူတွေသိနေတဲ့ ကံက နာနာက္ခဏိကကံလေ။ ကုသိုလ် လုပ်တယ်၊ အကုသိုလ် လုပ်တယ်လို့ ပြောကြတယ်လေ။ အဲဒီကံက ချက်ချင်း အကျိုးမပေးဘူး။ mature ဖြစ်ဖို့ အချိန်ကို စောင့်တယ်။ အဲဒီ ကံက ဘယ်သူနဲ့ သွားတွဲသလဲဆိုရင် ဇောနဲ့ သွားတွဲတယ်။ ဇောနဲ့သွားတွဲပြီဆိုရင် လူ့ရဲ့စိတ်အစဉ် mental process ဟာ ဘယ်တော့မှ ပြတ်သွားတာ မရှိဘူး။ ရှေ့စိတ် ချုပ်ရင် နောက်စိတ် ပေါ်လာတယ်။ နောက်စိတ်ချုပ်ရင် နောက် စိတ်ပေါ်လာတယ်။ တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာတာ။

ကြည့်လေ၊ ဘုရားလောင်း သုမေဓာရသေ့ ပါရမီတွေ ဖြည့်ခဲ့တယ်မို့လား။ စပြီး ဒီပင်္ကရာဘုရားနဲ့ တွေ့ပြီးကတည်းက ဘုရားဆုပန်လို့ ဘုရားဖြစ်ရန် ဗျာဒိတ်ရပြီးတဲ့ အချိန်ကတည်းက ဒါနပါရမီတွေ ဖြည့်ခဲ့တယ်။ မေ့မေ့ပျောက်ပျောက်ဆို ဘုရားဖြစ်အောင် ဒါနပါရမီတွေ ဘယ်လိုစုဆောင်းပါ့မလဲ၊ ဘယ်ပြည့်ပါ့မလဲ။ ကိုယ်ရဲ့ process တွေဟာ အခုခေတ်စကား အရဆိုရင် on line ဖြစ်သွားတာ။ ကိုယ်ရဲ့နှလုံးသားထဲမှာ ဟောဒီ ကံတရားတွေ တည်ပြီး on line ဖြစ်သွားတာ၊ ပြောင်းမသွားဘူး၊ အခြားကိုရောက်သွားမှာလည်း မပူနဲ့။ ကံတရားက ခိုင်မြဲလို့ လုပ်ပြီးတာနဲ့ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ရင်ထဲ၊ နှလုံးထဲမှာ တည်သွားတယ်။ တည်တယ်ဆိုတော့ နိစ္စလားလို့

မေးစရာရှိတယ်။ အဲဒီလို အကောင်အထည်ဖော်ပြီး တည်တာ မဟုတ်ဘူး။ energy ဖြစ်တာ၊ စွမ်းအင်တွေ တစ်ခုနဲ့တစ်ခု ကူး ဆက်ပြီးသွားတာ။ ခုနကလို ရှေ့စိတ်ကပျက်၊ နောက်စိတ်မှာ သတ္တိလေးတွေ ကျန်၊ စွမ်းအားတွေ ကျန်ခဲ့တာ။

ကိုယ့်ကိုယ်ကိုယ် စဉ်းစားကြည့်ပေါ့။ ငယ်ငယ်တုန်းက မူလတန်းသင်ခဲ့တဲ့ပညာဟာ အလယ်တန်း၊ အထက်တန်း ရောက်တဲ့အခါ အဲဒီပညာတွေက ကျေးဇူးပြုတယ်။ အထောက် အကူဖြစ်တယ်။ ပျောက်မသွားဘူး။ မူလတန်းတုန်းက သင်ခဲ့တဲ့ စာတော့ မရှိတော့ဘူး။ စွမ်းအင် ကျန်ခဲ့တယ်။ စွမ်းအင် ကျန်ခဲ့လို့ နားလည်နိုင်တဲ့ အစွမ်းရှိတာ။ မူလတန်းစာမသင်ဘဲ အလယ် တန်း၊ အထက်တန်းကျော်ပြီး သင်ပါက နားမလည်နိုင်သလို အလယ်တန်း၊ အထက်တန်းစာတွေ မသင်ဘဲ တက္ကသိုလ် ပညာ ကို ကျော်သင်ပါက နားလည်နိုင်စွမ်းမရှိဘူး။

အေး-ကံတွေ accumulate ဖြစ်တယ်ဆိုတာ အဲဒီလို ဖြစ်တာလို့ မှတ်ရမယ်။ ပါရမီတွေ accumulate ဖြစ်ပြီး လူ့ သန္တာန်မှာ စုစည်းပြီးလာတာ သုမေဓာရသေ့ ဘဝကတည်းက ပါရမီတွေဖြည့်ခဲ့တာ။ ဂေါတမဘုရားရှင်လက်ထက် လေးသင်္ချေ နဲ့ ကမ္ဘာတစ်သိန်း ကြာတဲ့အခါ အဲဒီ ပါရမီပြည့်လာခဲ့တယ်။ ပြည့်လာတဲ့အခါ စွမ်းအင်တွေဖြစ်လာပြီး ဘုရားအဖြစ်သို့ ရောက်တာဟာ စုဆောင်းတာနော်။

ပညာသင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ တက္ကသိုလ် ပညာတွေ သင်ပြီးတဲ့အခါ ပညာတွေဆုံးပြီး ပညာတတ်ကြီး

တစ်ယောက် ဖြစ်သွားသလိုပဲ ပျောက်သွားတာ မဟုတ်ဘူး ဆိုတာ ထင်ရှားတယ်။ အဲဒီနည်းနဲ့ ကံတွေဟာ မိမိတို့ရဲ့ ရင်ထဲ၊ နှလုံးထဲမှာ mental process မှာ ကိန်းနေပြီး ဒီဘဝက သေပြီးရင် နောက်ဘဝမှာ ပြန်ဖြစ်တာ။ နောက်ဘဝက သေရင် နောက်ဘဝတစ်ခုမှာ ထပ်ဖြစ်၊ ဒီ စဉ်ဆက်မပြတ် ဖြစ်စဉ်ကြီးဟာ on line ဖြစ်နေပြီး သံသရာထဲမှ ပျောက်မသွားဘူး။

ကြည့်လေ၊ တစ်ခါတစ်ရံ ဘာမှမစဉ်းစားဘဲနဲ့ ငယ်ငယ်က အတွေ့အကြုံတွေ ရုတ်တရက် ပြန်ပေါ်လာတတ်တယ်။ ပြန်ပေါ်တယ်ဆိုတာ အကောင်အထည်ကြီးနဲ့တော့ မဟုတ်ဘူး။ အလားတူ တစ်ခုခုတွေ့ရင် ပြန်ပေါ်လာတော့ လူတွေက မှတ်မိတယ်လို့ ပြောကြတယ်။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်ပေ့ါ၊ လုံးဝပျောက်သွားတယ်ဆိုရင် ပြန်ပေါ်နိုင်ပါ့မလား။ မပေါ်နိုင်ဘူးနော်။ အဲဒါကံတရားဟာ လူ့သန္တာန်မှာ accumulate ဖြစ်နေတာလို့ ခေါ်တယ်။

အဲဒီလိုဖြစ်လာတဲ့ ကံတရားတွေကို ကမ္မဿကတာ သမ္မာဒိဋ္ဌိအရ လက်ခံတယ်။ မနေ့က ဘုန်းကြီးပြောခဲ့တာ ကံကို ကိုယ်ပိုင်ဥစ္စာအဖြစ် ပိုင်ဆိုင်သွားလို့ ကံရဲ့အမွေကိုပဲ လက်ခံကြရမှာပဲ။ ကံသာလျှင် ကိုယ်ရဲ့မွေးဖွားရာ အကြောင်းတရား၊ ကံသာလျှင် သွားရာလမ်းမှာ အားကိုးမှုပြုရမယ့် ဆွေမျိုး၊ ကောင်းကံ၊ ဆိုးကံရဲ့ အမွေကိုသာ ခံရမှာပဲဆိုတာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမြင်ဖြစ်တယ်။ ကံတွေဟာ ကိုယ့်သန္တာန်မှာ ဖြစ်ပြီး သွားပြီဆိုရင်တော့ ကံက function အနေနဲ့ ဆောင်ရွက်မှုနဲ့

ပတ်သက်ပြီး ကံကို ခွဲခြားကြည့်ရမယ်။ ကံဆိုရုံနဲ့ အားလုံး မတူသေးဘူး။

ကံရဲ့ function က ဘယ်လိုရှိသလဲဆိုတော့ တချို့ကံကို **ဇနကကံ** လို့ ခေါ်တယ်။ ဇနကကံဆိုတာ producing အကျိုး တစ်ခုကို ထုတ်လုပ်တဲ့ ကံ၊ စွမ်းအားသတ္တိပြည့်ဝလို့ အကျိုး ပေးတဲ့ ကံတစ်ခုဖြစ်တယ်။ ဒါဘယ်လိုလဲလို့ စဉ်းစား ကြည့်ရ အောင်၊ ဇနကကံဆိုတာ ဥပမာအားဖြင့် ပြောမယ်ဆိုရင် မျိုးစေ့နဲ့ အလားတူတယ်။ သစ်ပင်တစ်ပင်ကို ကြည့်လိုက်၊ သစ်ပင် တစ်ပင်ဟာမျိုးစေ့က ရလာတဲ့ဟာတွေပဲ၊ အမြစ်ရှိတယ်။ အမြစ် က မျိုးစေ့နဲ့ မတူဘူး၊ ပင်စည်ကလည်း မျိုးစေ့နှင့် မတူဘူး၊ သစ်ကိုင်း၊ အပွင့်၊ အရွက်တို့ကလည်း မျိုးစေ့နဲ့ မတူကြဘူး၊ အသီးကျမှ လာတူတယ်။ မျိုးစေ့မှ ထွက်လာတဲ့အရာတွေမှာ မတူတာ(၄)မျိုး၊ တူတာ(၁)မျိုးရှိတယ်။

အဲဒါတွေအားလုံးဟာ မျိုးစေ့မှ ရတာ၊ အပင်မှ ရတာ မဟုတ်ဘူး။ အဲဒီတော့ တုံ့ပြန်ပြီး အကျိုးတရား ထုတ်လုပ်တဲ့ စွမ်းအင်ဟာ မျိုးစေ့နဲ့တူတဲ့ အသီးထဲမှာပဲ ရှိတယ်။ အပွင့်၊ အရွက်တို့မှာ မရှိဘူး။ အကိုင်း၊ ပင်စည်နဲ့ အမြစ်မှာလည်း မရှိဘူး။ မျိုးကိုင်းကူးတာကတော့ ဘယ်လိုလုပ်မလဲလို့မေးရင် ဒါ ယေဘုယျအားဖြင့် ပြောပြတာ။ မျိုးကိုင်းကူးတာဟာ အကြောင်းတစ်ခု ဖန်တီးယူကာ ပေါင်းစပ်လို့ဖြစ်တာ။ အခြားနည်း၊ နည်းတစ်နည်းကြောင့် ဖြစ်တာ။ ရိုးရာ မဟုတ်ဘူး။

သစ်ပင်ရဲ့ reproductive power ဘယ်မှာ ရှိသလဲလို့

မေးရင် ပုံမှန်က မျိုးစေ့မှာ ရှိတယ်လို့ ပြောလို့ရမယ်။ ဒါကြောင့်မို့ တုံ့ပြန်ထုတ်လုပ်တဲ့သဘာဝဟာ မျိုးစေ့မှာပဲရှိတယ်။ ဒီမှာလည်းပဲ စိတ်အစဉ်ထဲက ဇောစေတနာမှာသာ reproductive power ရှိတယ်လို့ ပြောရမယ်။ အဲဒါဟာ ဇနကကံပဲ။ ပဋိသန္ဓေအကျိုး တစ်ခုကို ထုတ်လုပ်တဲ့ကံမျိုးကို ဇနကကံလို့ခေါ်တယ်။ ဒီဇနက ကံက ဘယ်အကျိုးတရားတွေကို ထုတ်လုပ်သလဲဆိုရင် ဘဝ တစ်ခုမှာ အကျိုး၂-မျိုး ရှိတယ်။ ဘဝတစ်ခု အစပြုတာကို ပဋိသန္ဓေလို့ခေါ်တယ်။ အစပြုပြီး မသေမချင်း ဆက်လက် ဖြစ်ပေါ်နေတာကို ပဝတ္တိလို့ ခေါ်တယ်။ ဒီ ဇနကကံဟာ ပဋိသန္ဓေအကျိုးကိုလည်း ထုတ်လုပ်ပေးတယ်။ ပဝတ္တိလို့ခေါ်တဲ့ ဆက်လက်ဖြစ်ပေါ်မှု အကျိုးကိုလည်း ထုတ်လုပ်တယ်။ အကျိုး ၂-မျိုးကို ဖြစ်ပေါ်စေတဲ့ ကံလို့ ခေါ်တယ်။ ဇနကကံဆိုတာ ကုသိုလ်ကံ၊ အကုသိုလ်ကံ ရှိတယ်။ ကုသိုလ်ကံက ကောင်းတဲ့ အကျိုးကို ဖြစ်စေတယ်၊ အကုသိုလ်ကံက မကောင်းတဲ့ အကျိုးကို ဖြစ်စေတယ်။

တချို့ကံကျတော့ အဲဒီလို အကျိုးကို မထုတ်လုပ်ဘူး။ ဘာလုပ်လဲဆိုတော့ ဇနကကံကို supporting လုပ်တယ်၊ အကူအညီပေးတယ်။ ဥပတ္ထမ္ဘကကံ လို့ ခေါ်တယ်။ ဒီကံမျိုးက အကျိုးဆက်ကို ခိုင်မာအောင် ထောက်ပံ့ပေးတယ်။ လူ့ဘဝ ရောက်ရင်လည်း အသက် ၇၀၊၈၀၊၉၀၊၁၀၀ နေရအောင် ဒီကံက ထောက်ပံ့ ပေးတယ်။ ခွေးဘဝရောက်တော့လည်း ခွေးဘဝ ကြာရှည်အောင်လည်း ဒီကံက ထောက်ပံ့ပေးတယ်။ ဥပတ္ထမ္ဘက

ကံပဲ။ အကျိုးဆက်လေးတစ်ခု ပြိုလဲမသွားအောင် အဲဒီကံက ထောက်ပံ့ ပေးတယ်။

အဲဒါလည်း စဉ်းစားကြည့်၊ သစ်ပင်တစ်ပင်ကို မျိုးစေ့မှ ရတယ်။ မျိုးစေ့တစ်ခုတည်းနဲ့ အပင်ပေါက်နိုင်တာ မဟုတ်ဘူး။ မြေ၊ရေ၊လေ မပါဘဲ မျိုးစေ့မှ အပင်မပေါက်နိုင်ဘူး။ မျိုးစေ့က အပင်ပေါက်ပြီးရင် မရှိတော့ဘူး။ သူ့ကိစ္စပြီးသွားပြီ။ ဒီအပင် ရှင်သန်အောင်လို့တော့ အလင်းရောင်၊ မြေတို့၊ ရေတို့၊ လေတို့ ပတ်ဝန်းကျင်တို့က လုပ်ပေးနေတာ။ ဒီအတိုင်းပဲ ကံမှာလည်း ထို့အတူပဲ ထုတ်လုပ်တဲ့ကံက ပြီးသွားပြီ။ ဥပတ္ထမ္ဘကကံက ထိန်းသွားတာ။ ဥပတ္ထမ္ဘကကံဟာ မြေ၊ ရေ၊ လေ၊ အလင်းရောင် တို့နဲ့ အလားသဏ္ဌာန်တူတယ်လို့ ပြောလို့ရတယ်။ ကံမှာလည်း ဒီလိုခွဲခြားထားတယ်နော်။ သဘာဝတရားတွေဟာ အင်မတန်မှ လိုက်လို့မမီအောင် ဆန်းကြယ်တယ်နော်။ ကိုယ့်ဘဝကိုယ် ပြန်စဉ်းစားကြည့်ပါ။

ကဲ. . . နောက်တစ်ခုက ဥပပီဠကကံ လို့ခေါ်တယ်။ သူကတော့မထောက်ပံ့ဘူး။ ဒုက္ခတွေပေးနေတယ်။ ကုသိုလ်ကံက လူ့ဘဝပို့ပေးပေမယ့် အကုသိုလ်ကံက လိုက်လာပြီး နှောင့်ယှက်နေတယ်။ ဒါကြောင့် လူ့ဘဝရလာ တဲ့အခါ ဒီဟာ ဖြစ်လိုက်၊ ဟိုဟာဖြစ်လိုက်နဲ့ အမျိုးမျိုးတွေ ဖြစ်နေရတာ။ ကောင်းတဲ့ကံရဲ့အကျိုးကို မကောင်းတဲ့ကံက လာပြီးနှိပ်စက် တယ်။ မကောင်းတဲ့ ကံရဲ့အကျိုးကိုလည်း ကောင်းတဲ့ကံက လာပြီးနှိပ်စက်တယ်။ သူတို့က အပြန်အလှန်ပဲ။

ကုသိုလ်ကံနဲ့ အကုသိုလ်ကံတို့ဟာ အကျိုးပေးခြင်းကွာတယ်။ အကုသိုလ် ဇနကကံကြောင့် ခွေးဖြစ်နေတဲ့အခါ ကုသိုလ်ဥပတ္ထမ္ဘကကံရဲ့ အစွမ်းကြောင့် ခွေးဖြစ်ပေမယ့် သူဌေးအိမ်မှာ လာဖြစ်တယ်။ ကားနဲ့ တိုက်နဲ့ ကျကျနန နေရတယ်။ အစားကောင်းကောင်း စားရတယ်။ တချို့ လူတောင်မှ ကားမစီးနိုင်ဘူး။ ခွေးက ကားစီးနိုင်တယ်။ ကံကြမ္မာက အလွန်ကိုဆန်းကြယ်တယ်။ အကျိုးပေးတွေ မတူကြဘူး။ ခွေးဖြစ်ပေမယ့် ခွေးအဆင့်အတန်းထက်ကျော်ပြီး လူ့အဆင့်အတန်းရထားတယ်။ တချို့လူကျတော့ လူဖြစ်ပေမယ့် လူအဆင့်အတန်းမမီဘူး။ အဲဒါ ဥပတ္ထမ္ဘကကံနဲ့ ဥပပီဠကကံတွေရဲ့ အစွမ်းတွေပဲ။

ဥပဃာတကကံ ဆိုတာ ကံတစ်ခုက အကျိုးပေးတာကို သူက ကြားဖြတ်ပြီး reject လုပ်တဲ့ကံမျိုး။ လူဘဝရောက်ပေမယ့်လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတာဟာ ဥပဃာတကကံက ဝင်ပြီးဖျက်ဆီးတာ၊ အကျိုးပေးတာ။ ကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကုသိုလ်ကံပဲ ဖြစ်ဖြစ်ကြားဖြတ်ပြီး နှောင့်ယှက်ဖျက်ဆီးတာတွေ အများကြီးပဲ။ ဥပဃာတကကံကို တားဖို့ဆိုပြီး ကုသိုလ်ကောင်းမှုတွေ ဆက်လုပ်ကြရတယ်၊ ယတြာတွေ ချေကြတယ်။ ကံက အားနည်းရင်တော့ ချေလို့ရတာပေါ့။ အားကောင်းရင်တော့ ချေလို့ မရဘူး။ ကံကလည်း function အနေနဲ့ အကျိုးပေးတဲ့ကံ၊ အကူအညီပေးတဲ့ကံ၊ နှိပ်စက်တဲ့ကံ၊ ဖြတ်တောက်တဲ့ကံဆိုပြီး ၄-မျိုးရှိတယ်။ ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ထပ်ခွဲ

တာပါ။ အဲဒါကို ကိုယ့်လက်တွေ့ ဘဝမှာ သေသေချာချာ စဉ်းစားကြည့်ပါ။

ကံဆိုတာ သူ့အချိန်နဲ့သူ အကျိုးပေးပြီး ဆိုင်ရာဆိုင်ရာ အကျိုးကိုသာ ပေးတယ်။ အဲဒီမှာ တချို့ကံက ဘဝတစ်ခုကို အကျိုးမပေးဘူး။ ဒီဘဝမှာလုပ်ရင် ဒီဘဝမှာပဲ အကျိုးပေးတယ်။ နောက်ဘဝအကျိုး မပေးဘူး။ စွမ်းအား သိပ်မရှိဘူးပေါ့။ တချို့ကံက ဒီဘဝကသေပြီးမှ နောင်ဘဝမှာမှ အကျိုးပေးတယ်။ တချို့ကံက တတိယဘဝမှစ၍ နိဗ္ဗာန်ရတဲ့ ဘဝအတွင်း ရေရှည် အကျိုးပေးတယ်။ ဒီဘဝမှာ အကျိုးပေးတဲ့ ကံဟာလည်း တခြား အကြောင်းတွေ အကူအညီရမှ အကျိုးပေးနိုင်တယ်။ မျိုးစေ့ လေးတွေက ရေမြေလေ ရမှ အပင်ပေါက်နိုင်သလိုပေါ့။ ဒီဘဝ မှာ အကျိုးပေးတဲ့ ကံကို **ဒိဋ္ဌဓမ္မဝေဒနိယကံ**လို့ ခေါ်တယ်။ အကယ်၍ အဲဒီကံဟာ ဒီဘဝမှာ အကျိုးမပေးနိုင်လို့ အချိန် လွန်သွားရင် expire ဖြစ်သွားတယ်၊ အကျိုးမပေးတော့ဘူး။ အဲဒါကို **အဟောသိကံ**လို့ ခေါ်တယ်။ခေတ်စကားအရ expire ဖြစ်သွားတယ်လို့ ပြောတယ်။ အဟောသိကံ ဆိုတာ ကံအနေနဲ့ ဖြစ်ခဲ့တာပဲ ရှိတယ်။ သူ့ရဲ့ အကျိုးကို သူမထုတ်လုပ်တော့ဘူး။

ဒုတိယဘဝမှာ အကျိုးပေးတဲ့ ကံကျတော့ **ဥပပဇ္ဇ ဝေဒနိယကံ**လို့ ခေါ်တယ်။ အဲဒီကံက ဒီဘဝ သေရင် နောင်ဘဝမှာ အကျိုးပေးတယ်။ အကယ်၍ နောင်ဘဝမှာ အခွင့်မရရင် expire ဖြစ်ပြီး နောက်ထပ်မလာတော့ဘူး။ တတိယဘဝမှ နိဗ္ဗာန်ရသည့်အထိ အကျိုးပေးတဲ့ကံကိုတော့

အပရာပရိယဝေဒနီယကံ လို့ခေါ်တယ်။ အဲဒီကံကတော့ နိဗ္ဗာန် ဝင်တော့မှပဲ expire ဖြစ်တယ်။ နိဗ္ဗာန်ရဲ့အပြင်မှာ နေရင်တော့ သူလိုက်နေမှာပဲ။ on line ဖြစ်နေတာပေါ့။ သူက သက်တမ်း အရှည်ဆုံးကံ ဖြစ်တယ်။ ဒါတွေက အချိန်ပိုင်း လိုက်ပြောတဲ့ ကံမျိုးတွေ ဖြစ်တယ်။

ကံ energy ဆိုတဲ့ စွမ်းအားနဲ့ ကြည့်ရအောင်။ ကံတွေဟာ တစ်ခုနဲ့တစ်ခု စွမ်းအားချင်း မတူကြဘူး။ စွမ်းအားအထက်ဆုံး ကံကို ဂရုကကံ လို့ခေါ်တယ်။ စွမ်းအား အထက်ဆုံးဆိုတော့ သူ့ကို ဘယ်ကံမှ ကျော်လို့မရဘူး။ ဆောင်ရွက်လုပ်ကိုင်တဲ့ သူ့အခွင့်အရေးကို ဘယ်ကံကမှ ယူလို့မရဘူး။ သူပဲ အစအဆုံး ထုတ်လုပ်တယ်။ အဲဒါကို ဂရုကကံလို့ ခေါ်တယ်။

အကုသိုလ်ထဲမှာတော့ နိယတမိစ္ဆာဒိဋ္ဌိပဲ။ ကံကို လက်မခံဘူး၊ Reject လုပ်မယ်။ ကံရဲ့ အကျိုးတရား ဟူသမျှကို လက်မခံဘူး၊ reject လုပ်တယ်။ ကံ ကံ၏အကျိုးကို လုံးဝ အယုံအကြည်မရှိတဲ့ ပုဂ္ဂိုလ်တွေကို နိယတမိစ္ဆာဒိဋ္ဌိက လို့ ခေါ်တယ်။ အဲဒီ နိယတမိစ္ဆာဒိဋ္ဌိကို လက်ခံထားတဲ့သူကို ဘယ်ကံကမှ ဟန့်တားလို့မရဘူး။ အဲဒီကံကို မစွန့်မချင်း အပါယ် တံခါးက အမြဲပွင့်နေပြီး အပါယ်သွားဖို့ပဲရှိတယ်။

ပြီးတော့ အာနန္တရိယကံလို့ဆိုတဲ့ အမေသတ်တဲ့ကံမျိုး၊ ဖအေသတ်တဲ့ကံမျိုး၊ ရဟန္တာသတ်တဲ့ကံမျိုး၊ မြတ်စွာဘုရား သွေးချေဉအောင်လုပ်တဲ့ ကံမျိုး၊ မြတ်စွာဘုရားခန္ဓာကိုယ်မှာ ဒဏ်ရာတစ်ခုခု ရအောင်လုပ်တာ၊ ညီညွတ်နေတဲ့ သံဃာကို

ကွဲအောင်လုပ်တဲ့ ကံမျိုး၊ ဒီကံ ၅-မျိုးဟာ အကုသိုလ်တွေထဲမှာ အကြီးဆုံးပဲ။ အဲဒါကို အာနန္တရိယကံလို့ ခေါ်တယ်။ ဒီဘဝက သေတာ နဲ့ အကျိုးပေးတော့တာပဲ။

အာနန္တရိယကံဆိုတဲ့ အဓိပ္ပါယ်က သေသည်၏ အခြားမဲ့မှာ အကျိုးပေးတာ၊ အခြားမဲ့ဆိုတာ အခြားမရှိတာကို ပြောတာ။ သေရင် အပါယ်ကိုပဲ သွားမှာပဲ။ ကင်ဆာရောဂါလို ဘယ်လိုမှ ကုစားလို့မရဘူး။ incurable ပေါ့။ ဘယ်လိုမှ ပယ်ဖျက်လို့လည်း မရဘူး။ နိယတမိစ္ဆာဒိဋ္ဌိကို စွဲကိုင်ထားတဲ့သူဟာ ဘယ်လိုမှ ကုစားလို့မရဘူး။ ဘယ်ကံကမှ သူ့ကိုဖယ်ရှားလို့မရဘူးတဲ့။ သူ့စွမ်းအားက အပြင်းဆုံးပဲ။

ကုသိုလ်ကံဘက်ကျတော့ ဂရုကကံဆိုတာ ဈာန်တရားတွေပဲ။ မေတ္တာတရား အားထုတ်ပြီး ပထမဈာန်၊ ဒုတိယဈာန် တတိယဈာန်တွေရ၊ ကရုဏာတရား အားထုတ်ပြီး ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တွေရ၊ ဥပေက္ခာဘာဝနာပွားလို့ စတုတ္ထဈာန်၊ ပဉ္စမဈာန်တွေ ရတယ်။ ဈာန်ရထားတဲ့ ပုဂ္ဂိုလ်ကို ဈာန်စွမ်းအင်ကို ဖယ်ရှားပြီး ဘယ်စွမ်းအင်ကမှ အကျိုးမပေးနိုင်ဘူး။ သူကပဲ အကျိုးပေးတယ်။ အဲဒါကို ဂရုကကံလို့ ခေါ်တယ်။

ဂရုကကံကို လုံးဝ ဖယ်ရှားပစ်လို့ မရပေမယ့် အခြေအနေ တစ်ခုကိုတော့ ပြောင်းလဲပေးလို့ရတယ်။ အခြေအနေ condition တွေကို ပြောင်းလို့ရတယ် ဆိုတာကိုတော့ လက်ခံရလိမ့်မယ် နော်။ တစ်ယောက်နဲ့တစ်ယောက် အခြေအနေပေးတာခြင်း

တော့ မတူဘူး။ အကြောင်းတစ်ခုတည်းလို့တော့ ပြောလို့မရဘူး၊ အကြောင်းတရားတွေက အများကြီးရှိတယ်။ ဆိုပါစို့ အကြောင်းတွေကို reduce လုပ်တဲ့နည်းတွေ ရှိတယ်။

အဇာတသတ်ဘုရင်ကြီးက အဖေသတ်ခဲ့တဲ့ ကံကြောင့် သူဖြစ်ရမှာက အဝီစိငရဲမှာ။ သို့သော် မြတ်စွာဘုရားထံမှာ ရဟန်းဖြစ်ရခြင်း၏ လက်တွေ့အကျိုးဆိုတဲ့ သာမညဖလ မေးခွန်းကို မေးပြီး မြတ်စွာဘုရားနဲ့ သာသနာတော်ကို သိပ်ကြည်ညိုမြတ်နိုးလွန်းလို့ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို ထောက်ပံ့ခဲ့ လှူဒါန်းခဲ့ပါတယ်။ ပထမသင်္ဂါယနာကိုလည်း အဇာတသတ်မင်းကြီးကဦးဆောင်ပြီး ဒါယကာခံ တင်ပေးခဲ့တယ်။ အဲဒီ ကုသိုလ်ကောင်းမှုကြောင့် ငရဲခံရဖို့ လျှော့ရက် ရသွားတာပေါ့ဗျာ။ reduce လုပ်လိုက်တယ်။ အဝီစိတော့ မရောက်တော့ဘူး။ အဝီစိနဲ့ ကပ်နေတဲ့ ငရဲငယ်တစ်ခုတော့ ရောက်သွားတယ်။ အကန့်အသတ်ရှိတယ်။ ဒီလိုတော့ လုပ်လို့ရတယ်လို့ ပြောရမယ်။ ဂရုကကံကို မဖြစ်အောင် တားတဲ့နည်း မရှိဘူး။ မြတ်စွာဘုရားက သာမညဖလသုတ္တန် ဟောပြီးတဲ့ အခါကျတော့ အေး- ဒီဘုရင်ကြီးဟာ သူ့ကိုယ်သူ ဖျက်ဆီးတာ။ အကယ်၍ အဖေမသတ်ဘူးဆိုရင် သောတာပန် ဖြစ်ရမှာ၊ အခုတော့ မဖြစ်နိုင်တော့ဘူး၊ သူ့အဖို့ အပါယ်တံခါးကြီးက ပွင့်လျက်ကြီး၊ နိဗ္ဗာန်တံခါးကြီးကလည်း ပိတ်သွားတယ်။ ဂရုကကံကြောင့် ပိတ်သွားတာ။ သို့သော် သက်သာရာလေးတော့

ရသွားတယ်။ ဒီလိုလေးတော့ ရတယ်ဆိုတာ သဘောပေါက် ရမယ်။ ဒါက ဂရုကကံ အကြောင်းပဲ။

ဂရုကကံပြီးရင်၊ ဂရုကကံ မရှိရင် ဘယ်ကံ အကျိုးပေး သလဲဆိုတော့ အာသန္နကံက အကျိုးပေးတယ်။ အာသန္နကံ ဆိုတာ အရင်တုန်းက လုပ်ထားပေမယ့် သေခါနီးဆဲဆဲမှာ သတိရတဲ့ကံ (သို့မဟုတ်) သေခါနီးဆဲဆဲမှာ အနီးကပ်လုပ်တဲ့ ကံမျိုး ဖြစ်တယ်။ အာသန္နကံဆိုတာ ကုသိုလ်ကံလည်း ရှိတယ်။ အကုသိုလ်ကံလည်း ရှိတယ်။

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှာ တံငါသည်တစ်ယောက် နေ့စဉ်နှင့်အမျှ ငါးတွေသတ်ဖြတ်ပြီး အသက်မွေးတယ်။ သေခါနီးရောက်တဲ့အခါကျတော့ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ် ကြောင့် အိပ်မက်မက်သလို၊ မကောင်းမှုတွေဟာ အရိပ်မည်း ကြီးလို ပေါ်လာတယ်။ ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်တွေ စိတ်ထဲမှာ ထင်လာတယ်။ ဥပမာ ဝက်သတ်တဲ့သူက ဝက်သတ်ခဲ့တဲ့အတိုင်း ဝက်အော်သံတွေ ထင်လာတယ်။ ကြက်သတ်တဲ့ သူကလည်း ကြက်သတ်ခဲ့တဲ့ အတိုင်းမြင်လာတယ်။ အဲဒီလို ငါးသတ်ခဲ့တဲ့ အကုသိုလ်ရိပ်တွေ ထင်လာလို့ ငရဲနိမိတ်တွေ ပေါ်လာတဲ့အခါ ရဟန္တာတစ်ပါးဆွမ်းခံကြွလာရင်း သူ့အခြေအနေ ကိုကြည့်ပြီး သနားလို့ သူ့အနားကြွသွားကာ အားပေးစကားပြောပြီး ဗုဒ္ဓံသရဏံဂစ္ဆာမိကို လိုက်ဆိုခိုင်းတယ်။ ချပေးတာ လိုက်ဆိုတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ

ရောက်တဲ့အခါ လိုက်ဆိုရင်း ဂစ်တွင်ပဲ သေဆုံးသွားတယ်။ သူဟာ ငရဲမှ လွတ်သွားပြီး ဘုမ္မစိုးနတ် သွားဖြစ်တယ်။

တကယ်ဆို သူဟာ ငရဲသွားရမှာ။ သူအားကိုးရာ မရှိတဲ့ အခါ ဘုရားကို အားကိုးရာလို့ လက်ခံလိုက်တာနော်။ ရဟန္တာက မင်း ဒါလေး လိုက်ဆို၊ မင်း အကြောက်တွေပြေလိမ့်မယ်ဆိုလို့ လိုက်ဆိုတာ။ ဆိုရင်း ဆိုရင်းနဲ့ လျှာက လေးလာပြီး အသက်ထွက်သွားတယ်။ ဘုမ္မစိုးနတ်သွားဖြစ်တယ်၊ အဲဒီအခါကျတော့ ကျေးဇူးတင်လွန်းလို့ ဆရာတော်ကြီးဆီလာပြီး ကိုယ်ထင်ပြတယ်။ ကြောက်တတ်တဲ့သူဆိုရင် တစ္ဆေခြောက်တယ်ထင်ပြီး ကြောက်မှာပဲ။ ကိုယ်ထင်ပြပြီး ဘာပြောလဲဆိုတော့ အရှင်ဘုရား၊ ပါဏာတိပါတာ ဝေရမဏီ ဆက်ချရင် အထက်နတ်ပြည် သွားဖြစ်မှာတဲ့။ အခု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုလိုက်တာနဲ့ ဘုမ္မစိုးနတ်ဖြစ်ရတယ်တဲ့။

အဲဒါမျိုးက အာသန္နကံ နော်။ ဒါကြောင့်မို့ သေခါနီးမှာ လိမ္မာပါးနပ်ဖို့ သိပ်လိုတယ်။ တချို့နိုင်ငံတွေက ဆေးရုံကြီးတွေမှာ ချက်ပလင်ဆိုတာ ခန့်ထားတယ်။ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ရှိဖို့ အင်မတန် ကောင်းတယ်။ ချက်ပလင် တာဝန်ရှိတဲ့သူက သေခါနီး ပုဂ္ဂိုလ်တွေကို အသေဖြောင့်ဖို့အတွက် တရားဓမ္မ သွားဟောတာ။ အားပေးစကား သွားပြောတာ။ ဘာသာတရားတွေအလိုက် အားပေးစကားပြောပြီး စိတ်ကောင်း၊ နှလုံးကောင်းရှိလာအောင်၊ စိတ်ကြည်ကြည်လင်လင် ဖြစ်လာအောင် ကူညီတာ။ ဆေးရုံတိုင်းမှာ ခန့်ထားတယ်။

ဒါမျိုးရှိရင် သေခါနီးပုဂ္ဂိုလ်တွေအတွက် သိပ်ကောင်းတာပေါ့။ ဒါပေမဲ့ ဘယ်လိုသေမလဲဆိုတာ မသိနိုင်တော့ အေးအေးဆေးဆေး သေမယ့်ပုဂ္ဂိုလ်တွေမျိုးဆိုရင် ပြင်ပေးလို့ ရနိုင်တဲ့ အနေအထားတွေ အများကြီး ရှိတယ်။ သေခါနီးအချိန်ထိ စောင့်မနေကြနဲ့ဦးနော်။ ကြိုကြိုတင်တင် လုပ်ထားမှနော်။ ဘယ်အချိန် သေမလဲဆိုတာ မသိနိုင်ဘူး။ အဲဒီတော့ သေခါနီးမှာ လုပ်တဲ့ ကံလေးတွေက ဝင်ပြီး အကျိုးပေးနိုင်တယ်။

ကံဆိုတာ အင်မတန် ဆန်းကြယ်တယ်။ တခြားအာရုံတွေနဲ့ ပူးပေါင်းပြီး လုပ်သွားတာ။ ပြီးတော့ ဒီဘဝက ကံတစ်မျိုးတည်းနဲ့လည်း ဆုံးဖြတ်လို့မရနိုင်ဘူး။ အတိတ်ဘဝက ကံတွေက အခွင့်ရချင် ရသွားမှာ။ ထီဖွင့်တာ တွေ့ဖူးတယ်မို့လား။ ဘောလုံးတွေကို နံပါတ်တပ်ပြီး လှည့်တာလေ။ အဲဒါကို လှည့်တဲ့အခါ ဘယ်နံပါတ် ထွက်မလဲဆိုတာ မသိနိုင်ဘူး။ ထွက်ချင်ရာ ထွက်သွားမှာဘဲ။ အဲဒီဘောလုံးမှာ နံပါတ်တပ်ထား သလိုပဲ ကံတွေကလည်း ကိုယ့်သန္တာန်မှာ အများကြီးရှိတယ်။ ဘယ်ဟာ ထွက်လာမလဲ ဆိုတာ မသိဘူး။

တစ်ခါတုန်းက စစ်ကိုင်း သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်မှာ အဘိဓမ္မာသင်တန်း ပို့ချတုန်းက ဦးပဥ္စင်း တစ်ပါးက မေးတယ်။ နောင်ဘဝကို စိတ်ချရအောင်၊ ဘဝကောင်းရောက်အောင် ဘယ်လိုလုပ်ရမလဲလို့ မေးတယ်။ နောင်ဘဝအတွက်ကတော့ သောတာပန်ဖြစ်မှပဲ စိတ်ချရမယ်။ ပုထုဇဉ်မှာကတော့ guarantee မရှိသေးဘူး။ သေချာအောင် guarantee ပေးလို့မရဘူး။

သောတာပန်ဆိုရင်တော့ အပါယ်တံခါး ပိတ်သွားပြီ။ ကိစ္စမရှိဘူး လို့ ပြောလိုက်ပါတယ်။

အခုကလည်း အပါယ်တံခါးကြီးက ပွင့်နေလို့ နိဗ္ဗာန်မှတ်ပြီး ဝင်သွားမိမှာ ကြောက်ရတယ်။ ပုထုဇဉ်တွေ အတွက်ကတော့ guarantee မရှိသေးဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီဘဝ ကောင်းပေမယ့် သေခါနီးမှာ နောက်ဘဝက အရိပ်မည်းကြီးတွေက ထိုးချင်ထိုးတာလေ။ အဲဒါကြောင့် ကိုယ့်ရဲ့စိတ်ကို သတိထားပြီး ကောင်းတဲ့ဘက် အမြဲညွတ်နေဖို့ လိုတယ်။ အလေ့အကျင့် တစ်ခုခု လုပ်ရမယ်။ သေခါနီး မိန်းမော မေ့မြောသွားပြီဆိုရင် ကိုယ့်စိတ်ဟာ ဘယ်သွားမလဲဆိုတာ အလေ့အကျင့်လုပ်ဖို့ လိုတယ်။ အဲ့ဒီအချိန်မှာ ကံသာလျှင် အားကိုးရာ တကယ်ဖြစ်တယ်။ ဘာမှ မရှိတော့ဘူး။

ဒါကြောင့် မြတ်စွာဘုရားက 'ကမ္မံ ခေတ္တံ'တဲ့။ နောင်ဘဝ သွားဖို့အတွက် ကံသာလျှင် စိုက်ပျိုးရာ မြေလွှာပဲ။ အဲဒီကံမှာသာ ဘဝအပင် ပေါက်မှာ။ ကိုယ့်စိတ်ထဲ အရိပ်မည်းကြီး ထိုးတဲ့နေရာ မှာ ပေါက်မှာပဲ။ သေခါနီးမှာ ကိုယ်လုပ်ခဲ့တဲ့ ကံတွေ ပေါ်လာမယ်။ (သို့မဟုတ်) ကံလုပ်ခဲ့စဉ်က ပတ်ဝန်းကျင်အခြေအနေတွေ ပေါ်လာမယ်။ (သို့မဟုတ်) သွားရမယ့် ဘုံဘဝတွေ ပေါ်လာမယ်။ တစ်ခုခုတော့ ပေါ်လာမှာပဲ။ အဲဒီ ပေါ်လာတဲ့အချိန်မှာ ပြောင်းလဲနိုင်ရင် ကောင်းတဲ့ဘုံ ရောက်နိုင်တယ်။ ဒီအချိန်မှာ အာသန္နကံဆိုတာ အင်မတန် အရေးကြီးတယ်။

သီဟိုဠ်(သီရိလင်္ကာ)ကျွန်းမှာ သောဏဆိုတဲ့ ရဟန္တာကြီး တစ်ပါး ရှိတယ်။ သူ့ အဖေက ဟောလို့ ပြောလို့မရတဲ့ မုဆိုးကြီး။ ကျွန်းမာတုန်းကတော့ တောထဲလှည့်လည်ပြီး တိရစ္ဆာန်တွေကို သတ်ဖြတ်နေတာ။ အသက်အရွယ်ကြီးလာတဲ့အခါ အလုပ် မလုပ်နိုင်တော့မှ ကျောင်းကိုခေါ်ပြီး ဦးပဉ္ဇင်းကြီး ဝတ်ပေးထား တယ်။ ဘုန်းကြီးဘဝနဲ့ နေတာပေါ့။ သေခါနီးကျတော့ သူ့စိတ်က ဘယ်ညွှတ်နေသလဲဆိုတော့ သူလုပ်ခဲ့တဲ့ဟာတွေ ပြန်မြင်နေ တယ်။ အိပ်ရာထဲမှ ပက်လက်နဲ့ မောနေတဲ့ အချိန်မှာ သတိလည် တစ်ချက်၊ မလည်တစ်ချက်နဲ့ ဘာတွေမြင်သလဲဆိုတော့ ခွေးတွေနဲ့ သူတောလိုက်ခဲ့တာ မြင်တယ်။ အဲဒီမှာ ခွေးအုပ်ကြီးက ဝိုင်းကိုက်ကြမလို့ သွားမြင်တယ်။ အိပ်မက်မက်သလိုမျိုးပေါ့။ အဲဒီတော့ သူ့ ပါးစပ်က ယောင်ပြီး လုပ်ကြပါဦးလို့ အော်တယ်။ ကိုယ့်ကျတော့ ကြောက်တယ်နော်။ အဲဒီ ခွေးတွေက ကိုယ့်ဘက် ပြန်လှည့်လာတာ။

အဲဒီလိုလည်းမြင်လိုက်ရော၊ သားလုပ်တဲ့ရဟန္တာက ငရဲသွားတော့မှာပဲဆိုတာ သိတယ်။ ချက်ချင်းပဲ ပန်း၊ ရေချမ်း တွေနဲ့ မဟာစေတီလို့ခေါ်တဲ့ ဘုရားရင်ပြင်ပေါ် ပွေ့ခေါ်သွား တယ်။ ဘုရားရင်ပြင်ရောက်တဲ့အခါ ဟောဒါ ပန်း၊ ဟောဒါ ရေချမ်း၊ ဘုရားကို အာရုံပြုပါ ဆိုပြီး အာရုံပြောင်းပေးလိုက်တယ်။ ဘုရားကို ဘယ်ခွေးမှ မလာနိုင်ဘူးဆိုပြီး ကြောက်တဲ့စိတ်တွေ ဖြေပေးလိုက်တာနဲ့ ကြောက်စိတ်တွေပြေသွားပြီး ဘာထပြီး ပြောပြန်သလဲဆိုတော့ ဟိုမှာ ဟိုမှာတဲ့ ဒကာမလေးတွေ လာနေ

ကြပြီလို့ ပြောပြီး သေသွားတာ နတ်ပြည်ရောက် သွားတယ်တဲ့ နော်။ အဲဒါက ဂတိနိမိတ်၊ ကမ္မနိမိတ်တွေကို ပြောင်းပေးလို့ ရတယ်လို့ ဆိုတာပါပဲ။ ဒါကလည်း မိတ်ကောင်း ဆွေကောင်းရှိမှ ဖြစ်နိုင်မယ်။

တစ်ခါတုန်းကလည်း မန္တလေးတိုင်း အမရပူရ လို့ခေါ်တဲ့ တောင်မြို့မှာ ရေချမ်းစင်တည်ပြီး အမြဲတမ်း ရေဖြည့်ပြီး လှူဒါန်းနေတဲ့ ရေချမ်းဒကာမကြီးဆိုတာ ရှိသတဲ့။ သူမ မကျန်းမာလို့ ရောဂါဝေဒနာခံစားရပြီး မေ့မြောနေတဲ့အချိန်မှာ သူမရဲ့ သားသမီးတွေက သေပြီထင်ပြီး အော်ငိုကြသတဲ့၊ ငိုသံကြားရတော့ စိတ်မကောင်းဖြစ်ပြီး သေသွားတာ ပြိတ္တာမကြီး သွားဖြစ်တယ်။ ရေချမ်းအလှူကို သတိမရနိုင်ဘူး။

သေအံ့မူးမူး ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် တိတ်တိတ်ဆိတ်ဆိတ်လေးနဲ့ ဘုရားသံ၊ တရားသံပေးပြီး၊ တရားတိတ်ခွေဖွင့်ပေးပြီး အေးအေးဆေးဆေးနဲ့၊ ပန်းနံ့သာတွေနဲ့ ဘုရားကို ပူဇော်ခိုင်းတာဟာ အကောင်းဆုံးပဲ။ တချို့က မသိတတ်ဘူး။ ဘဏ်စာအုပ် ဘယ်ရောက်နေလဲ၊ စိန်နားကပ် ဘယ်နားထားသလဲလို့ မေးတတ်ကြတယ်။ အဲဒါဆိုရင် သေချာနေပြီ၊ အပါယ်တံခါးကြီးက ပွင့်နေတာပေါ့။ တချို့ကလည်း ပစ္စည်းတွေ ဘယ်သူ့ကို ပေးခဲ့မလဲ၊ ဘယ်ထားခဲ့သလဲ မေးကြတယ်။ အဲဒီ မေးမြန်းနှောင့်ယှက်ရင် ကောင်းရာသုဂတိ မရောက်နိုင်တော့ဘူး။

သေအံ့မူးမူးဖြစ်နေတဲ့ပုဂ္ဂိုလ်တွေက သေခါနီးမှာ နားက ပိုကြားတယ်။ တချို့က ပိုဆိုးသေးတယ်။ လူမမာလာမေးရင် တိတ်တိတ်ဆိတ်ဆိတ်မနေဘဲ ဒီတောင်ကကျော်နိုင်မှာ မဟုတ်ပါဘူးလို့ အားပေးစကားမဟုတ်တာတွေ ပြောတတ်ကြတယ်။ အဲဒီလို ပြောသံကြားရင် လူမမာ ဒုက္ခရောက်သွားပြီမှတ်။ အဲဒီလိုနဲ့ ဒုက္ခရောက်သွားတဲ့သူတွေ အများကြီးရှိတယ်။ လူမမာ လာမေးတဲ့သူတွေက ဘာမှမမေးသင့်ဘူး၊ မပြောသင့်ဘူး။ တိတ်တိတ်ဆိတ်ဆိတ်လေး နေသင့်တယ်။

ဖယောင်းတိုင်မီးတို့၊ ဆီမီးတို့ ကုန်ခါနီးမှာ ပိုတောက်လာသလို သေခါနီးပုဂ္ဂိုလ်က နား ပိုကြားရတယ်။ ဒါ့ကြောင့် သေခါနီးပုဂ္ဂိုလ်နားမှာ တိုးတိုး တိုးတိုး မပြောကြနဲ့။ သူက စကားသာ မပြောနိုင်တာ၊ အကုန်ကြားရတယ်၊ စိတ်ညစ်စရာက အာသန္နကံဖြစ်သွားရင် မလွယ်ဘူး။ အဲ့ဒါနဲ့ပဲ ဒုက္ခရောက်သွားတတ်တယ်။ ဒါ့ကြောင့် အသံကို လုံးဝ တိတ်ပေးရမယ်။ တောင်တောင်မြောက်မြောက် ပြောတဲ့သူဆိုရင် လုံးဝလက်မခံနဲ့။ ကောင်းတာလေး အာရုံပြုပြီး ငြိမ်းငြိမ်းချမ်းချမ်းသေးနဲ့ ဘဝတစ်ခု ကူးသွားရင် ကောင်းရာသုဂတိ ရောက်နိုင်ဖို့ ရှိပါတယ်။

တကယ်တော့ ဒါတွေကိုလည်း အားကိုးမနေကြနဲ့၊ ကိုယ့်ဟာကို အခုကတည်းက ကြိုတင်ပြီးလုပ်ထားကြ။ ပုထုဇဉ်တွေ အတွက် guarantee ဆိုတာ မရှိဘူး။ guarantee ရချင်ရင် သောတာပန်ဖြစ်အောင် လုပ်ထားကြ။ ကောင်းပြီ အာသန္နကံ

ဆိုတာ အနီးကပ် အကျိုးပြုတဲ့ကံကို ခေါ်တယ်။ ဂရုကကံ မရှိရင် ဒီ အာသန္နကံက အကျိုးပေးတယ်။

နောက်ကံတစ်ခုက အာစိဏ္ဏကံတဲ့။ အာစိဏ္ဏကံ ဆိုတာ နေ့စဉ် ဆွမ်းလောင်း၊ နေ့စဉ် ဘုရားဝတ်တက်၊ နေ့စဉ် ပုတီးစိပ် စသဖြင့်ရှိတယ်။ သေခါနီး ကိုယ့်စိတ်ထဲမှာ ပုတီးစိပ်တာ တရားထိုင်တာ၊ ဆွမ်းလောင်းတာတွေ ခံစားနေရတယ်။ အဲဒီလို အာရုံကောင်းကောင်းလေးနဲ့ အမြဲလုပ်နေတာကို အာစိဏ္ဏကံလို့ ခေါ်တယ်။ မကောင်းတဲ့ အာစိဏ္ဏကံလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ မကောင်းတဲ့ အာရုံတွေ လာထင်မှာပဲ။ သေခါနီး အင်မတန် အရေးကြီးတယ်။

အာစိဏ္ဏကံ မရှိဘူးဆိုရင် အမှတ်တမဲ့ ပြုလုပ်ထားတဲ့ ကံတွေက ဝင်ပြီး အကျိုးပေးတယ်။ အဲဒီကံမျိုးကို ကဋတ္တာကံလို့ ခေါ်တယ်၊ အဲဒါက ကံတွေရဲ့အကျိုးပေးတဲ့ အဆင့်ပဲ။ တစ်ခုနဲ့ တစ်ခု မတူဘူး။ စေတနာပေါ် မူတည်ပြီး အကျိုးပေးတယ်။ ဒီလို အကျိုပေးပေမယ့် ကံတွေဟာ အကျိုးပေးပုံချင်း တစ်ယောက်နှင့် တစ်ယောက် တူနိုင်သလားလို့ မေးရင် မတူဘူး၊ လူရဲ့ quali- fication ပေါ်မူတည်ပြီး ကံကလိုက်ပြီး အကျိုးပေးတာ၊ ဒါ့ကြောင့် မတူဘူး။

ကုသိုလ်ကောင်းမှုကို စုပေါင်းပြီးပြုလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဆိုပါစို့၊ စုပေါင်းပြီး ကထိန်ခင်းတာ၊ စုပေါင်းပြီး တရားနာတာ တွေမှာတောင် အလုပ်က တူကောင်းတူနိုင်ပေမယ့် စိတ်စေတနာ ချင်းကတော့ မတူလို့ အကျိုးပေးချင်းလည်း မတူနိုင်ကြဘူး။

quality က ဘာလဲဆိုရင် ကံနှင့်ပတ်သက်လာရင် ကံမှတစ်ပါး အခြား အခြေခံကောင်းတွေ ကိုယ့်သန္တာန်မှာ ရှိနေဖို့လိုတယ်။

လူတွေထဲမှာလည်းကြည့်၊ မတူတာတွေ ပြောရရင် တချို့ ပုဂ္ဂိုလ်တွေက လူတစ်ယောက်ကို သတ်တဲ့ ပါဏာတိပါတာကံ ကျူးလွန်လိုက်လို့ သေစားသေစေ (သို့မဟုတ်) ထောင်တစ်သက် တစ်ကျွန်း ကျသွားစေတယ်။ တချို့ကျတော့ သူတစ်ပါးရဲ့ အသက်ကို သတ်ပေမယ့် အပြစ်မရရုံမျှမက ဆုတောင်ရသေး တယ်။ အဲဒါမျိုး ရှိဘူးလား၊ ရှိတယ်၊ ဘာ့ကြောင့်လဲဆိုတော့ condition ခြင်း မတူဘူးလေ။ condition ဆိုတာ ရှိသေးတယ်။ ကံကလည်း လူတိုင်းမှာ ဖိဖိစီးစီး အကျိုးမပေးနိုင်ဘူး။ အခြားအကြောင်းတွေ ရှိသေးတယ်။

ဥပမာ မြတ်စွာဘုရားဟောထားတဲ့ လောဏကပလ္လသုတ် ဟာ အင်မတန်မှ မှတ်သားစရာကောင်းတယ်။ ဆားခဲလေးယူပြီး ဖန်ခွက်ထဲရှိ ရေထဲထည့်ပြီး အဲ့ဒီရေကို သောက်ကြည့်ရင် အင်မတန်ငန်သွားမယ်။ အဲဒီပမာဏ ဆားခဲကိုပဲ ဂင်္ဂါမြစ်ထဲ၊ ဧရာဝတီမြစ်ထဲ၊ ရေကန်ကြီးထဲ ထည့်လိုက်ပါဦး။ ဆားရဲ့ အရသာ ပေါ်ပါတော့မလားတဲ့။

အဲဒီလိုပဲ တချို့ပုဂ္ဂိုလ်တွေကျတော့ ကိုယ်ကျင့်တရား ကလည်း မကောင်းဘူး၊ ကုသိုလ်ကောင်းမှုလည်း ဘာမှမလုပ်ဘူး ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ အကုသိုလ်နည်းနည်း လုပ်ပေမယ့်လည်း အများကြီးခံရမယ်။ သူများထက် ပြင်းပြင်းထန်ထန် ခံရမယ်။ ငွေတစ်မတ်နဲ့ ထောင်ကျချင် ကျတာ၊ ငွေတစ်သိန်းနဲ့ ထောင်ကျ

ချင်မှ ကျတာ။ ပိုက်ဆံရှိရင် မကျဘူး။ ပိုက်ဆံရှိသူနဲ့ ပိုက်ဆံမရှိသူကလည်း အခြေအနေကွာသေးတယ်။ ပိုက်ဆံမရှိရင် ထောင်ကျမယ်။ ပိုက်ဆံရှိရင် ထောင်မကျဘူး။ All are equal under the law လို့ဆိုပေမယ့် ပိုက်ဆံပေးနိုင်လို့ လွတ်သွားတာတွေ အများကြီးရှိတယ်။ ဒါက လောကဖြစ်ရပ်ပဲလေ။ အဲဒီမှာ ပိုက်ဆံဟာ အရည်အချင်းတစ်ခုဖြစ်တယ်။ ဘုရားဟောတဲ့ စာထဲမှာလည်း ပါပါတယ်။

ဒီအတိုင်းပဲ ကံအကျိုးပေးပုံချင်း မတူကြဘူး။ တချို့မှာ ကုသိုလ်စိတ်များတယ်။ ပုထုဇဉ်မို့လို့ မကောင်းမှုကို တစ်ခါတစ်ရံ လုပ်မိပေမယ့် ပျောက်သွားတယ်။ သိပ် အကျိုးမထင်ဘူး။ ကံက မျက်နှာလိုက်တာ မဟုတ်ဘူး။ ကံမှာလည်း အရည်အချင်းတွေ ရှိတယ်။ အခြား condition တွေ ရှိသေးတယ်။ သဘာဝတရားတွေမှာ ဆိုင်ရာဆိုင်ရာ အထောက်အကူ အကြောင်းတရားတွေ ရှိသေးတယ်။

မြတ်စွာဘုရား ဟောထားတာတစ်ခု ရှိသေးတယ်- ငါးသည်ထံက ဆင်းရဲသားက ငါးတစ်ကောင် ခိုးယူရင်အလေးနဲ့ အထုခံရမှာနော်။ ကားနဲ့သူဌေးတစ်ယောက်က ယူရင်တော့ နောက်တစ်ကောင်တောင် ထပ်ပေးလိုက်ဦးမယ်။ ချမ်းသာတဲ့ သူကို ဦးစားပေးပြီး မချမ်းသာတဲ့သူကိုတော့ ဦးစားမပေးဘူး။ ဒါက လောကရဲ့ဖြစ်စဉ်ပဲလေ။ ကံကျတော့ ပိုက်ဆံရှိတာ မရှိတာကို ပြောတာမဟုတ်ဘူး။ ကျန်တဲ့အရည်အချင်းတွေ ရှိတာ၊

မရှိတာကို ပြောတာ။ ကျန်တဲ့အရည်အချင်းတွေ ရှိတဲ့သူက အပြစ်သက်သာသွားမယ်။

ဆိုပါစို့၊ ကိုယ်ကျင့်တရားပြည့်စုံပြီး၊ စိတ်ကောင်း နှလုံးကောင်းအမြဲထားပြီး ကုသိုလ်ကောင်းမှုတွေလုပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ တစ်ခါတစ်ရံ မကောင်းမှုလုပ်ပေမယ့် ထိုအကုသိုလ်က ပျောက်ပျက်သွားတယ်။ ဘာမှ ကောင်းမှုကုသိုလ်မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အကုသိုလ် နည်းနည်းလုပ်တာနဲ့ များများခံရမှာပဲ။ လောကမှာလည်း ဖြစ်စဉ်က ဒီအတိုင်းပဲ။ သဘာဝတရားမှာလည်း ဒီအတိုင်းပဲ။ အဲဒီတော့ မကောင်းတဲ့ကံ လုပ်မိရင် ထိုကံမှသက်သာဖို့ ကောင်းတာ များများလုပ်ထားလို့ ဆိုလိုတဲ့ အဓိပ္ပာယ်ကို ပြောတာ။

အေး- ကံတရားဆိုတာ ပထမဘဝမှာ အကျိုးပေးတာ ရှိတယ်။ ဒုတိယဘဝမှာ အကျိုးပေးတာ ရှိတယ်။ တတိယဘဝမှာ အကျိုးပေးတာ ရှိတယ်။ ဒီကံတရားတွေဟာ အခြေခံအကြောင်း ပေါ်မူတည်ပြီး ထိုကံတရားရဲ့ အကျိုးဟာလည်း ထက်သန်မှု၊ နိမ့်ကျမှုဆိုတာ ဖြစ်သွားခဲ့တယ်။ ဘယ်လောက်ပဲ ကောင်းတဲ့ကံဖြစ်စေ၊ အထက်တန်းရောက်တဲ့ကံဖြစ်စေ အခြေခံတစ်ခုညံ့ရင် နိမ့်ကျတဲ့ဘဝကို ရသွားမှာပဲ။

ဥပမာတစ်ခု ပြောမယ်၊ အားလုံးကြားဖူးတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ ဘုရားလောင်း တောထွက်လာတဲ့ အချိန်မှာ ခင်မင်တဲ့စိတ်နဲ့ သွားတွေ့ပြီး ဘုရားဖြစ်ရင် သူ့ကို ပထမဆုံး တရားဟောပါလို့ ဖိတ်ခဲ့တယ်။ ဒါကြောင့် ရာဇဂြိုဟ်ပြည် မြတ်စွာ

ဘုရားကြွလာတော့ အခြံအရံ တစ်သိန်းနှစ်သောင်းနဲ့အတူ ပထမအကြိမ် တွေ့ဆုံ တရားနာရလို့ သောတာပန်ဖြစ်သွားတယ်။ ဝေဠုဝန်ကျောင်းကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့တယ်။ သူသေတော့ စတုမဟာရာဇ်နတ်ပြည်က ဝေဿဝဏ်နတ်မင်းကြီးရဲ့ အခြံအရံ ဇနဝသဘနတ်ဘီလူး သွားဖြစ်တယ်။ သူပြုခဲ့တဲ့ ကုသိုလ်တွေက တာဝတိံသာနတ်ပြည်လို အဆင့်အတန်းမြင့်တဲ့ နေရာမှာ ဖြစ်နိုင်တယ်။ သူ့ရဲ့ကံတွေက အဲ့ဒီအထိ အကျိုးပေးနိုင်တယ်။ သို့သော် ဘာဖြစ်လို့ နိမ့်ကျတဲ့ဘဝမှာ သွားဖြစ်သလဲဆိုရင် အတိတ်ဘဝတုန်းက အကြိမ်ကြိမ်ဖြစ်ဖူးတဲ့ နိကန္တိအစွဲ ရှိခဲ့တယ်။ အဲဒီအစွဲက ဆွဲချလိုက်တဲ့အတွက် ကံစွမ်းအားတွေ လျော့ကျသွားပြီး တာဝတိံသာနတ်ပြည်မှာ ဖြစ်ရမယ့်အစား နိမ့်ကျတဲ့ဘဝမှာ သွားဖြစ်ရတာ။ အဲဒီဘဝမှာ အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးပြီး အဲဒီဘဝကိုပဲ ကြိုက်နေလို့ ဖြစ်ရတာ။

မေဏ္ဍကသူဌေးကြီးမိသားစုကိုပဲ ကြည့်၊ သူဌေးကြီးရယ်၊ သူဌေးကတော်ကြီး၊ သူ့ရဲ့သားရယ်၊ ချွေးမနဲ့ ကျွန်ရယ် ဆိုပြီး ၆-ယောက်ရှိတယ်။ တစ်နေ့မှာ သူတို့စားမယ့်ထမင်း မစားဘဲ ပစ္စေကဗုဒ္ဓကို လှူလိုက်ကြတယ်။ လှူပြီး ဆုတောင်းကြတယ်။ သူဌေးကြီးက သူဌေးဆုတောင်းတယ်။ စွမ်းအားသတ္တိတွေ အမျိုးမျိုးတောင်းကြတယ်။ ကျွန်က တခြားဆုတောင်းရင် ရနိုင်ပါလျက်နဲ့ မတောင်းပါဘဲ ကျွန်ဆု ပြန်တောင်းတယ်။ ကောင်းတဲ့ဆုတောင်းရင် ရနိုင်လျက်နဲ့ သူတွယ်တာတဲ့ဘဝကို ပြန်တောင်းတယ်။ နောင်ဘဝရောက်တော့ အဲဒီသူဌေးကြီးရဲ့ လယ်ယာမှာ

ထွန်ယက်ပြီး အလုပ်အကျွေးပြုရတဲ့ ကျွန်ပြန်ဖြစ်တယ်။ အဲဒါ သူ့ စိတ်ဝင်စားတာ သူတွယ်တာတဲ့ ဘဝလေးပဲပြန်ရတယ်။ ဒါ့ကြောင့် မတွယ်တာနဲ့။ ကောင်းတာ တွယ်တာမိရင် တော်သေးတယ်။ မကောင်းတာ တွယ်တာမိရင် ဒုက္ခရောက်မယ်။

တစ်ခါတုန်းက ဘုန်းကြီးတစ်ပါးလိုပေါ့။ ရွာတစ်ရွာမှာ အဲဒီဆရာတော်က ကျောင်းထိုင်ဘုန်းကြီး ဖြစ်တယ်။ အဲဒီရွာက ဒကာမကြီးက လက်ပံခေါင်းချဉ်ရည်ဟင်း လာကပ်တော့ ဆွမ်းစားရတာ မြိန်လိုက်တာလို့ ဘုန်းကြီးကပြောလိုက်လို့ အဲဒီ ဒကာမကြီးက လက်ပံခေါင်းတွေ တစ်နှစ်စာဝယ်ထားပြီး နေ့တိုင်းဆွမ်းဟင်းချက်ပို့တယ်တဲ့။ တစ်နေ့တော့ အဲဒီရွာ မီးလောင်ပြီး ဒကာမကြီးအိမ် မီးထဲပါသွားပါလေရော၊ ဘုန်းကြီးက ဒီသတင်းကြားတော့ အင်း-ငါတော့ ဝဋ်ကျွတ်ပြီပေါ့၊ လက်ပံခေါင်းချဉ်ရည်ဟင်း စားရတဲ့ဒုက္ခက လွတ်ပြီ ကျွတ်ပြီပေါ့၊ နောက်နေ့ကျတော့ အဲဒီ ဒကာမကြီးက လက်ပံခေါင်း ချဉ်ရည်နဲ့ ဆွမ်းအုပ်ကြီးရွက်လာပြီး တပည့်တော်အိမ် မီးလောင်တုန်းက တခြားဘာပစ္စည်းမှသတိ မရဘူးဘုရား၊ ကိုယ်တော်ကြိုက်တဲ့ လက်ပံခေါင်းထုပ်ပဲ ဆွဲပြီးဆင်းလာခဲ့တာတဲ့။ ကဲ-လက်ပံခေါင်းချဉ်ရည်ဟင်းနဲ့ ဘုဉ်းပေးပါတဲ့။ အဲဒါကြောင့် ကြိုက်လည်း ကောင်းတာကြိုက်နော်၊ မကောင်းတာကြိုက်ရင် ဒုက္ခ ရောက်မယ်နော်။

အဲဒီ အကြောင်းတရားတွေက ကံရဲ့ အခန်းကဏ္ဍကို မြှုပ်သွားစေတတ်တယ်။ အေး-ဒါကလည်း သတိထားစရာပဲ။

ဘာပဲဖြစ်ဖြစ် ကံကြောင့်ချည်းလို့ မယူဆရဘူး။ ကံတစ်ခုတည်း ကပဲ အကျိုးပေးတယ်၊ ကံတစ်ခုတည်းကပဲ ဆုံးဖြတ်တယ်ဆိုတဲ့ အစွန်းရောက်တဲ့ ကမ္မဝါဒကို လက်မခံရဘူး။ အစွန်းရောက်တဲ့ ကမ္မဝါဒဆိုတာ ပုဗ္ဗေကတဟေတုဒိဋ္ဌိ လို့ခေါ်တယ်။ ဘာပဲဖြစ်ဖြစ် အတိတ်ကလုပ်ခဲ့လို့ ဒီဘဝကြုံရတာ ကံပဲလို့ ဆိုကြတယ်။ ကံကိုချည်း ပုံမချရဘူး။ ကံက အကြောင်းတစ်ခုသာဖြစ်တယ်။ အခြားအကြောင်းတွေ အများကြီးရှိသေးတယ်။ လူလုပ်လို့ ရတာတွေလည်း အများကြီးရှိတယ်။

ကံကိုပုံချပြီး ဘာမှမလုပ်ဘဲ နေတာတော့ လုံးဝ မှားတယ်။ မိစ္ဆာအယူဝါဒပဲ။ ပုဗ္ဗေကတဟေတုဒိဋ္ဌိ လို့ခေါ်တယ်။ fatalism မျိုး။ ဘာပဲဖြစ်ဖြစ် ကံက အဆုံးအဖြတ်ပေးတယ်။ ဒီဘဝဆင်းရဲတာလည်း ကံပဲ။ ချမ်းသာတာလည်း ကံပဲ။ ဒီဘဝမှာ ဘာဖြစ်ဖြစ် ကံကြောင့်ဖြစ်တာလို့ ယူဆရင် ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဖြစ်သွားပြီ။ အဲဒီအယူအဆတစ်ရပ် ဝင်သွားရင် ထိုပုဂ္ဂိုလ်ရဲ့ ကြီးပွားတိုးတက်ဖို့လမ်း ပိတ်သွားတယ်။ ဗုဒ္ဓရဲ့ ကမ္မဝါဒနဲ့လည်း မညီဘူး။ မိစ္ဆာဝါဒဖြစ်သွားတယ်။ ကံကိုလက်ခံတိုင်း သမ္မာဒိဋ္ဌိ မဖြစ်ဘူး။

တစ်ခါတုန်းက ပုဗ္ဗေကတဟေတုဒိဋ္ဌိနဲ့ ပတ်သက်ပြီး သိဝကဆိုတဲ့ ပရိဗိုဇ်ကြီးက မြတ်စွာဘုရားကို လျှောက်ထားဖူး တယ်။ အရှင်ဘုရား၊ တချို့က ဟောလေ့ ပြောလေ့ရှိကြတယ်။ ဒီဘဝမှာရတဲ့ သုခ ဒုက္ခ တွေ့ကြုံခံစားရသမျှဟာ အတိတ်ဘဝက

ပြုခဲ့တဲ့ ကံကြောင့်လို့ ပြောကြတယ်။ ဒီအချက်ကို အရှင်ဘုရား ဘယ်လိုပြောမတုန်းတဲ့။

အဲဒီအခါ မြတ်စွာဘုရားက သိဝက၊ မင်းပဲ စဉ်းစားကြည့်ပေါ့။ လောကမှာ ကိုယ်တိုင် လက်တွေ့မြင်ရတဲ့ အကြောင်းတရားတွေ အများကြီးရှိတယ်။ ဥပမာ သည်းခြေကြောင့် ရောဂါဖြစ်တာရှိတယ်။ အအေးထဲ ထွက်မိလို့ နှာစေး၊ ချောင်းဆိုးတာ ရှိတယ်။ အပူမိလို့ ဖျားတာ ရှိတယ်။ အဲ့ဒီလိုတွေ အမျိုးမျိုး ရှိလျက်နဲ့ ဖျားတာဟာ ကံကြောင့်၊ အအေးမိ ချောင်းဆိုးတာကလည်း ကံကြောင့်လို့ပြောရင် လက်တွေ့ကို ငြင်းပယ်ရာရောက်တာပေါ့။ ကံဆိုတာ အကြောင်းတစ်ခုပဲ။ ဒီလူဟာ အအေးပတ်ပြီး ချောင်းဆိုးတာဟာ အအေးထဲ ထွက်လို့ပေါ့။ အပူမိပြီး ဖျားတာကလည်း အပူထဲ ထွက်လို့ပေါ့။ ဒါတွေဟာ ပြုလုပ်တာတွေ၊ ကံနဲ့ ဘာဆိုင်လဲ။ မြတ်စွာဘုရားက တကယ့်လက်တွေ့သမားနော်။ အကြောင်းကို ကံတစ်ခုတည်းလို့ မယူဆရဘူး။ အကြောင်းတွေ အများကြီးရှိတယ်။

သရက်စေ့မှ အပင်ပေါက်တာပဲ ကြည့်၊ မြေနဲ့ ရေနဲ့ ပေါင်းမှ အပင်ပေါက်တာ။ အကြောင်းတရားတွေ အများကြီး ရှိတယ်လို့ လက်ခံရမယ်။ အဲဒါကြောင့် ဘာကြောင့်ဖြစ်ဖြစ် ကံကြောင့်သာ ဆိုတာကို လက်မခံရဘူး။ မြတ်စွာဘုရားရဲ့ ကမ္မဝါဒကို မဟာကမ္မ ဝိဘင်္ဂသုတ်မှာ ဟောထားတယ်။ သဘာဝအားဖြင့်ပြောရရင် အကုသိုလ်ကံဟာ မကောင်းကျိုးကိုသာ

ပေးပြီး၊ ကုသိုလ်ကံဟာ ကောင်းကျိုးကိုသာ ပေးတယ်။ ဒါဟာ natural law ပဲ။ ပေးတတ်တဲ့ သဘာဝကို ပြောတာ။

ဆိုပါစို့၊ မြတ်စွာဘုရားက ဘယ်လိုဟောသလဲ ဆိုရင် ပါဏာတိပါတ အမှုဟာ ငရဲ၌ဖြစ်စေနိုင်တယ်တဲ့။ ဒီစကားက ပါဏာတိပါတကံ ပြုလုပ်သူတိုင်း ငရဲကျတယ်လို့ ပြောတာ မဟုတ်ဘူးနော်။ သို့သော် ပါဏာတိပါတကံသည် အကျိုးပေးရင် အဆိုးဆုံးအနေနဲ့ ငရဲမှာ အကျိုးပေးနိုင်တယ်လို့ ဟောတာ။ ပါဏာတိပါတအမှုဟာ ငရဲ၌ဖြစ်စေနိုင်တယ် ဆိုတာနဲ့ ပါဏာတိပါတကံ ပြုလုပ်သူတိုင်း ငရဲကျတယ်လို့ဆိုတဲ့ ဒီစကားနှစ်ခုဟာ မတူဘူးနော်။

အေး . . . တခြားဘာသာတွေက ကံနဲ့ ပတ်သက်ပြီး ဘယ်လိုဟောသလဲဆိုရင် '**ယော ကောစိ ပါဏံ အတိပါတေတိ၊ သဗ္ဗော သော အပါယိကော နေရယိကော**'=သူတစ်ပါး အသက်ကိုသတ်တိုင်း ငရဲကျတယ်လို့ ပြောတယ်။ definate ပေါ့။ မြတ်စွာဘုရားက အဲဒီလို မဟောဘူး။ ပါဏာတိပါတကံသည် ငရဲ၌ ဖြစ်စေနိုင်တယ်လို့ဟောတာ။ ငရဲ၌ ဖြစ်ရမယ်လို့ မဟောဘူး။ ဘာဖြစ်လို့လဲဆိုတော့ တခြားအကြောင်းတွေ ရှိသေးတယ်။ ဒီပါဏာတိပါတကံ တစ်ခုတည်းကို အကြောင်းလို့ ပြောလို့မရဘူး။ တခြားအကြောင်းတွေကြောင့် ငရဲကျတာတွေ လည်း အများကြီးရှိသေးတယ်။

အဲဒီတော့ ပါဏာတိပါတကံ လုပ်မိရင် ဒီ မကောင်းတဲ့ ပါဏာတိပါတကံက လွတ်ရာလွတ်ကြောင်း နည်းလမ်းမရှိဘူး

လားဆိုရင်-ရှိပါတယ်။ မြတ်စွာဘုရားက ဟောတယ်၊ မကောင်းမှုကို မလုပ်ရဘူး။ လုပ်ရင် မကောင်းမှုကံက ဆင်းရဲဒုက္ခအကျိုးကို ပေးတယ်။ မကောင်းမှုကို လုပ်မိတဲ့ပုဂ္ဂိုလ် စဉ်းစားရမှာက ငါသည် မကောင်းမှုတော့ လုပ်မိသွားပြီ၊ လုပ်မိပြီးသားကို ပြန်တွေးပြီး စိတ်လေးနေရုံနဲ့ အဲဒါကို ပယ်ဖျက်နိုင်တာ၊ ပြုပြင်လို့ရနိုင်တာ မဟုတ်ဘူး။ အဲဒီတော့ လုပ်မိပြီးသားတော့ ရှိစေတော့။ နောင်ကို ဒါမျိုးမလုပ် တော့ဘူး။ ကောင်းတာတွေပဲ လုပ်တော့မယ်။ ဒီလို ဆုံးဖြတ်ပြီး မကောင်းမှုရှောင်၊ ကောင်းမှုကိုသာ လုပ်ဆောင်သွားရမယ်။ အဲဒါကမှ မကောင်းကံက လွတ်မြောက်မယ့် စစ်မှန်တဲ့ နည်းလမ်းပဲ။

ဒါကြောင့်မို့ ဩကာသနဲ့ ကန်တော့တာကလည်း အဲဒီ အဓိပ္ပာယ်ပဲ။ တစ်စုံတစ်ခုပြစ်မှားမိထားရင် တောင်းပန်ပြီး နောင်ကို ရှောင်ကြဉ်ရမယ်ဆိုတာ လာရမယ်။ မကောင်းတာကို ရှောင်ကြဉ်ဖို့၊ ကောင်းတာလုပ်ဖို့ ဖြစ်တယ်။ မကောင်းတာ ရှောင်ကြဉ်ပြီး ကောင်းတာတွေ လုပ်နေရင် ထိုသူဟာ ထိုကံမှ လွတ်မြောက်ပြီး ကောင်းကျိုးချမ်းသာတွေကို ခံစားရမှာ သေချာတာပဲ။ မည်သူပဲဖြစ်ဖြစ် မကောင်းမှုကို လုပ်မိတဲ့သူဟာ ထိုကံကိုတွေးပြီး ပူပန်နေဖို့ မလိုဘူး။ စိတ်လေးနေဖို့ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြင်လို့လည်းရတဲ့ဟာ မဟုတ်ဘူး။ မေ့လိုက်တော့။ နောင်ကို ဒါမျိုးမလုပ်ဖို့က အရေးကြီးတယ်၊ ရှောင်ကြဉ်မယ်၊ ကောင်းတာတွေပဲ လုပ်မယ်၊ ဒီနည်းနဲ့ လုပ်မိပြီးသားကံတွေကို isolate လုပ်ထားလိုက်ရမယ်။ ဘေးကို

တွန်းပစ်လိုက်တာပေါ့။ ဒါကကံက လွတ်မြောက်တဲ့နည်းလို့ သဉ်မေ့မှ သုတ်မှာ မြတ်စွာဘုရားက ဟောထားတယ်။ ကောင်းတာတွေပဲ လုပ်ဖို့ပါ။

ဒါ့ကြောင့်မို့လို့ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ပြည့်စုံစေရမယ်။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သတ္တာ၊ လူ နတ် ဖြဟ္မာ သတ္တဝါ မှန်သမျှတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါပေကုန်၏။ ကမ္မ ဒါယာဒါ၊ ကံပေးတဲ့ အမွေကိုသာ ခံယူကြရတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါကုန်၏။ ကမ္မယောနီ၊ ကံသာလျှင် ဖြစ်ပေါ်စေတဲ့ အကြောင်းတရား ရှိကြကုန်၏။ ကမ္မဗန္ဓူ၊ ကံ သာလျှင် အားကိုးရတဲ့ ဆွေမျိုးသားချင်း ရှိကြပါကုန်၏။ ကလျာဏံဝါ၊ ကောင်းတာပဲ ဖြစ်စေ။ ပါပကံ ဝါ၊ မကောင်းတာဘဲ ဖြစ်စေ။ ယံ ကမ္မံ၊ အကြင်ကုသိုလ်ကံ အကုသိုလ်ကံကို။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။ တဿ ကမ္မဿ၊ ထိုကောင်းမှု မကောင်းမှုဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံရဲ့။ ဒါယာဒါ၊ အမွေကို ခံယူကြရတဲ့ပုဂ္ဂိုလ် တို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကြပေလိမ့်မည်ဟု။ ဘဂဝါ၊ ရွှေဘုန်းတော်ရှင် ရှင်တော်မြတ်ဘုရားသည်။ အဝေါစ၊ ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါသတည်း။

(သာဓု၊ သာဓု၊သာဓု)

အဲဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိတဲ့ပုဂ္ဂိုလ်ဟာ သမ္မာဒိဋ္ဌိ အမြင်တစ်ခြမ်းတော့ ရသွားပြီ။ သို့သော် ဝိပဿနာသမ္မာဒိဋ္ဌိ ဆိုတာ မရှိသေးဘူးဆိုရင် တစ်ပိုင်းက သမ္မာဒိဋ္ဌိ၊ တစ်ပိုင်းက

မိစ္ဆာဒိဋ္ဌိ ရောနေသေးတယ်။ ဒါ့ကြောင့် မနက်ဖြန်ကျရင် ပြီးပြည့်စုံတဲ့ သမ္မာဒိဋ္ဌိဖြစ်ပြီး မိစ္ဆာဒိဋ္ဌိက လုံးဝလွတ်ရန်အတွက် နောက်ထပ်လိုသေးတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ အကြောင်း ဆက်ပြီးဟောပါ့မယ်။ နိဗ္ဗာန်တံခါးကြီးထဲ ဝင်ဖို့ရန်အတွက် ဝိပဿနာသမ္မာဒိဋ္ဌိဟာ အရေးအပါဆုံး ဖြစ်တယ်။ ဒီကနေ့ ဒီမျှနဲ့ပဲ ကျေနပ်ကြပါ။ ကဲ-မေတ္တာပို့ပြီး တရားသိမ်းကြရအောင်။

# နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါ
## အပိုင်း (၄)

မှတ်တမ်း။ ။ သာသနာတော်နှစ် ၂၅၅၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်။ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ကံမြင့်ကျောင်းတိုက် ညဦးယံ ဓမ္မသဘင်အခမ်းအနား၌ အဘွား ဒေါ်အုံးကြည်အား ဦးထိပ်ထား၍ ကိုလှမိုး+မဝင်းမိုးဦး၊ သား ကောင်းကျော်ထက်၊ သမီး အေးပပ မိသားစု၊ အမှတ် ၂၀၁၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့တို့၏ အမတဒါနဓမ္မဒါနအနေဖြင့် ပေါကြားအပ်သော "နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ" အပိုင်း (၄) တရားဒေသနာတော်။

ထိုနိဗ္ဗာန်တံခါးကြီးဆီ ဦးတည်ပြီးသွားတဲ့ လမ်းကြောင်းကြီးတွေမှာ သမ္မာဒိဋ္ဌိ right understanding ဆိုတာ အဆင့်ဆင့်ရှိတယ်။ ကံ ကံ၏အကျိုးကို လက်ခံတာက အခြေခံအဆင့် သမ္မာဒိဋ္ဌိ ဖြစ်တယ်။ ကံ ကံ၏အကျိုးကို လက်ခံတဲ့ အခြေခံ သမ္မာဒိဋ္ဌိ ရှိပေမယ့် တစ်ပိုင်းက အမြင်မှန် မရသေးတာမျိုးလည်း ရှိနိုင်သေးတယ်။ ဒါ့ကြောင့် သမ္မာဒိဋ္ဌိကို ၂-ပိုင်းခွဲပြီး မှတ်ရမယ်။ မဇ္ဈိမနိကာယ်မှာ သမ္မာဒိဋ္ဌိသုတ္တန်ဆိုတာ ရှိတယ်။ သမ္မာဒိဋ္ဌိဆိုတာ ဘာလဲလို့ ရှင်းထားတယ်။

အဲဒီသုတ္တန်ကို ဖွင့်ဆိုတဲ့ အဋ္ဌကထာမှာ သမ္မာဒိဋ္ဌိကို လောကိယသမ္မာဒိဋ္ဌိ၊ လောကုတ္တရသမ္မာဒိဋ္ဌိ လို့ အခြေခံအားဖြင့် ၂-မျိုးခွဲပြီးတော့ တဖန် လောကိယသမ္မာဒိဋ္ဌိကို ၂-မျိုး ထပ်ခွဲ

လိုက်ပြန်တယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ က ကံကို လက်ခံ တယ်၊ ကံ၏အကျိုးကို လက်ခံတယ်။ နောက် သမ္မာဒိဋ္ဌိတစ်ခုက သစ္စာနုလောမိကသမ္မာဒိဋ္ဌိ၊ တချို့နေရာများမှာတော့ ဝိပဿနာသမ္မာဒိဋ္ဌိလို့ သုံးပါတယ်။ လွယ်လွယ် မှတ်လို့ရအောင် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ဝိပဿနာသမ္မာဒိဋ္ဌိလို့ ပြောပါ့မယ်။

ကမ္မဿကတာသမ္မာဒိဋ္ဌိ ဆိုတာ ကံကံ၏ အကျိုးကို လက်ခံတယ်။ ကမ္မဝါဒီ= ကံကို ရှိတယ်လို့ လက်ခံတယ်။ ကံ၏ အကျိုးတရား ရှိတယ်လို့ လက်ခံတယ်။ အဲဒါ မှန်ကန်တဲ့ အမြင်ပဲ။ သို့သော် ဒီမှန်ကန်တဲ့ အမြင်ဟာ ပြည့်စုံလုံလောက်တဲ့အမြင် မဖြစ်သေးဘူး။ မျက်စိ တစ်ဖက်ပဲ ကောင်းသေးတယ်၊ နောက်တစ်ဖက်က ပိတ်နေသေးတယ်ဆိုတဲ့ သဘောမျိုးပေ့ါ။ တစ်ပိုင်းက သမ္မာဒိဋ္ဌိ၊ နောက်တစ်ပိုင်း ကြည့်လိုက်ပြန်တော့ သတ္တဝါတွေရှိတယ်၊ သတ္တဝါတွေကိုပဲ မြင်တယ်၊ ရုပ် နာမ် ဓမ္မ သင်္ခါရကို မမြင်သေးဘူးဆိုရင် အဲဒီအပိုင်းက မိစ္ဆာဒိဋ္ဌိ ဖြစ်နေသေးတယ်။ သမ္မာဒိဋ္ဌိ တစ်ပိုင်း၊ မိစ္ဆာဒိဋ္ဌိ တစ်ပိုင်းပေ့ါ။

ဒီကနေ့ ဒုတိယ သမ္မာဒိဋ္ဌိအပိုင်းလို့ ဆိုရမယ့် ဝိပဿနာသမ္မာဒိဋ္ဌိအပိုင်းကို အကျဉ်းချုံးပြီး ဟောပြောပါ့မယ်။ သမ္မာဒိဋ္ဌိ ဆိုတဲ့ အမြင်မှန်ရဖို့ရန်အတွက် အခြေခံအကြောင်း ၂- ချက်ရှိတယ်၊ ဘာလဲဆိုရင် တစ်ချက်က ပရတောဃောသ-တဲ့၊ သမ္မာဒိဋ္ဌိ ဖြစ်ကြောင်း တရားများကို သို့မဟုတ် မှန်ကန်တဲ့ ဟောပြောချက်တွေကို နားထောင်ဖို့လိုတယ်။ ဒါက အကြောင်း တစ်ခု။

ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် ဘုရားနဲ့ပစ္စေကဗုဒ္ဓကလွဲရင် ကျန်တဲ့ပုဂ္ဂိုလ်တွေက နားမထောင်ဘဲနဲ့ အသိဉာဏ်ရတာ မရှိဘူး၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကိုယ်တော်တိုင်ပဲ နားမထောင်ဘဲ အသိဉာဏ်မရဘူး၊ ပရတောဃောသကြောင့် ရလာတဲ့အသိဉာဏ်ကို သုတမယဉာဏ်လို့ခေါ်တယ်၊ ဒါကြောင့် နားထောင်ဖို့ဆိုတာ သိပ်အရေးကြီးတယ်၊ နားထောင်ဖို့က အလွန်အရေးကြီးတယ်။ ပရတောဃောသော = ပရတော၊ သူတစ်ပါးထံမှ။ ဃောသော။ ရှင်းလင်းပြောပြတဲ့ တရားစကား အသံ။ အဲဒါဟာ သမ္မာဒိဋ္ဌိ ဖြစ်ခြင်းရဲ့အကြောင်း တစ်ခုပဲ။ ဒါကအပြင်ဘက်က အကြောင်းတရား။

အပြင်ကလာတဲ့ အကြောင်းတရားဟာ ဒီတွင်းက အကြောင်းတရား မပါဘဲနဲ့ မဖြစ်ဘူး၊ လောကမှာရှိတယ်လေ အတွင်းလူ အပြင်လူဆိုတာ။ အတွင်းနဲ့အပြင် ပေါင်းစပ်သွားရင် အလုပ်ဖြစ်သွားတယ်။ အဲဒီတော့ အပြင်ကတော့ လာနေတယ်၊ အတွင်းက မပါသေးဘူးဆိုရင် သမ္မာဒိဋ္ဌိ မဖြစ်သေးဘူး။

အဲဒီတော့ အတွင်းအကြောင်းတရားက ဘာလဲဆိုရင်- **ယောနိသောမနသိကာရော = ယောနိသော၊** မှန်ကန်သော၊ သင့်လျော်သော၊ ယုတ္တိရှိသော။ မနသိကာရော၊ နှလုံးသွင်းမှု၊ မှန်ကန်သော နှလုံးသွင်းမှု၊ ပညာပါတဲ့ နှလုံးသွင်းမှုလို့ ဆိုတယ်။ စာပေနဲ့ပြောမယ်ဆိုရင် သင့်လျော်အောင် နှလုံးသွင်းတတ်မှု။ အဲဒီ ပရတောဃောသဆိုတဲ့ အပြင်အကြောင်းတရားနဲ့ မိမိရဲ့ မှန်မှန်ကန်ကန် စဉ်းစားတတ်တယ်ဆိုတဲ့ ယောနိသော မနသိ

ကာရ၊ ဒီ ၂-ခုပေါင်းစပ်လိုက်လျှင် အမြင်မှန်သမ္မာဒိဋ္ဌိ ဆိုတာ ဖြစ်လာပါတယ်။

ဘယ်အရာပဲဖြစ်ဖြစ် ဆိုင်ရာဆိုင်ရာ အကြောင်းတရား မရှိဘဲနဲ့ ဖြစ်လာတယ်ဆိုတာ မရှိဘူး။ ဒါကြောင့်မို့ အကျိုး လိုချင်ရင် အကြောင်းကို ထူထောင်ရတယ်။ အကြောင်းမရှိဘဲ အကျိုးဆိုတာမဖြစ်ဘူး။ အကြောင်းဆိုတဲ့ နေရာမှာလည်းပဲ တချို့အကြောင်းက ၂-ခုဆုံမှ ဖြစ်တယ်၊ တချို့အကြောင်းက ၃-ခု ဆုံမှ ဖြစ်တယ်၊ တချို့အကြောင်းက ၄- ခု ဆုံမှ ဖြစ်တယ်၊ တချို့က အကြောင်းပေါင်းများစွာ ဆုံမှ ဖြစ်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက အကြောင်းတွေ ပြည့်ပြည့်စုံစုံ ပဋ္ဌာန်းတရားတော်မှာ ဟောထားတယ်။ ပဋ္ဌာန်း ၂၄-ပစ္စည်း ဆိုတာ အရေအတွက်အားဖြင့် ၂၄- ပစ္စည်း၊ တကယ်တော့ ၂၄ မျိုးသာမကဘူး၊ အကြောင်းတစ်ခုဟာ အများကြီးစုပြီးဖြစ်တာ။ အဲဒီလို စုပြီး အကြောင်းတရားတွေ စုံလာတဲ့အခါကျတော့မှ အကျိုးတစ်ခု ပေါ်လာတယ်။

အေး. . . သမ္မာဒိဋ္ဌိဆိုတဲ့၊ မှန်ကန်တဲ့အမြင်ကလေး ရဖို့ရန် (၁)ပရတောဃောသ=ပရတော၊တကယ့်ပညာရှိ သူတော်ကောင်း လို့ဆိုတဲ့ သူတစ်ပါးထံမှ။ ဃောသ၊ မှန်ကန်စွာ ဟောပြတဲ့ တရားသံ။ အဲဒါ နာခံမှုရှိရမယ်။ ဒါကြောင့်မို့ တရားနာတာဟာ သမ္မာဒိဋ္ဌိဉာဏ်ရဖို့ အကြောင်းတစ်ခုပဲ၊ သို့သော်လည်း ဒါက အကြောင်းတစ်ခုလေးတင် ဆိုတော့ တရားနာရုံနဲ့ ရသလား ဆိုတော့ မရသေးဘူး။ ဘာလိုသေးလဲဆိုလို့ရှိရင် ပုဂ္ဂိုလ်ရဲ့

အတွင်းသန္တာန်မှာရှိတဲ့ မှန်မှန်ကန်ကန် နှလုံးသွင်းတတ်ဖို့၊ မှန်မှန်ကန်ကန် စဉ်းစားတတ်ဖို့လို သေးတယ်။ တရားတော့ နာပါရဲ့၊ မှန်မှန်ကန်ကန် မစဉ်းစားတတ်ဘူး၊ တလွဲတွေးတယ် ဆိုရင် သမ္မာဒိဋ္ဌိ မဖြစ်ဘူး။ အဲဒီတော့ ယောနိသောမနသိကာရ ဆိုတာ သိပ်အရေးကြီးတယ်။

သဘောပေါက်ရုံ ပြောရမယ်ဆိုလို့ရှိရင် ယောနိသော မနသိကာရ ဆိုတာ ဘယ်လိုဟာတုန်းဆိုရင် ကောင်းတဲ့ တရားတွေ ဖြစ်ပေါ်လာအောင် စဉ်းစားတဲ့ စဉ်းစားနည်းမျိုး။ ဆိုပါစို့၊ လောကမှာ အချင်းချင်း အတူတကွနေကြတဲ့အခါမှာ တစ်ခါတစ်ရံ အဆင်မပြေလို့ တစ်ယောက်နဲ့တစ်ယောက် မုန်းတီးမှုဆိုတဲ့ ဒေါသတရားတွေ ဖြစ်ပေါ်လာတတ်တယ်။ အဲဒီလို ဒေါသတရား ဖြစ်လာမယ်၊ မကျေမနပ်ဖြစ်လာမယ်၊ မုန်းတီးမှုတွေ ဖြစ်လာမယ် ဆိုလို့ရှိရင် ဘာကနေ ပေါက်ဖွား လာတာတုန်း အတွေးလွဲတာကနေ ပေါက်ဖွားလာတာ။

အတွေး ၂-မျိုးရှိတယ်၊ ဒီလူက တော်တော်ဆိုးတာပဲ၊ ငါ့ပေါ် ဘယ်လို ညစ်ပတ်တာပဲ၊ ဘယ်လို မကောင်းတာဘဲဆိုပြီး အပြစ်တွေချည့် လျှောက်တွေးနေမယ်၊ စဉ်းစားနေမယ်ဆိုရင် ဒေါသမီးကတော့ ခွတ်ဆီလောင်းပေးသလို နေမှာပေါ့။ ဟုန်းဟုန်းနဲ့ လောင်မှာပဲ။ ဒီတော့ အဲဒီလို စဉ်းစားလို့ ဒေါသတွေ ပိုဖြစ်လာရင် အဲဒီလို စဉ်းစားမှုမျိုးကို အယောနိသောမနသိကာရ လို့ခေါ်တယ်။

အဲဒါ နောက်တစ်မျိုး တွေးကြည့်လိုက်ဦး၊ သူ့အထင် မှားတာ နေမှာပါ။ ဘယ်တုန်းက ငါ့အပေါ် တော်သားပဲ၊ ဒီလူကတော့ သူ့စိတ်ရင်းစိတ်ထား အလွန်ကောင်းတာပဲ၊ ဘယ်တုန်းက ဘယ်လိုဆိုတဲ့ သူရဲ့ ကောင်းကွက်ကလေးတွေ ရှာလိုက်ပြန်တော့ ခုနက ဒေါသမီးရှိန်က လျော့သွားပြန်ရော။ ဒါ လူတိုင်း လူတိုင်းဒီလိုပဲ။ ဒေါသထွက်ရင် တွေးကြည့်ပေါ့။ ဆိုးလိုက်တာလို့ တွေးနေရင် ဒေါသမီးက ပိုတောက်လာတယ်။ ကောင်းတဲ့ဘက်လှည့်တွေးရင် ငြိမ်းသွားပြန်ရော။ ဒါအကြောင်း ပဲလေ၊ လက်တွေ့သိရတဲ့အကြောင်း။

မြတ်စွာဘုရားက ရှည်ရှည်ဝေးဝေး မစဉ်းစားခိုင်းပါဘူး။ 'သန္ဒိဋ္ဌိကော'= ကိုယ်တိုင်မြင်နိုင်တဲ့ အကြောင်းတရားတဲ့။ လူတိုင်း လူတိုင်း မြင်လို့ရတယ်။ ကြည့်၊ နှစ်သက်စရာ အာရုံလေး တွေ့တဲ့ အခါ လှလိုက်တာ၊ လှလိုက်တာလို့ စဉ်းစားရင် လောဘတွေ ပိုပိုများလာတယ်၊ ရချင်လိုက်တာ၊ ရချင်လိုက်တာတဲ့။ နောက်တစ်မျိုးကျတော့ ဩော် ဘယ်ဟာမှ မမြဲပါဘူး။ လှတယ် ဆိုတာ တစ်ခဏကလေးပါပဲလို့ တွေးလိုက်ပြန်တော့ ခုနက လောဘကလေး လျော့ကျသွားပြန်ရော။

မီးများလိုပေါ့၊ ထင်းကလေး ထည့်လိုက်တဲ့အခါ မီးက ပိုတောက်တာပေါ့။ ထင်းတွေဖယ်လိုက်တော့ မီးအရှိန်ကလေးက လျော့သွားရော၊ ဘယ်အရာပဲ ဖြစ်ဖြစ် သူ့အကြောင်းနဲ့သူရှိတယ်။ အကြောင်းနဲ့ အကျိုးကို သဘောပေါက်ရင် လူ့ဘဝဟာ အင်မတန်မှ နေပျော်ပါတယ်။ ဒေါသဖြစ်နေရင် ဘာ့ကြောင့်

ဖြစ်တာတုန်း၊ စဉ်းစား၊ ဖြစ်တဲ့အကြောင်းကို ဖယ်ရှားပစ်။ ဒါကြောင့် မေတ္တာဘာဝနာ ပွားဖို့ရန်အတွက်မှာ 'သတ္တာ နံ မနာပဘာဝ ဒဿနပဒဋ္ဌာနာ'၊ မနာပဘာဝ-ကောင်းကွက်ကလေးတွေကို၊ ဒဿန-ကြည့်ပါ။

လူတစ်ယောက်အပေါ်မှာ မေတ္တာထားချင်ရင် ကောင်းကွက် ကလေးတွေကို ကြည့်၊ ဆိုးကွက်တွေ သွား မကြည့်နဲ့။ လူဟာ အကောင်းနဲ့အဆိုး ရောနေတာပဲ။ ဘယ်သူမှ အကောင်းချည်းမရှိဘူး။ ဘယ်သူမှ အဆိုးချည်းလည်းမရှိဘူး။ ကောင်းကွက်ကိုရှာ၊ မေတ္တာကိုပွားဆိုတာ ယောနိသော မနသိကာရကို ပြောတာ။ ကောင်းကွက်ကို မရှာနိုင်ရင် မေတ္တာ မပွားနိုင်ဘူး။

မေတ္တာမပွားနိုင်ရင် ချက်ချင်း ဘယ်သူဒုက္ခဖြစ်သလဲ ဆိုရင် ကိုယ့်ရဲ့နှလုံး ပူလောင်ခံရတယ်။ ကိုယ်အရင်ဒုက္ခဖြစ်တာပဲ။ ငရဲကျမှာတွေ နောက်ထား၊ အရုပ်ဆိုးမှာတွေ နောက်ထား၊ အရုပ်ကတော့ ဒေါသဖြစ်ရင် ခုဘဝတင် ဆိုးသွားတာပဲ။ စိတ်ဆိုးနေတဲ့အချိန်မှာ မှန်သွားကြည့်။ ကိုယ့်ရုပ်တောင် ကိုယ်လန့်သွားမယ်။ အဲဒီတော့ ဒေါသရဲ့အရှိန်ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတာပဲ။ သဘာဝ မဟုတ်တော့ဘူး။ အကြောင်းတရားတွေ ရှိနေတယ်ဆိုတာ ထင်ရှားတယ်။

အဲဒီတော့ သမ္မာဒိဋ္ဌိ ဖြစ်ဖို့ရန်အတွက် ပရတောဃောသ-တရားဓမ္မနဲ့ ကောင်းတဲ့အကြံဉာဏ်တွေ အစထား မှန်ကန်တဲ့သဘာဝတရားတွေကို ဟောပြောတာကို နာယူခြင်း၊ ယောနိသော

မနသိကာရ= မိမိကိုက စဉ်းစားတတ်ခြင်းဆိုတဲ့ ဒီအကြောင်း ၂-ချက်ရှိလို့ရှိရင် မှန်ကန်တဲ့အမြင် သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာမယ်။

ကဲ-ဒီမှာ ဆန့်ကျင်ဘက်ကို ကြည့်မယ်။ မိစ္ဆာဒိဋ္ဌိ= မှားယွင်းတဲ့ အမြင်တစ်ခု ဖြစ်ပေါ်ဖို့ရာမှာလည်း သူ့ဘာသာသူ ဖြစ်တာမဟုတ်ဘူး၊ သူ့မှာလည်းအကြောင်း ရှိတယ်။ အဲဒီ အကြောင်းက ဘာတုန်းဆိုလို့ရှိရင် ပရတောဃောသ= မဟုတ် မဟပ်လုပ်ဇာတ် philosophy တွေ နားထောင်တယ်၊ မှန်မှန် ကန်ကန်မဟုတ်ဘဲ တလွဲတချော်အတွေးအခေါ်တွေ ရေးထားတဲ့ စာအုပ်တွေ ဖတ်တယ်၊ ဘုရားဟောနဲ့ ဆန့်ကျင်တဲ့ စာအုပ်တွေ ဖတ်တယ်။ မှန်ကန်တဲ့ အကြောင်းတရားတွေနဲ့ လွဲချော်တဲ့ စာအုပ်တွေ ဖတ်တယ်။ ဒါ ပရတောဃောသ ပဲ။ မှားယွင်းတဲ့ တရားဓမ္မတွေ နာယူတယ်၊ ဒါ ပရတောဃောသပဲ။

ပြီးတော့ အယောနိသောမနသိကာရ၊ အသိဉာဏ်နဲ့ မတွေးတော့ဘူး။ မှန်ကန်စွာ မတွေးတတ်ဘူး။ မစဉ်းစား တတ်ဘူး။ အဲဒီလိုဆိုရင် မိစ္ဆာအယူဝါဒတွေ ပေါ်လာတတ်တယ်။ မပြည့်စုံရင် အဲဒီအတိုင်းပဲ။ လောကမှာ မိစ္ဆာအယူဝါဒဆိုသည်မှာ အားလုံးကို ခြုံပြီးတော့မြင်တဲ့အမြင် မဟုတ်ဘူး။ တစ်ပိုင်းတစ်စ မြင်တဲ့ အမြင်မျိုးဟာ မိစ္ဆာဒိဋ္ဌိကို ဖြစ်စေတတ်တယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက ကိုယ့်အမြင်လေးကို ဆုပ်ကိုင်ထားတာမျိုး မလုပ်နဲ့၊ စွန့်လွှတ်ဖို့ ခဲယဉ်းလောက်အောင် ဆုပ်ကိုင်ထားမှု မဖြစ်စေနဲ့။ ဘက်စုံ ကြည့်တတ်ရမယ်။ ဒီဘက်ကြည့်ပြီးရင် ဒါ ဟုတ်လှပြီလို့ မပြောနဲ့။ ဟိုဘက်ကိုလည်းကြည့်လိုက်ဦး၊ ဘက်စုံက

ကြည့်ရမယ်၊ တစ်ဘက်ကောင်းပေမယ့် နောက်တစ်ဘက်က ကောင်းချင်မှ ကောင်းမယ်။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက အင်္ဂလိပ်လိုရေးထားတဲ့ ဇာတ်လမ်းလေးတစ်ပုဒ် ဖတ်ဖူးတာရှိတယ်။ သူကဘက်စုံ မကြည့်လို့ရှိရင် အမှန်မသိတဲ့ အကြောင်းလေး။ ပြဿနာတိုင်းမှာ (၂)ဘက် ရှိတယ်တဲ့။ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကလေးတစ်ခုပေါ့။ တောင်ကုန်းလေးတစ်ခုပေါ်မှာ စားသောက်ဆိုင်လေးတစ်ခု ဖွင့်ထားတယ်။ အဲဒီဆိုင်လေးမှာ တောင်က လာတဲ့လူပဲဖြစ်ဖြစ်၊ မြောက်က လာတဲ့လူပဲဖြစ်ဖြစ် ဝင်ပြီးနားကြတယ်။ လမ်းကြီးက တောင်မြောက်ဖောက်ထားတယ်။ အဲဒီတုန်းကလူတွေ မြင်းစီးတဲ့ခေတ်ဆိုတော့ မြင်းစီးပြီးတော့ သွားကြ လာကြတယ်။ ခြောက်လုံးပူး ခါးချိတ်တဲ့ခေတ် မဟုတ်ဘူး၊ ဓားလွယ်, လွယ်တဲ့ခေတ်။

အဲဒီတုန်းကမြောက်ဘက်က လူကြီးတစ်ယောက်က ဓားလွယ်နဲ့ မြင်းစီးပြီးတော့ လာတယ်။ တောင်ဘက်က လူတစ်ယောက်ကလည်း မြောက်သွားဖို့ မြင်းစီးပြီး လာတယ်။ အဲဒီတောင်ကုန်းလေးကျတော့ ခဏနားကြတယ်၊ တောင်ကုန်းပေါ်အတက်ကလေးမှာ နှစ်ယောက်သား မြင်းပေါ်က ခုန်ဆင်းလိုက်တယ်။ စားသောက် ဆိုင်လေးထဲ ဝင်ပြီးနားကြမယ်ပေါ့။

အဲဒီမှာ မြောက်ဘက်ကလာတဲ့ လူက အပေါ်မော့ကြည့်တယ်။ မော့ကြည့်လိုက်တဲ့အခါကျတော့ သူက ဘာတွေ့တုန်းဆိုရင် ရွှေခြင်္သေ့ရုပ်ကလေးကို တွေ့တယ်။ တွေ့တော့ သူက

ဪ ရွှေခြသေ့် စားသောက်ဆိုင်ပဲလို့ ပြောလိုက်တယ်။ အဲဒီလို ပြောလိုက်တဲ့အချိန် တောင်ဘက်ကလူက အပေါ်မော့ကြည့်တယ်။ မော့ကြည့်ပြီး မိတ်ဆွေ ခင်ဗျားမှားနေပြီ၊ ရွှေခြသေ့် စားသောက်ဆိုင် မဟုတ်ဘူးဗျ။ ငွေခြသေ့် စားသောက်ဆိုင်ပါ။

ဒီတော့ မြောက်ကလာတဲ့လူက ခင်ဗျားက ကျုပ်ကို ရွှေနဲ့ငွေ မကွဲဘူးလို့ ပြောချင်တာလား တဲ့။ မကျေနပ်တဲ့အသံနဲ့ မေးတယ်။ ဟိုလူက ဪ ခင်ဗျား မှားနေတာပါ၊ ရွှေခြသေ့် မဟုတ်ဘူး၊ ငွေခြသေ့်ပါလို့ ထပ်ပြောပြန်တယ်။ အဲဒီခေတ်က တစ်ယောက်နဲ့ တစ်ယောက် မကျေနပ်ရင် ဓားချင်း ယှဉ်ခုတ်တဲ့ ခေတ်။ အချင်းများကြတယ်။ ပထမလူက သူ့ကို ဒီလောက် အထင်သေးရမလား ဆိုပြီးတော့ ဓားဆွဲထုတ်တယ်၊ ဒုတိယလူက လည်း ဓားဆွဲထုတ်တယ်။ ပြီးတော့ ဓားချင်း ယှဉ်ခုတ်ကြတယ်။ တချွမ်ချွမ်နဲ့။ အဲဒီနေရာမှာ နှစ်ယောက်စလုံး တစ်ဘက်မြင်နဲ့ ဆော်ကြတာလေ။

အငြင်းပွားပြီး ဓားချင်း ဆွဲခုတ်နေကြတုန်း အသံတစ်သံ ထွက်ပေါ်လာတယ်၊ ရပ်လိုက်ဆိုတဲ့အမိန့်ပေးသံ၊ သူတို့ နှစ်ယောက်စလုံး ကြားတယ်။ သူတို့ အံ့အားသင့်ပြီး ရပ်လိုက်ကြတယ်။ အသံရှင် နတ်သမီးကလေး ရုတ်တရက်ပေါ်လာပြီး ရှင်တို့ ဘာလုပ်နေ ကြတာတုန်းလို့ မေးလိုက်တယ်။ တို့ဟာ အမှန်တရား အတွက် တိုက်ပွဲဝင်နေကြတယ်လို့ ပြောကြတယ်။ တကယ်တော့ သူတို့အမှန်တရားကို ပြည့်ပြည့်စုံစုံမြင်ကြတာ မဟုတ်ဘူး။ ကိုယ်မြင်တာ အမှန်လုပ်ပြီး တိုက်ပွဲဝင်နေတာနော်။

ကဲ . . . ပြောပါဦး ဆိုတော့ မြောက်ဘက်မှ လာတဲ့လူက ပြောတယ်၊ ငါ့က ရွှေခြင်္သေ့လို့ပြောတယ်။ ဒီလူက ငွေခြင်္သေ့တဲ့၊ ဒီလူက ငါ့ကို ရွှေနဲ့ငွေမကွဲဘူးလို့ ပြောချင်တယ်။ ဒါ့ကြောင့် ငါက အမှန်တရားအတွက် တိုက်ပွဲဝင်နေတာ၊ ဒီတော့ အဲဒီနတ်သမီးက မြောက်ဘက်က လာတဲ့လူကြီးမင်း တောင်ဘက်သွားပြီးကြည့်ပါ၊ တောင်ဘက်ကလာတဲ့ လူကြီးမင်းက မြောက်ဘက်ကို သွားကြည့်ပါဦးလို့ ပြောလိုက်တယ်။ ရွှေတစ်ဖက် ငွေတစ်ဖက် လုပ်ထားတာကိုး။ ခြင်္သေ့ရုပ်လေးက ဟိုဘက်ကရွှေ၊ ဒီဘက်ကငွေ၊ နှစ်ယောက်လုံး မှန်တယ်။ နှစ်ယောက်လုံးလည်း မှားနေကြတယ်။ ဆိုလိုတာက တစ်ဘက်ပဲ သိတယ်။ အကုန်လုံးမသိဘူး။ ဒီပုံပြင်လေးကတရားဓမ္မနဲ့ ပတ်သက်ပြီးတော့ အလွန်မှတ်သားစရာကောင်းတယ်။ တစ်ပိုင်းတစ်စ အမြင်လေးနဲ့ ပြည့်စုံတယ် မထင်နဲ့။

မြတ်စွာဘုရားက နာနာတိတ္ထိယသုတ်မှာ ဟောတယ်။ **"ဝိဂ္ဂယှ နံ ဝိဝဒန္တိ၊ ဇနာ ဧကင်္ဂဒဿိနော"** အေး . . . လူတွေဟာ တစ်ပိုင်းတစ်စကိုသာ သိပြီး၊ ဆုပ်ကိုင်ထားပြီး အငြင်းပွားနေကြတယ်။ ကိုယ်သိတာလေးကို ဆွဲကိုင်ပြီး အငြင်းပွားနေကြတယ်တဲ့။ အကုန်သိအောင် လုပ်ရမယ်။ အကုန်သိရင် အငြင်းပွားစရာ မရှိတော့ဘူးလေ။ ဒီသုတ်ထဲမှာ မျက်မမြင်သူကန်း ဆင်စမ်းပြီး ဆင်သရုပ်ဖော်ခြင်းဆိုတဲ့ ပုံဝတ္ထုလေး ပါတာကို တွေ့ရတယ်။

လောကီစာအုပ်တွေထဲမှာလည်း မျက်မမြင် ပုဏ္ဏား(၆) ယောက်အကြောင်း ရေးထားကြတယ်။ အဲဒီပုံပြင်က ဘယ်က စ လာတာလဲ မသိဘူး။ အိန္ဒိယ ဟိန္ဒူဘာသာဖြင့် ရေးထားတဲ့ စာအုပ်တွေမှာလည်း ပါတာပဲ၊ အင်္ဂလိပ်လို ရေးထားတဲ့ စာအုပ်တွေမှာလည်း ပါတာပဲ၊ မြန်မာလိုလည်း ပြန်ရေးကြတယ်။ ထူးထူးဆန်းဆန်း မြတ်စွာဘုရားဟောတဲ့ သုတ္တန်ထဲမှာလည်း တွေ့တယ်။ မြတ်စွာဘုရားဟောတဲ့ ဥဒါန်းပါဠိတော်မှာ နာနာတိတ္ထိယသုတ် ဆိုတာ ရှိတယ်။ တိတ္ထိအမျိုးမျိုး အကြောင်းကို ဟောထားတာ။ အဲဒီ နာနာတိတ္ထိယ သုတ်မှာ မျက်မမြင် ပုဏ္ဏား (၆)ယောက်တော့ မဟုတ်ဘူး၊ (၉) ယောက်၊ (၉) ယောက် ဆိုတာ လူကို ပြောတာမဟုတ်ဘူး။ မျက်စိမမြင်တဲ့ သူတွေကို အုပ်စု (၉)စုခွဲကာ ဆင်ကို စမ်းကြည့်စေပြီး ဆင် သရုပ်ဖော်ခိုင်းတာ။

အဲဒီဇာတ်လမ်းက ဘုရားဟောတဲ့ သုတ္တန်မှာ ဘယ်လိုပြထားသလဲဆိုရင်- သာဝတ္ထိပြည်က ဘုရင်ကြီးဟာ တစ်ခါတလေ အပျင်းဖြေတဲ့ သဘောပေါ့၊ ရယ်စရာ လုပ်တယ်။ ဘာလုပ်တုန်းဆိုတော့ သာဝတ္ထိ ပြည်မှာရှိတဲ့၊ မျက်စိနှစ်ကွင်း အလင်းမရတဲ့သူအားလုံး ဆင့်ခေါ်ခိုင်းတယ်။ နန်းရင်ပြင်မှာ စုစေတယ်။ မျက်စိမမြင်တဲ့လူတွေ အများကြီးပဲ ရောက်လာကြတယ်။ ရောက်လာတဲ့အခါ (၉)စု ခွဲလိုက်တယ်။ ခွဲပြီးတဲ့အခါကျတော့ ဘုရင်က ဝန်ထမ်းတွေကို အမိန့်ပေးတယ်။ အဲဒီ (၉)စုကို တစ်စုစီ ခွဲပြီး တစ်မျိုးစီ ဆင်ကို ပြစေတယ်၊ ဆင်ဆိုတာ

ဘယ်လိုလဲ၊ တချို့ကို ဆင့်ခြေထောက်ကို ကိုင်စမ်းပြီးပြတယ်။ တချို့ကို အမြီးကို ကိုင်စမ်းပြတယ်၊ တချို့ကို နှာမောင်း ပြတယ်၊ တချို့ကို အစွယ်ကို ပြတယ်၊ တချို့ကို ကိုယ်လုံးကို ပြတယ်၊ အဲဒီလို ခွဲပြီးပြတယ်၊ အမြီးမှာလည်း မြီးဆံလေးကို ပြတယ်။ တချို့ကို မြီးထူးရိုးကိုပြတယ်။ ခွဲပြီးတော့ ပြခိုင်းတယ်။

အုပ်စုလိုက် ပြပြီးပြီဆိုတဲ့အခါကျတော့ ဘုရင်ကြီးရှေ့တော် သွင်းတယ်။ ဘုရင်ကြီးက မေးတယ်။ မောင်ကန်းတို့၊ မင်းတို့ ဆင်မြင်ကြပြီလား။ ဘုန်းတော်ကြောင့် မြင်ရပါပြီတဲ့။ ကဲ . . . နံပါတ်တစ်အုပ်စုက ဆင်ဆိုတာ ဘယ်လိုဟာလဲ၊ ပြောပြစမ်းလို့ ဘုရင်ကြီးက မေးတယ်။ သူတို့ကို ပြထားအတိုင်း သူတို့ပြောတာ ပေါ့။ ဆင့်ကိုယ် စမ်းထားတဲ့လူစုက ဆင်ဆိုတာ အုတ်နံရံကြီး လိုပဲတဲ့။ ကျန်တဲ့လူတွေကလည်း ဟိုကြည့် ဒီကြည့်ပေါ့။ မြင်တော့ မမြင်ရဘူးပေါ့။ အံ့သြတယ်။ ငါတို့တွေ့တာ အုတ်နံရံကြီးလို မဟုတ်ပါဘူး၊ တုတ်ချောင်းလိုကြီးပါ။ ဘာလို့လဲဆိုတော့ အစွယ် ပြထားတာကိုး။ မြီးဆံပြထားတဲ့လူက တံမျက်စည်းလိုဟာကြီးပါ။ ခြေထောက် ပြထားခြင်းခံရတဲ့ လူကလည်း ဆင်ဆိုတာ တိုင်လိုကြီး ပါတဲ့။

သူတို့အချင်းချင်း တစ်စုနဲ့တစ်စု မကျေမနပ် ဖြစ်နေကြ တယ်။ ဆင်ဆိုတာ နံရံကြီးလိုဆိုတော့ တံမျက်စည်းလို ထင်တဲ့ ကောင်က ဟာ. . . မင်းမှားနေတယ်။ ငါတွေ့တာက တံမျက်စည်းလိုပဲ။ ဆင့်ခြေထောက် စမ်းတဲ့ လူကလည်း ဟာ. . . ဆင်ဆိုတဲ့ အကောင်ဟာ အဲဒီလိုမဟုတ်ဘူးတဲ့၊ တိုင်ကြီး

လိုပဲ။ နားရွက်စမ်းတဲ့ကောင်က ဆင်ဆိုတာ ပြားချပ်ကြီး၊ ယပ်တောင်ကြီးလိုပဲ ပြောတယ်။ ပြောရင်းပြောရင်း အုပ်စုချင်း ငြင်းခုံကြ၊ ရန်ဖြစ်ကြပြီး ထသတ်ကြတယ်။ အဲဒီအခါမှာ ဘုရင်ကြီး က သဘောကျလွန်းလို့ ဟားတိုက်ပြီး ရယ်သတဲ့။ အတော် ကမြင်းတဲ့ ဘုရင်ပေါ့နော်။

အဲဒီမှာ မြတ်စွာဘုရားက မျက်မမြင်သူကန်းတွေဟာ ကိုယ်မြင်တဲ့အပိုင်းလေးကို ဟုတ်လှပြီဆိုပြီး အခုလို အငြင်းပွား နေကြတာတဲ့။ အားလုံးပေါင်းလိုက်ရင် ဆင်ဆိုသည်မှာ ဒါတွေ အားလုံးရှိတယ်ဆိုတာ သူတို့ လက်ခံမယ်ဆိုလို့ရှိရင် သူ့ဟာလည်း လက်ခံမယ်၊ ငါ့ဟာလည်း လက်ခံမယ်၊ အားလုံးကို လက်ခံ လိုက်ရင် ဆင်သရုပ် ပေါ်လာမှာပါတဲ့၊ မြတ်စွာဘုရားက မိစ္ဆာဝါဒ ဟာလည်း ဒီအတိုင်းပဲ၊ ခြုံငုံ မကြည့်ဘူး၊ စုံအောင် မကြည့်ဘူး၊ တစ်ဘက်မြင်လေးနဲ့ အငြင်းပွားနေကြတယ် လို့ဆိုလိုတယ်။

အေး . . . ဒါကြောင့်မို့ လောကမှာ မိစ္ဆာဝါဒ ဆိုတာ ခြုံငုံသုံးသပ်ခြင်း မရှိလို့ မှားယွင်းတဲ့ ဝါဒမျိုး ဖြစ်တယ်။ တစ်ဘက်မြင်ကိုပဲ အစွဲအလမ်းကြီးပြီး ကိုယ့်ဘာသာကိုယ် **'ဣဒမေဝ သစ္စံ၊ မောဃမညံ'**= ငါ့ဟာသာ အမှန်၊ တခြားဟာ အလကား ဆိုတဲ့ ဆိုလိုချက်တွေနဲ့ ကိုယ့် philosophy ကိုသာ အဟုတ်ထင် စွဲကိုင်ထားပြီး သူများ philosophyကိုတော့ ပယ်ချတယ်။ ဒီလိုနဲ့ မိစ္ဆာအယူ ဝါဒတွေ ပေါ်လာတယ်။

အမှန်တရားဆိုတာ တစ်ခုတည်းရှိတယ်။ အဲဒီ အမှန်တရားနဲ့ ပတ်သက်ပြီး သိလာလို့ရှိရင် ဘာမှအငြင်းပွားစရာ

မရှိဘူး၊ အားလုံး အတူတူပဲ။ အေး . . . ဒါကြောင့်မို့ မိစ္ဆာ အယူဝါဒတွေ ထွန်းကားလာရတာတွေကျတော့ အယောနိသော မနသိကာရ-မသင့်မတင့် နှလုံးသွင်းလို့၊ မမှန်မကန် စဉ်းစားလို့ ဖြစ်တာ။ သမ္မာဒိဋ္ဌိ ဖြစ်ဖို့ရာက အကြောင်းနှစ်ခု၊ မိစ္ဆာဒိဋ္ဌိ ဖြစ်ဖို့ရာက အကြောင်းနှစ်ခု။

အဲဒီထဲမှာ အခြေခံဖြစ်တဲ့ သမ္မာဒိဋ္ဌိက မနေ့က ရှင်းပြတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိ ပဲ၊ ဒါ အခြေခံ သမ္မာဒိဋ္ဌိ။ ကမ္မဿကတာ သမ္မာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သံသရာထဲမှာ ဒါန ကောင်းမှုပြုတယ်၊ သီလစောင့်တယ်၊ ကောင်းတာတွေလုပ်ပြီး မကောင်းတာတွေ ရှောင်တယ်၊ ကံ ကံ၏အကျိုးကို သိတယ်။ အဲဒီလောက်လေးနဲ့တော့ သံသရာက မထွက်နိုင်သေးဘူး။ ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိသော်လည်း တစ်ဖက်က မှားယွင်းနေတဲ့အမြင် ရှိနေသေးတယ်။ သတ္တဝါဆိုတာ ရှိတယ်၊ ငါဆိုတာ ရှိတယ်၊ သူတစ်ပါးဆိုတာ ရှိတယ်၊ ထာဝရမြဲနေတယ်၊ မမြဲဘူး ဆိုတဲ့ အယူအစွဲတွေ ကျန်နေသေးတယ်။ ကျန်နေသည့်အတွက် ကြောင့် အဲဒီဘက်ကနေ နိဗ္ဗာန်တံခါးကြီးကို မမြင်နိုင်ဘူး။ နိဗ္ဗာန် လမ်းကြောင်းပေါ် မရောက်သေးဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန် လမ်းကြောင်းရောက်ဖို့ရာ ဘာလုပ်ရမှာလဲ။ ပညတ်တွေကို ဖယ်ပြီး အတွင်းပရမတ်ထိ မြင်အောင်ကြည့်တတ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ ရှိဖို့လိုလာပြန်ပြီတဲ့။

ကမ္မဿကတာသမ္မာဒိဋ္ဌိက ကံကို ပယ်တာတို့၊ ကံ၏ အကျိုးကို ပယ်တာတို့၊ အကျိုးကို ပယ်တာတို့၊ အကြောင်းကို

ပယ်တာတို့၊ ငြင်းပယ်တဲ့ မိစ္ဆာဝါဒတွေက လွတ်ရုံပဲ ရှိသေးတယ်။ သို့သော် သဘာဝကိုဆိုက်ထိပြီးတော့ မသိသည့်အတွက်ကြောင့် အဲဒီဘက် ကကြည့်ရင် သူ့မှာမှားနေသေးတယ်၊ မိစ္ဆာဒိဋ္ဌိ ဖြစ်နေသေးတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတဲ့ မှန်ကန်တဲ့ အမြင်ရဲ့ စင်ကြယ်မှုရှိဖို့ လိုတယ်။

ကဲ . . . ဘုန်းကြီးတို့တစ်တွေ စဉ်းစားကြည့်၊ တကယ့် ဗုဒ္ဓဘာသာဝင် သူတော်စင်တွေကျတော့ တစ်ဆင့်တက်လာတယ်၊ နောက် သမ္မာဒိဋ္ဌိတစ်မျိုးရှိလာတယ်။ မျက်စိနှစ်လုံးဆိုပါစို့ ကံ, ကံ၏အကျိုးကို မြင်တာက မျက်စိတစ်လုံးပဲ ရှိသေးတယ်။ ကံ, ကံ၏အကျိုးကို ယုံကြည်ပြီး နိဗ္ဗာန်ကိုမြင်ဖို့ရာ နောက်ထပ် မျက်စိတစ်လုံး လိုသေးတယ်။ အဲဒါ ဝိပဿနာသမ္မာဒိဋ္ဌိပဲ၊ အဲဒီဝိပဿနာသမ္မာဒိဋ္ဌိ မရှိရင်တော့ သံသရာထဲမှာပဲ နေဦးမယ်တဲ့။ နိဗ္ဗာန်ကို မမြင်နိုင်သေးဘူး။ နိဗ္ဗာန်လမ်းကြောင်းပေါ် မရောက်သေးဘူးတဲ့။ ကပ်ကပ်ပြီးတော့ လွဲနေမှာပဲ။ ဒီလမ်းကြောင်းအနီးကိုတော့ ရောက်ရောက်လာတယ်။ ဒါပေမဲ့ မဝင်ဘူး။ နိဗ္ဗာန်တံခါးကြီးကို ကျော်ပေး ကျော်ပေး ထွက်သွားမှာပဲ၊ သံသရာ ရှည်နေဦးမှာပဲ။

ကဲ-အဲဒီလိုမြင်အောင်က ဘုန်းကြီးတို့တစ်တွေ ကိုယ့်ကိုယ်ကိုယ်စဉ်းစားကြည့်။ ဘာကို မြင်အောင်ကြည့် ရမလဲ၊ အပြင်က အကာတွေကိုဖယ်ချ။ ပညတ်လို့ခေါ်တဲ့ label တွေကို ဖယ်ရှားပြီး အနှစ်အသား တကယ့်အစစ်ကို မြင်အောင် ကြည့်ဖို့လိုတယ်။ အဲဒါကမှ တကယ့် ဝိပဿနာသမ္မာဒိဋ္ဌိရဲ့ အခြေခံဖြစ်တယ် ဆိုပါ

စို့။ နေ့စဉ်နဲ့အမျှ ပြောနေတဲ့အထဲမှာ ကိုယ့်ကိုယ်ကိုယ် ငါလို့ ထင်တယ်၊ ကိုယ့်ရှိတဲ့ဟာတွေကို ငါ့ဟာလို့ ထင်တယ်၊ ငါ၊ ငါ့ဟာနဲ့ နေနေကြတယ်။

ငါဆိုတာဘာလဲလို့ဆိုတော့ ကိုယ့်ခန္ဓာကိုယ်ကြီးကို ကြည့်ပြီး ငါ၊ ငါ့ဘဝ၊ ဒီလိုပဲပြောကြတယ်၊ ယောက်ျားလို့ ထင်တယ်၊ မိန်းမလို့ ထင်တယ်။ ငါ သူတစ်ပါး ယောက်ျား၊ မိန်းမ ဆိုတဲ့ အစွဲတွေလည်း ရှိကြတယ်။ အပေါ်ယံ အကာလေးတွင် ကြည့်ပြီး ပြောကြတာ၊ အတွင်းအနှစ်သာရက ဘာလဲဆိုပြီး မကြည့်နိုင်ဘူး၊ မသိဘူး။ မသိသည့်အတွက်ကြောင့် အမြင်မှား တာ၊ ဘာဖြစ်လို့လဲဆိုတော့ သတ္တဝါမဟုတ်ဘဲ သတ္တဝါလို့ ထင်ရင် မှားနေတယ်။ မဟုတ်ဘဲနဲ့ အဟုတ်ထင်ရင် မှားတယ်ပေါ့။

ဘုန်းကြီး အမေရိကန်ရောက်တုန်းက ဟောလီဝုဒ်မှာရှိတဲ့ မှော်ကက်တစ်ခုကို သွားတဲ့အခါ အဲဒီမှာသူတို့ စက်ရုပ်ကြီးတွေ လုပ်ထားတာရှိတယ်၊ ဆိုင်ထဲဝင်လိုက် ရင် အဲဒီစက်ရုပ်ကြီးက နှုတ်ဆက်တယ်။ well come လုပ်တယ်။ စက်ရုပ်ကြီးကို တကယ့်လူလို့ထင်တယ်၊ မဟုတ်ဘူး။ လမ်းဘေးမှာ တကယ့်လူ အရုပ်လို ရပ်နေတာကျတော့ စက်ရုပ်ကြီးလို့ ထင်တယ်။ သေချာ ကြည့်လိုက်တဲ့အခါကျတော့ လူအစစ်ကြီး ဖြစ်နေတယ်။

ဂျာမနီနိုင်ငံမှာလည်း အတူတူပဲ၊ လူအစစ်က အထဲထဲ ဝင်နေပြီး အရုပ်ကြီးလို လုပ်နေတယ်။ အဲဒီ လူရုပ်ကြီးနဲ့ သွားသွားပြီး ဓာတ်ပုံရိုက်ကြတယ်။ အထဲထဲ မှာ လူအစစ်ရှိတယ်။ လူအစစ်ကနေ လှုပ်ရှားနေတယ်။ ဘေးကနေကြည့်လိုက်ရင်

လူရုပ်ကြီးပဲ။ ရုပ်တုကြီးလို့ ထင်ရတယ်။ မျက်စိကို လှည့်စားထားတာ။ အတွင်းကို မသိလို့ရှိရင်နော်။

အဲဒါတွေကို အတွင်းဖောက်ပြီး မမြင်ဘဲ အပေါ်ယံလေးမှာတင် ကြည့်မယ်ဆိုလို့ရှိရင် လူအစစ်ကို လူရုပ်လို့ထင်တယ်၊ ရုပ်တုလို့ ထင်တယ်။ ရုပ်တုကျတော့ လူအစစ်လို့ထင်တယ်။ မှန်တာလား မှားတာလား။ မှားတယ်။ အဲဒီလို မှားသလိုပဲ တကယ့် သမ္မာဒိဋ္ဌိ ဆိုတာ ဘုန်းကြီးတို့တစ်တွေရဲ့ ခန္ဓာကိုယ်မှာ ရုပ်ကိုယ်ကာယနဲ့ စိတ်၊ ဒီနှစ်ခုပဲရှိတယ်။ ရုပ်ခန္ဓာကိုယ် ရှိတယ်၊ စိတ်ရှိတယ်၊ အဲဒီနှစ်ခုကို ခွဲလိုက်မယ်ဆိုလို့ရှိရင် ပြောဆိုတာတွေ၊ လှုပ်ရှားတာတွေ၊ မြင်နိုင်တဲ့ စွမ်းအားတွေ ရှိသေးလား။ (မရှိတော့ပါဘုရား၊) အဲဒီ ရုပ်နဲ့နာမ် နှစ်ခုပေါင်းစပ်ထားသည့်အတွက်ကြောင့် ဒါကြီးက လှုပ်ရှားနေလို့ ဒါကြီးက အသက်ရှိသယောင်ယောင်၊ အကောင်က အထဲထဲဝင်နေသယောင်ယောင် ရှိနေတယ်။ တကယ်ခွဲကြည့်လိုက်တဲ့အခါကျတော့ ဘာဆိုဘာမှ မရှိဘူး။

အခုခေတ် စက်ရုပ်လေးတွေ ကြည့်ပေါ့။ ဘက်ထရီလေးနဲ့ လုပ်ထားတော့ စကားပြောတယ်၊ ဘာလုပ်တယ်၊ ညာလုပ်တယ် ပေါ့နော်။ တကယ် အဲဒါတွေ တစ်စစီဖြုတ်လိုက်ရင် စကားပြောနိုင်သေးရဲ့လား၊ ဘုန်းကြီးတို့တွေရဲ့ ခန္ဓာကိုယ်လည်း ဒီအတိုင်းပါပဲ၊ ပေါင်းစပ်နေသည့်အတွက်ကြောင့် လှုပ်ရှားနေတာ၊ တစ်ခုစီခွဲ လိုက်တာနဲ့ ဘာတစ်ခုမှ လူဆိုတာ ပြောစရာ မရှိဘူး။ ဘာတုန်းမေးရင် ဖြေစရာမရှိဘူး။ ပေါင်းစပ်ထားတဲ့အခါသာ

ပြောလို့ရ၊ ဖြေလို့ရတာ၊ အဲဒါကို ဘာနဲ့ကြည့်ရမယ်။ မှန်ကန်တဲ့ အမြင် သမ္မာဒိဋ္ဌိဉာဏ်နဲ့ ကြည့်ရမယ်တဲ့။

ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့သူက ကံ, ကံ၏ အကျိုးကို လက်ခံရုံပဲ၊ မြင်ရုံပဲရှိတယ်။ အခုလို သဘာဝအစစ်အမှန်ကို ဆိုက်ထိအောင် မကြည့်နိုင်ဘူး။ ဒီသမ္မာဒိဋ္ဌိ၊ ဒီအမြင်ကျတော့ အဆင့်မြင့်သွားပြီ။ ဒါကြောင့်မို့ ဝိပဿနာသမ္မာဒိဋ္ဌိ လို့ ခေါ်တယ်။

ကဲ . . . အကြမ်းဖျင်းအားဖြင့် ပြောမယ်ဆိုရင် လူတွေမှာ ရုပ်လို့ခေါ်တဲ့၊ အာရုံကို မသိတတ်တဲ့၊ အာရုံကို ရယူနိုင်စွမ်းမရှိတဲ့ ကာယကြီးရှိတယ်။ အာရုံသိတဲ့ နာမ်ဆိုတာ ရှိတယ်။ အဲဒီနှစ်ခုဟာ ပေါင်းစပ်နေသည့် အတွက်ကြောင့် ရုပ်က ဆာတယ်၊ နာမ်က ဆာတယ်ဆိုတာ သိတယ်။ နှစ်ခုပေါင်းလိုက်လို့ သိတာနော်။ ရုပ်က အိပ်ချင်တယ်၊ နာမ်က အိပ်ချင်တယ်လို့ သိလာတယ်။ ရုပ်က ပြတဲ့ Information တွေ၊ နာမ်ကနေ လိုက်သိပေးနေတော့ သူတို့နှစ်ခု ပေါင်းစပ်ထားတဲ့အခါ ဒါတွေ ပေါ်တယ်။ အကယ်၍ ရုပ်နဲ့နာမ် ကွဲသွားပြီဆိုရင် ဘာမှမရှိတော့ဘူး။

ဥပမာနဲ့ ထင်ရှားအောင် ပြောမယ်၊ ရုပ်နဲ့နာမ် ပေါင်းပြီး ဘယ်လို အလုပ်လုပ်နေကြသလဲဆိုရင် သူကန်းနဲ့ သူဆွံ့လိုပဲ။ သူကန်းဆိုတာ မျက်စိမမြင်တဲ့ ပုဂ္ဂိုလ်၊ သူဆွံ့က လမ်းမလျှောက်နိုင်တဲ့ ပုဂ္ဂိုလ်၊ ခြေမသန်လို့၊ ခြေပြတ်နေလို့ လမ်းမလျှောက်နိုင်တဲ့ ပုဂ္ဂိုလ်ရယ်၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်ရယ်။ လမ်းမလျှောက်နိုင်တဲ့

ပုဂ္ဂိုလ်က မျက်စိကတော့ မြင်တယ်၊ ခြေထောက်မပါလို့ ဟိုဟိုဒီဒီ မသွားနိုင်ဘူး။ မျက်စိကန်းတဲ့ လူကျတော့ ခြေထောက်တော့ ပါတယ်၊ မျက်စိကမမြင်လို့ ဟိုဟိုဒီဒီ မသွားနိုင်ဘူး။

တစ်ရက်ကျတော့ သူတို့နှစ်ယောက် ဆုံမိကြတယ်၊ ဆုံပြီး တော့ သူဆွံ့က ပြောတယ်၊ ငါ့မှာကွာ ခြေထောက်မပါဘူးတဲ့၊ မင်းမှာ ခြေထောက်ပါတယ်။ ငါ့မှာ မျက်စိရှိတယ်၊ မင်းမှာ မျက်စိ မရှိဘူး၊ တို့နှစ်ယောက် ပေါင်းလိုက်ရင်တော့ အလုပ်ဖြစ်မှာပါ။ မင်းက ငါ့ကို ခြေထောက်ငှား၊ ငါက မင်းကို မျက်လုံးငှားမယ်၊ ကဲ . . . လာဆိုပြီး သူဆွံ့ကို ပခုံးပေါ်ထမ်း။ အပေါ်က နေပြီးတော့ သူဆွံ့က လမ်းညွှန်တယ်။ အေး-ညာဘက် သွား၊ ဘယ်ဘက် မသွားနဲ့၊ ဘယ်ဘက်က ချောက်ရှိတယ်၊ ဟိုဘက်သွား၊ သူညွှန်တဲ့အတိုင်းကို သူကန်းက သွားရတယ်။ အဲဒီလို နှစ်ယောက်ပေါင်းလိုက်တဲ့အခါကျတော့ သူတို့ရောက်ချင်တဲ့ နေရာတွေ ရောက်သွားကြတယ်။

ရုပ်နဲ့နာမ်ကလည်း အဲဒီအတိုင်းပဲ။ နာမ်က သူဆွံ့နဲ့ တူတယ်။ နာမ်က သူ့ချည်းဘာမှ မလုပ်နိုင်ဘူး။ ရုပ်ကလည်း ဘာမှမမြင်သည့်အတွက်ကြောင့် သူကန်းနဲ့တူတယ်၊ ရုပ်ကမမြင် ဘူး၊ နာမ်ကသာ မြင်တယ်။ နာမ်က လမ်းမလျှောက်နိုင်ဘူး။ ရုပ်နဲ့နာမ် နှစ်ရပ် ပေါင်းစပ်လိုက်တဲ့အခါကျတော့ အလုပ်ဖြစ် သွားတယ်။ ပြောနိုင်တယ်။ ဆိုနိုင်တယ်။ သွားချင်တဲ့နေရာ သွားနိုင်တယ်။ ခွဲလိုက်တာနဲ့ နှစ်ခုစလုံးဟာ တန်ခိုး ပါဝါမရှိဘူး။ တစ်ယောက်နဲ့တစ်ယောက် ပေါင်းမှဖြစ်မယ်။

မပေါင်းရင် မဖြစ်ဘူးဆိုတဲ့ သဘာဝတရားတွေကို ကိုယ့်သန္တာန်မှာ ဉာဏ်စိုက်ပြီးကြည့်၊ ခန္ဓာကိုယ်ရဲ့ သဘာဝလေးကို စဉ်းစားကြည့်၊ စဉ်းစားလိုက်ရင် အဲဒီမတူတဲ့ သဘာဝတရားနှစ်ခုဟာ ပေါင်းစပ်ပြီးတော့ အလုပ်ဖြစ်နေတယ်ဆိုတာ သိလာမယ်။ ကိုယ်ကာယကြီးရယ်၊ အသိစိတ်ရယ်၊ အဲဒီနှစ်ရပ် ပေါင်းစပ်နေသည့် အတွက်ကြောင့် ဟိုဟို ဒီဒီ ကုသိုလ်ကံ-အကုသိုလ်ကံ၊ ကောင်းမှု-မကောင်းမှု ပြုမူလှုပ်ရှားပြီးတော့ နေနေကြတယ်။

အဲဒီလို သဘာဝတရားကို ကွဲကွဲပြားပြား သိလိုက်လို့ရှိရင် လောကကြီးမှာ 'ငါ'လို့ ပြောစရာ မရှိဘူး၊ ရုပ်နဲ့နာမ်နှစ်ခု ပေါင်းထားတာပဲ ရှိတယ်။ ရုပ်က 'ငါ'လားလို့ဆိုရင် မဟုတ်ဘူး။ ဒီနေရာမှာ ငါဆိုတာ ပျောက်အောင် ဘယ်လိုစဉ်းစားကြည့် မတုန်းဆိုရင် ကိုယ့်ခန္ဓာကိုယ် အစိတ်အပိုင်းလေးတွေကိုကြည့်၊ ဆံပင်ကို ငါလို့ခေါ်သလား၊ (မခေါ်ပါဘုရား။) ဆံပင်က ဆံပင်ပဲ၊ သူ့နာမည်သူ ရှိတာပဲ။ ဆံပင်က အမျိုးသားလား၊ ဆံပင်က အမျိုးသမီးလား မေးရင်ကော၊ (မဟုတ်ပါ ဘူးဘုရား။) ဆံပင်က ဆံပင်ပဲလေ၊ ခေါင်းက ငါလားဆို ခေါင်းက ခေါင်းပဲလေ၊ ငါ မဟုတ်ဘူး။ လက်ကလည်း လက်ပဲလေ၊ ငါမဟုတ်ဘူး။ တစ်ခုစီ ခွဲလိုက်တာနဲ့ ငါဆိုတာရှာမတွေ့တော့ဘူး။

ထို့အတူပဲ လူတွေက 'ကား'လို့ ခေါ်နေကြတဲ့အရာနဲ့ ပတ်သက်ပြီး ကားဆိုတာ ဘာကိုခေါ်တာတုန်း ထိုးပြလိုက်ရင် ဘာလေးထိုးပြလဲ၊ ဘီးကြီးပဲ၊ ကားမှမဟုတ်ဘဲ၊ ဒါက ကားကိုယ်ဘော်ဒီကြီးပဲ၊ ဒါက အင်ဂျင်ကြီးပဲ၊ ကားမှ မဟုတ်ဘဲ၊

ပစ္စည်းတွေက သူ့နာမည်နဲ့သူရှိတယ်၊ အကုန်လုံး အချိုးကျ ပေါင်းလိုက်တဲ့ အခါကျမှ ကားဆိုတာ ပေါ်လာတာပဲ။ ကားဆိုတာ အမည်ပဲ။ အမည်နာမလေး တပ်ဆင်ထားတာပဲ ရှိတယ်။ တကယ်ရှာတွေ့စရာ အကြောင်းမရှိဘူး။

လူတွေက သစ်ပင် သစ်ပင်နဲ့ ပြောကြတယ်။ သစ်ပင်ဆိုတာ ဘယ်ဟာကိုခေါ်တာတုံး စိစစ်ကြည့်၊ အမြစ်ကို သစ်ပင်ခေါ်တာလား၊ မဟုတ်ဘူး၊ အမြစ်က အမြစ်ပဲ။ ပင်စည်ကိုခေါ်တာလား၊ ပင်စည်က ပင်စည်ပဲ၊ အကိုင်းကို ခေါ်တာလား၊ အကိုင်းက အကိုင်းပဲ။ အရွက်ကို ခေါ်တာလား၊ မဟုတ်ဘူး၊ အခက်ကို ခေါ်တာလား၊ မဟုတ်ဘူး၊ အသီးကို ခေါ်တာလား၊ မဟုတ်ဘူး။ အဲဒီလိုဆို သစ်ပင် ပျောက်မသွားဘူးလား၊ ထို့အတူပဲ အေး . . . ခန္ဓာကိုယ်မှာလည်း ကိုယ့်ကိုယ်ကိုပါ စဉ်းစားကြည့်၊ စဉ်းစားကြည့်လိုက်တော့ ငါလို့ပြောစရာ ပျောက်သွားပြီ၊ ကျန်တာတွေဟာ သူ့ဟာနဲ့သူချည့်ပဲ။

နာရီလေးတစ်ခုကို ကြည့်လိုက်ရင် ချက် . . . ချက် . . . ချက် . . ချက်နဲ့ သွားပြီးတော့ အချိန်ကို ပြနေတယ်။ တစ်စစီဖြုတ်လိုက်ရင် ခုနကလို အချိန်ကို ပြနိုင်သေးရဲ့လား။ ဘက်ထရီကလေးထည့်ပြီး သူ့ဟာနဲ့သူ စနစ်တကျတပ်ဆင်လိုက်ရင် အို . . . သူကအသက်ရှိနေသလို လှုပ်ရှားမနေ ဘူးလား။ အေး . . . လူတွေလှုပ်ရှားနေတာဟာလည်း အဲဒီနာရီလေး ချက် . . . ချက် လှုပ်ရှားနေသလိုပဲတဲ့။ အကြောင်းတွေ ပေါင်းစုထားသည့် အတွက်ကြောင့် လှုပ်ရှား သွားလာနိုင်တာ။

ဖြုတ်လိုက်ရင် တစ်ခုမှ စွမ်းအားမရှိဘူး။ ဘက်ထရီပါဝါရှိနေပေမယ့်လို့ သူ့နေရာသူ မတပ်ဘဲ တခြားနေရာ ပြောင်းပြန်တပ်ထားလိုက်ရင်ရော ရပါမလား။ မရဘူး။ လက်တံလေးတွေလည်း ပြောင်းပြန် တပ်လိုက်မယ်။ ပြောင်းပြန် တပ်လိုက်ရင်ရော ရပါ့မလား။ မရဘူး။ ဖြုတ်လိုက်မယ် ဆိုတစ်ခုမှ လှုပ်ရှားနိုင်မှာမဟုတ်ဘူး၊ အကြောင်းအကျိုး ညီညွတ်ပြီးတော့ အားလုံးတည်ရှိနေတဲ့အခါမှသာ လှုပ်ရှားနိုင်တယ်။

လူရဲ့ခန္ဓာကိုယ်ကြီးဟာလည်း စက်ရုပ်နဲ့ အင်မတန်တူတယ်လို့ပြောရမယ်။ စက်ရုပ်ကြီးလို မြင်လာပြီ ဆိုလို့ရှိရင်စက်ရဲ့ အစိတ်အပိုင်းတွေ မြင်လာသလို ခန္ဓာကိုယ်မှာလည်းအကြမ်းဖျင်းအားဖြင့် ကြည့်မယ်ဆိုရင် ရုပ်ကိုယ်ကာယကြီးဟာဘာမှမြင်တာ မဟုတ်ဘူး။ သူက ဘာမှမသိရှာဘူး။ သိနေတာကစိတ်ကလေးက သိတယ်။ စိတ်ကို ဖယ်လိုက်ရင် သေသွားတဲ့ကိုယ်ကာယ မရှိဘူးလား။ ရှိပါတယ်။ စိတ်ကလေးမရှိတော့ဘူးဆိုရင် ကိုယ်ကာယကြီးက မလှုပ်ရှားနိုင်တော့ဘူး။ အဲဒီတော့ဒီနှစ်ခုဟာ ပေါင်းစပ်နေမှ လှုပ်ရှားနေတဲ့ သဘောက ဖြစ်တာ။

အဲဒီလို ရုပ်နဲ့နာမ် နှစ်မျိုးမြင်တာကို **"နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ"**- ရုပ်နာမ်နှစ်ခု ဒီခန္ဓာကိုယ်မှာ သဘာဝနှစ်ခု၊ မတူညီတဲ့ သဘာဝကြီးနှစ်ခု ပေါင်းစပ်ထားတယ်ဆိုတာ သိရမယ်။ တစ်ခုနဲ့ တစ်ခု သဘာဝခြင်း မတူကြဘူး၊ မတူတဲ့အရာနှစ်ခု ပေါင်းစပ်ထားပြီး လှုပ်ရှားနေတာကို သိရမယ်။

ဝိသုဒ္ဓိမဂ်ဂ် အဋ္ဌကထာကြီးမှာ "နာမရူပါနံ ယာထာဝ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ"လို့ဆိုထားတယ်၊ နာမရူပါနံ၊ နာမ်နဲ့ရုပ်တို့ကို။ နာမ်ဆိုတာ အာရုံလေးကိုသိပြီး အာရုံရှိရာကို ညွတ်ညွတ်ပြီးသွားတဲ့သဘော၊ ဆိုပါစို့ ကိုယ့်အိမ်ထဲမှာ ဟိုနေရာ ဒီနေရာက ဒုတ်ခနဲ ကျတဲ့အသံလေး ကြားလိုက်ရင် စိတ်ကလေး က အဲဒီရောက် မသွားဘူးလား။ (ရောက်သွားပါတယ်ဘုရား။) အဲဒါ အာရုံရှိတဲ့ဘက် စိတ်ညွတ်တာလို့ ခေါ်တယ်။ နှာခေါင်း ထဲမှာ အနံ့ကလေးရသွားရင်လည်း အဲဒီအနံ့ဘက် စိတ်က ရောက်မသွားဘူးလား။ (ရောက်သွားပါတယ်ဘုရား။) အသံ ကြားရင် အသံကြားတဲ့ဘက် ရောက်သွားတယ်။ မျက်စိထဲမှာ မြင်လာရင်လည်း မြင်တဲ့ဘက် ရောက်သွားတယ်။ အာရုံ ရှိတဲ့ဘက်ကို ညွတ်ညွတ် ညွတ်ညွတ်သွားတာက စိတ်။ ရုပ်ကြီး ကတော့ ဒီလို အာရုံရှိရာဘက် ညွတ်သွားတာ မဟုတ်ဘူး။ စိတ်က သာ အာရုံရှိရာကို ညွတ်တတ်သည့်အတွက်ကြောင့် စိတ်ကို နာမ လို့ ခေါ်တယ်။ မြန်မာလို နာမ်လို့ပဲ ပြန်လိုက်တာ။ နာမ ဆိုတာ အာရုံရှိရာ ညွတ်ပြီးတော့ သွားတယ်။ အာရုံရှိတဲ့ဘက်ကို လှည့်လှည့်သွားတယ်လို့ ဆိုလိုတယ်။ ဘယ်အာရုံ လာလာ သူကမျက်နှာလှည့်လှည့်သွားတယ်။ အဲဒီဘက်ကို လှည့်တယ်၊ အဲဒါကို နာမ (နာမ်)။

ရူပ (ရုပ်) ဆိုတာက ဒီလိုမဟုတ်ဘူး။ ဆန့်ကျင်ဘက် အကြောင်းတရားတွေနဲ့တွေ့တဲ့အခါ ပြောင်းလွဲပြောင်းလွဲ သွားတတ်တဲ့သဘော။ ဆိုင်ရာအကြောင်းတွေနဲ့ ပေါင်းမိဆုံမိတဲ့

အခါ သူက တည်ငြိမ်ပြီးတော့ မနေဘူး။ ပြောင်းလွဲပျက်စီး တတ်တဲ့ သဘောရှိတယ်။ လျှင်လျှင်မြန်မြန်လည်း ပြောင်းတယ်။ ဖြည်းဖြည်းလည်း ပြောင်းတယ်၊ ရုပ်တရားဆိုတာ ပြောင်းလဲ ဖြစ်နေတာ၊ ကိုယ့်ခန္ဓာကိုမှာ ခြင်ကလေး ကိုက်သွားလို့ရှိရင် အဲဒီ နေရာမှာ ပြောင်းမသွားဘူးလား၊ (ပြောင်းသွားပါတယ် ဘုရား)။ အသီးကလေးဖြစ်သွားတယ်။ ဒါကြောင့် ပြောင်းလွဲသွားတဲ့ သဘောလေးဟာ ရုပ်ရဲ့အမှတ်အသားပဲ။ အအေးထဲထွက်ရင် အအေးနဲ့တွေ့ပြီး တစ်မျိုးဖြစ်တယ်၊ အပူနဲ့တွေ့တဲ့အခါ တစ်မျိုး ဖြစ်တယ်၊ စိတ်ဆိုးတဲ့အခါ မျက်နှာလေး နီလာတယ်၊ အဲဒါ ပြောင်းသွားတာ။ အဲဒီလို ထင်ထင်ရှားရှား ပြောင်းလဲမှုတွေ ဖြစ်လာတတ်တာ ရုပ်ပဲ။

အသက်အရွယ်ကြီးလာရင် ခေါင်းပေါ်က ဆံပင်လေးတွေ ဖြူဖြူလာတယ်။ ဒါလည်း ပြောင်းသွားတာပဲ၊ သွားလေးကလည်း တစ်ချောင်းပြီးတစ်ချောင်း ထွက်သွားတယ်။ သွားစိုက်ဆိုင် သွားစိုက်ရင် တစ်ချောင်းစိုက် တစ်ချောင်းထွက်သွား။ တစ်ချောင်း စိုက် ကြာတော့ အံကပ်ကြီးနဲ့ ဖြစ်သွားတယ်။ ဆံပင်လည်း ဘယ်လိုပဲ ဆေးဆိုး ဆေးဆိုး။ အပေါ်က ဆိုး၊ အောက်က ဖြူလိုက်လာတယ်။ ပြောင်းနေတဲ့သဘောတွေ၊ ရုပ်ဆိုတာ ပြောင်းလဲသဘောကို ပြောတာ။

ခန္ဓနီယသုတ်ဆိုတာ သံယုတ်ထဲမှာ ရှိတယ်။ အဲဒီ ခန္ဓနီယသုတ်ထဲမှာ ရုပ်ကို အဓိပ္ပာယ် ဖွင့်ဆိုထားတယ်။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ကိဉ္စ၊ အဘယ်အကြောင်းကြောင့်။ ရူပံ၊

ရုပ်ဟူ၍ ဆိုကြပါသနည်း။ ရုပ်ခန္ဓာကြီး ရုပ်ခန္ဓာကြီးလို့ ပြောကြတယ်။ ဘာကြောင့် ပြောကြသလဲ။ ပြောင်းပြောင်းနေလို့ ရုပ်လို့ခေါ်တာတဲ့။ ဒါဖြင့် ပြောင်းသွားတာဟာ သူ့ဘာသာသူ ပြောင်းသလားဆိုတော့ မဟုတ်ဘူး၊ အကြောင်းတရားတွေ ကြောင့် ပြောင်းတာ။ အအေးနဲ့တွေ့တဲ့အခါ တစ်မျိုးဖြစ်တယ်၊ အပူနဲ့တွေ့တဲ့အခါ တစ်မျိုးဖြစ်တယ်၊ ထမင်းဆာတဲ့အခါ တစ်မျိုးပြောင်းတယ်၊ ရေငတ်တဲ့အခါ တစ်မျိုးပြောင်းတယ်၊ ပြောင်းသွားတယ်၊ ပြောင်းလွဲနေတယ်။ ခြင်ကိုက်ရင်လည်း ပြောင်းတယ်။ မှက်တို့၊ ခြင်တို့၊ လေပူနေပူတို့ကြောင့် ပြောင်းပြောင်းသွားတယ်။ အဲဒီလိုပြောင်းတတ်လို့ ရုပ်လို့ ခေါ်တာတဲ့။ ထင်ထင်ရှားရှား ပြောင်းတတ်တဲ့ အပြောင်းမျိုးကို မြတ်စွာဘုရားက ပြောသွားတာ။

အဲဒီတော့ သေသေချာချာ စဉ်းစားကြည့်၊ သူ့ဘာသာသူ ဖြစ်နေတဲ့ သဘာဝတရားကြီးကို ငါ လို့ပြောရအောင်၊ ငါ့ဟာလို့ပြောရအောင် ငါပိုင်ရဲ့လားလို့မေးရင် ငါမပိုင်ဘူး။ ကိုယ်ပိုင်လို့ရှိရင် ကိုယ့်အမိန့်နဲ့ နေမှာပေါ့ဗျာ။ ငါ့ဆံပင်လေးတွေ မဖြူစေနဲ့ဆိုရင် ရမလား။ (မရပါဘုရား)၊ ဆေးဆိုးလည်း ဖြူမှာပဲ၊ သွားလေးတွေ ပါးစပ်ထဲမှ ကျွတ်မသွားပါစေနဲ့ ပြောလို့ရမလား၊ (မရပါဘုရား။) သူ့အကြောင်းနဲ့ သူပဲ။ ထာဝရပြောင်းနေတဲ့ သဘာဝတွေ။ ဒါကို ရူပ လို့ခေါ်တာ။ အဲဒီတော့ ရူပဟာ ငါလည်း မဟုတ်ဘူး။ တကယ်တော့ ကိုယ်ပိုင်တဲ့အရာ ငါ့ဟာလည်း မဟုတ်ဘူး။ လူတွေက ထင်နေတာ ငါပိုင်တယ်၊ ငါ့ရုပ်၊ ငါ့မျက်စိနဲ့ ပြောကြတယ်။ မျက်စိက ကိုယ်အုပ်ချုပ်လို့ ရတာမှမဟုတ်တာ၊

မှုန်မှုန်လာတယ်လေ၊ မျက်စိအထူးကုနဲ့ သွားပြရတယ်။ နောက်ဆုံးကျတော့ မမြင်ရတဲ့အဆင့် ရောက်တဲ့လူလည်း ရောက်သွားတယ်။

ဘယ်အရာမှ ကိုယ့်သဘောအတိုင်း မဖြစ်ဘူး၊ ကံက ဆုံးဖြတ်ပေးထားတဲ့အတိုင်း အကြောင်းတရားတွေက ဖန်တီးထားသည့်အတိုင်း ကံတရားတွေ အကြောင်းတရားတွေပေါ်မှာ တည်ပြီးတော့ တချို့ပုဂ္ဂိုလ်မှာငယ်ငယ်ရွယ်ရွယ်နဲ့ မျက်စိမှုန်တယ်။ တချို့ပုဂ္ဂိုလ်တွေက အသက်ကြီးမှ မျက်စိမှုန်တယ်။ တချို့ ပုဂ္ဂိုလ်တွေက အသက် ၈၀၊ ၉၀ နေရတာတောင် မျက်စိမမှုန်ဘူး။ ဘယ်သူက လုပ်နေတုန်း၊ အကြောင်းတရားတွေက လုပ်နေတာတဲ့။ ကိုယ်ပိုင်လို့လား၊ မပိုင်ပါဘူး။ ဆန္ဒအတိုင်းဖြစ်တာ ရှိရဲ့လား။ (မရှိပါဘုရား။) ကိုယ့်ဆန္ဒအတိုင်း ဖြစ်မယ် ဆိုလို့ရှိရင်တော့ အလွန်ပျော်စရာ ကောင်းမှာပေ့ါ။ လောကကြီးဟာ ကိုယ့်အကြိုက်တိုင်း ဖြစ်တာနည်းတယ်။ ကိုယ့်အကြိုက်နဲ့ ဆန့်ကျင်ဘက်တွေပဲ ဖြစ်တာ များတယ်။

အဲဒီလို ရုပ်သဘာဝတရားကြီးကို မြင်အောင် ကြည့်တယ်။ နာမ်သဘာဝတရားတွေကို မြင်အောင် ကြည့်တယ်။ တို့ရဲ့သန္တာန်မှာ နာမ်နဲ့ရုပ်ကလွဲလို့ ဘာမှမရှိဘူးလို့သိတာ ဒိဋ္ဌိဝိသုဒ္ဓိတဲ့၊ မှားယွင်းတဲ့ အမြင်ကြီးက လွတ်ကင်းသွားတယ်လို့ ပြောတာ၊ အယူဟာ စင်ကြယ်သွားပြီတဲ့။ နာမရူပါနံ၊ နာမ် ရုပ်တရားတို့ကို။ နာမရူ ပါနံ၊ ကိုယ်ကာယနဲ့ စိတ်တို့ကို။ ယာထာဝဒဿနံ၊ ဟုတ်တိုင်းမှန်စွာ မြင်ခြင်းသည်။ ရုပ်ကို မြင်အောင် ကြည့်မယ်။

နာမ်ကို မြင်အောင်ကြည့်မယ်။ ရုပ်နဲ့ နာမ် ကွဲသွားပြီ။ နာမရူပ ပရိစ္ဆေဒဉာဏ် ရသွားပြီ။ ငါဆိုတာ မရှိဘူး။ ရုပ်နဲ့နာမ် နှစ်ခုပေါင်းစပ်ထားတာသာ ဖြစ်တယ်။ ရုပ်ရဲ့သဘောကို တွေ့တယ်၊ နာမ်ရဲ့သဘောကို တွေ့တယ်။

ကဲ. . . ကိုယ့်မှာရှိတဲ့ ရုပ်တွေကိုရှာကြည့်ရအောင်၊ စာထဲကဟာ မကြည့်နဲ့၊ ကိုယ့်သန္တာန်ကိုကြည့်၊ ရုပ်တွေထဲမှာ ဓာတ်ကြီး ၄-ပါးဆိုတာ ရှိတယ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တဲ့။ ပထဝီဆိုတာ မြေဓာတ်ပေါ့၊ မြေဆိုတာ အားလုံးကို ထမ်းဆောင်ထားတဲ့ အရာပေါ့။ အာပေါ ဆိုတာက ရေဓာတ်။ ရေဆိုတာ ပျော်ဝင်တဲ့သဘော၊ စုစည်းတဲ့ သဘော၊ တေဇော ဆိုတာက မီးဓာတ်၊ မီးဆိုတာ ရင့်ကျက်မာကျော စေတဲ့သဘော၊ ဝါယော ဆိုတာက လေဓာတ်၊ လေဆို တာ တွန်းကန်လှုပ်ရှားတဲ့ သဘော။

ဘုန်းကြီးတို့တစ်တွေ ကိုယ့်ခန္ဓာကိုယ်ကို စမ်းကြည့်လိုက်။ ခေါင်းစမ်းကြည့်တဲ့အခါ မာမာကြီး မတွေ့ဘူးလား၊ မာမာကြီး တွေ့ရဲ့သားနဲ့ ခေါင်းကြီးတွေ့တယ်လို့ပဲ ပြောမှာပဲ၊ အရပ်ပြော ပေါ့။ တကယ်တွေ့တာ ပထဝီကို တွေ့တာ။ မာတဲ့သဘောကြီးကို တွေ့နေတာ။ အဲဒီမာတဲ့သဘောကြီးက သူ့မှာ အကြောင်းတွေ ရှိတယ်။ ကံဆိုတဲ့ အကြောင်းတရားရှိတယ်။ စိတ်ဆိုတဲ့ အကြောင်းတရားရှိတယ်။ ဥတုဆိုတဲ့ အကြောင်းတရား ရှိတယ်၊ အာဟာရဆိုတဲ့အကြောင်းတရားရှိတယ်။ အဲဒီ အကြောင်း တရားတွေ ဖယ်လိုက်ရင် ဒီသဘောကြီးဟာ ရပ်တည်နိုင်စွမ်း

မရှိတော့ဘူး။ သူ့ဆိုင်ရာ အကြောင်းတရားတွေကြောင့် ဖြစ်နေတာ။ လက်မောင်းတွေ ဘာတွေ စမ်းလိုက်တဲ့အခါ ကျတော့ ပျော့တဲ့သဘော၊ မာတယ် ပျော့တယ် ဆိုတဲ့ သဘာဝ ဓာတ်တွေဟာ ပထဝီဓာတ်တွေပဲ။

အာပေါဆိုတာကို ကြည့်၊ အာပေါဆိုတာ စုစည်းတဲ့သဘော ပျော်ဝင်တဲ့သဘော နှစ်မျိုးရှိတယ်။ ရေကိုပြောတာမဟုတ်ဘူး။ အရာဝတ္ထုထဲ ပျော်ဝင်သွားတယ်။ စီးဝင်သွားတယ်။ အဲဒါ အာပေါပဲ။ အားလုံးကိုစုစည်းပေးတာလည်း အာပေါပဲ။ မုန့်လုပ်တဲ့အခါမှာ စဉ်းစားကြည့်ပေါ့။ ပေါင်မုန့်ဟာ နဂိုတုန်းက အတုံးအခဲကြီး ဟုတ်ကဲ့လား၊ ဂျုံမှုန့်တွေ မဟုတ်လား။ အဲဒီ အမှုန့်တွေကို အခဲဖြစ်သွားအောင် ရေနဲ့စုစည်းပေးရတယ်။ ရေက အမှုန့်လေးတွေကို အကုန်လုံးပေါင်းသွားအောင်၊ တစ်လုံးတစ်ခဲတည်းဖြစ်သွားအောင် စုစည်းပေးတာ။ ဒါ အာပေါရဲ့သဘာဝပဲ။ စုစည်းပေးတာ အာပေါ။ အမှုန့်လေးတွေ ပြန့်ကြဲမသွားအောင် စုစည်းပေးလိုက်တယ်။

ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးကိုကြည့်၊ အသားစိုင်ကြီးတွေ၊ အရိုးကြီးတွေ တွေ့ရမယ်၊ နဂိုက အမုန့် တွေပဲ၊ အဲဒီအမှုန့်တွေ စုစည်းထားတဲ့အခါကျတော့ ခေါင်းပုံစံ၊ လက်ပုံစံ၊ နားရွက်ပုံစံ ဖြစ်မနေဘူးလား။ ပုံစံအမျိုးမျိုးနဲ့လေ။ အဲဒါ အာပေါက စုစည်းထားလို့ ဒီလို ပုံစံကြီးတွေ ပေါ်နေတာ။ အာပေါ မရှိဘူးဆိုရင် အမှုန့်ကလေးတွေ အကုန်ဖြစ်သွားမှာနော်။ စုစည်းထားတဲ့အခါကျတော့ နားရွက်တို့၊ ခေါင်းတို့၊ နှာခေါင်းတို့၊ လက်တို့၊

ခြေတို့ဆိုတဲ့ ပုံစံတွေ ပေါ်လာတယ်။ ဆံပင်ဆိုလည်း ရှည်ရှည် မျှောမျှောလေးတွေပေ့ါ။ ပုံစံ အမျိုးစုံနှင့် အာပေါက စုစည်း ပေးထားတယ်။ မျက်စိ လည်စရာကြီးပေ့ါ။ အဲဒါ အာပေါ။

တေဇောရဲ့ သဘောက စုစည်းပေးထားတဲ့ ပထဝီတို့၊ အာပေါတို့ကို သူကရင့်ကျက်လာအောင် လုပ်တယ်။ မာကျော လာအောင်လုပ်တယ်၊ ခုနက ဂျုံမှုန့်တွေကို ရေနဲ့အချိုးကျ ထည့်ပြီးတော့ အတုံးလုပ်ပြီးတဲ့အခါကျတော့ မီးဖိုထဲထည့်ပြီး ဖုတ်လိုက်တော့ ပိုမာလာတယ်၊ အဲဒီတော့ တေဇောရဲ့ သဘော က ပိုပြီး မာကျောစေတတ်တာ ဖြစ်တယ်။

ထို့အတူပဲ ကြည့်လိုက်မယ် နောက်တစ်ခု၊ ဝါယောရဲ့ သဘောက ဘာတုံးဆိုရင် ဒါတွေကို စုပြီးတော့ တွန်းကန်ထား တယ်၊ ဆွဲစုထားတယ်၊ ဒီလိုဖြစ်တာ ဝါယောရဲ့သဘောပဲ။ ဝါယောမပါရင် ဒါတွေဟာ ဒီလို တည်နိုင်မှာ မဟုတ်ဘူး။

အကြမ်းဖျင်းအားဖြင့်ပြောမယ်ဆိုရင် ခန္ဓာကိုယ်ထဲမှာ ကြည့် အရိုးတွေရယ်၊ အသားတွေရယ်၊ အကြောတွေရယ် ရှိတယ်၊ အဲဒီ အတုံးအခဲမှန်သမျှတွေက တစ်စု၊ ဒါက ပထဝီအစု၊ မာကျောတဲ့အစု အဲဒါနောက်က အရည်တစ်စုထားလိုက် သွေးတွေက အရည်၊ တံတွေးက အရည်၊ နှပ်တို့ဘာတို့ ကျင်ငယ် တို့က အရည်၊ ဟောဒါတွေက ခန္ဓာကိုယ်ထဲက အစုတစ်စု၊ ခန္ဓာကိုယ်ကြီး ပူနွေးတယ်၊ အေးတယ်၊ စားလိုက်သမျှဟာတွေက ကြေညက်ပြီးသွားတယ်။ ဆိုပါစို့၊ ထမင်းချက်တဲ့အခါမှာ ရေအေးနဲ့၊ လေနဲ့ချက်လို့ ရသလား၊ (မရပါဘူးဘုရား။)

မီးနဲ့ချက်တာနော်။ မချက်ခင်က ဆန်က မာမာကြီး ရေနဲ့ မီးနဲ့ ပေးတွေ့လိုက်တဲ့အခါကျတော့ ဆန်လေးကပျော့ပြီး နပ်သွားတယ်။ စားလိုက်တဲ့အခါ ဗိုက်ထဲရောက်သွားပြီး အစာအိမ်ထဲ ရောက်သွားတော့ အဲဒီ အစာတွေဟာလည်း ခုနက တေဇောက နေပြီး အပူပေးလိုက်တော့ ကြေညက်ပြီး တစ်စုတည်း၊ တစ်မျိုးတည်း ဖြစ်သွားတယ်။ အိမ်သာထဲ ရောက်သွားတဲ့အခါ ကွဲတောင် မကွဲတော့ဘူး။ ဒါက ထမင်းလား၊ ဒါက ဟင်းလား ဆိုတာ မရှိတော့ဘူး။ တစ်မျိုးတည်း ဖြစ်သွားပြီလေ၊ မုန့်ဆိုတာလည်း မကွဲတော့ဘူး၊ စားလိုက်တဲ့အရာတွေဟာ တစ်မျိုးတည်း ဖြစ်သွားတယ်။ ကြေညက်ပြီးသွားတယ်။ ဒါ ဘယ်သူက လုပ်တာတုန်းဆိုရင် တေဇောက လုပ်တာ။

အေး. . . အသက်ရှူနေတဲ့လေတွေ၊ ခန္ဓာကိုယ်ထဲ သွေးတွေလည်ပတ်အောင် တွန်းပေးနေတာတွေ၊ လှုပ်ရှားသွားလာလို့ရအောင် လုပ်နေတာတွေဟာ ဝါယောက လုပ်နေတာလို့ ပြောတာနော်။

ကြည့်လိုက်လို့ရှိရင် လူရဲ့ခန္ဓာကိုယ်ထဲက ပထဝီဆိုတာလည်း သူ့သဘာဝအတိုင်း သူ့အကြောင်းနဲ့သူ ဖြစ်နေတာ၊ အာပေါကလည်း သူ့အကြောင်းနဲ့သူ ဖြစ်နေတာ၊ တေဇောကလည်း သူ့အကြောင်းနဲ့သူ ဖြစ်နေတာ၊ ဝါယောကလည်း သူ့အကြောင်းနဲ့သူ ဖြစ်နေတာ။ ငါလို့ပြောစရာ တစ်ခုမှမရှိဘူး။ အားကိုးစရာကော ရှိရဲ့လား၊ မရှိဘူး။ သူဖြစ်ချိန်တန် ဖြစ်ပြီးတော့ ပျက်ချိန် တန်ရင် ပျက်သွားမှာပဲ။ ကိုယ့်မှာ ဘာမှ အာမခံချက်

မရှိဘူး၊ အားကိုးလို့မရဘူး၊ ခန္ဓာကိုယ်ကြီးက ဒီလို အနေအထား မှာပဲလေ၊ ကိုယ်ပိုင်ဆိုင်တယ်ဆိုတာဆိုလို့ ဘာတစ်ခုမျှ မရှိဘူး။

ဒါကြောင့်မို့ မြတ်စွာဘုရားက အနတ္တလက္ခဏ သုတ်မှာ ဒီလိုဟောတာ-"**န စ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ**"= ငါ့ သဘောကျတဲ့အတိုင်း ဒီအတိုင်းဖြစ်၊ ဟိုအတိုင်း မဖြစ်စေနဲ့ရမလားတဲ့၊ မရဘူး၊ မရတဲ့ အတွက် အနတ္တ လို့ ပြောတာ၊ အနတ္တဆိုတာ အတ္တမဟုတ်ဘူး။ ကိုယ်ပိုင်တဲ့ဟာ မဟုတ်ဘူး။ ကိုယ့်ဟာမဟုတ်ဘူး၊ ကိုယ်လည်း မဟုတ်ဘူး၊ သူ့သဘာဝအတိုင်းဖြစ်နေတာ။

ဆိုပါစို့၊ လမ်းဘေးမှာ ပေါက်နေတဲ့ သစ်ပင်ကြီးကို ကြည့်ပြီး ငါလို့ ဘယ်သူမှ မပြောပါဘူး။ အဲဒီကိုယ့်ခန္ဓာမှာရှိတဲ့ ရုပ်ကြီးကလည်း သစ်ပင်ကြီးလိုပဲ ဘာမှမထူးဘူး။ သစ်ပင်ကြီးဟာ သူ့ဆိုင်ရာ အကြောင်းတရားတွေကြောင့် လမ်းဘေးမှာ တည်နေ တာ။ မြေနဲ့ ရေနဲ့သစ်ပင်ကြီးဟာ အပူငွေ့တွေနဲ့ ဒီလိုတည်နေ တာ။ ဒီအကြောင်းတရားတွေ အကုန်လုံး ပျက်စီးသွားပြီဆိုရင် သစ်ပင်ကြီးလည်း ဗုန်းဗုန်းလဲ သွားမှာပဲ။

ထို့အတူပဲ ကိုယ့်ဘဝ ကိုယ့်ခန္ဓာကိုယ်ကြီးကို ကြည့်လိုက် ရင်လည်း သူ့ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားတွေကြောင့် ဖြစ်နေတယ်ဆိုတာရှိတယ်။ ကံရှိနေရင် ကံက ထောက်ပံ့နေမယ်။ စိတ်ရှိရင် စိတ်ကထောက်ပံ့ နေမယ်။ ဥတုရှိရင် ဥတုက ထောက်ပံ့ နေမယ်။ အာဟာရရှိရင် အာဟာရက ထောက်ပံ့နေမယ်။ နောက်ဆုံး ကံတွေလည်းအရှိန်ကုန်သွားမယ်။ စိတ်ကလည်း

အနားယူသွားမယ်။ အာဟာရကလည်း မထောက်ပံ့တော့ဘူး။ အနားယူသွားမယ်။ နောက်ဆုံးတော့ ဘာကျန်တုံး။ ဥတုပဲ ကျန်တော့တယ်။ အဲဒီအခါ ရေဝေး(သုသာန်) ရောက်သွားတာပေါ့။ သဘောက ဒါပဲလေ။ ကိုယ်ပိုင်ဆိုတာ ဘာမှမရှိဘူးလေ။ အကြောင်းတရားတွေ အနားယူသွားတာနဲ့ တစ်ပြိုင်နက် ဘာမှ မရှိတော့ဘူး။ နောက်ဆုံး ရန်ကုန်ကလူတွေ ရေဝေးမှာပဲ အဆုံးသတ်ရတာ။ ဒါ အသေချာဆုံးပဲလေ။

အဲဒီလို ရုပ်နဲ့နာမ်သဘာဝကို မြင်လို့ရှိရင် ငါလို့ သတ္တဝါလို့ ပုဂ္ဂိုလ်လို့ဒီလိုမြင်စရာအကြောင်း ဘာတစ်ခုမှ မရှိဘူး။ အဲဒီလို ရှင်းရှင်းလင်းလင်းမြင်ချင်းက သတ္တဝါလို့ အနမတဂ္ဂသံသရာ တစ်ခွင်မှာ အထင်မှားလာခဲ့တဲ့ အမှားကြီး ပျောက်မသွားဘူးလား။ (ပျောက်သွားပါတယ်ဘုရား။) အထင်အမြင်မှားတွေ ပျောက်သွားလို့ ငါလုပ်ရင်ဖြစ်တယ်၊ ငါ့ဟာ၊ ငါပိုင်တယ်လို့ ထင်နေတဲ့ အထင်ဟာလည်း အားလုံးကုန်စင်အောင် လွှဲနေတယ်။ တစ်ခုမှ မဖြစ်ဘူးဆိုတာဟာ ထင်ရှားသွားတယ်။ အဲဒီတော့ ကိုယ်ထင်လာတာတွေ တစ်ခုမှ မဟုတ်သည့်အတွက်ကြောင့် ထင်လာတယ်၊ မြင်လာတယ်ဆိုတဲ့အရာတွေဟာ အမှားတွေကြီးပဲ။ အဲဒီ အမှားတွေစင်ကြယ်သွားတာကို ဒိဋ္ဌိဝိသုဒ္ဓိ လို့ခေါ်တယ်။

**“နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ”**၊ နာမရူပါနံ၊ နာမ်နဲ့ ရုပ်တို့ကို ။ လူတွေရဲ့ သန္တာန်မှာ ရုပ်နဲ့နာမ် နှစ်မျိုးကလွဲ၍ ဘာမှမရှိဘူး။ ယာထာဝ ဒဿနံ၊ ဟုတ်တိုင်းမှန်စွာ မြင်ခြင်းသည်။

ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ အမြင်၏ စင်ကြယ်မှုပဲ။ ဒါ့ကြောင့် ရုပ်နဲ့ နာမ်နှစ်ခု ကွဲအောင်ကြည့်ရမယ်နော်။

အဲဒီလို ရုပ်နဲ့နာမ် ကွဲအောင်ကြည့်ပြီးတဲ့ အခါကျတော့ ဒီရုပ်ထဲမှာ နာမ်တွေက ရှိနေတာလား၊ ဒီနာမ်မှာ ရုပ်တွေက ရှိနေတာလား ပြောရင်၊ မရှိဘူး။ ရုပ်ကလည်းနာမ်ကိုမမြင်ဘူး။ နာမ်ကလည်း ရုပ်ကိုမမြင်ဘူး။ နှစ်ခုပေါင်းမိတာပဲရှိတယ်။ ဆိုပါစို့ နာရီ လက်တံလေးကနေပြီး ဂဏန်းလေးတွေ ညွှန်ပြနေတာ လက်တံရှည်က တစ်မျိုးပြတယ်၊ လက်တံတိုက တစ်မျိုးပြတယ်၊ အဲဒီ လက်တံလေးတွေက ဩော် . . . ငါက ၇း၃၀ အချိန်၊ ၈း၃၀ အချိန်ကို ပြနေပါလားလို့ သိသလား။ (မသိပါဘုရား။) ဩော်. . . ငါ့ လက်တံလေးက ၈ ဂဏန်း ပေါ်ရောက်နေပါလား လို့ သိသလား။ (မသိပါဘုရား။) အဲဒီလိုပဲ လူရဲ့ရုပ်က ဘာမှ မသိဘူး။

ဆိုပါစို့၊ ဘုန်းကြီးတို့တစ်တွေ စဉ်းစားကြည့်ရအောင်၊ ဒါလည်းကမ္မဋ္ဌာန်းပဲ။ အိပ်ရာပေါ် လှဲအိပ်နေတယ်၊ အိပ်နေတဲ့ အခါကျတော့ အိပ်ရာကြီးက ဒီလူ ငါ့အပေါ်မှာ လှဲအိပ်နေပါလား လို့ သိရဲ့လား။ (မသိပါ ဘုရား။) လူ့ခန္ဓာကိုယ်ကြီးကလည်း ငါ့အိပ်ရာပေါ်မှာလှဲ အိပ်နေပါလားလို့ သိရဲ့လား၊ (မသိပါဘုရား) သိတာက နာမ်ကသိနေတာ။ အဲဒီတော့ ဒီသဘာဝနှစ်ခု မတူဘူး ဆိုတာ ထင်ရှားတယ်။ ဒီနှစ်ခုပေါင်းစပ်ပြီး လှုပ်ရှားနေတာလို့ မြင်ရမယ်။

အဲဒီတော့ နာမ်တရားတွေနဲ့ ပတ်သက်ပြီး ဘုန်းကြီးတို့ တစ်တွေ စဉ်းစားကြည့်မယ်။ စိတ် ဘယ်မှာရှိသလဲ မေးရင် ဗိုက်ထဲမှာရှိတယ်လို့ ပြောကောင်းပြောကြမယ်။ ရှိမရှိ စမ်းသပ်ကြည့်မယ်။ စိတ်တွေဟာ ရုပ်ထဲမှာ ရှိနေတာ ဟုတ်ရဲ့လားဆိုတာကို ဥပမာနဲ့ စဉ်းစားကြည့်။ ဥပမာ-piano တီးတဲ့လူတွေ၊ piano ထဲမှာ သီးချင်းသံတွေ သိမ်းထားသလား (မသိမ်းထားပါဘုရား။) တီးမယ်ဆိုရင် သီးချင်းသံတွေ အမျိုးမျိုး ထွက်နိုင်တယ် ဟုတ်လား။ တီးတတ်တဲ့ ပုဂ္ဂိုလ်က တီးတယ်၊ သီးချင်းမျိုးစုံတီးလို့ရတယ်နော်။ အဲဒါတွေဟာ ဒီခလုတ်ထဲမှာ ရှိနေသလား၊ (မရှိပါဘုရား။) မရှိဘဲနဲ့ ဘယ်က ရောက်လာတာလဲ။ အကြောင်းဆုံလို့ ရောက်လာတာနော်။ တီးတဲ့လူနဲ့ သူ့အကြောင်းတရားဆုံပြီး ဖြစ်လာတာ။ အဲဒီသဘောပဲ၊ ဒီအသံလေးက အဲဒီအထဲမှာ ရှိနေတာမဟုတ်ဘူး၊ ဖြစ်နိုင်တဲ့အနေအထားသာ ရှိတာ။ ရှိနေတာ မဟုတ်ဘူး။ ရှိနေတာ မဟုတ်ဘဲနဲ့ အကြောင်းကြောင့် ဖြစ်ပေါ်လာတာ။

'ဟေတုံ ပဋိစ္စ သမ္ဘူတာ' = အကြောင်းတရားတွေကြောင့် ဖြစ်လာတာတဲ့။ 'ဟေတုဘင်္ဂါ နိရုဇ္ဈရေ'= အကြောင်းတွေ ပျက်သွားရင် သူတို့ပျက်သွားတယ်။ အဲဒီသဘောကို သေသေချာချာ စဉ်းစားကြည့်။ ဒါကြောင့်မို့ စိတ်နဲ့ရုပ် ဖြစ်လာပုံကို ကြည့်ရအောင်၊ ဒါ စဉ်းစားကြည့်မယ်ဆိုရင် သိနိုင်ပါတယ်၊ မြတ်စွာဘုရားက လက်တွေ့သိနိုင်တဲ့ တရားကိုသာ ဟောတာ။ လူတွေ သတိမမူလို့၊ မစဉ်းစားလို့ မသိတာ များပါတယ်။

လက်လှမ်းမမီတာမဟုတ်ဘူး။ လူ့အသိဉာဏ်နဲ့ လက်လှမ်းမီတယ်။

ဘုန်းကြီးတို့တစ်တွေ မျက်လုံးလေးဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် မြင်စရာအာရုံတွေကို မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား။) မြင်တဲ့အခါကျတော့ မြင်တာကိုသိတဲ့ စိတ်ကလေးရောပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား) ဒါကို မြတ်စွာဘုရားက **"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"** လို့ ဟောတာပါ။ **စက္ခုံ စ၊** မျက်စိလို့ဆိုတဲ့ ပသာဒရုပ်ကိုလည်းကောင်း။ **ရူပေ စ၊** မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတို့ကိုလည်းကောင်း။ **ပဋိစ္စ၊** စွဲမှီ၍။ **စက္ခုဝိညာဏံ၊** မြင်သိစိတ်သည်။ **ဥပ္ပဇ္ဇတိ၊** ဖြစ်ပေါ်လာရပေ၏။ မြတ်စွာဘုရားက မြင်သိစိတ်ဟာ ဖြစ်လာတာတဲ့။ ရှိနေတာ မဟုတ်ဘူးတဲ့။

ဥပမာ- ဘာနဲ့တူသလဲဆိုရင် စည်ကလေးကို တုတ်နဲ့ ရိုက်လိုက်တဲ့အခါ စည်သံထွက်လာသလိုပဲ။ စောင်းကလေးကို လက်ကလေးနဲ့ တီးလိုက်တဲ့အခါ စောင်းသံလေး ထွက်လာသလိုပဲ၊ မီးခြစ်ဘူးကလေးကို ကောက်ယူပြီး ခြစ်လိုက်တဲ့အခါ မီးပေါ်လာသလိုပဲ။ အကြောင်းကို အစွဲပြုပြီး ဖြစ်ပေါ်လာတယ်။ မျက်စိနဲ့ အဆင်းအာရုံ ဆုံလိုက်တာဟာ တိုက်ခိုက်မှုတစ်ခုပဲ၊ တိုက်ခိုက်လိုက်တဲ့အခါ မီးပွင့်သွားသလိုပဲ အရာဝတ္ထုတစ်ခုပေါ်လာတယ်။ စိတ် ဖြစ်ပေါ်လာတယ်ပေါ့။ အဲဒီကျမှ ပေါ်လာတယ်။ နောက်တစ်ခု ပြောမယ်ဆိုရင် မိုးချုန်းတဲ့အခါမှာ လျှပ်စစ်လက်တာ မြင်ဖူးကြတယ်၊ ဟုတ်လား။ အဲဒီမှာ ခတ်နှစ်ခု

ပေါင်းဆုံတိုက်ခိုက်မိလို့ လျှပ်စစ် ပေါ်လာတာ။ အဲဒီ လျှပ်စစ်တွေက အဲဒီ ဓာတ်ထဲမှာ ရှိနေတာလား။ မဟုတ်ဘူး။ သို့သော် တိုက်လို့ပေါ်လာတာ။ အကြောင်းဆုံလို့ ပေါ်လာတာ။

ထို့အတူပဲ မျက်စိထဲမှာ မြင်သိစိတ် နဂိုကရှိနေတာ မဟုတ်ဘူး၊ ရူပါရုံလေးနဲ့ မျက်စိဆုံလိုက်တဲ့ အခါမှာ ဒိုင်းခနဲဆို ပေါ်လာတာ၊ အဲဒါကို မြတ်စွာဘုရားက **"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"**လို့ ဟောတာဖြစ်တယ်။ ပြီးမှ ဆက်ပြီး **"တိဏ္ဏံ သင်္ဂတိ ဖဿော"**-တဲ့၊ စက္ခုဝိညာဉ်စိတ်လေး ပေါ်လာတဲ့ အခါ အာရုံနဲ့ဆက်သွယ်မှုလေး ဖြစ်လာတယ်။ ဖဿ ဖြစ်တာ ကိုပြောတာ၊ ဖဿ ဖြစ်လာတဲ့အခါ **'ဖဿပစ္စယာ ဝေဒနာ'**-တဲ့၊ အတွေ့အကြုံလေးတစ်ခု၊ ခံစားမှုလေးတစ်ခု ရသွားတယ်။ အတွေ့အကြုံရလို့၊ ခံစားမှုရလို့ ရှိရင် ဝေဒနာပစ္စယာ တဏှာ၊ ဒီအတွေ့အကြုံလေးကို သဘောကျသွားရင် နောက်တစ်ခါ လိုချင်လာတယ်။ တဏှာ ဖြစ်တယ်ပေါ့။ အကြောင်းအကျိုး တွေက အဲဒီလို ဆက်သွားတယ်နော်။

အဲဒီတော့ အဲဒီထဲမှာ မျက်စိဆိုတဲ့ စက္ခုပသာဒလေးရယ်၊ မျက်စိပေါ်မှာ လာပြီး ထင်ဟပ်သွားတဲ့ အဆင်းအာရုံလေးရယ်၊ နှစ်ခု ဆုံစည်းလိုက်လို့ ပေါ်လာတဲ့ စက္ခုဝိညာဏ်စိတ်လေးရယ်၊ ကြည့်လိုက်မယ် ဆိုလို့ရှိရင် မျက်စိဆိုတာက ရုပ်တရား၊ သူက ဘာမှ မမြင်ဘူး။ သူ့ထဲမှာ အရိပ်ထင်တာပဲ ရှိတယ်။ သူ မမြင်ဘူး ဆိုတာ ဘာကြောင့်သိနိုင်တုန်းဆိုရင် သူက မှန်လိုပဲ ဘာမှ မဟုတ်ဘူး။ မှန်ရှေ့ လူသွားရပ်ရင် မှန်ထဲမှာ လူရိပ်ထင်မှာပေါ့။

ဒါလောက်ပဲ၊ သူက အရိပ်ထင်တာပဲရှိတယ်။ အဲဒီထင်လာတဲ့ အရိပ်ကို သိတာက စက္ခုဝိညာဏ်စိတ်က သိတယ်။ မြင်တာ စက္ခုဝိညာဏ်စိတ်က မြင်တာ၊ မျက်စိက မြင်တာမဟုတ်ဘူး။ မျက်စိမှာ အရိပ်ထင်ရုံပဲ ထင်တယ်။

ဘုန်းကြီးတို့တစ်တွေ မှန်ရှေ့သွားရပ်တဲ့အခါ အရုပ်ကလေး ပေါ်လာတယ်။ အရုပ်ကလေးပေါ်လာတာကို ကိုယ့်ခန္ဓာကိုယ်ကြီးက မသိဘူး။ သိတာက စိတ်ကပဲ သိတယ်။ ငါ့ထဲမှာ အရိပ်ကြီး ပေါ်လာပါလားလို့ မှန်ကလည်း မသိဘူး။ မှန်ထဲမှာ ပေါ်နေတဲ့ အရိပ်ကြီးကလည်း ငါမှန်ထဲမှာ ပေါ်နေပါလားလို့ မသိဘူး။ သိတာလေးက စိတ်။ ထို့အတူပဲ မျက်စိလို့ခေါ်တဲ့ စက္ခုပသာဒ ရယ်၊ မျက်စိပေါ်မှာလာထင်တဲ့ ရူပါရုံဆိုတဲ့အဆင်း အာရုံရယ်၊ အဲဒီနှစ်ခု ဆုံလိုက်တဲ့အခါကျတော့ မြင်သိစိတ် ကလေးက ဘွားခနဲဖြစ်လာတယ်။ အဲဒီမှာ မြင်သိစိတ်ကလေးက နာမ်တရား၊ မျက်လုံးလေးက ရုပ်တရား၊ မျက်စိနဲ့ မြင်ရတဲ့ အဆင်းအာရုံက ရုပ်တရား။ ဟော-ရုပ်နဲ့နာမ်နှစ်ခု ကွဲမသွား ဘူးလား။ (ကွဲသွား ပါတယ်ဘုရား။)

ထို့အတူပဲ၊ အသံနဲ့နား၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ ထမင်းစားရင်း စဉ်းစားကြည့်ပေါ့။ ဘာလေးဖြစ်ဖြစ် တစ်ခုခု စားလိုက်လို့ လျှာပေါ်ရောက်သွားရင်၊ ဆိုပါစို့၊ ကိတ်မုန့်လေး စားလိုက်မယ်၊ ချိုတယ်ဆိုတာကို ကိတ်မုန့်က မသိဘူး၊ လျှာက လည်း ကိတ်မုန့်လေးက ချိုပါလားလို့ မသိဘူး။ ကိတ်မုန့်နဲ့ လျှာ တွေ့တဲ့အခါ စိတ်ကလေး ပေါ်လာတယ်။ အဲဒီ စိတ်ကလေးကမှ

ချိုတယ်ဆိုတာကို သိတယ်၊ ချိုတယ်၊ ခါးတယ် စိတ်ကလေးက သိတာ။ လျှာက မသိဘူး။ ကိတ်မုန့်ကလည်း မသိဘူး။ သူတို့က ရုပ်တရားတွေကို။ ရုပ်တရားက မသိဘူး။ နာမ်တရားက သိတယ်။ အကယ်၍ လျှာက သိတယ်ဆိုလို့ရှိရင် သေသွားတဲ့ လူလည်း သိနေမှာပေါ့။ သူ့မှာလည်း လျှာရှိနေတာပဲလေ၊ မသိဘူး။ နာမ်တရား မရှိတော့ရင် မသိဘူး။ အဲဒီသဘောလေး တွေကို နှလုံးသွင်းဆင်ခြင်တာဟာ သဘာဝတရားကို နှလုံးသွင်း ဆင်ခြင်စဉ်းစားနေတာပဲ။ဒါလည်း အနုပဿနာပဲပေါ့။ ဝိပဿနာ ကမ္မဋ္ဌာန်းတရားအားထုတ်တာပဲ၊ အသိဉာဏ်ရနိုင်တယ်။

အဲဒီလို ရုပ်နဲ့ နာမ် ကွဲသွားပြီ ဆိုလို့ရှိရင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုတဲ့ မှားယွင်းတဲ့ အတွေးတွေ လုံးဝ ပျောက်သွားပြီး စိတ်က ဗိုက်ထဲမှာရှိ နေတယ်လို့ထင်တဲ့ အတွေး လည်းပျောက်သွားတယ်။ အကြောင်းကြောင့် ပေါ်လာတယ် ဆိုတာ သဘောပေါက်သွားတယ်။

အဲဒီလို သဘောပေါက်သွားတာနဲ့ တစ်ပြိုင်နက် ဒိဋ္ဌိ ဝိသုဒ္ဓိဆိုတာ ဖြစ်လာမှာပါ။ အဲဒီ ဒိဋ္ဌိဝိသုဒ္ဓိဟာ ဘာအမြင်မှား ကို ဖယ်ရှားသလဲဆိုရင် ခန္ဓာကိုယ်ကြီးကို ငါလို့ထင်နေတဲ့ အမြင်မှားကို ဖယ်ရှားပစ်တယ်။ သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်ပေါ့။ သက္ကာယ ဆိုတာ တကယ်ရှိနေတဲ့ ခန္ဓာငါးပါး၊ ကိုယ့်ရဲ့ ခန္ဓာကိုယ် ကြီးပေါ့။ တကယ်ရှိနေတာက ခန္ဓာပဲလေ။ ရှိနေတဲ့ ခန္ဓာကြီး ပေါ်မှာ အတ္တလို့အထင်လွဲနေတာ၊ အထင်မှားနေတာက ဒိဋ္ဌိ၊

အဲဒီသက္ကာယစွဲပြီး အထင်လွဲနေတဲ့ အမြင်မှားကို ဖယ်ရှားပစ်တယ်။

**"နာမရူပပစ္စယပရိဂ္ဂဟေန သက္ကာယဒိဋ္ဌိယာ ပဟာနံ"**။ **နာမရူပပစ္စယပရိဂ္ဂဟေန၊** နာမ်နဲ့ ရုပ်ကို ခွဲခြားတတ်သော ဉာဏ်ဖြင့်။ **သက္ကာယဒိဋ္ဌိယာ ပဟာနံ၊** သက္ကာယဒိဋ္ဌိ လို့ဆိုတဲ့ ခန္ဓာနဲ့ ပတ်သက်ပြီးတော့ မှားယွင်းတဲ့အမြင်ကို ပယ်ဖျောက်နိုင်ခြင်းသည်။ **ဟောတိ၊** ဖြစ်ပါပေတော့၏။ သူ့ဟာနဲ့သူ အဲဒီဉာဏ်ရမှ ခုနက သက္ကာယဒိဋ္ဌိ ဆိုတာ ပျောက်မှာ။

အဲဒီ သက္ကာယဒိဋ္ဌိ ရှိနေလို့ အပါယ်တော့ မကျဘူး။ ဘာလို့တုန်းဆိုလို့ရှိရင် သက္ကာယဒိဋ္ဌိက သဂ္ဂါဝရဏကို မလုပ်ဘူးတဲ့။ နတ်ပြည်ကိုတော့ မတားဘူးလို့ပြောတာ။ သို့သော် မဂ္ဂါဝရဏ=မဂ်ကိုတော့ မဖြစ်အောင် တားတယ်တဲ့။ ဒီနိဗ္ဗာန်တံခါးကြီးထဲ သူ မဝင်နိုင်ဘူး။ ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိကို (၂)မျိုး မှတ်ထား။ သက္ကာယဒိဋ္ဌိနဲ့ နတ္ထိကဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိက အပါယ်ကိုတော့ မပို့ဘူး၊ ဒါပေမဲ့ နိဗ္ဗာန် မရောက်နိုင်ဘူး။ နတ္ထိကဒိဋ္ဌိ ရှိနေရင်တော့ အပါယ်ရောက်မှာ သေချာတယ်။

သက္ကာယဒိဋ္ဌိဆိုတာကတော့ သောတာပန်ဖြစ်မှ ပယ်လို့ရတယ်။ အဲဒါကြောင့်မို့လို့ သက္ကာယဒိဋ္ဌိ ရှိနေသေးတယ်ဆိုရင်တော့ တစ်ခါမဟုတ်တစ်ခါတော့ ဒုက္ခပေးတာပေါ့လေ။ ဒီ view က ပြန်ပြန်ပေါ်လာတာကိုး။ သောတာပန်ဖြစ်မှ ဒီ view ပျောက်သွားမယ်။ အခုချိန်မှာတရားနာလို့ဖြစ်စေ၊ စာတွေဖတ်လို့ဖြစ်စေ အသိဉာဏ်တွေရလာတဲ့ အခါကျတော့ ခဏ

တစ်ဖြုတ်တော့ ပျောက်မှာပေါ့။ သို့သော် ဒီသက္ကာယဒိဋ္ဌိဟာ ကောင်းရာသုဂတိဘုံဘဝကို မတားဘူး။ ရောက်နိုင်တယ်။ မဂ်ကို တော့မရနိုင်ဘူးတဲ့။ နိဗ္ဗာန်တံခါးကြီးနားကိုတော့ မချဉ်းကပ်နိုင်ဘူး လို့ဆိုလိုတာပေါ့။

အဲဒါကြောင့်မို့လို့ ဒီ မှားယွင်းတဲ့အမြင်တစ်ခုကို နာမ်ရုပ် ကွဲအောင် ကြည့်ပြီး ဖယ်ရှားရမယ်။ နောက်တစ်ခုက ရုပ်တွေ နာမ်တွေ ခွဲခြားသိလာပြီဆိုတဲ့အခါ တစ်ဆင့်တက် စဉ်းစားရမယ်။ ရုပ်က ဘာကြောင့်ဖြစ်သလဲ၊ နာမ်တွေကကော ဘာကြောင့် ဖြစ်သလဲဆိုတာ စဉ်းစားရမယ်။ ဆိုင်ရာဆိုင်ရာ အကြောင်းတရား ကြောင့် ဖြစ်တာ။ ရုပ်စဖြစ်လာပုံလေးကို ကြည့်မယ်ဆိုလို့ရှိရင် ဒီလို ကြည့်ရမယ်။

ဘဝတစ်ခုဟာ ဘယ်တုန်းက စလဲဆိုလို့ရှိရင် ပဋိစ္စ သမုပ္ပါဒ်ကို ကြည့်နော်၊ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ"**- ဝိညာဏ ဆိုတာဟာ ဘဝတစ်ခုရဲ့ အစပဲ ပေါ့။ ဘဝအစဖြစ်တဲ့ ဝိညာဉ်ဆိုတဲ့ ပဋိသန္ဓေစိတ်ကလေးကို ဘယ်သူက ဖန်တီးပေးလိုက်တုန်းဆိုတော့ သင်္ခါရဆိုတဲ့ ကံတရား က ဖန်တီးပေးလိုက်တာ။ ဘယ်လိုဖန်တီးတယ်ဆိုတာ သိရအောင် အကျဉ်းချုံးပြောရမယ်ဆိုလို့ရှိရင် ဒီလိုပါ။ လူတစ်ယောက်ဟာ သေခါနီးဆဲဆဲအချိန် စိတ်ထဲမှာ ပေါ်လာတတ်တယ်။ ကံတရား တွေ၊ ကိုယ်လုပ်ခဲ့ ကြုံခဲ့တာတွေ၊ နောက်ဘဝအခြေအနေတွေ ပေါ်လာတယ်ပေါ့၊ အိပ်မက် မက်သလို ဘာလိုလို ပေါ်လာတာ။ အဲဒီ ပေါ်လာတဲ့ အာရုံတွေကစိတ်ကို လွှမ်းမိုးနေမယ်။ ဆိုပါစို့၊

သေခါနီးဆဲဆဲမှာ မီးတောက်မီးလျှံကြီးတွေ ကိုယ့်အိမ်မှာ မီးလောင်နေသလို၊ ကိုယ့်ပတ်ဝန်းကျင်မှာ မီးလောင်နေသလိုလို ခံစားရပြီးတော့ မီးပုံတွေ ဝိုင်းနေသလို ခံစားရတာမျိုး ရှိတတ်တယ်။ အဲဒီ မီးဆိုတဲ့အာရုံကို ကြည့်ပြီးတော့ စုတိစိတ်ကျသွားတယ်။ အဲဒီအာရုံထဲ ကျသွားတော့ ဘယ်ရောက်သွားသလဲဆိုရင် အဝီစိငရဲရောက်သွားတယ်၊ ငရဲမီးကို မြင်နေတာလေ။

လယ်တီဆရာတော်ကြီး ရေးတဲ့ ပရမတ္ထဒီပနီ ကျမ်းထဲမှာ မီးပူဇော်တဲ့ ပုဏ္ဏားတစ်ယောက် သေခါနီးကျတော့ မီးတွေမြင်နေတယ်တဲ့။ သူ့ဆရာကြီးတွေက လာကြတာပေါ့။ မင်း ဘာတွေ မြင်နေတုန်း မေးတော့ မီးပုံကြီးမြင်နေတယ်လို့ ဖြေတယ်။ အေး- အဲဒါ ဗြဟ္မာ့ပြည်ပဲကွ၊ အဲဒီအာရုံသာ စိတ်မလွတ်စေနဲ့လို့ ပြောကြတယ်။ သေတော့ ငရဲကျသွားတယ်။

သေခါနီးမှာ အဲဒီလို အာရုံတစ်ခုအပေါ်မှာ စိတ်ရောက်နေတတ်တယ်။ အဲဒီ စိတ်အစွဲလေးနဲ့ ဒီဘက်ဘဝ အဆုံးသတ်သွားရင် လာမယ့်ဘဝမှာလည်း အဲဒီ အာရုံလေးနဲ့ပဲ ဖြစ်သွားတယ်။ အဲဒီလို ဖြစ်သွားတဲ့ အခါမှာ ဒီဘဝ ရုပ်ခန္ဓာကိုယ်ကြီးထဲက ဘာမှ ပါသွားတာမဟုတ်ဘူး၊ နာမ်ကလည်း ပါသွားတာတစ်ခုမှ မရှိဘူး၊ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် ရုပ်ဆိုတာ အပိုင်း အပိုင်း အပြတ်ပြတ်နဲ့ သွားနေတာလေ။ နာမ်တရား ဆိုတာကလည်း ဒီစိတ်ချုပ်မှ နောက်စိတ်ပေါ်တာ။ နောက်စိတ်ချုပ်မှ ဟို နောက်စိတ် ပေါ်တာ။

ကဲ . . . စဉ်းစားကြည့်ပေါ့ဗျာ၊ ခြေလှမ်းလှမ်းတဲ့ အခါဒုတိယခြေလှမ်းရောက်ရင် ပထမခြေလှမ်းရှိသေးရဲ့လား၊ မရှိဘူး။ တတိယခြေလှမ်း လှမ်းတဲ့အခါ ဒုတိယခြေလှမ်း ရှိသေးလား၊ မရှိဘူး။ အဲဒီလိုပဲ နာမ်တရားတွေဟာလည်း ရှေ့က ပျက်သွားပြီးမှ နောက်က ပေါ်တာ။ ရှေ့စိတ် အကုန်လုံး ပျောက်သွားပြီးမှ နောက်စိတ်က ပေါ်လို့ရတယ်။ အနန္တရ ပစ္စယော၊ သမနန္တရပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော လို့ ပြောတာ။ မရှိတော့ဘူး၊ ရှေ့ကဟာတွေ ပျောက်မှ နောက်ကဟာတွေ ပေါ်လို့ရတယ်။

အခုဘုန်းကြီးဟောတဲ့ အသံကိုပဲကြည့်၊ ပြန်တွေးလို့ ရလို့သာ လူတွေ သိတာ။ အသံဟာ တစ်လုံးစီ ထွက်တယ်။ နောက်အသံ ပေါ်လာတာနဲ့ ရှေ့ကအသံတွေ ပျောက်နေတာ။ ရပ်မနေဘူး။ တစ်လုံးချင်း ထွက်တာ။ ပြီးတော့မှ ပြန်စီပြီး တွေးနေတာ။ ထွက်တာက တစ်သံချင်းထွက်တာ၊ ပြော ကြည့်လေ၊ တွေးနေတာလို့။ ဒီ အသံလေးကို ကြားလိုက်ရင် နေဆိုတာ ကြားလိုက်ရင် တွေးဆိုတာ မရှိတော့ဘူး။ တာ ဆိုတဲ့အသံ ထွက်လာတဲ့အခါ နေဆိုတာမရှိတော့ဘူး။ ရှေ့ကဟာ ပျောက်မှ နောက်ကဟာ ပေါ်တာ။ နောက်ကဟာ ပေါ်လာရင် ရှေ့ကဟာတွေ ပျောက်သွားပြီ။

အဲဒီအတိုင်းပဲ၊ အားလုံးဟာ ပေါ်လာပြီး ပျောက်ပျောက် သွားနေတာ။ အဲဒီတော့ ဘဝကူးတဲ့ အခါမှာ ဒီဘဝက ဘာမှ ပါမသွားဘူး။ သို့သော် ကံရဲ့အဟုန်ကြောင့် ကံကနေ အာရုံတစ်ခု

ကို ဖန်တီးထားလိုက်တဲ့အခါ သူသွားရမယ့် ဘဝတစ်ခုရဲ့ အာရုံတစ်ခုဟာ သူ့စိတ်ထဲမှာ ရောက်နေတယ်။ ငရဲမီး မြင်ရင်လည်း မြင်နေမယ်။ သို့မဟုတ် သူဟာ နွားတွေကြားထဲ ရောက်ချင်ရောက်နေမယ်။ သို့မဟုတ် တောအုပ်ကြီးထဲ ရောက်ချင်လည်း ရောက်နေမယ်။ သူ့စိတ်ထဲမှာနော်။ အဲဒီလို တစ်ခုခု အာရုံရှိနေအောင် ကံက လမ်းခင်းပေးထားတယ်။

အဲဒီ ကံလမ်းခင်းထားတဲ့အတိုင်း ဘယ်သူက လျှောက်သွား သလဲဆိုရင် ပဋိသန္ဓေစိတ်ကလေးက လျှောက်သွားတာ၊ ဘွားခနဲ ပေါ်သွားတယ်။ အကြောင်းတိုက်ဆိုင်လိုက်လို့ ပေါ်သွားတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက **'ကမ္မံ ခေတ္တံ ၊ ဝိညာဏံ ဗီဇံ'**- ကံက အဲဒီအချိန်မှာ မြေကြီးပဲ။ ဒါပြင် ဘာမှ မြေကြီးမရှိဘူး။ ကံပဲရှိတယ်။ ဘဝတစ်ခု စတဲ့အခါမှာ မြေကြီးပေါ်မှာ ဝိညာဏ် မျိုးစေ့လေး ကျတယ်လို့ ပြောတာ။ ကံဆိုတာ လယ်မြေပဲ၊ အပင် ပေါက်တဲ့မြေကို ခေတ္တလို့ဆိုတာ၊ အပင် ပေါက်နိုင်တဲ့ ကံမြေလွှာ မှာ ဝိညာဏ်ဆိုတဲ့ မျိုးစေ့ကလေး ကျရောက်ပေါက်ဖွားတာ။ တဏှာ ဆိုတဲ့ အတွယ်အတာ ကလေးက ပေါက်လို့ ရအောင် အစိုဓာတ် ထည့်ပေးတာ။

သစ်စေ့ရဲ့သဘာဝအတိုင်း အစေ့လေးတစ်ခုက ပေါက်ဖို့ ရာအတွက် ရှိရမယ်။ မြေနဲ့ရေ ပေါင်းလိုက်ရင် သူပေါက်မယ်။ အဲဒီလိုပဲ ဝိညာဉ်မျိုးစေ့လေးဟာ ကံဆိုတဲ့ မြေလွှာပေါ်မှာ တဏှာဆိုတဲ့ရေ ဖြန်းပေးလိုက်တာနဲ့ သူက အပင်လေး ပေါက်သွားတယ်။ ဩော် ဘဝတစ်ခုစပြီး ဝိညာဉ် မျိုးစေ့ အဲဒီ

ဝိညာဉ်မျိုးစေ့လေး ကျလိုက်တာနဲ့ ဝိညာဉ်မျိုးစေ့လေးနဲ့ ဆက်သွယ်ပြီးတော့ နာမရူပဆိုတဲ့ နာမ်တွေ၊ ရုပ်တွေ ရလာတယ်။ ကြီးထွားလာတယ်။ တဖြည်းဖြည်း ကလလ ရေကြည်ကနေ စပြီးကြီးထွားလာတယ်။

ကြီးထွားလာတော့ ဘာတွေဆက်ဖြစ်သလဲဆိုရင် ပဋိစ္စသမုပ္ပါဒ်နဲ့ အကြမ်းဖျင်းပြောရအောင် ပဋိသန္ဓေစိတ်ကလေး စတည်လိုက်တာနဲ့ အဲဒီနာမ်ရုပ်အစ ဖြစ်ရာဌာနကို ကလလ ရေကြည်လို့ ခေါ်တယ်။ အဲဒီ ကလလရေကြည်လေးဟာ တစ်ပတ်ကြာလာတဲ့အခါ အမြှုပ်လေး(အဗ္ဗုဒ) ဖြစ်လာတယ်။ နောက်တစ်ပတ်ကြာတော့ သားတစ်ကလေး (ပေသိ) ဖြစ်လာတယ်။ နောက်တပတ်ကျော်တဲ့အခါ မာမာအတုန်းကလေး (ဃန) ဖြစ်လာတယ်။ နောက် (၅)ပတ်မြောက်တဲ့အခါကျတော့ ခက်မ (ပသာခ) ပေါ်လာတယ်။ ဖုလေး (၅)ခု ပေါ်လာတယ်။ အဖုလေး တစ်ခုက ခေါင်းပေါ့။ အပေါ်အဖုလေး (၂)ခုက လက်၊ အောက်အဖုလေး (၂)ခုက ခြေထောက်ဖြစ်ဖို့ အဖု (၅)ခုပေါ်လာတယ်။ ခက်မငါးဖြာ ခေါ်တယ်၊ အဲဒါ (၅)ပတ်မြောက်ရက်ပေါင်း (၃၅) မှာပေါ်လာတယ်။

အဲဒီက ရင့်ကျက်လာလို့ ရက်သတ္တ (၈)ပတ် မြောက်၊ (၅၆)ရက်အတွင်းရှိ သန္ဓေသားကို embryo လို့ခေါ်တယ်။ နောက်ပိုင်းကျတော့ သန္ဓေသားကို fetus (foetus) လို့ခေါ်တယ်၊ အဲဒီကနေပြီး ကျမ်းဂန်ထဲမှာ (၇၇)ရက်၊ သို့မဟုတ် (၁၁)ပတ်မြောက်မှာ မျက်လုံးတို့ နားတို့ တဖြည်းဖြည်း

ပေါ်လာတယ်။ (၄၂)ပတ် (၂၉၄-ရက်)ကျတော့ ဆံပင်လေးတွေ ပေါက်လာတယ်။ ဒီဘဝကဟာထဲက နောက်ဘဝအတွက် ဘာမှ ပါမသွားဘူး။ ကံမြေလွှာပေါ်မှာ ဝိညာဉ်မျိုးစေ့လေးကျရာက အသစ်တဖန် ပြန်စရတာပါ။

ဥပမာ-သစ်စေ့တစ်ခုကို စိုက်လိုက်တဲ့အခါကျတော့ ပထမ အမြစ်ကလေးဆင်းလာတယ်။ အမြစ်ဆင်းတော့ အပေါ်မှာ အညှောက်လေးတက်လာတယ်။ အဲဒီကနေပြီးတော့ ပင်စည် ဖြစ်လာတယ်။ အကိုင်း အခက် ဖြစ်လာတယ်။ အရွက်ကလေး တွေ ပါလာတယ်။ အချိန်တန်တော့ အပွင့်ကလေးတွေနဲ့၊ နောက်တော့ အသီး၊ သီးလေးတွေ ဖြစ်လာတယ်။ လူလည်း ဒီအတိုင်းပါပဲ။

ဘာတွေက အကူအညီပေးလို့ ကြီးထွားလာတာလဲဆိုတော့ အာဟာရက အထောက်အကူပြုတယ်။ ဥတုကလည်း အထောက်အကူပြုတယ်။ အသိစိတ်တွေကလည်း အထောက် အကူပြုတယ်။ ကံကလည်း အထောက်အကူပြုတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဒီ အကြောင်းလေးပါးကြောင့် လူရဲ့ရုပ် ခန္ဓာကိုယ်ဟာ ကြီးထွားလာတယ်။

ဒါကြောင့်မို့ ရုပ်ခန္ဓာကိုယ်ဟာ ပြင်လို့ရတယ်၊ ကြည့်၊ မြန်မာပြည်မှာ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တွေဝင်လာတယ်။ အသက်အရွယ်ကြီးတဲ့သူတွေ မှီပါလိမ့်မယ်။ အဲဒီတုန်းက ဂျပန်တွေဟာ ငပုတွေပဲ၊ လက်တံတွေကလည်း တိုတိုလေးတွေ၊ လူပုလေးတွေ၊ ဒုတိယကမ္ဘာစစ်ပြီးလို့ တိုင်းပြည်ပြန်လည်

တည်ဆောက်တဲ့အခါကျတော့ အာဟာရကိုလည်း ပြင်လိုက်ရော ဂျပန်တွေ ထွားလာတယ်။ လူထွားကြီးတွေ ဖြစ်လာကြတယ်။

ဘာဖြစ်လို့တုန်းဆိုတော့ ဒီခန္ဓာကိုယ်က ကံတစ်ခုတည်း မဟုတ်ဘူး၊ ဥတုနဲ့အာဟာရပေါ်မှာ မှီပြီးတော့ ကြီးထွားလာတာ။ ဒါကြောင့်မို့ နားလည်တဲ့ နိုင်ငံတွေကျတော့ အစာအာဟာရတွေ ပြောင်းပေးလိုက်တယ်။ ကိုယ်ကာယကြီးထွားစေတဲ့ အစာ အာဟာရတွေ စားပေးတဲ့အတွက်ကြောင့် ကြီးထွားလာတယ်။ လူတွေစားတဲ့ အာဟာရ၊ လူတွေနေထိုင်ကြရတဲ့ ရာသီဥတု ပေါ်မှာ မှီပြီး အသက်ရှင် တည်နေရတာ။ အဲဒီတော့ ဘဝတစ်ခု ဟာ ကံကချည်းပဲ အဆုံးအဖြတ်ပေးတာ မဟုတ်ဘူး၊ ဥတုနဲ့ အာဟာရကလည်း အဆုံးအဖြတ် ပေးတယ်။

ဒီထက်သေချာတာလေး တစ်ခုပြောပြမယ်။ ကဿပ မြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရား၊ ဘုရားဖြစ်ဖို့ ပါရမီ ဖြည့်ရတဲ့ ကံချင်းက အတူတူပဲလို့ ပြောရမယ်။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းစီ ပါရမီဖြည့်ကြရတယ်။ ကံက အတူတူပါပဲ။ ကဿပမြတ်စွာဘုရားက (၂)သောင်းတမ်းမှာ အနှစ် (၂)သောင်း အသက်ရှည်ပြီး ဂေါတမမြတ်စွာဘုရားက တစ်ရာတန်းမှာ အသက် (၈၀)ပဲ နေရတယ်။ ကံလို့ ပြောမလား၊ ပြောလို့ မရဘူး။ ကံကြောင့်မဟုတ်ဘူး၊ ကံက အဆုံးအဖြတ်ပေးတာ မဟုတ်ဘူး။

ကဲ . . . ကံမဟုတ်ရင် ဘာကအဆုံးဖြတ်ပေးတာတုန်း။ အသက် အတိုအရှည်ကို ဥတုနဲ့အာဟာရက အဆုံးအဖြတ် ပေးတာ။ သက်တမ်းတစ်ခုရဲ့ ဥတုအာဟာရအရည်အသွေး

အခြားသက်တမ်းတစ်ခုရဲ့ ဥတုအာဟာရ အရည်အသွေးနဲ့ မတူဘူး။ ဥတုရာသီ တောကိုမှီ၍ လို့ပြောနေကြတယ်။ ကဿပ မြတ်စွာဘုရားလက်ထက်မှာရှိတဲ့ ဥတုအာဟာရ အရည်အသွေး က ပိုကောင်းတယ်။ ဥတုနဲ့ အာဟာရဆိုတာ အပြန်အလှန် အကျိုးပြုနေကြတာ။ ဥတုကိုမှီပြီးတော့ စားစရာသီးနှံတွေ ရတယ်။ ဥတုကောင်းရင် စားသီးနှံတွေက အဆီဩဇာပြည့်တော့ လူရဲ့အသက်ကို ပိုပြီးတော့ energy ဖြစ်စေရစေတယ်။ ဥတု မကောင်းရင် သီးတဲ့ အသီးအနှံတွေဟာလည်း အာဟာရဓာတ် မပြည့်ဝဘူး။ အာဟာရဓာတ်မပြည့်ဝတဲ့ အစာအာဟာရ စားနေကြရတဲ့ လူတွေဟာ အသက်တိုကြတယ်။ ကံရှိတိုင်းလည်း အသက်ရှည်လို့ မရဘူးပြောတာ။

ဒီခေတ်မှာရှိတဲ့ ဥတုနဲ့ ဒီဥတုကိုမှီပြီး ပေါက်ရတဲ့ သီးနှံတွေ အစာအဟာရတွေဟာ လူရဲ့ခန္ဓာကိုယ်ကြီးကို အနှစ်တစ်ရာထက် ပိုပြီး မထိန်းနိုင်ဘူး။ ကဿပမြတ်စွာဘုရားရှင်လက်ထက် ဥတုနဲ့ အာဟာရက လူ့ ခန္ဓာကိုယ်ကို နှစ်ပေါင်း နှစ်သောင်းကြာအောင် ထိန်းနိုင်တယ်။ ဒါကြောင့်မို့ ဥတုနာ ဘောဇနေန အာယု ဟာယတိပိ ဝဍ္ဎတိပိ= ဥတုနဲ့ အာဟာရကြောင့် လူတွေရဲ့ သက်တမ်းဟာ ယုတ်သွားတဲ့အခါ ယုတ်လျော့သွားတယ်။ တိုးတဲ့အခါတိုးလာတယ်။ ကံကြောင့်လို့ မပြောဘူးနော်။

ရုပ်တရားဟာ ခုလို ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း (၄)ပါးကြောင့် ဖြစ်လာရတယ်။ ဒီလိုဆို နာမ်တရားကရော ဘာကြောင့် ဖြစ်တာတုန်းလို့မေးရင် ကံမြေလွှာမှာ ပေါက်လာရတဲ့

သန္ဓေစိတ်ကလေးက စခဲ့တဲ့ဘဝမှာ ရုပ်အခြေခံလေးတွေ ပါတယ်။ အဲဒီ ရုပ်ကလေးတွေနဲ့ ကလလရေကြည်ကို ဖွဲ့စည်းထားတယ်။ အဲဒီထဲမှာ ပဋိသန္ဓေစိတ်တည်လာတယ်။ တည်လာတော့ ရုပ်တွေ နာမ်တွေ ဖြစ်လာတယ်ပေါ့။ ခုနက သစ်ပင်တွေမှာ အမြစ်ထွက်သလို အကိုင်းထွက်သလို ထွက်လာတယ်။

ထွက်လာတဲ့အခါ ဘာတွေပါလာတုန်းဆိုရင် organ တွေ ပါလာတယ်။ အဲဒါကို သဠာယတန လို့ ခေါ်တယ်။ အာယတန (၆)ပါးပေါ့။ လူရဲ့ခန္ဓာကိုယ်မှာ organ တွေ ပါလာတယ်။ organ တွေပါလာတော့ ပြင်ပနဲ့ ဆက်သွယ်မှုတွေ လုပ်လာတယ်။ သဠာယတန ပစ္စယာ ဖဿော-တဲ့။ ပြင်ပ အာရုံတွေနဲ့ အဆက်အသွယ်တွေ ရသွားတယ်။ မျက်စိပါလို့ မြင်တယ်။ နားပါလို့ ကြားတယ်။ အဆက်အသွယ်တွေ ရတော့ ဘာဖြစ်တုန်း၊ အတွေ့အကြုံတွေ ရလာတယ်ပေါ့။

အတွေ့အကြုံတွေ ရလာတဲ့အခါကျတော့ မကောင်းတာကျတော့ မကြိုက်ဘူး။ ကောင်းတာကျတော့ ကြိုက်တယ်ဆိုတဲ့ ခံစားမှု ဝေဒနာတွေ ဖြစ်လာတယ်။ ခံစားမှုဝေဒနာ ဖြစ်လာတဲ့ အခါကျတော့ ကြိုက်တယ် မကြိုက်ဘူး ကွဲလာတယ်။ ကြိုက်တယ် မကြိုက်ဘူး ကွဲလာတဲ့အခါ ကြိုက်တာကို လိုချင်လာတယ်၊ **'ဝေဒနာပစ္စယာ တဏှာ'** ဖြစ်လာတယ်။

တဏှာဖြစ်လို လိုချင်လာတဲ့အခါ လူတွေရဲ့ စိတ်ထဲမှာ စွဲနေတယ်။ ဒါလေးကို နောက်ထပ် ရချင်တယ်။ စိတ်ထဲမှာ စွဲလမ်းမှုတွေ ဖြစ်လာတယ်။ **'တဏှာ ပစ္စယာ ဥပါဒါနံ'** ပေါ့၊

စွဲလမ်းတော့ ဘာဖြစ်တုန်းဆိုရင် ဘဝဆိုတာကို တည်ဆောက်လိုက်တယ်။ ဘဝတစ်ခု ဖြစ်လာတယ်။'ဥပါဒါနပစ္စယာ ဘဝေါ'တဲ့။ ဘဝဖြစ်လာတော့ ဘာဖြစ်တုန်း၊ ဇာတိတဲ့။ မွေးဖွားမှုဆိုတာ ရလာပြန်တယ်။ ဒါ့ကြောင့် 'ဘဝပစ္စယာ ဇာတိ'လို့ ဟောတာပါ။ ဇာတိ ဖြစ်လာတော့ 'ဇာတိပစ္စယာ ဇရာ'တဲ့၊ အိုရပြန်တယ်။ အိုတော့ ဘာဖြစ်တုန်းဆို သေရခြင်းမှာ ဘဝတစ်ခု အဆုံးသတ်ရတာပေါ့။ ပဋိစ္စသမုပ္ပါဒ်က ဒါကိုပြောတာ။ မြတ်စွာဘုရားက အကျိုးနဲ့အကြောင်းနဲ့ ဆက်ပြီး လူ့ဘဝကို သရုပ်ဖော်ထားတာ။

အဲဒီတော့ လူ့ဘဝကို ဘာက စတုန်း ဆိုရင် ပဋိစ္စသမုပ္ပါဒ် အရ အဝိဇ္ဇာက စတာ၊ အေး . . . မွေးလာတာက စပြီး လူတစ်ယောက်ဟာ လုပ်သင့် မလုပ်သင့် မသိဘူး၊ မသိတဲ့အခါ ရမ်းလုပ်တယ်။ ရမ်းလုပ်တော့ ပြဿနာတက်တယ်။ ဟော . . . ဒီနေရာမှာ မသိတာက အဝိဇ္ဇာ၊ ရမ်းလုပ်တာက သင်္ခါရ၊ ပြဿနာတက်တာက ဝိညာဉ်ပေါ့။ ပြဿနာတက်လာတဲ့အခါ ထိုပြဿနာကို အကြောင်းပြုပြီး နောက်ထပ်ပြဿနာတွေ အများကြီး ဆက်ဆက်ဖြစ်လာတယ်။ အဲဒီ ပြဿနာတွေက ဖြေရှင်းဖို့ ခက်တယ်၊ လွယ်လွယ်နဲ့ ဖြေရှင်းလို့ မရဘူး။ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်လို ရှုပ်ထွေးနေပြီး အစမထင်အောင် သံသရာလည်ရတော့တာပေါ့။

သံသရာလည်တဲ့ နေရာမှာ တစ်ခါတစ်ရံ အဝိဇ္ဇာက ဦးဆောင်တယ်။ တစ်ခါတစ်ရံကျတော့ တဏှာက ဦးဆောင်

တယ်။ ဒီနှစ်ခုဟာ ဦးဆောင်မှု ပေးတာခြင်း မတူဘူး။ ရှင်းရှင်းလေး သဘောပေါက်အောင် ပြောပြမယ်။ အဝိဇ္ဇာက ဦးဆောင်တယ်ဆိုတာ ဘယ်လိုတုန်း၊ လူငယ်တစ်ယောက် ဆိုပါစို့ သူငယ်ချင်းတွေက မင်း ဒီဘိန်းဖြူလေးကို စမ်းကြည့်ပါလား။ အင်မတန်ဇိမ်ရှိတာလို့ ပြောကြတယ်။ ပြောတဲ့အခါကျတော့ ဘိန်းဖြူရဲ့အပြစ် ဆိုးကျိုးကိုမသိမမြင်လို့ ကောင်းကျိုးရမယ် ထင်ပြီး စမ်းကြည့်လိုက်တယ်။ အဲဒီမှာ ဆိုးကျိုးမမြင်တာက အဝိဇ္ဇာ။ အဲဒီဆိုးကျိုးမမြင်တဲ့ အဝိဇ္ဇာက ဒီအလုပ်ကို ဦးဆောင်နေတာ။ မသိသည့်အတွက်ကြောင့် သုံးကြည့်လိုက်တယ်။ သုံးကြည့်လိုက်တော့ ဘာဖြစ်သွားသလဲ၊ စွဲသွားတယ်။ စွဲသွားတဲ့ အခါကျတော့ ဘိန်းဖြူမကောင်းမှန်း သူသိသွားပြီ။ ဟာ ဒုက္ခပဲ၊ မကောင်းမှန်းသိတော့ ဖြတ်ချင်တယ်။ ဖြတ်ချင်ပေမယ့် ဖြတ်လို့ ရသေးလား။ (မရပါဘူးဘုရား။) အဲဒီကျတော့ သိလျက်နဲ့ လုပ်နေရပြီ၊ လုပ်ရတဲ့အခါ တွယ်တာမှုတဏှာက ဦးဆောင် နေပြန်တယ်။ ဒါကြောင့် အဝိဇ္ဇာနဲ့ တဏှာကို ဝဋ်မြစ် (၂)ခုလို့ ပြောတာနော်။

တစ်ခါတစ်ရံ ဘဝကို အဝိဇ္ဇာက ဦးဆောင်သွားတယ်။ တစ်ခါတစ်ရံ တဏှာက ဦးဆောင်သွားတယ်။ တဏှာက ဦးဆောင်နေတဲ့အခိုက် လူတွေဟာ သိလျက်သားနဲ့ မိုက်နေကြတယ်။ တဏှာကို မတွန်းလှန်နိုင်လို့ မိုက်တာလေ။ အရက်သမားတွေ မေးကြည့်၊ အရက်မကောင်းမှန်းတချို့သိတယ်၊ ဒါပေမဲ့ မဖြတ်နိုင်ဘူး။ အဲဒီကျတော့ တဏှာက ဦးဆောင်နေပြီလေ၊ အရက်ရဲ့ဆိုးကျိုးတွေကို သိတယ်။ မသိဘူး မဟုတ်ဘူး။ သို့သော်

မဖြတ်နိုင်တော့ဘူး၊ တဏှာက ဦးဆောင်သွားပြီ။ ပထမတုန်းကတော့ ကောင်းမယ်ထင်လို့ လုပ်ကြည့်လိုက်တာ။ အဲဒီတုန်းက အဝိဇ္ဇာက ဦးဆောင်တာ။

နာမ်နဲ့ ရုပ်ကို ခွဲခြမ်းသိမြင်တဲ့ '**နာမရူပပရိစ္ဆေဒဉာဏ်**'၊ နာမ်ရုပ် (၂)ပါးရဲ့ မှန်ကန်တဲ့အကြောင်းတရားကို သိမြင်တဲ့ '**ပစ္စယပရိဂ္ဂဟဉာဏ်**'၊ ဒီ ဉာဏ် (၂)ပါးကို ရခဲ့ရင် နိဗ္ဗာန်တံခါးအနီး ရောက်ပြီလို့ပဲ ပြောပါစို့။ ဝင်ဖို့တော့ ကိုယ့်ဘာသာကိုယ် ကြိုးစားကြပေါ့။ ဒီဉာဏ် နှစ်ခုဟာ အင်မတန်မှ အရေးကြီးလို့ ဝိသုဒ္ဓိမဂ်မှာ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်က ဘာပြောတုန်း ဆိုတော့ နာမရူပပရိစ္ဆေဒဉာဏ်လို့ဆိုတဲ့ ရုပ်နာမ်ကွဲတဲ့ ဉာဏ်ရယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်လို့ဆိုတဲ့ အကြောင်းတရားကို ပိုင်းခြားသိတဲ့ ဉာဏ်ရယ် နှစ်ခုနဲ့ ပြည့်စုံတဲ့သူဟာ မြတ်စွာဘုရားသာသနာမှာ ထောက်တည်ရာတွေ ရပြီတဲ့။ သောတာပန် အငယ်စား ဖြစ်ပြီတဲ့။ ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်ပြီလို့ ပြောတာနော်။

အေး . . . ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင် ပရိသတ်တို့၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ ဒီသမ္မာဒိဋ္ဌိကိုလည်း မိမိတို့သန္တာန်မှာ ပြည့်စုံစေရမှာ ဖြစ်တယ်။ နောက်တစ်ဖက်က အရေးကြီးတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိရဲ့ အခြေခံဖြစ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဒီဉာဏ်နှစ်ဉာဏ်ကို ရင့်သန်အောင်လည်း၊ လုပ်ကြရမှာဖြစ်ပါတယ်။ ရင့်သန်မှ သာလျှင် ဒီသာသနာတော်ကြီးနှင့် ကြုံတွေ့ရတဲ့အကျိုး သာသနာတော်ကြီးရဲ့ အဓိပ္ပာယ်ဟာ ပြည့်ပြည့်စုံစုံ ဖြစ်မှာပါ။

လူဖြစ်ရတဲ့ လူရဲ့ဘဝအဓိပ္ပာယ်ဟာ ပြည့်စုံမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ နှလုံးထားပြီး ဒီဉာဏ်နှစ်ပါးနဲ့ ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု --- သာဓု --- သာဓု။

# နိဗ္ဗာန်တံခါးဖွင့်နိုင်မှ အပါယ်တံခါးပိတ်မည်

**မှတ်တမ်း။** ။ သာသနာတော်နှစ် ၂၅၅၂ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မင်္ဂလာဈေး ဓမ္မာရုံအတွင်း၌ ဟောကြားတော်မူသော "နိဗ္ဗာန်တံခါးဖွင့်နိုင်မှ အပါယ် တံခါးပိတ်မည်" တရားဒေသနာတော်။

"နိဗ္ဗာန်တံခါးဖွင့်နိုင်မှ အပါယ်တံခါးပိတ်မည်" လို့ မှတ်ရမယ်။ အပါယ်တံခါးပိတ်ဆိုတဲ့ စကားကို ဘယ်ကနေပြီးတော့ ဆက်နွှယ် ရရှိလာသလဲဆိုရင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ သောတာပတ္တိမဂ်ရဲ့ ဂုဏ်အရည်အသွေးတွေကို ဖော်ပြတဲ့အခါ "သောတာပတ္တိမဂ်ဟာ ကိလေသာ အစိုင်အခဲတွေကို ဖောက်ခွဲနိုင်ရုံမျှမက ဘဝသံသရာတည်းဟူသော သမုဒ္ဒရာကြီးကိုလည်း ခြောက်သွေ့စေနိုင်တယ်။ အပါယ်တံခါးကိုလည်း ပိတ်ပစ်တယ်" ဆိုတဲ့စကား ပါရှိတယ်။ အဲဒီက နေပြီးတော့ "အပါယ်တံခါးပိတ်" ဆိုတဲ့ စကားကိုရတာ။

အေး ဘယ်လိုအဆင့်မျိုးရောက်မှ အပါယ်တံခါး ပိတ်တယ်ဆိုတာ သိဖို့မလိုဘူးလား။ အပါယ်တံခါး တကယ် မပိတ်ဘဲနဲ့ ပိတ်တယ်ထင်နေလို့ ရှိရင်လည်းပဲ မှားယွင်းနိုင်တယ် နော်။ ဒါကြောင့် ဘယ်အဆင့်မျိုးရောက်မှ အပါယ်တံခါး ပိတ်သလဲလို့ဆိုရင် "**နိဗ္ဗာန်တံခါးဖွင့်နိုင်မှ အပါယ်တံခါးပိတ်မည်**"

လို့ မှတ်ရမယ်။ သာမန်နဲ့တော့ အပါယ်တံခါး ပိတ်တယ်လို့ ပြောလို့မရဘူး။ ကဲ ကောင်းပြီ အပါယ်ဆိုတာ ဘာလဲ။ အပါယ် တံခါးဆိုတာ ဘာလဲ။ အပါယ်တံခါးကို ဘာနဲ့ပိတ်မှာလဲ။

အပါယ်ဆိုတဲ့ စကားလုံးက "အပါယ"လို့ဆိုတဲ့ ပါဠိ စကားကို အသုံးပြုပြီးတော့ မြန်မာလို "အပါယ်"လို့ဆိုတာ။ "အပါယ" ကို "အပါယ်"လို့ မြန်မာမှု ပြုထားတာ။ အဲဒီတော့ အဓိပ္ပါယ်က မပေါ်သေးဘူး။ "အပါယ" အပါယ်ဆိုတာ ဘာကို ပြောမှန်း မသိသေးဘူး။ သိကြရဲ့လား။

ပုဂံရောက်ဖူးတဲ့သူတွေ မြင်ဖူးပါလိမ့်မယ်။ ပုဂံမှာ "အပါယ် ရတနာဘုရား"ဆိုတာ ရှိတယ်။ ဘာဖြစ်လို့ "အပါယ်ရတနာ" ခေါ်တာတုန်းလို့ မစဉ်းစားကြဘူး။ သတ်ပုံ မှန်အောင်မရေးဘူး။ ဘာကြောင့် "အပါယ်ရတနာ"လို့ ခေါ်တယ်ဆိုတာကို မသိကြ ဘူး။ ပုဂံဘုရားမှာရှိတဲ့ "အပါယ်ရတနာ" ဆိုတာ "အဘယ ရတန" လို့ ဆိုလိုတာ။

အိန္ဒိယနိုင်ငံတို့၊ သီရိလင်္ကာနိုင်ငံတို့ ရောက်ဖူး၊ နေဖူးတဲ့ ပုဂ္ဂိုလ်တွေ သိကြတယ်။ "အဘယ" ဆိုတဲ့ နာမည်ကို သီဟိုဠ် တွေက"အဘေး"လို့ဖတ်တယ်။ နောက်က "ရတန"နဲ့ ပေါင်းလိုက် တဲ့အခါ "အဘေး ရတန"။ အဲဒီ "အဘေး ရတန"ကနေပြီး ပုဂံမှာရှိတဲ့ ဘုရားဘွဲ့တော် "အပါယ်ရတနာ" ဖြစ်သွားတာ နော်။ ဆိုလိုတာက "အဘယ ရတန" ဘေးကင်းရန်ကွာရတနာ လို့ ဒီလိုဆိုလိုတယ်။ အဓိပ္ပါယ် အင်မတန်ကောင်းတဲ့ စကားလုံး နော်။ သို့သော် ပစောက်ယသတ်နဲ့ ရေးထားတဲ့ "အပယ်ရတနာ"

ဆိုတာမှာ ပယ်တယ်ဆိုတာ မကောင်းဘူး။ ပယ်ထားတာ၊ ဘယ်သူမှ မကိုးကွယ်ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုး ရောက်သွားတယ်။ သို့မဟုတ်ရင်လဲ **"အပါယ"** အပါယ်ဆိုလို့ရှိရင် ပိုဆိုးသွားတဲ့ အဓိပ္ပါယ် ရပြန်တယ်။ အဲဒီ အဓိပ္ပါယ်မျိုး မဟုတ်ပါဘူး။ **"အဘယ ရတန"** ကနေ **"အပယ်ရတနာ"** ဆိုပြီးတော့ လူတွေမှားပြီး ခေါ်နေကြတာ။ အဓိပ္ပါယ်ပါ ပျောက်သွားပြီ ဟုတ်ကဲ့လား။

**"မဟိယင်္ဂဏဘုရား"**တဲ့။ ဒါလည်း သီဟိုဠ်မှာ **"မဟိယင်္ဂဏ"** ဆိုတာ ရှိတယ်။ မြင့်မြတ်တဲ့ မြေအပြင်မှာ တည်ထားတဲ့ဘုရား၊ ပူဇော်ထိုက်တဲ့ မြေအပြင်မှာ တည်ထားတဲ့ ဘုရားလို့ ဒီလို အဓိပ္ပါယ်ရတယ်။ အင်မတန် ကောင်းတဲ့ အဓိပ္ပါယ်။ ယခုခေတ်တော့ "မရှိရင် ခဏ"ဘဲ၊ ရှိတာက ကြာတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ **"မရှိခဏ"** လို့ ခေါ်နေကြပြန်တယ်။ ဒီလို ပြောင်းလဲသွားတာတွေ မြန်မာပြည်မှာ အများကြီးရှိတယ်။

စစ်ကိုင်းတောင်မှာလည်းပဲ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ကြားဖူးတယ်။ **"ပြန့်ကြီးချောင်"** လို့ ခေါ်တဲ့ ချောင်တစ်ချောင် ရှိတယ်။ ဘာဖြစ်လို့ **"ပြန့်ကြီးချောင်"** လို့ ခေါ်တယ်ဆိုတာကို မသိခဲ့ဘူး။ အခုတော့ ရာဇဝင်တို့ ဘာတို့ ဖတ်ကြည့်တဲ့အခါ အမှန်သိရတယ်။ **"ပြန့်ကြီး"** ဆိုတဲ့ စကားလုံးရဲ့ မူလစကားက **"အဘယဂီရိ"** တဲ့။ **"အဘယဂီရိ"** ဆိုတာ ဘေးမဲ့တောင်လို့ အဓိပ္ပါယ်ရတယ်။ **"အဘယဂီရိ"** ကိုပေါင်းပြီး ရေးတာကနေပြီး **"အဘယဂြိး"** ကနေ **"ပြန့်ကြီး"** ဖြစ်သွားတာနော်။ မြန်မာတွေကတော့ ပြောတယ် ကာလရွေ့လျောလို့ စကားလုံး

တွေလည်း ရွှေ့လျော့သွားတယ်။ အမိပ္ပါယ်လည်း ပျက်ကုန်တယ်တဲ့။ ဟုတ်ကဲ့လား။

**အပါယ်နှင့် အပါယ်တံခါး**

အေး၊ ကောင်းပြီ အပါယ်ဆိုတဲ့စကားက ဘာကို ဆိုလိုတာတုန်းလို့ဆိုရင် "အပါယ" ဆိုတာ ပါဠိစကား။ ပါဠိစကားမှာ "အပ" နဲ့ "အယ" ကို ခွဲလိုက်။ "အယ" ဆိုတာ ကုသိုလ်ကောင်းမှု။ "အပ" ဆိုတာ ကင်းကွာနေတယ်။ ဆိုလိုတာက အပါယ်ဘုံ။ အပါယ်ဘုံဆိုတာ ကုသိုလ်ပြုဖို့ အခွင့်အရေးနည်းတဲ့ဘုံလို့ ဒီလိုပြောတာ။

"ပုညသမ္ဘတာ အယာ အပဂတောတိအပါယော" လို့ ကျမ်းဂန်မှာ ဖွင့်ဆိုထားတယ်။ ကုသိုလ်ကောင်းမှုပြုဖို့ အခွင့်အရေး အင်မတန် နည်းတယ်။ ကုသိုလ်စိတ်ဖြစ်ဖို့ အလွန် နည်းတယ်တဲ့။ ဒါကြောင့်မို့လို့ အပါယ်ဘုံလို့ ခေါ်တာပါ။ အဲတော့ လူ့ဘုံရောက်နေတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ကုသိုလ်ပြုဖို့ အခွင့်အရေးနည်းနေတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်ရောက်နေတာနဲ့ မတူဘူးလား။ ကုသိုလ်ပြုဖို့ အခွင့်အရေးတွေ မနည်းသင့်ဘူး။ ကုသိုလ်ပြုဖို့ အခွင့်အရေးတွေ ရှိနေရမယ်။ မရှိဘူးလို့ ဆိုရင် "အပါယ" ဆိုတဲ့ စာရင်းထဲ ပါသွားနိုင်တယ်။ အေး ဒါကြောင့်မို့ အပါယ်တံခါးပိတ် ဆိုတဲ့ စကားနဲ့ ပတ်သက်ပြီး "အပါယ" ဆိုသည်မှာ ကုသိုလ်ပြုဖို့ အခွင့်အရေးနည်းတဲ့ ဘုံဘဝလို့ အဓိပ္ပါယ်ရတယ်လို့ မှတ်ထားပါ။

အပါယ်လေးဘုံဆိုတာ အားလုံးက သိကြတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်းမှာ အပါယ်လေးဘုံကို ပြဆိုထားသော်လည်းပဲ ထိုထိုသုတ္တန် ပါဠိတော်တွေ ကြည့်မယ်ဆိုရင် အပါယ်ကို သုံးဘုံပဲ ပြထားတာ များတယ်။ အပါယ်သုံးဘုံဆိုရင် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ ဖြစ်တယ်။ အသူရကာယ်ဆိုတာ ပြိတ္တာထဲက ခွဲထွက်ထားတဲ့ဘုံ ဒီလို မှတ်ရမယ်။

အေး ကောင်းပြီ ဒီအပါယ်ဘုံတွေ အားလုံးဟာ ကုသိုလ်ဖြစ်ဖို့ အင်မတန်မှ အခွင့်အရေးနည်းလို့ "အပါယ" လို့ ခေါ်တာတဲ့။ သူတို့ရဲ့ ဘုံဘဝတွေကို နည်းနည်းကြည့်။ ငရဲဆိုတာတော့ ကိုယ်မမြင်ရဘူးပေါ့။ မမြင်ရပေမယ့်လို့လည်း ငရဲသဘာဝကို နည်းနည်း စဉ်းစားကြည့်လိုက်မယ် ဆိုလို့ရှိရင် မြတ်စွာဘုရားက "မဟာတဏှာ သင်္ခယ" သုတ်မှာ ငရဲဘုံရဲ့ ဒုက္ခကို ဘာနဲ့နှိုင်းထားတုန်းလို့ဆိုရင် ခုနှစ်ပေလောက် တသူလောက်နက်တဲ့၊ လက်ခုပ်တစ်ဖောင် တသူလောက်နက်တဲ့ ရဲရဲငြိုးနေတဲ့ မီးပုံကြီးထဲမှာ နေရသလိုပဲလို့ ဥပမာ ပေးထားတယ်။

လက်ခုပ်တစ်ဖောင်ဆိုတာ အရပ်မနိမ့်မမြင့်တဲ့ လူ တစ်ယောက် မတ်တပ်ရပ်ပြီးတော့ လက်ကို အပေါ်မြှောက် လိုက်။ ပေနဲ့ပြောမယ်ဆိုရင် ခုနှစ်ပေ၊ ရှစ်ပေခန့် နက်တဲ့ မီးပုံကြီးထဲမှာ ဘုန်းကြီးတို့တစ်တွေ ခံစားပြီးတော့ ကြည့်စမ်းပါ။ ဘယ်လောက် ပူလိုက်မလဲလို့နော်။ အဲဒီ မီးပုံကြီးထဲကျသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဆင်းရဲဒုက္ခကို ခန့်မှန်းလို့ရပါတယ်။ အဲဒီလို

မီးပုံကြီးထဲမှာနေရတဲ့ အနေအထားမျိုးထိအောင် ဆင်းရဲဒုက္ခတွေ အလွန်ကြီးမားတဲ့ ဘုံဘဝကို "နိရယ" တဲ့။ "နိရယ" စကားလုံးကို ငရဲ လို့ ဘာသာပြန်တာ။ အဓိပ္ပါယ်က "နိအယ" တဲ့။ "အယ" ဆိုတာ ချမ်းသာသုခ "နိ" ဆိုတာ မရှိဘူး။ ချမ်းသာ တစ်စက် ကလေးမှမရှိတဲ့ ဘုံဘဝကို ငရဲ လို့ ဆိုတာပါ။

လူ့ဘဝမှာ ချမ်းသာသုခဆိုတာ ရှိတယ်။ အေးအေး ဆေးဆေးနေရတဲ့ အချိန်လေးရှိတယ်။ "ငရဲ" ဘုံဘဝမှာဆိုရင် ချမ်းသာသုခ ရနိုင်တဲ့အချိန်လေးဟာ တစ်စက်မှ မရှိနိုင်ဘူး။ အလွန်ဆင်းရဲတဲ့ ချမ်းသာသုခတွေ လုံးဝကင်းကွာနေတဲ့ ဘုံဘဝဖြစ်လို့ "နိရယ" "ငရဲ" လို့ ဒီလိုခေါ်တာပါတဲ့။ ငရဲ ရဲ့ ဒုက္ခကို မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတာ ရှိတယ်။ အားလုံးကို စဉ်းစားကြည့်လို့ရှိရင် ဘယ်လောက် ဒုက္ခကြီးတယ်ဆိုတာကို ခန့်မှန်းလို့ရပါလိမ့်မယ်။ မြတ်စွာဘုရားက ဥပမာပေးထားတယ်။ ငရဲဒုက္ခဆိုတာတဲ့ လူတစ်ယောက်ရဲ့ ဒုက္ခ တစ်ခုနဲ့ နှိုင်းယှဉ်ပြီး ကြည့်ရတယ်။ ရာဇဝတ်သား တစ်ယောက်ကို တိုင်းပြည်အုပ်ချုပ်တဲ့ မင်းက မနက်မှာ လှံနဲ့အချက်(၁၀၀)ထိုးဖို့ အပြစ်ပေးတယ်။ နေ့လည်မှာ လှံနဲ့အချက် (၁၀၀)ထိုးဖို့ အပြစ် ပေးတယ်။ ညနေမှာ လှံနဲ့အချက် (၁၀၀)ထိုးဖို့ အပြစ်ပေးတယ်။ လှံအချက် (၃၀၀)အထိုးခံရတဲ့ ရာဇဝတ်သားရဲ့ ဒုက္ခဟာ ဘယ်လောက်ကြီးမလဲ။ တစ်ချက်ထိုးတာတောင် အလွန်နာမယ် နော်။ အဲဒီလို လှံအချက်(၃၀၀) အထိုးခံရတဲ့ ရာဇဝတ်သားရဲ့

ဒုက္ခထက် ငရဲဒုက္ခက ပိုကြီးတယ်တဲ့။ မှန်းဆပြီးတော့ သိဖို့ရန် အတွက် မြတ်စွာဘုရားက ဥပမာနဲ့ ဟောပေးတာ။

နောက် **အဝီစိ** ငရဲဆိုတာ ရှိတယ်။ ဘာဖြစ်လို့ **"အဝီစိ"** လို့ ခေါ်သလဲ။ (အင်္ဂလိပ်လိုပြန်ထားတဲ့ ကျမ်းတစ်ကျမ်း ထဲမှာ အဝီစိကို မှားမှားယွင်းယွင်း ဘာသာပြန်ထားတာ ရှိတယ်။) ဝီစိဆိုတဲ့ စကားလုံးဟာ "အကြား"လို့လည်း ဟောတယ်။ နှစ်ခုရဲ့ အကြားကို ဝီစိလို့ ဟောတာရှိတယ်။ နောက်ပြီးတော့ လှိုင်းတံပိုး ကိုလည်း ဝီစိလို့ဟောတာရှိတယ်။ အင်္ဂလိပ် ဘာသာပြန်သူ တစ်ဦးက ဝီစိကို လှိုင်းတံပိုးထင်ပြီး Where there is a no wave လို့ ဘာသာပြန်ထားတာ တွေ့ရတယ်။ သူဆိုချင်တာ က အဝီစိဆိုတာ လှိုင်းမရှိတဲ့နေရာ၊ ပင်လယ်ရဲ့အောက် ကြမ်းပြင်လို့ ဒီလို ပြောချင်တာလား မသိဘူး။ တကယ်တော့ အဝီစိရဲ့ အဓိပ္ပါယ် က အဲဒီအဓိပ္ပါယ် မဟုတ်ဘူး။ 'အ' ဆိုတာ negative မရှိတာ။ ဝီစိဆိုတာ အကြားအလပ်။ အကြားအလပ် မရှိဘူးတဲ့။ ဘာ အကြားအလပ် မရှိတာတုန်း ဆိုရင် အဲဒီ ငရဲကျနေတဲ့သူ ငရဲသားတွေ များလွန်းလို့ အကြားအလပ်မရှိဘူး၊ ပြည့်ညှပ် နေတယ်လို့ ပြောတာ။ ဘယ်လောက်ထိအောင် ပြည့်တုန်းဆိုရင် အပ်ဗူးထဲမှာ အပ်ကလေးတွေ ထည့်ထားသလို ငရဲမှာ ငရဲသား ဦးရေက အလွန် များတယ်တဲ့။ ဟုတ်ကဲ့လား။

လူ့ပြည်မှာ လူတွေကအခု သန်းပေါင်း(၅၀၀၀)ကျော် ရှိနေတာ လူဦးရေတွေ တိုးတယ်လို့ ဒီလိုထင်နေကြတာ။ ငရဲ သတ္တဝါဦးရေက ဒီထက်များတယ်လို့ မှတ်ရမယ်။ အဲဒီတော့

လူဦးရေကို နှိုင်းစာကြည့်မယ်ဆိုရင် အိမ်တစ်အိမ်မှာပဲ နေတာကြည့်လေ။ လူက ငါးယောက်လောက် ရှိမယ်ဆိုရင် အိမ်ပေါ်မှာရှိတဲ့ အိမ်မြှောင်တို့၊ ပိုးဟတ်တို့နဲ့ ပေါင်းလိုက်မယ်ဆိုရင် ဘယ်သူတွေက များမယ်ထင်တုန်း။ ပုရွက်ဆိတ်တော့ မပြောနဲ့တော့။ အဲတော့ တိရစ္ဆာန်ဦးရေက အဆမတန်များတယ်။ "မနုဿတ္တ ဘာဝေါ ဒုလ္လဘော" လူအဖြစ်က ရခဲတယ်ဆိုတာ တကယ်ဟုတ်တယ်လေ။ အဝီစိမှာ ရနေတဲ့ သတ္တဝါတွေဟာ တစ်ဦးနဲ့တစ်ဦး အကြားအလပ်မရှိအောင်၊ နေရာကွက်လပ် မရှိအောင်နေကြရတယ်။ ဒါကြောင့် အဝီစိလို့ ခေါ်တာတဲ့။ ဒါ အဓိပ္ပါယ်တစ်ခု။

နောက်တစ်ခုက အဲဒီ အဝီစိငရဲမှာ မီးလျှံကြီးက ဟုန်းဟုန်း တောက်နေတယ်။ မီးမတောက်တဲ့ ကြားကာလလေး ဆိုတာ မရှိဘူးတဲ့။ အမြဲတန်း တောက်နေတာဖြစ်လို့ အဝီစိ လို့ အဓိပ္ပါယ် ရတယ်။

နောက်တစ်ခုက ဘာလဲဆိုရင် ဆင်းရဲဒုက္ခတွေရဲ့ အကြား။ တစ်ခါတစ်ရံ ဆင်းရဲမှုမရှိဘဲနဲ့ ချမ်းသာသုခရတဲ့ ကြားကာလလေး ဆိုတာ လုံးဝမရှိဘူးတဲ့။ တရစပ် ဆင်းရဲဒုက္ခတွေပဲ ရှိနေသည့် အတွက်ကြောင့် အဝီစိ၊ ဆင်းရဲဒုက္ခတွေနဲ့ ပြည့်ညပ်နေတဲ့ ငရဲဘုံလို့ ဒီလိုဆိုလိုတာတဲ့။ Pali Text Society ကထုတ်တဲ့ စာအုပ်တစ်အုပ်မှာ အဝီစိကို Where there is no wave လို့ ဘာသာပြန်တယ်၊ အဓိပ္ပါယ် မရှိဘူးနော်။ အေး အဝီစိဆိုတဲ့

ငရဲတစ်ခုပဲကြည့်ဦး။ ငရဲဆိုတာ ဆင်းရဲဒုက္ခ အလွန်များပြီး ချမ်းသာသုခ ကင်းတဲ့ ဘုံဘဝ။ ဒါ ငရဲလို့ ခေါ်တယ်။

တိရစ္ဆာန်ဆိုတာလဲ ပါဠိစကားပဲ။ **"တိရောအဉ္စိတာတိ တိရစ္ဆာနာ"**။ အလျားလိုက်သွားတဲ့ သတ္တဝါ။ တိရစ္ဆာန်ဆိုတာ အလျားလိုက် သွားတာက များတယ်။ မတ်တပ်ရပ်သွားတာ ရှားတယ်မို့လား။ မြင်တော့ မြင်ဖူးကြပါလိမ့်မယ်။ အန္တာတိတ် ဒေသမှာရှိတဲ့ "ပင်ဂွင်း"ဆိုတဲ့ ငှက်ကျတော့ မတ်တပ်ရပ်သွားတာ ရှိသေးတယ်။ ဟိုး ဩစတြေးလျမှာရှိတဲ့ kangaroo ဆိုတဲ့ သားပိုက်ကောင်တွေလည်း ခေါင်းအပေါ်ထောင်ပြီး ခုန်ဆွ ခုန်ဆွနဲ့ သွားတာရှိသေးတယ်။ ကျန်တဲ့ ကောင်တွေက ဒါမျိုး မဟုတ်ဘူး။ အလျားလိုက် သွားတာတွေ များတယ်။ ဒါကြောင့်မို့ အများကိုကြည့်ပြီး **"တိရောအဉ္စိတာတိ တိရစ္ဆာနာ"** အလျားလိုက် သွားကြတယ်။ မိုးကို ကျောပေးထားတယ်ဆိုတဲ့ သတ္တဝါမျိုးတွေကို တိရစ္ဆာန်လို့ခေါ်တယ်။ အဲဒီ တိရစ္ဆာန်ဘဝဟာလည်းပဲ ကုသိုလ် ဖြစ်ဖို့ အလွန်တရာမှ ခဲယဉ်းတယ်။

ခုန ငရဲဘုံကတော့ ဆင်းရဲဒုက္ခတွေ အမြဲမပြတ် ခံနေ ရသည့်အတွက်ကြောင့် ကုသိုလ်စိတ် ဖြစ်ဖို့ဆိုတာ အင်မတန်မှကို ခဲယဉ်းတယ်။ ဖြစ်နိုင်ပါ့မလား မဖြစ်နိုင်ဘူး။ ဒိပြင်ဟာမကြည့်နဲ့ တစ်ခါတစ်ရံ သွားကိုက်တဲ့ အခါလေးမှာကိုကြည့်လေ သွားကိုက် လို့ ငိုနေရတဲ့သူ စိတ်ကောင်းလေးများ ပေါ်ပါ့မလား။ ခုခေတ် ဏာငြေညှငူနမ ပေးထားတာရှိလို့ နည်းနည်းသက်သာတယ်။ ရှေးတုန်းကဆို ဒီတိုင်းပဲ ကြိတ်မှိတ်ခံရတယ်။ သွားကိုက်ပြီ

ဆိုလို့ရှိရင် ဘာဆေးဝါးမှ မရှိဘူး။ အဲဒီအချိန်မှာ ကုသိုလ်စိတ် ဖြစ်ဖို့ဆိုတာ အလွန်ခဲယဉ်းတာနော်။ ဒုက္ခရောက်နေတာကိုး။

အဲတော့ ငရဲဘုံမှာဆို ကုသိုလ်စိတ်ဖြစ်ဖို့ ခဲယဉ်းတယ်။ တိရစ္ဆာန်ဘုံမှာရော ကုသိုလ်ဖြစ်ဖို့ အလွန်ခဲယဉ်းတယ်။ တိရစ္ဆာန် တွေပဲကြည့်လေ။ စားဖို့၊ အိပ်ဖို့၊ ပျော်ပါးဖို့ ဒီစိတ်ကလွဲရင် ဘာစိတ်မှ မရှိဘူး။ မြတ်စွာဘုရားက တိရစ္ဆာန်တွေရဲ့ သဘောကို ဘယ်လို ဟောထားတုန်းဆိုတော့ "အညမညခါဒိကာ ဒုဗ္ဗလ ခါဒိကာ" တဲ့။ တိရစ္ဆာန်တွေဆိုတာ "အညမညခါဒိကာ" ဖါး ဖါးခြင်းစားတယ်။ ငါး ငါးခြင်းစားတယ်။ တစ်ကောင်ကို တစ်ကောင်စားပြီးတော့နေကြတာ။ "ဒုဗ္ဗလခါဒိကာ" အားရှိတဲ့ကောင်က အားနည်းတဲ့ကောင်ကို စားပြီးနေကြတယ်တဲ့။ တိရစ္ဆာန်ဘဝဟာလဲ အလွန်သနားစရာကောင်းတဲ့ ဘုံဘဝကြီး တစ်ခုပဲတဲ့။ ကုသိုလ်စိတ်ဖြစ်ဖို့ အလွန်နည်းတဲ့ ဘုံဘဝတစ်ခုပဲ။ ဟုတ်ကဲ့လား။ အလွန်ကို ကံကောင်းတဲ့ တိရစ္ဆာန်တွေကျတော့ ကုသိုလ်စိတ်ဖြစ်ခွင့် ရှိတော့ရှိတယ်။ ဒါပေမယ့် ရှိဖို့ အလွန် ခဲယဉ်းတယ်။

ကြားဖူးကြပါလိမ့်မယ် မြတ်စွာဘုရားလက်ထက်က "ပါလိလေယျက ပလဲလဲဆင်မင်း"တို့ ဘာတို့။ ဒီလိုမျိုးတော့ နည်းနည်း ပါးပါး ရှိမယ်ပေါ့နော်။ "ယောသကဝတ္ထု"ထဲက ခွေးကလေးတို့ ဒါမျိုးလေးတော့ နည်းနည်းပါးပါး ရှိမယ်ပေါ့။ သို့သော်လည်း ယေဘုယျအားဖြင့် ခြုံကြည့်လိုက်မယ်ဆိုရင် ကုသိုလ်မဖြစ်တာ များတယ်။ တိရစ္ဆာန်ဟာ လူတွေနှိပ်စက်တာကို

ခံနေရတယ်။ တစ်ချို့က ထင်ကောင်းထင်လိမ့်မယ်။ သူဌေးအိမ်မွေးထားတဲ့ ခွေးတွေကြည့်ပြီးတော့ ချမ်းသာတယ်လို့ ထင်ကောင်းထင်နေ လိမ့်အုံးမယ်နော်။ အဲတော့ တိရစ္ဆာန်ဘုံဘဝဆိုတာ ချမ်းသာသုခ အလွန်နည်းတဲ့ ဘုံဘဝတစ်ခုပဲလို့ ဒီလိုမှတ်ရမယ်။ မြတ်စွာဘုရားက တိရစ္ဆာန်ဘုံကို "မဟာတဏှာသင်္ခယသုတ်မှာ" လက်ခုပ်တစ်ဖောင်နက်တဲ့ မစင်တွင်းကြီးနဲ့ ဥပမာပေးပြီး ဟောထားတယ်။ အဲဒီ မစင်တွင်းကြီးထဲမှာ ခေါင်းရောခြေရော မြုပ်နေမယ်ဆိုရင် ဘယ့်နယ်နေပါမလဲ။ နံလိုက်တာကလည်း လွန်ရော။ တိရစ္ဆာန်ဘဝဆိုတာ အဲသလို နံစော်နေပြီးတော့ ညစ်ပတ်ပေရေနေတဲ့ ဘုံဘဝမျိုးကြီးပဲတဲ့။

အေး နောက်တစ်ခုက "ပြိတ္တာဘုံ"။ ပြိတ္တာဘုံဆိုတာက တော့ ဆင်းရဲဒုက္ခတွေ အလွန်များတဲ့ဘုံ။ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဘဝပဲ။ ငရဲဒုက္ခနဲ့စာရင်တော့ သက်သာသေးတယ်။ အေး တိရစ္ဆာန်နဲ့စာရင် နည်းနည်းသက်သာတယ်လို့ ပြောရမယ်။ သို့သော်လည်း နေစရာမရှိ စားစရာမရှိ ဝတ်စရာမရှိ ငတ်ငတ် ပြတ်ပြတ်နဲ့ အသက်ရှင်နေရတဲ့ ဘုံဘဝတဲ့။ ပြိတ္တာဘုံဘဝက အဲဒီလို ဆင်းရဲဒုက္ခတွေ အလွန်ကြီးတယ်။

အေး အဲဒါတွေကို ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာလို့ဆိုတဲ့ ဒီဘုံတွေကို အပါယ်ဘုံလို့ခေါ်တာ။ အဲဒီ အပါယ်ဘုံရဲ့ တံခါး ဆိုတာ ဘာကိုပြောတာလဲဆိုရင် ကိလေသာတွေကိုပြောတာ။ အထူးအားဖြင့်တော့ စိတ်ယုတ်မာတွေဟာ အပါယ်ဘုံရဲ့ တံခါးပဲ နော်။ ကိလေသာတွေဟာ အပါယ်တံခါးပဲ။ ကိလေသာတွေနဲ့

အကုသိုလ်ကံတွေဟာ အပါယ်ရဲ့တံခါးပဲ။ အပါယ်ကျစေတတ်တဲ့ ကံတရားတွေဟာ ဘာတွေတုန်းဆိုလို့ရှိရင် အားလုံးသိကြတဲ့ **"အကုသလ ကမ္မပထ တရား (၁၀)ပါး"**။ အကုသိုလ်တရား မှန်သမျှသည် အပါယ်တံခါးကို ပွင့်စေပြီး အပါယ်ကို ကျစေနိုင်တယ်။

**"အကုသလ ကမ္မပထ တရား (၁၀)ပါး"** ဆိုတာ ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါး၊ မနောဒုစရိုက် (၃)ပါး။ အဲတော့ ကာယဒုစရိုက် (၃)ပါးဆိုတာကလည်း အားလုံးသိတဲ့ အတိုင်းပဲ သူများအသက်ကို သတ်တာရယ်၊ သူများဥစ္စာ ခိုးတာရယ်၊ သူတစ်ပါး သားမယား ပြစ်မှားတာရယ်။

ဝစီဒုစရိုက် (၄)ပါးဆိုတာ လိမ်ပြောတာ၊ ကုန်းတိုက်တာ၊ ဆဲရေးတာ၊ အကျိုးမဲ့တဲ့ စကားတွေပြောတာ "မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ" အဲဒါတွေက အပါယ်ကို ရောက်စေနိုင်တဲ့ တရားတွေကြီးပဲ။ အားလုံးဟာ အပါယ်ဘုံကို ဆွဲချတဲ့ တရားတွေကြီးပဲ။

မနောဒုစရိုက် (၃)ပါးဆိုတာ "အဘိဇ္ဈာ"သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်လိုမှု လောဘ။ ဒီလူသေသွားရင် ကောင်းမှာပဲ၊ ဒီလူတွေ ဒုက္ခရောက်ကုန်ရင် ကောင်းမှာပဲလို့ သူများကို ပျက်စီးရာ ပျက်စီးကြောင်း စိတ်ထဲကတွေးနေတဲ့ ဗျာပါဒ။ ကုသိုလ်ဆိုတာ မရှိဘူး။ အကုသိုလ် ဆိုတာလည်း မရှိဘူး။ ကုသိုလ်လုပ်လို့ ဘာအကျိုးမှလည်း မရှိဘူး။ အကုသိုလ်လုပ်ရင် လည်း ဘာအပြစ်မှ မရှိဘူး။ ကံ ကံ၏အကျိုးကို လက်မခံဘဲနဲ့

ငြင်းပယ်တဲ့ မှားယွင်းတဲ့ အယူအဆတစ်ရပ် "မိစ္ဆာဒိဋ္ဌိ"။ ကဲ ဒီနေရာမှာ **"အကုသလကမ္မပထတရား (၁၀)ပါး"** ဟာ အပါယ်ဘုံကို ကျရောက်စေတတ်တဲ့ တရားတွေချည့်ပဲမို့ သူတို့ကို အပါယ်တံခါးလို့ ပြောလို့ရတယ်။

ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ကြည့်။ ငါ့မှာ အပါယ်တံခါးတွေ ပွင့်နေသလား၊ ပိတ်နေသလား။ ကိုယ့်ဟာကို မေးကြည့်ရင် သိတယ်။ အခုပြောတဲ့ အကုသိုလ်တွေထဲက ကိုယ်လုပ်နေတဲ့ အကုသိုလ်တွေ ဒီဘဝမှာရှိနေသလား။ ဒါ စဉ်းစားရမယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က **"ယေကေစိ အကုသလာဓမ္မာ သဗ္ဗေ တေ အဓောဘာဂင်္ဂမနီယာ"** တဲ့ အကုသိုလ်တရား မှန်သမျှဟာ အောက်ဆွဲသွားတာချည့်ပဲ။ အပေါ်ကို တင်ပေးတဲ့ အကုသိုလ်တစ်ခုမျှ မရှိဘူးတဲ့။

အခုပြောခဲ့တဲ့ **"အကုသလကမ္မပထတရား(၁၀)ပါး"** ကို ကျူးလွန်တဲ့ပုဂ္ဂိုလ်တွေ အဲဒီ စိတ်သဘောထားတွေ မိမိရဲ့သန္တာန်မှာ ဒီစေတနာတွေ စိတ်ယုတ်မာတွေ ဖြစ်ပြီလို့ ဆိုလို့ရှိရင်တော့ အဲဒီ စိတ်စေတနာတွေက ဒီပုဂ္ဂိုလ်ကို အောက်ကို ဆွဲချလိုက်တယ်။ **"အကုသလကမ္မပထတရား (၁၀)ပါး"** တစ်ခါဖြစ်ရင် စုမိဆောင်းမိသွားတယ်။ ကိလေသာတွေနဲ့ ပေါင်းပြီးတော့ စွမ်းအင်သတ္တိတွေ၊ စွမ်းရည်တွေ ဖြစ်လာတယ်။ အခြားအကြောင်းတွေနဲ့ ညီညွတ်လာပြီ ဆိုလို့ရှိရင် မကောင်းတဲ့ ဘုံဘဝမှာ အကျိုးကို ထုတ်လွှတ်တယ်။ ဒါကြောင့်မို့လို့ **"အကုသလကမ္မပထတရား"** တွေ မိမိမှာ ရှိနေသေးလို့ရှိရင် ငါ့မှာ အပါယ်မျိုးစေ့တွေ ရှိနေသေး

တယ်လို့ ဒီလို အောက်မေ့ကြရမှာ။ "အကုသလကမ္မပထ တရား" ကို ရှောင်ကြဉ်လိုက်တာနဲ့ ကုသလကမ္မပထ ဖြစ်လာတယ်။

"ယေကေစိ ကုသလာဓမ္မာ သဗ္ဗေ တေ ဥဒ္ဒမ္ဘာဂင်္ဂမနီယာ" တဲ့။

ကုသိုလ်မှန်သမျှ အထက်ကိုဆွဲတင်တယ်။ အထက်ကို ဆွဲတင်တဲ့ ကုသိုလ်ရှိရင် အပါယ်တံခါး ဘယ်လိုပဲပွင့်နေနေ အဲဒီ ကုသိုလ်တရားက ကိုယ့်ကို ထိန်းထားပေးလို့ အပါယ်မကျနိုင်ဘူး လို့ ဒီလိုပြောလို့ရတယ်။ သို့သော် သာမန်ကုသိုလ်ကောင်းမှု လုပ်ရုံနဲ့ အပါယ်တံခါး ပိတ်သွားပြီလို့ ပြောလို့ရလားဆိုတော့ ပြောလို့မရဘူး။ guarantee မရှိဘူး။ ဒါကဘာဖြစ်လို့တုန်းဆိုရင် လူတွေရဲ့သန္တာန်မှာ အကုသိုလ်ဖြစ်ဖို့ အခြေအနေတွေ ရှိနေလို့ ဖြစ်တယ်။

ဥပမာ ဒေါသဖြစ်စရာ မျိုးစေ့လေးက ရှိနေတယ်။ လောဘ ဖြစ်မယ့် မျိုးစေ့လေးကရှိနေတယ်။ အခုလောလောဆယ် လောဘမဖြစ်ပေမယ့်လို့ လောဘဖြစ်စရာ အာရုံနဲ့တွေ့ရင် လောဘဖြစ်မယ်။ အခုလောလောဆယ် ဒေါသမဖြစ်ပေမယ့်လို့ ဒေါသဖြစ်စရာ အာရုံနဲ့တွေ့ရင် ဒေါသဖြစ်လာမယ်။ အဲဒီလို ဖြစ်နိုင်တဲ့ အနေအထားလေးတွေ ရှိနေသေးရင် စိတ်မချရဘူးလို့ ပြောတာ။ မီးများလိုပေါ့။ မီးလောင်နိုင်တဲ့ အရာဆိုလို့ရှိရင် သတိထားပြီး နေရမယ်။ ဂက်စ်အိုးကြီး အနားမှာ ထားလို့ရှိရင် မီးသတိပြုနေရမယ်။ မီးထတောက်နိုင်တယ်။

လူတွေရဲ့သန္တာန်မှာ "အနုသယ" ဆိုတဲ့ ကိလေသာတွေ မကင်းသေးလို့ရှိရင် အပါယ်တံခါးပိတ်ပြီလို့ ပြောဖို့ တော်တော် ခဲယဉ်းတယ်။ ကိလေသာတွေ ရှိနေသေးသမျှ ကံတရားတွေက အကျိုးပေးနေမှာပဲ။ ကိလေသာကို အကြောင်းပြုပြီးတော့ အကုသိုလ်ကံတွေ မိမိသန္တာန်မှာ စုမိနေပြီး အဲဒီ အကုသိုလ် တွေက အပါယ်မှာ အကျိုးပေးတာ ဖြစ်သောကြောင့် အပါယ် တံခါးဟာ ပွင့်နေတယ်လို့ ဒီလိုပြောရမယ်။

**အပါယ်တံခါးပိတ်ချင်ရင်**

ဒါဖြင့် အပါယ်တံခါးပိတ်ချင်ရင် ဘယ်လိုလုပ်ရမလဲ။ အပါယ်တံခါးပိတ်ဖို့အတွက် ဘာလုပ်ရမလဲ။ ဘာနဲ့မှ အပါယ် တံခါး ပိတ်လို့ရသလဲ။ ဒီနေရာမှာ စဉ်းစားရမယ်၊ ကုသိုလ် ကောင်းမှုလုပ်ပြီး အပါယ်ကလွတ်သွားတဲ့ ပုဂ္ဂိုလ်တွေ မရှိနိုင် ဘူးလား။ ဆိုပါစို့ ဒါနကောင်းမှုလုပ်တယ်၊ သီလစောင့်တည်တယ်၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်တယ် သို့သော် သောတာပန်ဆိုတဲ့ အဆင့်မရောက်ဘူး။ အဲဒီပုဂ္ဂိုလ် အပါယ် မလွတ်နိုင်ဘူးလား လို့ပြောရင် လွတ်နိုင်ပါတယ်လို့ပဲ ဖြေရမယ်။ ၁ပေဘာန ပေ့ါ ဖြစ်နိုင်တယ်လို့ပဲ ပြောရမယ်။ သို့သော် guarantee တော့မရှိဘူး။

အပဋ္ဌာန်ပါဠိတော် မှာဆိုရင် အမျိုးကောင်းသား တစ်ယောက်ဟာ ဘုရားတစ်ဆူကို ပန်းပွင့်လေး တစ်ပွင့် လှူလိုက်တာနဲ့ (၉၁)ကမ္ဘာ အပါယ်မလားဘဲနဲ့ နောက်ဆုံးကျ

တော့ အဲဒီပန်းလှူတဲ့ ကုသိုလ်ကို အကြောင်းပြုပြီး ရဟန္တာ ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံသွားတယ်။ (၉၁)ကမ္ဘာ အပါယ် မကျခဲ့ဘူးဆိုတဲ့ ဝတ္ထုတွေရှိပါတယ်။ ဒါက guarantee ရှိလား ဆိုတော့ guarantee ရှိလို့ပြောတာ မဟုတ်ဘူး။

အပါယ်တံခါးတော့ ပွင့်နေတယ်။ ပွင့်တိုင်းကျတာမှ မဟုတ်ဘဲကိုး။ တံခါးပွင့်နေတိုင်း ဒီတံခါးပေါက်ကထွက်တာ ဟုတ်ရဲ့လား။ အေး တံခါးကတော့ ပွင့်ချင်ပွင့်နေမှာပဲ။ သို့သော် တံခါးထဲ မဝင်လို့ရှိရင်တော့ မရောက်ဘူးပေါ့။ ကုသိုလ်ကောင်းမှု လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သာမာန်ကုသိုလ်တွေနဲ့ အပါယ်တံခါး ပိတ်တယ်လို့ ပြောလို့မရဘူး။ အာမခံချက် မရှိဘူး။ သို့သော် အပါယ်ကို ကျမှာလားလို့ မေးရင် ကျချင်မှကျမယ်ပေါ့။ ဘယ်သူ က ဆွဲတင်ပေးတုန်းဆိုရင် ကုသိုလ်ကံတွေက ဆွဲတင်ပေးနေမှာ။ ဒါလည်း အင်မတန် အခြေအနေကောင်းနေမှ။ အခြေအနေ မကောင်းရင် မရဘူး။

ကဲ ခုနက ပန်းလေးတစ်ပွင့် လှူတာနဲ့ (၉၁)ကမ္ဘာ အပါယ်မလားဘူးဆိုတာ ဒီပန်းလေးတစ်ပွင့်ဆိုတဲ့ ကုသိုလ် ကောင်းမှုက နေပြီးတော့ ကယ်သွားတာလားဆိုတော့ ဒီလို တွက်လို့မရဘူး။ ဘယ်လိုယူရမတုန်းဆိုရင် ဘုရားကို ရည်စူးပြီး တော့ ပန်းလေးတစ်ပွင့် လှူတာကို အကြောင်းပြုပြီးတော့ ကောင်းတဲ့ဘုံဘဝ ရောက်သွားတယ်။ ကောင်းတဲ့ဘုံဘဝ ရောက်တဲ့ခါ ကုသိုလ်တွေ ဆက်လုပ်တယ်။ နောက်ဘဝလည်း ကုသိုလ်တွေ ဆက်ဆက်လုပ်တယ်။ ကုသိုလ်တွေ ဆက်ဆက်

လုပ်သွားလို့ အပါယ်မကျတာ။ ဒီဘဝမှာ ပန်းလေးတစ်ပွင့် လှူထားတယ်။ ကောင်းတဲ့ဘုံဘဝ ရောက်သွားတယ်။ မေ့မေ့ လျော့လျော့ နေပြီးတော့ အကုသိုလ်တွေ လုပ်မယ်ဆိုရင် ငရဲကျမှာပဲလေ။

ပန်းလေးတစ်ပွင့်လှူတာနဲ့ ဒီကုသိုလ်ကနေ ကယ်သွား တယ်ဆိုတာက ဒီကုသိုလ်ရဲ့ စွမ်းရည်သတ္တိကို ဖော်ပြတဲ့အနေနဲ့ ဟောတာနော်။ တကယ်အဓိပ္ပါယ်ယူရမှာ ပန်းလေးတစ်ပွင့် လှူလိုက်လို့ ကောင်းတဲ့ဘုံဘဝ ရောက်သွားတယ်။ အဲဒီ ကောင်းတဲ့ဘုံဘဝ ရောက်တဲ့အခါ ကုသိုလ်တွေ ဆက်ပြီးလုပ် တယ်။ လုပ်သည့်အတွက်ကြောင့် ကောင်းတဲ့ဘုံက ကောင်းတဲ့ ဘုံကို ရောက်ပြီးတော့ နောက်ဆုံးမှာ ဘုရားနဲ့တွေ့လို့ ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံတာပဲ။ ဟောဒီလို အဓိပ္ပါယ်မျိုးကို ဆိုလိုတယ်။

ဒါကြောင့်မို့လို့ ကုသိုလ်ကံတွေဆိုတာ အားကိုးထိုက် ပါတယ်။ အားမကိုးထိုက်ဘူး မဟုတ်ဘူး။ သို့သော် အပါယ်တံခါး ပိတ်သလားလို့မေးရင်တော့ အပါယ်တံခါး ပိတ်တယ်ဆိုတာ နိဗ္ဗာန်တံခါးဖွင့်နိုင်မှ အပါယ်တံခါးပိတ်တယ်ပေါ့ ဒီလိုမှတ်ရမယ်။ ကဲ ဒါဖြင့် နိဗ္ဗာန်တံခါးကို ဘာနဲ့ ဖွင့်မလဲ။ နိဗ္ဗာန်တံခါး ဖွင့်ချင် တယ် ဆိုလို့ရှိရင်တော့။ ဝိပဿနာနဲ့ပဲ ဖွင့်လို့ရတယ်။ နိဗ္ဗာန်တံခါး ဟာ ဝိပဿနာနဲ့ပဲ သွားရမယ်။ ဝိပဿနာကျင့်စဉ် မကျင့်ဘဲနဲ့ နိဗ္ဗာန်တံခါး ဖွင့်တယ်ဆိုတာ လောကမှာ မရှိဘူးတဲ့။

**နိဗ္ဗာန်တံခါးဖွင့်ရန် အခြေခံ**

ဒါကြောင့်မို့ နိဗ္ဗာန်တံခါး ဖွင့်ဖို့ရန်အတွက် အခြေခံ လိုအပ်ချက်က မဂ္ဂင်(၈)ပါးအကျင့်တရား ကျင့်ရမှာပဲ။ မဂ္ဂင်(၈)ပါး အကျင့်တရားက ဘာနဲ့ဖွဲ့စည်းထားတုန်းဆိုရင် သီလ၊ သမာဓိ၊ ပညာ ဒီ(၃)မျိုးနဲ့ ဖွဲ့စည်းထားတယ်။ ဒါကြောင့် ဝိပဿနာ ကျင့်တော့မယ်ဆိုရင် ကိုယ်ကျင့်တရား ကောင်းအောင် အရင် လုပ်ရမယ်။ ကိုယ်ကျင့်သီလ ပြည့်ဝရမယ်။ ကိုယ်ကျင့်သီလ အပေါ် မူတည်ပြီး၊ ကိုယ်ကျင့်သီလပေါ်မှာ ရပ်တည်ပြီးတဲ့အခါ ကျတော့ သမာဓိတရားတို့၊ ပညာတရားတို့ တိုးပွားအောင် ကြိုးစားအားထုတ်ရမယ်။ ဒါကို မြတ်စွာဘုရားက နတ်သား တစ်ယောက်ရဲ့အမေး (သို့မဟုတ်) ပုဏ္ဏားတစ်ယောက်ရဲ့ အမေး ကို ကျင့်စဉ်တစ်ခုအနေနဲ့ သံယုတ်ပါဠိတော်မှာ ဖြေထားတယ်။

**သီလေ ပတိဋ္ဌာယ နရော သပ္ပညော။**
**စိတ္တံ ပညဉ္စ ဘာဝယံ။**
**အာတာပီ နိပကော ဘိက္ခု၊**
**သောဣမံ ဝိဇဋယေ ဇဋံ။**

အဲဒီဂါထာကို ဖွင့်လိုက်တာ။ ဝိသုဒ္ဓိမဂ် ကျမ်းကြီး တစ်ကျမ်း ဖြစ်သွားတယ်။ ဖွင့်တာ ဒီဂါထာလေးတစ်ပုဒ်ကိုပဲ ဖွင့်တာ။

အဲတော့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ နိဗ္ဗာန် တံခါးကြီးဖွင့်ဖို့ အကျင့်ဟာ ဒီတစ်ခုထဲပဲရှိတယ်။ ဘာတုန်းဆိုရင် "သီလေ ပတိဋ္ဌာယ" တဲ့။ ရှေးဦးစွာ ကိုယ်ကျင့်တရားပေါ်မှာ ရပ်တည်ရမယ်။ မဂ္ဂင်(၈)ပါးထဲမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊

**သမ္မာအာဇီဝ** ဆိုပြီး ကိုယ်ကျင့်တရားကို (၃)မျိုးပြထားတယ်။ နှုတ်အကျင့် ကောင်းရမယ်။ ကိုယ်အကျင့် ကောင်းရမယ်။ အသက်မွေးမှု မှန်ရမယ်။ သံသရာဝဋ်က လွတ်ချင်လို့ရှိရင်လည်း အကောင်းရှာပြီး အဆိုးကိုဖယ်ရှားရတာပဲ။ ကိုယ့်သန္တာန်မှာဖြစ်တဲ့ တရားထဲက မကောင်းတာကိုဖယ် ကောင်းတာကို တိုးပွားအောင် လုပ်တာပဲ။ တစ်ခြားကနေ ရှာပြီးတော့ ယူရတာမဟုတ်ဘူး။ ကိုယ့်သန္တာန်မှာ မကောင်းတဲ့စိတ်တွေ မပေါ်အောင် ထိန်းတယ်။ မကောင်းတဲ့ စိတ်တွေပေါ်ရင် ဖယ်ရှားပစ်တယ်။ မကောင်းတဲ့ အကျင့်ဆိုး၊ စရိုက်ဆိုးတွေ ဖယ်ရှားပြီးတော့ ကောင်းတဲ့အကျင့် စရိုက်တွေကို တည်ဆောက်ပေးရမယ်။ ကဲ ဒါဖြင့် ဒီလိုလုပ်နိုင်အောင်အတွက် အကြောင်းတရားတွေ မလိုအပ်ဘူးလားဆိုတော့ လိုအပ်တယ်။

ဒါကြောင့်မို့ အနည်းဆုံး အရိယာပုဂ္ဂိုလ်ရဲ့အဆင့် ပထမဆုံးအဆင့်ကို **သောတာပန်**လို့ ခေါ်တာ။ အဲဒီ သောတာပန်ဖြစ်ဖို့ရန်အတွက် အကြောင်း(၄)မျိုးရှိတယ်။ အပြင်အကြောင်းက (၂)ခု၊ အတွင်းအကြောင်းက (၂)ခု။ ဘယ်အရာပဲဖြစ်ဖြစ် အတွင်းနဲ့အပြင်က ပေါင်းရတယ်။ အတွင်းချည့်လည်း မရဘူး။ အပြင်ချည့်လည်း မရဘူး။ လူတွေအသက်ရှင်နေတာ အတွင်းနဲ့ အပြင်ပေါင်းပြီး အသက်ရှင်နေတာလား။ အတွင်းနဲ့ပဲ အသက်ရှင်နေတာလား။ လေ ဘယ်ကနေ ရှူတာတုန်း။ အပြင်ကရှူတာ ဟုတ်ကဲ့လား။ လေရှူပြီးတော့ ပြန်ထုတ်တာက ဘယ်ကထုတ်တာတုန်း။ အစားအစာတွေက ဘယ်ကလာတာတုန်း။ အပြင်က

လာတာ ဟုတ်ကဲ့လား။ လူတွေ အသက်ရှင်နေတာကလည်း အတွင်းနဲ့အပြင် သွားနေတာပဲ။ အတွင်းအကြောင်း အပြင်အကြောင်း။

ထို့အတူပဲ နိဗ္ဗာန်ရဖို့ အားထုတ်တဲ့အခါမှာ အတွင်းအကြောင်း၊ အပြင်အကြောင်း(၂)ခုရှိတယ်တဲ့။ အဲတော့ သောတာပန် ဖြစ်ဖို့ရာ အကြောင်း(၄)မျိုးရှိတယ်။ နံပါတ်(၁)က "သပ္ပုရိသသံသေဝ" သူတော်ကောင်းနဲ့ ပေါင်းသင်းဆည်းကပ်ခြင်း။ ဒါသူတော်ကောင်းကို ဆည်းကပ်ရမယ်လို့ပြောတာ။ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဟာ သူတော်ကောင်းနဲ့ မတွေ့ခင်က သိဉ္စည်းပုရဗိုဇ်ကြီးထံမှာ အမရာဝိက္ခေပဆိုတဲ့ မရေရာတဲ့ အယူဝါဒကြီးကို လက်ခံပြီး ကျင့်သုံးနေခဲ့သေးတယ်။ နောက်ဆုံး အဲဒီအယူဝါဒရဲ့ မမှန်တာကိုသိတယ်။ ရှင်အဿဇိနဲ့ ဆုံမိတဲ့အခါကျတော့မှ အမှန်တရားကို သူရတာမို့လား။ အကယ်၍သာ အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿ ပုရဗိုဇ်ဟာ ရှင်အဿဇိနဲ့သာ မဆုံဘူးဆိုလို့ရှိရင် ဒီအမှန်တရားကို သူ သိခွင့်ရှိပါ့မလား။ မရှိပါဘူး။ ဒါကြောင့်မို့ ရှင်အဿဇိနဲ့ တွေ့ဆုံတာဟာ သပ္ပုရိသသံသေဝ ပဲ။

အဲတော့ သူဟာသူ ဆုံတာလား။ တမင်လိုက်တာလား။ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပုရဗိုဇ်က ရှင်အဿဇိ နောက်ကို တမင်လိုက်တာ။ ဟုတ်ကဲ့လား။ မတော်တဆ လမ်းမှာ တွေ့တာ မဟုတ်ဘူး။ လမ်းမှာ မတော်တဆတွေ့ရင် တိမ်းသွားကြမှာပေါ့။ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပုရဗိုဇ်ဟာ

ရှင်အဿဇိကို မြင်လိုက်တာနဲ့ သူ စဉ်းစားတယ်။ အို ဒီပုဂ္ဂိုလ်ဟာ အတော်ထူးခြားတဲ့ ပုဂ္ဂိုလ်ပဲ။ ရုပ်ဆင်းအင်္ဂါလည်း အင်မတန်မှ ကြည်လင်တယ်။ မျက်နှာက အင်မတန်မှ ကြည်တယ်။ စိတ်ချမ်းသာတဲ့ပုံပဲ။ သူ့မှာ တရားထူး တရားမြတ်ရှိတယ်။ လူဆိုတာ အကဲခတ်ကြည့်လိုက်ရင် သိတယ်။ စိတ်ညစ်နေတဲ့ မျက်နှာနဲ့ စိတ်ကြည်နေတဲ့ မျက်နှာ တူသလား မတူဘူးလား။ မတူဘူးနော်။ အတွင်းထဲမှာ အပူရှိတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာနဲ့ အတွင်းထဲမှာ အပူကင်းတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာကော တူရဲ့လား။ မတူပါဘူး။

အေး အဲဒါကြောင့် ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပုရဗိုဇ်ဟာ ရှင်အဿဇိကို မြင်လိုက်တဲ့အခါ မျက်နှာ ကြည့်လိုက်တာနဲ့ ဟာ အပူအပင်ကင်းတဲ့ပုဂ္ဂိုလ်ပဲ ကိလေသာ ကင်းတဲ့ပုဂ္ဂိုလ်ဆိုတာ သူကသိသွားတယ်။ ကိလေသာဆိုတာ အပူတွေကို ပြောတာနော်။ အဲတော့ ရှင်အဿဇိကို မြင်လိုက်တာနဲ့ ရှင်အဿဇိ နောက်ကို တန်းလိုက်သွားတာ။ လိုက်သွားပြီး ဝတ်ကြီးဝတ်ငယ် ပြုပြီးတော့ မေးတော့တာပဲလေ။ တရား ဆွေးနွေးတော့တာ။ မေးတော့ ဟိုကဖြေတယ်။ အဲဒါကိုပြောတာ သပ္ပုရိသသံသေဝ သူတော်ကောင်းနဲ့ ပေါင်းလိုက်တယ်။ ပေါင်းလိုက်တော့ ဘာရသလဲဆိုရင် သဓမ္မဿဝန သူတော်ကောင်း တရားကို ကြားနာလိုက်ရ တယ်။

ဒီနှစ်ခုသည် အပြင်အကြောင်းလား။ အတွင်းအကြောင်းလား။ အပြင်အကြောင်း။ အဲဒါဟာ ဥပနိဿယပစ္စယော လို့ ခေါ်တာ။ ပဋ္ဌာန်း (၂၄)ပစ္စည်းထဲမှာ။ လူတွေက ပဋ္ဌာန်း

(၂၄)ပစ္စည်းကို အန္တရာယ်ကင်းအဖြစ် ရှုတ်နေကြတာနော်။ တကယ်က အန္တရာယ်ကင်းအဖြစ် ရှုတ်ဖို့မဟုတ်ဘူး။ နားလည်ဖို့။ **ဥပနိဿယပစ္စယော** အားကောင်းတဲ့ အကြောင်းဆိုတာ အဲဒါပဲတဲ့။ သတိထားရမှာ တကယ့်သူတော်ကောင်း သူမြတ်လောင်းနဲ့ ပေါင်းမိဖို့ သိပ်အရေးကြီးတယ်။ ပေါင်းတယ်ဆိုတာ ထိုသူတော်ကောင်းထံ ဆည်းကပ်တယ်။ သူတော်ကောင်းဆီက အသိဉာဏ်တွေ ရအောင်ယူတယ်။ ဒါမျိုးကိုဆိုလိုတယ်။ **အေးသပ္ပုရိသသံသေဝ** သူတော်ကောင်းနဲ့ ပေါင်းသင်းဆည်းကပ်ခြင်း၊ **သဒ္ဓမ္မဿဝန** သူတော်ကောင်းတရားကို ကြားနာခွင့်ရခြင်း။ ဒါ အပြင်အကြောင်း(၂)ခု ရလိုက်ပြီ။

ဒါပေမယ့် အတွင်းအကြောင်း မရှိဘူးဆိုရင် ဒီ အပြင်အကြောင်း (၂)ခုတည်းနဲ့ အလုပ်မဖြစ်ဘူး။ အတွင်းအကြောင်းက ဘာတုန်းဆိုရင် **ယောနိသောမနသိကာရ** မှန်မှန်ကန်ကန် စဉ်းစားတတ်ရမယ်တဲ့။ မှန်မှန်ကန်ကန် စဉ်းစားဆင်ခြင်တတ်ရမယ်။ **ဓမ္မာနုဓမ္မပဋိပတ္တိ** လောကုတ္တရာတရားနဲ့ လိုက်ဖက်တဲ့ အကျင့်မျိုးကို ကျင့်ရမယ်။ **အနုဓမ္မ** ဆိုတာ လျော်အောင်ကျင့်နိုင်ရမယ်။ ဥပမာ မင်္ဂရချင်ရင် မင်္ဂနဲ့သင့်လျော်အောင်။ ဆိုလိုတာက သူဌေးဖြစ်ချင်လျှင် သူဌေးဖြစ်ဖို့ရာနဲ့ လျော်တဲ့အလုပ်မလုပ်ရပေဘူးလား။ တန်ရာတန်ရာ အလုပ်လုပ်ရတယ်ဆိုတာ အဲဒါကိုပြောတာ။ **ဓမ္မာနုဓမ္မပဋိပတ္တိ** **ဓမ္မ**ဆိုတာ မင်္ဂတရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ကို **ဓမ္မ**လို့ ခေါ်တယ်။ **အနုဓမ္မ** ဆိုတာ အဲဒီ မင်္ဂတရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို ရနိုင်လောက်တဲ့

အကြောင်းဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အကျင့်တရား တွေကိုပြောတာ။ အဲဒါကို **ဓမ္မာနုဓမ္မပဋိပတ္တိ** တဲ့။ အဲဒီ အကျင့် တွေကို ကျင့်ရမယ်။ မဂ်ဖိုလ်နဲ့ ထိုက်တန်တဲ့ အကျင့်မျိုး ကျင့်ရမယ်လို့ ဒီလိုဆိုလိုတာ။

ကျင့်တဲ့အခါမှာလည်း သံဃာရဲ့ဂုဏ်ထဲ ပါတဲ့အတိုင်း ပဲလေ။ **"သုပ္ပဋိပန္နော"** မှန်မှန်ကန်ကန် ကျင့်ရမယ်၊ **"ဥဇုပ္ပဋိပန္နော"** ကောက်ကျစ်စဉ်းလဲတာမျိုး မပါရဘူး။ ရိုးရိုးသားသား တကယ်ကို ဖြောင့်ဖြောင့်မတ်မတ် ကျင့်ရမယ်။ **ဉာယပဋိပန္နော** တကယ် လမ်းစဉ်မှန်မှန် ကျင့်ရမယ်။ **သာမီစိပ္ပဋိပန္နော** တလွဲကို မကျင့်ရဘူး။ ရိုသေလောက်အောင် မှန်ကန်တဲ့ အနေအထားမျိုး ရောက်အောင် ကျင့်ရမယ်။ ကျင့်ပုံကျင့်နည်းကလည်း ဒီလို ကွာသေးတယ်နော်။

အေး အပြင်ဘက်ကအကြောင်း (၂)ခုက သူတော်ကောင်း ကို ဆည်းကပ်ခြင်း။ အဲဒီလို ဆည်းကပ်ခြင်း အတွက်ကြောင့် သူတော်ကောင်းတရား ကြားနာခွင့်ရခြင်း။ ဒီ အခွင့်အရေး (၂)မျိုးရလာပြီ။ ရလာတဲ့အခါမှာ **"ယောနိသော မနသိကာရ"** မှန်မှန်ကန်ကန် စဉ်းစားဆင်ခြင်သည့်အတိုင်း ကိုယ်ကျင့်တရား ကိုကျင့်မယ်။ သီလကို ကျင့်မယ်။ သမာဓိကို ကျင့်မယ်။ ပညာကို ကျင့်မယ်ဆိုတဲ့ ဒီ ကျင့်တရား။ ခုနကပြောတဲ့ ဝိပဿနာ ကျင့်စဉ် ကို ကျင့်တာ။ ကဲ အတွင်းကြောင်း က(၂)ခု၊ အပြင်အကြောင်း က(၂)ခု။ ပေါင်းလိုက်တဲ့ အခါကျတော့ **"သောတာပတ္တိမဂ်"** ဆိုတဲ့ အကျိုးပေါ်လာတယ်။

ဒါကြောင့်မို့ ပထမ သူတော်ကောင်းကို ပေါင်းသင်းဆည်းကပ်ရမယ်။ နောက် သူတော်ကောင်းတရားကို နာရမယ်။ “ယောနိသောမနသိကာရ” မှန်မှန်ကန်ကန် စဉ်းစားဆင်ခြင်နိုင်တဲ့ စွမ်းအားရှိရမယ်။ အတွေးအခေါ် မှန်ရမယ်။ “ဓမ္မာနုဓမ္မပဋိပတ္တိ” လောကုတ္တရာတရားနဲ့ လိုက်လျောညီထွေကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ရမယ်။ ဘယ်လိုအားထုတ်ရမလဲဆိုရင် ဒါ ဝိပဿနာ ကျင့်စဉ်အတိုင်း ကျင့်တာတဲ့။

## နိဗ္ဗာန်တံခါးဖွင့်လမ်းစဉ်

ဝိပဿနာကျင့်စဉ်ကို ကျင့်လို့ရှိရင် ဘာကို အာရုံ ပြုရမှာလဲလို့ မေးရင် မြတ်စွာဘုရားက နိဗ္ဗာန်သွားချင်လို့ရှိရင် လမ်းစဉ် တစ်ခုတည်းပဲရှိတယ်။ ဘယ်လမ်းက လျှောက်ရမှာတုန်းဆိုရင် သမာဓိကျင့်စဉ်နဲ့ ဘာကို အရင်ဖယ်ရှားရမတုန်းဆိုရင် နီဝရဏတရား(၅)ပါးကို အရင်ဖယ်ရှားရမယ်။ ဘာနဲ့ ဖယ်ရှားရမလဲ သမာဓိစွမ်းအားနဲ့ ဖယ်ရှားရမယ်။ နီဝရဏတရား(၅)ပါးဆိုတာ ဘာတုန်းဆိုရင် “ကာမစ္ဆန္ဒ” ပျော်ပါးချင်တဲ့စိတ်တွေ ဖယ်ရှားရမယ်။ ပျော်ချင် ပါးချင်တဲ့ စိတ်ဆိုတာ မျက်စိကကြည့်ပြီး လှပတဲ့အာရုံမှာ ပျော်ချင်တဲ့ စိတ်ဆန္ဒတွေ၊ နားက နားထောင်ပြီး ပျော်ပါးချင်တဲ့ စိတ်ဆန္ဒတွေ၊ နှာခေါင်းက မွှေးကြိုင်တဲ့ အနံ့လေးကို နမ်းရှူပြီး ပျော်ပါးချင်တဲ့ စိတ်ဆန္ဒတွေ စတာတွေကို “ကာမစ္ဆန္ဒ” လို့ခေါ်တာ။

"ကာမ"ဆိုတာ လိုချင်စရာ အာရုံတွေကို "ဆန္ဒ"က လိုချင်နေတာတဲ့။ ကဲ နေ့စဉ်နဲ့အမျှ လူတွေဟာ လိုချင်စရာတွေကို လိုချင်နေကြတာပဲလေ။ မျက်စိက ကြည့်ပြီးတော့ လိုချင်စရာ မတွေ့ဘူးလား။ နားက ကြားပြီးတော့ လိုချင်စရာတွေ့တယ်။ နှာခေါင်းက နံပြီး လိုချင်စရာတွေ့တယ်။ လျှာကထိပြီး လိုချင်စရာတွေ့တယ်။ အဲဒီ လိုချင်စရာ အာရုံတွေအပေါ်မှာ တွယ်နေတာဟာ "**ကာမစ္ဆန္ဒ**"ပဲ။ အဲဒီ "**ကာမစ္ဆန္ဒ**" ကို ဖယ်ရှားပစ်ရမယ်။ မဖယ်ရှားနိုင်လို့ရှိရင် တရားထူးတရားမြတ် မရနိုင်ဘူး။ အဲဒီ ကာမစ္ဆန္ဒ ကို "**နီဝရဏ**" ခေါ်တယ်။ ဘာဖြစ်လို့ "**နီဝရဏ**" ခေါ်သလဲ ဆိုရင်။ ဘုန်းကြီးတို့ ရန်ကုန်မြို့ကြီး မိုးရွာတဲ့အခါကျတော့ မြောင်းတွေ၊ ချောင်းတွေ ပိတ်လို့ရှိရင် ရေတွေလျှံပြီး လမ်းပေါ်ရေတွေ တက်လာတယ်မဟုတ်လား။ အဲဒါတွေ ဖယ်ရှားပစ်လိုက်ရင် ရေလမ်းက သူ့ဟာသူ ပွင့်သွားတဲ့ အခါကျတော့ ရေမလျှံတော့ဘူး။ အဲဒီလိုမျိုးပဲ လူ့စိတ်မှာ ဒီ **ကာမစ္ဆန္ဒ** က ပိတ်နေတဲ့အခါကျတော့ အသိဉာဏ်ဆိုတာ မလာတော့ဘူး။ ဒီ "**ကာမစ္ဆန္ဒ**" ဆို တာက Block ဖြစ်နေတာ။ Block ဖြစ်နေသည့် အတွက်ကြောင့် ဒီ ကာမဂုဏ်အာရုံပေါ်မှာ ပျော်ပါးလိုတဲ့ ဆန္ဒနဲ့ လိုလားနှစ်သက်နေတဲ့ ဆန္ဒက ပိတ်ဆို့ ထားသည့် အတွက်ကြောင့် အသိဉာဏ်ဆိုတာ မလာတော့ဘူး။ မလာလို့ရှိရင် နိဗ္ဗာန်တံခါးကြီး ဘယ်လိုမှ မဖွင့်နိုင်တော့ဘူး။ အမှန်တရားကိုသိဖို့ လုံးဝမဖြစ်နိုင်ဘူးလို့ ဒီလိုဆိုတယ်။ ဒါကြောင့် သူ့ကို ဖယ်ရှားပစ်ရမယ်။

လူဆိုတာက ကောင်းတာလေး ရလို့ရှိရင်ကြိုက်တယ်။ မကောင်းတာရရင် ဘာဖြစ်လဲ။ ဒေါသဖြစ်တယ်။ အလိုမကျ ဖြစ်တယ်။ အဲဒါကို "ဗျာပါဒ" လို့ခေါ်တယ်။ ဒါက ဒုတိယ။ လိုချင်တာရနေလို့ရှိရင် "ကာမစ္ဆန္ဒ"။ လိုချင်တာမရရင် "ဗျာပါဒ" တဲ့။ စိတ်ထဲမှာ အလိုမကျ ဖြစ်လာတယ်။ မကျေမနပ်တွေ ဖြစ်လာတယ်။ ဒေါသ ဖြစ်လာတယ်။ ပေါက်ကွဲလာတယ်။ ကဲ အဲဒီအချိန်မှာ ကုသိုလ်စိတ် ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူး။ ဒါကြောင့် သူ့ကိုလည်း "နီဝရဏ" လို့ခေါ်တယ်။

ကုသိုလ်စိတ်တွေ ပိတ်ဆို့ပစ်လိုက်တယ်။ ပိတ်ဆို့လိုက်တဲ့အခါ အသိဉာဏ်နဲ့ ပွင့်မလာဘူး။ လူတွေက ပိတ်ဆို့တဲ့ နှလုံးရောဂါကျတော့ ကြောက်တယ်လေ။ နှလုံးသွေးကြော ပိတ်ဆို့တယ်ဆိုရင် ကြောက်တယ်မို့လား။ အသိဉာဏ် ပိတ်ဆို့နေတာကျတော့ သိပ်မကြောက်ဘူး။ ရင်ဘတ်မှ မအောင့်တာကိုး။ နှလုံးသွေးကြော ပိတ်ပြီဆိုရင် ရင်ဘတ်က အောင့်လာတာဆိုတော့ ကြောက်လာတာ။ ဆရာဝန် သွားပြတယ်။ အသိဉာဏ် ပိတ်ဆို့နေလို့ရှိရင် အဲဒါ ရိပ်သာသွားပြီး ဖွင့်မှရမှာပဲနော်။ တရားအားထုတ်ပြီး ဖွင့်ရမယ်။ အဲတော့ "ကာမစ္ဆန္ဒ" ဖြစ်တယ်၊ "ဗျာပါဒ" ဖြစ်တယ်။ ဒီလို ဖြစ်လိုက်သည့် အတွက်ကြောင့် အသိဉာဏ်တွေ မဝင်နိုင်လောက်အောင် ပိတ်ဆို့ပြီးသား ဖြစ်နေတယ်တဲ့။

ထို့အတူပဲ နောက်တစ်ခု ပိတ်ဆို့တာက ဘာတုန်းဆို "ထိနမိဒ္ဓ"။ ကုသိုလ်လုပ်ဖို့ စိတ်မပါဘူး။ တရားအားထုတ်ဖို့

စိတ်မပါဘူး။ အနည်းဆုံး ဘုရားရှိခိုးဖို့ စိတ်မပါဘူး။ အဲဒီလို စိတ်ကတွန့်ဆုတ်လာတဲ့ သဘောတွေကို "ထိနမိဒ္ဓ" လို့ခေါ်တယ်။ နောက်ဆုံး တွန့်ဆုတ်သွားလိုက်တဲ့အခါကျ အိပ်တဲ့အဆင့်ထိ ရောက်သွားတာပေါ့နော်။ တစ်ချို့ ယောဂီပုဂ္ဂိုလ်တွေ ထိုင်ရင်း အိပ်တယ်လို့ ပြောတာပဲ။ တရားအားထုတ်လို့ တစ်နာရီမပြည့်ခင် အိပ်ပျော်နေပြီ။ အဲတော့ "ထိနမိဒ္ဓ" ကလည်း အသိဉာဏ်ကို ပိတ်ဆို့တတ်လို့ သူ့ကိုလည်း "နီဝရဏ" လို့ခေါ်တယ်။

နောက်တစ်ခုက စိတ်ထဲမှာ မငြိမ်းချမ်းအောင် စိတ်ရဲ့ ငြိမ်းချမ်းမှုကို ဖျက်ဆီးတဲ့တရား (၂)ခုရှိတယ်။ အဲဒါက "ဥဒ္ဓစ္စ" နဲ့ "ကုက္ကုစ္စ"။ "ဥဒ္ဓစ္စ" ဆိုတာ ဟိုတွေးဒီတွေး တွေးနေတာ။ စိတ်တွေ လေနေတာ။ "ကုက္ကုစ္စ" ဆိုတာ လုပ်မိတာနဲ့ မလုပ်မိတာ အတွက် စိတ်ကပူနေတာ။ ဒါတွေကလည်း အသိဉာဏ်ကို ပိတ်ဆို့တဲ့ "နီဝရဏ" တရားတွေပဲတဲ့။ သူတို့ရှိနေရင်လည်း အသိဉာဏ်တွေ ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ရှိတဲ့အသိဉာဏ် တွေဟာလည်း အားပျော့သွားမယ်။ အသိဉာဏ် အသစ်တွေ လည်း ဖြစ်မလာနိုင်ဘူးလို့ ဆိုလိုတာ။

နောက်ဆုံးတော့ "ဝိစိကိစ္ဆာ" ဆိုတဲ့ "သံသယ"။ အဲဒီ "သံသယ" ကလည်းပဲ ငါလုပ်တဲ့အလုပ်က ဟုတ်မှဟုတ်ရဲ့လား။ ဒီ ဝိပဿနာကျင့်စဉ်ကျင့်လို့ တရားထူးတရားမြတ် ရတယ်ဆိုတာ ဟုတ်ပါ့မလား။ ထွက်လေ ဝင်လေ ရှူရှိုက်တာ မှတ်နေရုံနဲ့ တရား ဆိုတာ ဟုတ်ပါ့မလားဆိုတဲ့ သံသယတွေ ဝင်လာပြီဆိုရင်လည်းပဲ ခုနက အသိဉာဏ်ကို ပိတ်ဆို့လိုက်တာ တစ်ခုပဲတဲ့။

ဒါကို နီဝရဏတရား (၅)ပါး။ ပိတ်ဆို့မှု (၅)မျိုးတဲ့။ နှလုံးသွေးကြော ပိတ်တာထက်ဆိုးတဲ့ ဒီ(၅)မျိုးဟာ အသိဉာဏ်သွေးကြောတွေကို ပိတ်ပစ်တာ။ မြတ်စွာဘုရားက မဂ်ဖိုလ်နိဗ္ဗာန် ရချင်တဲ့ပုဂ္ဂိုလ်တိုင်း ပောဒီ နီဝရဏတရား(၅)ပါးကို ဖယ်ရှားပစ်ပါတဲ့။ ဘာနဲ့ ဖယ်ရှားမလဲ။ သမာဓိစွမ်းအားနဲ့ ဖယ်ရှားရမယ်။ ဒါကြောင့်မို့ ရိပ်သာမှာ ဆရာတော်ကြီးတွေက ညွှန်ကြားတယ်မို့လား။ ဝင်လေ ထွက်လေမှတ် (သို့မဟုတ်) ပိန်တာ ဖောင်းတာမှတ်၊ ထိတာ သိတာမှတ် ဆိုပြီးတော့ မှတ်ခိုင်းပြီး သမာဓိတွေ ထူထောင်ခိုင်းနေတာ။ သတိတွေ ထူထောင်ခိုင်းတာ။ ထူထောင်ခိုင်းတဲ့အခါ တစ်ဖြည်းဖြည်းချင်း ခုနကဟာမျိုးကို ဖယ်ရှားနိုင်သွားတာ။ လွယ်လွယ်နဲ့တော့ ဖယ်ရှားလို့ မရနိုင်ဘူးလေ။

အဲဒီလို နီဝရဏတရား (၅)ပါး ဖယ်ရှားပြီးတဲ့အခါမှာ စိတ်ကို ဘယ်အပေါ်မှာ ထားရမှာတုန်း ဆိုလို့ရှိရင် သတိပဋ္ဌာန်တရား အာရုံ (၄)ပါး ပေါ်မှာထားတဲ့။ သတိပဋ္ဌာန်အာရုံဆိုတာ ကိုယ့်ခန္ဓာမှာ ရှိတာပါ။ အေး "ကာယ" တဲ့။ ထွက်လေ ဝင်လေတို့ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတို့ သွားလာမှုတွေတို့ အားလုံးဟာ ဒါ "ကာယ"။ စိတ်ထဲရဲ့ ခံစားချက်တွေက "ဝေဒနာ"။ ခံစားချက်ဆိုတာ အတွေ့အကြုံတစ်ခုကိုပြောတာ။ ချမ်းသာတာဆိုရင် ချမ်းသာတဲ့ အတွေ့အကြုံလေး။ ဆင်းရဲတယ်ဆိုရင် ဆင်းရဲတဲ့ အတွေ့အကြုံလေး။ ချမ်းသာတာလည်း မဟုတ်ဘူး ဆင်းရဲတာလည်း မဟုတ်ဘူးဆိုရင် ဒါလည်း အတွေ့အကြုံလေးတစ်ခု။ အဲဒါကို "ဝေဒနာ"လို့ ပြောတာနော်။ ဝေဒနာ ဆိုတာနဲ့ ရောဂါလို့

သွားမအောင့်မေ့လိုက်နဲ့။ ဝေဒနာဆိုတာ အာရုံနဲ့တွေ့တဲ့ ခံစားချက်ကလေး ခံစားတာဆိုတာ မှတ်ထားသည့် အတွက် ကြောင့် သိနေတာ။ သံပုရာသီး မြင်တာနဲ့ ချဉ်တယ်ဆိုတာ သိမနေဘူးလား။ အဲဒါ အတွေ့အကြုံပဲ။ တရားလည်း ဒီတိုင်းပဲ။ ဝေဒနာရဲ့ အတွေ့အကြုံဆိုတာ ဟုတ်ကဲ့လား။ ဒီအာရုံနဲ့ ဒါဆုံရင် ချမ်းသာတယ်၊ သုခပေါ်တယ်ဆိုတဲ့ အတွေ့အကြုံ။ ဒါပေါ်ရင် ဒုက္ခပေါ်တယ်ဆိုတဲ့ အတွေ့အကြုံ။ အဲဒီ အတွေ့အကြုံတွေ ပေါ်မှာ စူးစိုက်ပြီးတော့ လောဘမဖြစ်ရအောင် ဒေါသမဖြစ် ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။ ထို့အတူပဲ ကိုယ့်ရဲ့ စိတ်ကို လောဘနဲ့ တွဲနေသလား။ ဒေါသနဲ့ တွဲနေသလား။ ငါ့စိတ် ကလေးဟာ ကြည်လင်ရဲ့လား၊ အေးမြရဲ့လား။ အပြစ်ကင်းတာ တွေနဲ့ နေရဲ့လားနဲ့ ကိုယ့်စိတ်ကလေးရဲ့ အခြေအနေ။ ကျန်တာ တွေမှန်သမျှ "ဓမ္မ" တဲ့။ ပေါင်းလိုက်တဲ့အခါကျတော့ သတိပဋ္ဌာန် တရား (၄)ပါး။

ဟောဒီ သတိပဋ္ဌာန် တရား(၄)ပါးပေါ်မှာ အလုပ် လုပ်တဲ့အခါကျတော့ ဘာဖြစ်လာတုန်း ဆိုလို့ရှိရင် အသိဉာဏ်ကို စွမ်းအားပေးတဲ့၊ အသိဉာဏ်ရဲ့ စွမ်းအားကို အကျိုးပြုမယ့် သဘာဝတရား (၇)ခု၊ စာပေလိုတော့ "ဗောဇ္ဈင် (၇)ပါး" လို့ ခေါ်တယ်။ "ဗောဇ္ဈင်" ဆိုတာ "ဗောဓာယ သံဝတ္တန္တီတိ ဗောဇ္ဈင်္ဂါ"။ "ဗောဓိ" ဆိုတာ အသိဉာဏ်။ "အင်္ဂ" ဆိုတာ အကြောင်းတရား။ အသိဉာဏ်ရဖို့ အကြောင်းတွေလို့ ဒီလိုဆို တာ။ အသိဉာဏ်ရဲ့ အခြေခံအကြောင်းတရားတွေပဲ။

အသိဉာဏ်ကို ဆို့ပိတ်တဲ့ **"နီဝရဏတရား (၅)ပါး"** ကိုလည်း ဖယ်ရှားပစ်လိုက်ပြီ။ စိတ်ကလေးကိုလည်းပဲ **"ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ"** ဆိုတဲ့ အာရုံတစ်မျိုးမျိုးပေါ်မှာ ငြိမ်အောင်ထားလိုက်ပြီ။ အသိဉာဏ်ကို ဖြစ်ပွါးစေနိုင်တဲ့ **"ဗောဇ္ဈင် (၇)ပါး"** ကိုလည်း ကိုယ့်သန္တာန်မှာ တိုးပွါးအောင် လုပ်လိုက်ပြီ ဆိုလို့ရှိရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရောက်ပြီပေါ့။ ကျင့်ရမှာက ဒီအတိုင်းပဲ။ လောကမှာ သံသရာဝဋ်ကလွတ်ပြီး နိဗ္ဗာန်မျက်မှောက်ပြုသွားတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဟောဒီ လမ်းစဉ်အတိုင်းသွားတာလို့ မှတ်ပါ။

မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတာ ရှိတယ်။ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သံသရာဝဋ်ဆင်းရဲက ထွက်သွားတဲ့ ပုဂ္ဂိုလ်တိုင်းဟာ **"နီဝရဏတရား (၅)ပါး"**ကို ဖယ်ရှားပြီး **"သတိပဋ္ဌာန်တရား (၄)ပါး"** ပေါ်မှာ စိတ်ကို ဆောက်တည်ကာ **"ဗောဇ္ဈင် (၇)ပါး"** ပွါးပြီးတော့ သံသရာဝဋ်က လွတ်ကြတာချည့်ပဲတဲ့။ ဒါတစ်ခုတည်းသော နည်းလမ်းပဲ။

ကမ္မဋ္ဌာန်းတွေ အမျိုးမျိုး သွားပေမယ့် အကျိုးက ဒါပဲ။ ဟုတ်ကဲ့လား။ ဒီအတွက် လုပ်တယ်လို့ မှတ်ရမယ်။ အားလုံးဟာ ဒီအတွက် အကျိုးဖြစ်ရင် မှန်တယ်။ ဒီအတွက် အကျိုးမဖြစ်ရင် မမှန်ဘူးလို့ ဒီလိုမှတ်ရမယ်။ အဓိက က နီဝရဏတရား (၅)ပါး ဖယ်ရှားနိုင်ရမယ်။ နီဝရဏတရား (၅)ပါး ဖယ်ရှားလိုက်ပြီးတဲ့အခါ စိတ်ကို သတိပဋ္ဌာန်တရားပေါ်မှာ စိုက်ထားရမယ်။ စိုက်ထားပြီး ဗောဇ္ဈင် (၇)ပါးကို ပွါးရမယ်။ အဲဒီအခါကျလို့ရှိရင် "သမ္မာဒိဋ္ဌိ"

ဆိုတဲ့ အသိဉာဏ်စွမ်းအားတွေ ထက်လာမယ်။ နောက်ဆုံးမှာ လူရယ်၊ နတ်ရယ်၊ သတ္တဝါရယ်၊ ငါရယ်၊ သူတစ်ပါးရယ် ဆိုတဲ့ အထင်အမြင်တွေဟာ လုံးဝရှင်းသွားပြီးတော့ ရုပ်နဲ့နာမ် (၂)ခုထဲ ရှိတာပါလားဆိုတဲ့ အမြင်ရလာအောင် အခြေကနေစပြီး ဒီရုပ်နာမ် (၂)ပါးဟာလဲ သူ့ဘာသူ ဖြစ်နေတာမဟုတ်ဘူး။ ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားတွေနဲ့ ပေါင်းစပ်ပြီတော့ ဖြစ်နေကြတာ ပါလား ဆိုတာလဲ သဘောပေါက်လာမယ်။

ကိုယ့်သန္တာန်မှာ ရုပ်ဆိုတာ အမြဲရှိနေတာ မဟုတ်ဘူး။ နာမ်ဆိုတာလည်း အမြဲရှိနေတာ မဟုတ်ဘူး။ ရုပ်ကို အမှီပြုပြီးတော့ နာမ်တွေ ဖြစ်နေတယ်။ အချင်းချင်း အပြန်အလှန် တစ်ခုစီခွဲထားရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဥပမာ တစ်ခု တွေးကြည့်ပေါ့။ စည်တစ်ခုကို တီးတယ် ဆိုပါစို့။ ခုခေတ်လို နားလည်အောင်ပြောမယ် ဆိုလို့ရှိရင် ဂီတာတီးတယ် ဆိုပါစို့။ ဂီတာထဲမှာ အသံ ရှိသလား၊ မရှိဘူးလား စဉ်းစားကြည့်ပေါ့။ မရှိဘူး။ တီးမှ ထွက်လာတာနော်။ စောင်းထဲမှာရော အသံရှိလား မရှိဘူးလား။ မရှိဘူး။ စောင်းကြိုးရယ်၊ စောင်းအိုးရယ် တီးခတ်မှုရယ် ဒီသုံးခုပေါင်းလိုက်မှ အသံဆိုတာ ပေါ်လာတာ။

ထို့အတူပဲ မိမိရဲ့သန္တာန်မှာ ဖြစ်နေတဲ့ စိတ်၊ နာမ်တရား ဆိုတာဟာလည်း မြင်သိစိတ်ဆို မျက်စိရယ်၊ မြင်စရာအာရုံရယ် ဟောဒီနှစ်ခု ဆုံလိုက်လို့ မြင်သိစိတ် ပေါ်တာလေ။ သူ့ဟာသူ ပေါ်လာတာ မဟုတ်ဘူး။ ဆိုင်ရာ ဆိုင်ရာ အကြောင်းကြောင့် ပေါ်လာတာလို့ ဒီလို သဘောတရားတွေ တဖြည်းဖြည်း နားလည်

အောင် ဝိပဿနာကျင့်စဉ်နဲ့ အဆင့်ဆင့် ကျင့်သွားတဲ့အခါ နောက်ဆုံးကျတော့ ကိုယ်ကြည့်နေတဲ့ ရှုမှတ်နေတဲ့ သဘာဝ တရားတွေဟာ တစ်ခုမှမြဲတာမရှိဘူးဆိုတာ ပိုင်ပိုင်နိုင်နိုင်ကြီး ယုံကြည်ပြီးတော့ ဆုံးဖြတ်နိုင်သွားတယ်။

**သဒ္ဓါနုသာရီနဲ့ ဓမ္မာနုသာရီ**

သဒ္ဓါစွမ်းအားတွေ တစ်အားထက်လာတယ်။ ကိုယ်ဟာ ကိုယ် သိလာတယ်။ ယောဂီပုဂ္ဂိုလ်ဟာ ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တဲ့ အခါကျလို့ရှိရင် ပျက်တာတွေ မြင်သွားတယ်။ ကိုယ့်အသိဉာဏ်နဲ့ မြင်သွားတယ်။ မြင်သွားတာနဲ့ တစ်ပြိုင်နက် သူက "အဓိမောက္ခ" လို့ဆိုတဲ့ သဒ္ဓါစွမ်းအားဟာ ကြီးမား လာသည့်အတွက်ကြောင့် မမြဲဘူးဆိုတာ သူကိုယ်တိုင် မဆုံးဖြတ် နိုင်ဘူးလား။ ဆုံးဖြတ်နိုင်ပါတယ်။ ကိုယ်ကိုယ်တိုင် သိတာ ဖြစ်တဲ့အတွက်ကြောင့် မမြဲဘူးဆိုတာ ဆုံးဖြတ်နိုင်တယ်။ အဲဒီ ဆုံးဖြတ်နိုင်တဲ့ သဒ္ဓါစွမ်းအားနဲ့ မဂ်ရသွားတဲ့ ပုဂ္ဂိုလ်ကို "သဒ္ဓါနုသာရီ" လို့ခေါ်တာ။ အနိစ္စရှုတဲ့အခါမှာ ရှုရင်း ရှုရင်း မမြဲတဲ့ သဘောကို သိလာ၊ သိလာပြီးတော့ ယုံကြည်မှုစွမ်းအားနဲ့ ဆုံးဖြတ်ပြီးတော့ မဂ်စိတ် ထိအောင် ပေါက်ရောက်သွားလို့ရှိရင် ဒါ "သဒ္ဓါနုသာရီ" ပုဂ္ဂိုလ်လို့ခေါ်တယ်။

"ဓမ္မာနုသာရီ" ဓမ္မာဆိုတာ ဒီနေရာမှာ ပညာကို ပြောတာ။ အသိပညာနဲ့ ဒီ ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေထဲမှာ တစ်ခုမှ ခိုင်မြဲတာ မရှိဘူး။ အနှစ်သာရ တစ်ခုမျှမရှိဘူး။ အားလုံးဟာ

ဆိတ်သုဉ်းနေတဲ့ သုညပဲလို့ ဒီလို အနတ္တကို ရှုမြင်ရင်းကနေ ပြီးတော့ အသိပညာဖြင့် ဆင်ခြင်စဉ်းစားလို့ မဂ်ထိအောင် ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ **"ဓမ္မာနုသာရီ"** လို့ခေါ်တယ်။

အဲဒီ **"သဒ္ဓါနုသာရီ" "ဓမ္မာနုသာရီ"** နဲ့ သောတာပတ္တိမဂ် ကို ဆိုက်ရောက်သွားပြီဆိုရင် သောတာပတ္တိမဂ် ရလိုက်တာနဲ့ တစ်ပြိုင်နက် အပါယ်တံခါးကြီး ပိတ်သွားပြီဆိုတာ မှတ်ပေတော့။ နို့မို့ဆို မပိတ်သေးဘူး။ တချို့က ကထိန်သင်္ကန်းလေး တစ်စုံ လှူလိုက်တာနဲ့ အပါယ်ပိတ်သွားပြီလို့ ထင်နေတယ်။ ကထိန် သင်္ကန်းတော့ လှူပါတယ်လေ။ အရပ်ထဲ ဆဲနေရင် ဘယ်လိုလုပ် မလဲ။ အဲတော့ တကယ်အပါယ်တံခါး ပိတ်တယ်ဆိုတာ ကိုယ့် သန္တာန်မှာ အပါယ်ကျစေနိုင်တဲ့ ကိလေသာတွေ၊ အကုသိုလ်တွေ မဖြစ်တာ။

အဲဒီတော့ လုံးဝ ါကမေညေအနန ရှိတာကတော့ အခုလို ဝိပဿနာကျင့်စဉ် ကျင့်လို့ သောတာပတ္တိမဂ်ရလာပြီ ဆိုလိုက်တဲ့ အချိန်မှာ သောတာပတ္တိမဂ်က ဖျက်ဆီးပစ်လိုက်တယ်။ ဘာတွေ ဖျက်ဆီးပစ်လိုက်တုန်းဆိုရင် မှားယွင်းနေပဲ့ အယူအဆတွေကို ဖျက်ဆီး ပစ်လိုက်တယ်။ သံသယတွေ အားလုံးကို ဖယ်ရှား ပစ်လိုက်တယ်ဆိုတော့ အမြင်မှန်သွားတယ်။ သံသယ ကင်းသွား ပြီ။ တရားမွေနဲ့ ပတ်သက်ပြီး အမြင်မှန်သွားပြီ။ စာလိုပြောရရင် **"ဒိဋ္ဌိ"** နဲ့ **"ဝိစိကိစ္ဆာ"** ပြုတ်သွားပြီလို့ပြောတာ။

**"ဒိဋ္ဌိ"** နဲ့ **"ဝိစိကိစ္ဆာ"** ပြုတ်ရုံတင်မကဘူး။ အပါယ် ကျစေနိုင်တဲ့ လောဘလည်း သူ့မှာ မရှိတော့ဘူး။ အပါယ်ချနိုင်

လောက်တဲ့ ဒေါသလည်း သူ့မှာမရှိတော့ဘူး။ အပါယ်ကို ကျစေနိုင်တဲ့ တခြားကိလေသာတွေလည်း သူ့မှာ မရှိတော့ဘူး။ အပါယ်ကျ နိုင်လောက်အောင် အင်အား မပြင်း တာလေးတွေ တော့ သူ့မှာ ကျန်နေသေးတယ်တဲ့။ အကုသိုလ် ရှိနေသေး သော်လည်း၊ လောဘ ရှိနေသေးသော်လည်း သူ့လောဘက အပါယ်ကျလောက်အောင် ပြင်းထန်တဲ့လောဘ မဟုတ်တော့ ဘူး။ ဒီဂရီတွေ level တွေ လျော့ကျသွားပြီလို့ ဒီလို ပြောတာ နော်။ အဲဒီ သောတာပတ္တိမဂ် မိမိသန္တာန်မှာ ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် သံသရာတည်းဟူသော သမုဒ္ဒရာကြီးလည်း ခန်းခြောက်သွားပြီတဲ့။ အပါယ်တံခါး အားလုံးကိုလည်း ပိတ်ပစ် လိုက်ပြီတဲ့။ အဲဒီကျတော့မှ အပါယ်တံခါး ပိတ်တာပါ။

သောတာပန် ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် နိဗ္ဗာန်တံခါး ကြီးကို ဖွင့်လိုက်တာပဲ။ ဒါကြောင့်မို့ သောတာပတ္တိမဂ် ဆိုသည်မှာ ဘာကိုခေါ်တာတုန်းဆိုရင် မဂ္ဂင် (၈)ပါး အစုအဝေးကြီးကို မဂ် လို့ခေါ်တာပါ။ တစ်ခုတည်းကို ခေါ်တာမဟုတ်ဘူး။ **"သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ"** ဆိုတဲ့ အဲဒီ (၈)ခု။ Unitity of eight ဒီ (၈)ခု အစုအဝေးကြီးရဲ့ စွမ်းရည်သတ္တိတွေ ပေါင်းထားတာကို သောတာပတ္တိမဂ်လို့ ခေါ်ထားတာ။ **"သောတ"**ဆိုတဲ့ နိဗ္ဗာန်လမ်းကြောင်းကြီး၊ နိဗ္ဗာန် ရေစီးကြောင်း ကြီးသို့ **"အာပန္န"** ရောက်သွားပြီ။ နိဗ္ဗာန်တံခါးကြီး ပွင့်သွားပြီလို့ ပြောတာနော်။ သောတာပန် ဖြစ်သွားမှ နိဗ္ဗာန်တံခါးကြီး

ပွင့်သွားတာ။ နိဗ္ဗာန်တံခါးကြီး ပွင့်သွားတာနဲ့ တစ်ပြိုင်နက် အပါယ်တံခါးကြီး "ဂျောင်း"ကနဲ့ ပိတ်သွားပြီလို့သာ မှတ်ပေတော့။ အဲဒါမှ မဟုတ်သေးရင်တော့ အပါယ်တံခါး မပိတ်သေးဘူး။

သို့သော် အပါယ်တံခါး မပိတ်ပေမယ့်လို့ အပါယ်မှ မလွတ်ဘူးလားဆိုတော့ လွတ်တဲ့သူရှိပါတယ်။ guarantee တော့ မရှိဘူး။ ခု ပြောခဲ့တာတွေက guarantee ရှိတဲ့ အပါယ်တံခါး ပိတ်တာကိုပြောတာ။

**နိဂုံး**

အေး အားလုံးသော တရားချစ်ခင်သူတော်စင် ပရိတ်သတ်တို့သည် အပါယ်တံခါး ပိတ်ချင်တယ်ဆိုရင် သောတာပတ္တိမဂ် ရအောင် လုပ်ရမယ်။ သောတာပတ္တိမဂ် ရမှ ဒီ့အပါယ်တံခါး လုံးဝပိတ်တယ်လို့ ကိုယ်စီ ကိုယ်စီ သဘောကျပြီး ဘုရားသာသနာတော်နဲ့ ကြုံတွေ့တဲ့အခိုက်အခါမှာ မှန်ကန်သော ကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် သောတာပန်ဖြစ်သွားပြီ ဆိုလို့ရှိရင် ဘယ်လိုအရည်အချင်းတွေ ရှိလာသလဲ ဆိုရင် ဘုရားကို နှစ်နှစ်ကာကာ အသိဉာဏ်နဲ့ ယုံကြည်လာတယ်။ တရားကို နှစ်နှစ်ကာကာ အသိဉာဏ်နဲ့ ယုံကြည်လာတယ်။

(ဘုရားကိုးကွယ်တာလည်း အမျိုးမျိုးရှိတယ်လေ။ တချို့ကလည်း လာဘ်ကောင်းလို့ ကိုးကွယ်တာရှိသေးတယ်။ အဲဒါမျိုးလည်း မဟုတ်တော့ဘူး။) နှစ်နှစ်ကာကာ ဘုရား

ဂုဏ်တော်ကို သိပြီးတော့ "အဝစ္စပသာဒ" အသိဉာဏ်နဲ့ သိပြီးတော့ မြတ်စွာဘုရားကို ယုံကြည်တယ်။ အသိဉာဏ်နဲ့ သိပြီးတော့ တရားကို ယုံကြည် တယ်။ အသိဉာဏ်နဲ့ သိပြီးတော့ သံဃာကို ယုံကြည်တယ်။ "အရိယကန္တ" လို့ဆိုတဲ့ အရိယာတွေက အသက်သဖွယ် မြတ်နိုးတဲ့ (၅)ပါးသီလကိုလည်း မကျိုး မပေါက်၊ မပြောက် မကြားအောင် ထိန်းသိမ်းစောင့်ရှောက်တယ် ဆိုတဲ့ ဟောဒီ အင်္ဂါ (၄)ချက်နဲ့ ပြည့်စုံပြီဆိုလို့ရှိရင် ကိုယ့်ကိုယ်ကို သောတာပန်လို့ ပြောလို့ရပြီ။

အေး ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ ကိုယ်ကျင့်တရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် နိဗ္ဗာန်တံခါးကြီးကို ဖွင့်နိုင်ကြပါစေ။ နိဗ္ဗာန်တံခါး ဖွင့်ပြီးတော့ အပါယ်တံခါးကိုလည်းပဲ ပိတ်နိုင်ကြပါစေလို့ နိဂုံးချုပ် ဆုတောင်းလိုက်ပါတယ်။

သာဓု --- သာဓု --- သာဓု။

အမှတ် - ၅၂၈၇
ရက်စွဲ - ၁၅-၁၀-၂၀၁၄

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃